www.burmeseclassic.com




BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com

ပုံနှိပ်မှတ်တမ်း

တမူခွင့်ပြုချက်အမှတ် – ၅၀၁၂၂၄၁၁၁၀

မျက်နှာဖုံးခွင့်ပြုချက်အမှတ် – ၅၀၁၃၅၈၁၂၁၀

ထုတ်ဝေသူ

ဒေါ်မြင့်မြင့်ရီ (ယ–၁၃၅၈) (ဖျူးစာပေ)

အမှတ် (၅၁)၊ အခန်း (၃၀၁)၊ ဆရာစံလမ်း၊ ဗဟန်းမြို့နယ်။

အတွင်းနှင့်မျက်နှာဖုံးပုံနှိပ်

ဦးကျင်ရင် (မြ–၀၅၄၁၇) (ရွှေခြသေ့ပုံနှိပ်တိုက်)

အမှတ် (၂၂၅)၊ (၃၂) လမ်း (အထက်)၊

ပန်းဘဲတန်း၊ ရန်ကုန်မြို့။

မျက်နှာဖုံးပန်းချီ

သိန်းရွှေကြည်

ပုံနှိပ်ခြင်း

ပထမအကြိမ်၊

၂၀၁၁ ခုနှစ်၊ ဧပြီလ

တန်ဖိုး – ၁၀၀ ကျပ်၊ အုပ်ရေ – ၅၀၀

ဖြန့်ချိရေး

စိုးမိုးစာပေ

ဖုန်း – ၀၁– ၂၉၀၉၉၅

၈၉၅ ・ ၈၃

လုံမ

ပန်းနုရောင်နှိဒါန်း / လုံမ ။ – ရန်ကုန်။

ဖျူးစာပေ ၊ ၂၀၁၀ ။

၂၈၈ – စာ ၊ ၁၈ X ၁၂ စင်တီ။

(၁) ပန်းနုရောင်နှိဒါန်း

## အခန်း (၁)

"ဘာ ညည်းမှာ ကိုယ်ဝန်ရှိနေတယ်၊ အဲဒါ ငါက ဘာလုပ်ပေးရမှာလဲ"

"ဟို ဟိုကျ ကျွန်မ"

"အေး ဘယ်ယောက်ျားနဲ့ ဘယ်လိုဖြစ်လို့ ကိုယ်ဝန်ရှိတယ်ဆိုတာတော့ ငါမသိဘူး၊ ငါသိတာက ငါ့အိမ်အလုပ်တွေ တာဝန်ကျေအောင် မလုပ်နိုင်ရင် အလုပ်ထွက်၊ ဒါပဲ"

ဒေါ်တင်တင်သော် ရာဇသံက ပြင်းထန်သည်။ မျက်နှာက ...ချိုလျက်. မြရီကို လှည့်၍တောင်မကြည့်။

ဒီစကားပြောထွက်ဖို့ နေ့ည မအိပ်နိုင်မစားနိုင် စဉ်းစားဆုံး...ခဲ့ရသော မြရီက ဘာဆက်ပြောရမှန်းမသိအောင် မျက်ရည်တွေ



www.burmeseclassic.com

www.burmeseclassic.com



တသွင်သွင်စီးကျလျက် ဒေါ်တင်တင်သော်ရှေ့မှာ ဒူးထောက်ထိုင်ချလိုက်သည်။

"ဟဲ့ ဒါဘာလုပ်တာလဲ၊ ငါ့ကို မျက်ရည်ခံထိုးဖို့တော့ မစဉ်းစားနဲ့နော်၊ အလုပ်ကိုအလုပ်နဲ့တူအောင် မလုပ်နိုင်တဲ့နေ့ ဒီအိမ်ပေါ်က ဆင်း အဲ မဟုတ်သေးဘူး။ ငါ့မှာ ယောက်ျားရော သားရော ရှိလို့ ညည်းကိုယ်ဝန်နဲ့ ထင်ယောင်ထင်မှားဖြစ်ရင် သိက္ခာကျလိမ့်မယ်၊ မနက်ဖြန် အထုပ်အပိုးပြင်ပြီး အိမ်ကထွက်တော့၊ ညည်းကို သုံးလစာ ပေးလိုက်မယ်၊ ကျေနပ်တယ် မဟုတ်လား။ ညည်းနဲ့ငြိစွန်းတဲ့ကော ကို တာဝန်ယူခိုင်းပေါ့"

"မေ မေမေကြီးရယ် ကျွန်မပြောပါရစေ"

ဒေါ်တင်တင်သော်က လက်ကာပြကာ ဆိုဖာခုံမှာ ဆောင့်ခနဲ ဝင်ထိုင်သည်။ ဘာတွေဖြစ်ပြီး ဘာတွေပြောလာနိုင်သလဲဆိုတာ ဒေါ်တင်တင်သော် ကြိုသိနေ၏။ ဒီကိစ္စ ဒီလိုဖြစ်လာနိုင်သလားဆိုပြီး ဟိုအရင်ရက်တွေကတည်းက မြရီကို အိမ်ပေါ်က နှင်ချဖို့ စဉ်းစားခဲ့မိသေးသည်။ ဒါပေမဲ့ လွန်လွန်ကျူးကျူးကိစ္စမျိုး မရှိလောက်ဘူးထင်၍ သားကို အိမ်ထောင်ချပေးဖို့ အရင်ဆုံး အပူတပြင်း စီစဉ်လိုက်ရသည်။ သားကလည်း –

"ကျွန်တော် မေမေတို့သဘောတူတဲ့ ခက်ခက်နွယ်နဲ့ လက်ထပ်ပါ့မယ်၊ အလုပ်ကိစ္စနဲ့ မန္တလေးကို အမြဲလိုလိုရောက်နေတော့





လည်း ကျွန်တော်တို့ချင်း သံယောဇဉ်ရှိနေကြပါပြီ၊ ဟို နားနဲ့မနာ ဒူးနဲ့နာပါ မေမေ၊ လက်ထပ်ရမယ်ဆိုတာ သေချာနေလို့ သားတို့ ငြိစွန်းမိကြပါတယ်၊ မင်္ဂလာပွဲကို မြန်မြန်စီစဉ်ပေးပါ"

သားက အဲလို ပြောလာတော့ အရင်က အိမ်ဖော်မြရီနှင့် သံသယဝင်ခဲ့မိတာတောင် သားအပေါ် စိတ်မကောင်းဖြစ်ရသည်။

မြရီဆိုတာက လွန်ခဲ့သည့် သုံးနှစ်ဝန်းကျင်လောက်ကမှ အမိအဖတွေမရှိ ခိုကိုးရာမဲ့ဘဝဖြင့် ပွဲစားတွေကတစ်ဆင့် မိမိတို့အိမ်ကို ရောက်လာခဲ့တာ။ စရောက်သည့်နေ့ကတည်းက ဒီမိန်းကလေးရဲ့ အလှကို သတိတော့ထားမိသား။

တခြားသူတွေကို ရွက်ကြမ်းရေကျိုမဟုတ်။ မျက်ခုံးထူထူ၊ နှာတံစင်းစင်း မျက်ဝန်းလှလှနှင့် အသားအရောက ညိုသယောင် ထင်ရသော်လည်း ဝင်းဖန့်ဖန့် ညိုစိမ့်စိမ့်လေး ဖြစ်သည်။ အဝတ်အစား နွမ်းနွမ်းဖပ်ဖပ်လေးတွေ ဝတ်ရပေမယ့် ဖြူစင်သန့်ရှင်းမှုလေးရှိတာမို့ အမြဲလိုလို ကြည့်လို့ကောင်းနေ၏။

ဒါကြောင့်မို့ သားက တခြားအလုပ်သမားတွေထက် မြရီဆိုသော သူမလေးကို စေတနာပိုသည်၊ ဂရုတစိုက် ရှိသည်။

အလုပ်များများခိုင်းတာမကြိုက်။ မန္တလေးကို မိမိအလုပ်ကိစ္စနှင့် ခိုင်းလို့ပြန်လာတိုင်း လက်ဆောင်ပစ္စည်းလေးတွေလည်း ဝယ်လာတတ်သည်၊ အလုပ်သမားတွေကို ဦးစားပေး မျက်နှာသာပေး ...ဆဲ



www.burmeseclassic.com

www.burmeseclassic.com



တာမကြိုက်ပေမယ့် ကိုယ်တိုင်က မင်္ဂလာဈေးက အထည်ဆိုင်ကြီး တွေမှာ ဦးစီးဦးဆောင် လုပ်နေရသည့်အတွက် သားဘာလုပ်လုပ် ဂရုမစိုက်နိုင်ခဲ့။ အခုတော့ ဘယ်အခြေအနေ ဘယ်လိုပုံစံမျိုးနှင့် ဘာတွေ ဖြစ်ကုန်ပြီမသိ။ အိမ်ထဲက အိမ်ပြင်မထွက်ရသော မြရီက ကိုယ်ဝန်ရှိနေပါပြီတဲ့။

အိမ်မှာက ဒရိုင်ဘာရှိသည်၊ ခြံစောင့်ရှိသည်။

သူတို့တွေနှင့်ဆိုလျှင် ကိစ္စမရှိ၊ အုပ်ထိန်းသူပုံစံမျိုးနှင့် ကောင်း ကောင်းမွန်မွန် လက်ထက်ပေးလိုက်လို့ရပါသည်။

ဒါပေမဲ့ အသက်အရွယ်မမျှသော ဒီလူတွေနှင့်ရော ဖြစ်နိုင် ပါ့မလား။ ဖြစ်ခဲ့သည်ဆိုလည်း သူတို့ချင်း အကြောင်းပါ မှားယွင်းခဲ့ကြ သည့်ကိစ္စ မိမိကို လာပြောပါ့မလား။

အခု မြရီပြောလာမည့်စကားတွေကို လက်ခံနားထောင်ပေး ရမည်လား၊ ပြတ်ပြတ်သားသား ငြင်းဆန်နှင်လွှတ်လိုက်ရမည်လား ဝေခွဲရခက်နေဆဲ မြရီက မျက်လုံးလေးပင့်လှန်မော့ကြည့်လာသည်။

"မပြောမဖြစ်လို့ ပြောပါရစေ မေမေကြီးရယ်၊ ဒီ ဒီကိုယ်ဝန် က ကို ကိုလေးနဲ့"

"မြရီ"

စူးခနဲ မာထန်တင်းပြတ်စွာ အော်လိုက်ပေမယ့် မြရီက တွန့် ဆုတ်တွေဝေတော့မည့်ပုံ မပေါ်ပါ။ မပြောမဖြစ်တော့သည့် အခြေအနေ





မို့ အားတင်း စိတ်လျှော့ထားရဟန် တူသည်။

"ကျွန်မ အတန်တန် ငြင်းဆန်ခဲ့ပါတယ်၊ ရှောင်တိမ်းခဲ့ပါ တယ်၊ သူ သူက လက်ထပ်မှာပါလို့ ပြောပြီး"

"ဖြစ်နိုင်ပါ့မလားအေ၊ အဆင့်အတန်း ဂုဏ်ဒြပ်ကိုပဲ စဉ်းစား ကြည့်ပါဦး။ ညည်းမို့လို့ မတန်မရာမှန်းပြီး ဘဝတစ်ခုလုံး ပုံအပ်ရ သလား၊ အခု ငါ့သားက မန္တလေးက အဆင့်အတန်းတူ၊ ဂုဏ်ဒြပ်တူ သူဌေးသမီးနဲ့ လက်ထပ်ပြီးပြီလေ၊ ညည်းအကြောင်း တွေးတောင် တွေးမှာမဟုတ်တော့ဘူး၊ ဘာလဲ ညည်းက လျော်ကြေးလိုချင်လို့ လား။ နစ်နာကြေး တောင်းချင်တာလား"

"မ မဟုတ်ပါဘူး မေမေကြီးရယ်၊ ဒီကလေးလေးအတွက် ဆင်နေရာမှာ တာဝန်ယူစေချင်လို့ပါ"

"အိုအေ တော်စမ်းပါ၊ ညည်းလို မနေတတ် မထိုင်တတ် သူခြွေသိက္ခာမဲ့ ကိုယ့်ဘဝ ကိုယ့်အဆင့် နားမလည် မိန်းကလေး တစ်ယောက်ရဲ့ ကိုယ်ကျင့်သိက္ခာ ထိန်းသိမ်းရမှန်းမသိတဲ့သူအတွက် ဘာတာဝန်ယူစရာလိုသလဲ၊ ညည်းကို ထိုက်သင့်သလောက် ပေးလွှတ် လိုက်မယ်၊ ညည်းဒီအိမ်ပေါ်က အမြန်ဆင်း"

"မေ မေမေကြီး"

"ငါ့သားနဲ့ ခက်ခက်နွယ်နွယ်က ဒီတစ်ပတ်အတွင်း ရန်ကုန် ပြန်လာတော့မှာ၊ အိမ်ထောင်ဦးမှာ ဘာအရှုပ်အရှင်း ဘာပြဿနာမှ



www.burmeseclassic.com

www.burmeseclassic.com



မဖြစ်စေချင်ဘူး၊ ညည်းလည်း ကိုယ့်ကိုယ်ကိုယ် မထိန်းသိမ်းနိုင်တဲ့ သင်ခန်းစာ ရသွားတာပေါ့၊ ဒီလောက်နဲ့ နောင်တမရလို့ ဆက်မိုက်ဦး မယ်ဆိုလည်း ညည်းထိုက်နဲ့ညည်းကံပေါ့၊ နောက်မှတ်ထား မိန်းကလေးဆိုတာ ကိုယ့်ရဲ့ မိန်းကလေးဂုဏ်သိက္ခာ ကိုယ်ကျင့်တရားကို ထိန်းသိမ်းနိုင်ရတယ်၊ ကိုယ့်ကိုယ်မှ မထိန်းနိုင် တာဝန်မယူနိုင်ရင် ဘယ်သူက အမိုက်ခံတာဝန်ယူမှာလဲ၊ အေး ယောကျ်ားဆိုတာ လွယ် လွယ်ရတဲ့ မိန်းကလေး ဘယ်တော့မှ အထင်မကြီးဘူး သိပြီလား''

ဒေါ်တင်တင်သော်က စကားကုန်ပြောပြီး မျက်နှာလွှဲဖို့ ထရပ်၏။ ဒူးတုပ်ထိုင်နေလျက်က ဒေါ်တင်တင်သော့်ခြေသလုံးကို မြရီ ဖက်တွယ်တားဆီးလိုက်သည်။

''တောင်း တောင်းပန်ပါတယ် မေမေကြီးရယ်၊ ဒီတစ်ကြိမ် ဒီတစ်ခါပဲ ကျွန်မကို ခွင့်လွှတ်ပေးပါ၊ နားလည်ပေးပါ၊ ကျ ကျွန်မကို ကိုလေးနဲ့ တွေ့ပြီးမှ သွားပါရစေ၊ သူ့ဘက်က ကတိစကားတွေ အတွက် သူတာဝန်ယူမယ် ထင်ပါတယ်၊ သူပြောလာမယ့်စကားတွေ ကို ကြားပါရစေဦး၊ နားထောင်ပါရစေဦး မေမေကြီးရယ်''

''သူ ညည်းကို ဘာတာဝန်မှ မယူနိုင်လို့ တိုင်းသိပြည်သိ လက်ထပ်မင်္ဂလာပွဲ ကျင်းပပြီးပြီလေ၊ ညည်းက ဘာကို မျှော်လင့်နေ ဦးမှာလဲ၊ သူတို့အိမ်ထောင်ရေးကို ပြိုကွဲစေချင်တာလား၊ ငါတို့ ဂုဏ် သိက္ခာကို အဖတ်ဆယ်မရအောင် လုပ်ချင်တာလား၊ ဒီမယ် ညည်းကို





…န်နှာကြေးအဖြစ် ငွေဆယ်သိန်း ပေးလိုက်မယ်၊ ညည်းဟာညည်း …ဒီကလေးကို မွေးချင်မွေး၊ ဖျက်ချချင်ချ၊ ငါတို့နဲ့မဆိုင်ဘူး၊ ပတ်သက် …ကြိုးစားမယ်ဆိုရင်တော့ ညည်း ဒီထက်ပိုနစ်နာစရာတွေ ဖြစ်လာ …ယ်၊ မနက်ဖြန်မနက် ညည်းမျက်နှာကို မမြင်ချင်ဘူး၊ ရှင်းပြီလား''

ဗီရိုအံဆွဲထဲက ငွေဆယ်သိန်းယူ၍ မြရီရှေ့ ပစ်ပေါက်ပေးခဲ့ … ဒေါ်တင်တင်သော် လှည့်ထွက်သွားသည်။ မြရီ ဘာလုပ်ရမှာလဲ၊ …ယ်လို ဆုံးဖြတ်ရမှာလဲ။

ဒီငွေဆယ်သိန်းနှင့် သူမဘဝကို တန်ဖိုးဖြတ်လိုက်ကြတာ …ား။

သူမရဲ့ ငယ်ရွယ်စဉ် မသိစိတ်မိုက်မဲမှုက ရင်သွေးလေးကို …ခိုက်နစ်နာစေခဲ့ပြီလား။

တကယ်ဆို ဒီအများက –

✿ ✿ ✿



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၂ )

''နင် ဘာလို့ အဲလို မိုက်မဲရတာလဲ မြရီရယ်၊ ငါတို့ကိုရော ဘာဖြစ်လို့ ဖွင့်ပြောမတိုင်ပင်ခဲ့တာလဲ''

''ကိုကိုလေးက ဘယ်သူ့ကိုမှ မပြောရဘူးဆိုလို့ပါ မမအိ ရယ်၊ သူပြောသမျှ ယုံခဲ့ နားထောင်ခဲ့မိတာ ကျွန်မအမှားပါ''

''အဲဒါ အတွေ့အကြုံမရှိ တွန်းလှန်ရဲတဲ့ သတ္တိမရှိတဲ့ မိန်း ကလေးကို အခွင့်ကောင်းယူ စော်ကားတာပဲ၊ မိဘတွေက မောက်မာ တယ်၊ အဆင့်အတန်း ခွဲတယ်ဆိုတာ သိနေရဲ့နဲ့ ဘာလို့များ နိုင်းမဟာ နဲ့ ပတ်သက်ရတာလဲကွယ်၊ နိုင်းမဟာကရော လူကောင်းတစ်ယောက် လား၊ အိမ်မှာ မိန်းကလေးတွေ တစ်ယောက်ပြီးတစ်ယောက် ခေါ်လာ တာ တွေ့နေရဲ့နဲ့ အပြင်မှာ ဘယ်လောက်ပွေရှုပ်မယ်ဆိုတာ မခန့်မှန်း



BURMESE CLASSIC .com



တတ်ဘူးလား၊ အခု ဘယ်လိုလုပ်ကြမလဲ မြရီ''

မခင်အိမေးခွန်းကို မြရီ မဖြေနိုင်ပါ။ ငွေဆယ်သိန်းကိုကြည့် ပြီး အခုထိ မြရီ ဘာလုပ်ရမှန်းမသိ။

ဒေါ်တင်ဟင်သော်က မိုးလင်းတာနှင့် သူမမျက်နှာကို မမြင် ချင်ပါတဲ့။ သူမမှာ ခိုကိုးစရာ အမိအဖမှ မရှိတာ။

ရွာမှာရှိသော ဆွေမျိုးသားချင်းဆိုတာကလည်း ဝမ်းကွဲ လေး၊ အဒေါ်တွေမို့ သူမကို နားလည်စာနာလက်ခံပေးမှာ မဟုတ်။ ဗိုက်မျိုးနှင့် ပြန်ရောက်လာလို့ကတော့ အသိအမှတ်ပြုဖို့ စဉ်းစားမည် ဆောင်။

''ကျွန်မ ကိုကိုလေး ပြန်လာတဲ့အထိ စောင့်ကြည့်ချင်တယ် အိရယ်၊ အငယ်အနှောင်းဘဝနဲ့ နေရနေရပါ၊ ဒီရင်သွေးလေးမှာ အဖခေါ်စရာ ရှိရင်တော်ပါပြီ၊ အထောက်အပံ့ လိုချင်လို့လည်း ဟုတ်ပါဘူး၊ မွေးလာမယ့်ကလေးကို ကျွန်မ ရှာဖွေလုပ်ကိုင်ကျွေး မွေးနိုင်မှာပါ''

''အဲလောက် ဆန္ဒပြင်းပြနေရင်လည်း ငါတစ်ခုတော့ အကြံ ဉာဏ်ပေးကြည့်မယ် မြရီ၊ တောင်ဒဂုံမှာ ငါ့အစ်မဝမ်းကွဲရှိတယ်၊ အိမ်မှာ ခဏနေ၊ ငါက နိုင်းမဟာပြန်လာရင် ငါ့အစ်မက တစ်ဆင့် ညည်းဆီကို ဖုန်းဆက်ပြောမယ်၊ ညည်းအဲဒီအချိန်မှ ဒေါ်တင်ဟင် သော် မသိအောင် တွေ့ကြည့်ချင်ရင် တွေ့ကြည့်ပေါ့''



www.burmeseclassic.com

www.burmeseclassic.com



''ကျေး ကျေးဇူးတင်ပါတယ် မမအိရယ်၊ ကျွန်မ အဲလိုလု
ကြည့်ချင်ပါတယ်''

မခင်အိစကားကို မြရီ ဝမ်းသာအားရ လက်ခံကာ နောက်
မျှော်လင့်ချက်လေးဖြင့် မခင်အိအစ်မအိမ်မှာ သွားစောင့်နေရသည်
နောက် သုံးလေးရက်လောက်နေမှ မခင်အိဆီက ဖုန်းလာသည်

''သူတို့ ပြန်လာကြပြီ ညပိုင်း နိုင်းမဟာက သူငယ်ချင်း
ကို ဘက်ချလာနိုက်လုပ်ဖို့ဆိုလား ကျွေးဖို့ မွေးဖို့ တစ်ယောက်တည်
အပြင်ထွက်လိမ့်မယ်၊ ခက်ခက်နွယ်က ခရီးပန်းလို့ မလိုက်တော့
ပြောတယ်၊ သူပြန်လာမယ့်အချိန် ဖြစ်ဖြစ်၊ လမ်းထိပ်ကနေ စော
ပြီး ပြောကြည့်ချင် ပြောလေ၊ လွယ်မယ်တော့မထင်ဘူး မြရီ သူ့မိ
မန္တလေးသူကလည်း အချောသားဟဲ့ ပညာတတ် ဆွေကြီးမျိုးကြီး
က ဆိုတော့ ဣန္ဒြေရရနဲ့ ယဉ်ယဉ်ကျေးကျေးလေးရယ်၊ ကြိုးစော
ကြိုးစားကြည့်ပေါ့ဟယ်''

မခင်အိအသံ အားမပါလှပေမယ့် နိုင်းမဟာ ကားဝင်လာ
သော လမ်းထိပ်မှာ မြရီ အချိန်ကုန်အောင် စောင့်ကြည့်သည်။ မီးရော
ဝေးဝေး လူရှင်းသော ရေတမာပင်အောက်လေးမှာ ထိုင်စောင့်နေမိ
မှ တချို့ ဖြတ်သွားဖြတ်လာ ကားတွေပေါ်က သူမကို ရူးစမ်းသလို
လည်ပြန်လှည့်ကြည့်သွားကြသည်။

ဘယ်လိုထင်ထင်၊ ဘာဖြစ်ဖြစ် သူမ ဂရုမစိုက်နိုင်ပါ။ လ





ဆွဲအိတ်လေးကို ရင်မှာပိုက်ပြီး ရင်သွေးလေးအတွက် ဖွဲရှိရှိနှင့် အား
တင်းရသည်။

''ဟင်''

ညဉ့် ဆယ့်နှစ်နာရီကျော် တစ်နာရီဝန်းကျင်လောက်မှ နိုင်း
မဟာရဲ့ မီးရောင်လေး လက်ခနဲ မြင်ရသည်။ သူမ အရဲကိုးကာ
ကားလမ်းမပေါ် တည့်တည့်ရပ်နေလိုက်၏။

''ကျွီ''

နိုင်းမဟာ ကားက ခပ်လှမ်းလှမ်းမှပင် သူမကို မြင်သွားပုံ
ရပြီး ဘရိတ်အုပ်ရပ်လိုက်သည်။ ပြီးတော့ ကားတံခါးကို ချပ်ခနဲ
ဖွင့်၍ ဆင်းလာ၏

''မင်း ဘာလုပ်နေတာလဲ မြရီ''

''ကျွန်မ ကိုကိုလေးကို စောင့်နေတာပါ''

''ဘာပြောစရာရှိသေးလို့လဲ၊ မေမေက မင်းကိုငွေပေးလိုက်
ပြီဆို''

''ဟုတ် ဟုတ်ပါတယ်၊ ဒီငွေက မြရီအတွက် အရေးမကြီးပါ
ဘူး ကိုကိုလေးရယ်၊ ရင်သွေးလေးအတွက်ပဲ''

''ခက်တာပဲ မြရီ အဲဒီငွေက မင်းကလေးမွေးဖို့ မလုံလောက်
ဘူးလား၊ မိဘတွေ ... ဘောတူတဲ့ ခက်ခက်နွယ်နဲ့ ကိုယ် လက်ထပ်
လိုက်ရပြီ မင်းကိုယ့်ဆီက ဘာမှ မတောင်းဆိုပါနဲ့ ကိုယ့်ကိုနားလည်



www.burmeseclassic.com

www.burmeseclassic.com



ပေးပါ"

"ကျွန်မက အညတရမို့ ငွေနဲ့ဆုံးဖြတ်လိုက်တာလား ကိုကိုလေး မူးပြီး ပြန်လာတဲ့ညက ကျွန်မတို့ မှားခဲ့ကြတော့ ပြဿနာဖြ လာရင် ကိုကိုလေး တာဝန်ယူပါမယ့်လို့ ကတိပေးခဲ့တယ် မဟုတ် လား"

"ဒီလိုရင်သွေးရလာမယ်လို့တော့ ကိုယ် ဘယ်ထင်ပါ့မ မြရိရယ်၊ အခု ကိုယ်လက်ထပ်ပြီးပြီလေ၊ ဒီလိုလုပ်ရုံအပြင် ကိုယ် ဘာမှမတတ်နိုင်ပါဘူး။ ကိုယ် တရားဝင်လက်ထပ်ထားတဲ့ မိန်းကလေး အပေါ် သစ္စာရှိရတော့မယ်"

နှိုင်းမဟာဆီက တာဝန်မဲ့စကားတွေ ထပ်ခါထပ်ခါ ကြားနေ သည့်အတွက် မြရိရင်ထဲ နာကျင်လာသည်။ မျက်ရည်တွေကို ကြမ်း တမ်းစွာ ပွတ်သုတ်ပြီး အကြည့်စူးစူးနှင့် နှိုင်းမဟာကို တဲ့ပြန်ကြည့်လိုက် ပြီး သူမ အံကြိတ်သည်။

"ဒါ နောက်ဆုံး တာဝန်မဲ့စကားလား ကိုကိုလေး"

"ကိုယ့်ဘက်က မျိုးရိုးသိက္ခာ၊ ခက်ခက်နွယ်ဘက် မျိုး ဂုဏ်သိက္ခာအတွက် ကိုယ် ဒီစကားအပြင် မပြောနိုင်တော့ပါဘူး မေမေပေးလိုက်တဲ့ငွေနဲ့ မလုံလောက်ရင် ကိုယ်ထပ်ပေးပါ့မယ်"

"ရှင်တို့ လူချမ်းသာတွေက ငွေစကားပဲ ပြောတတ်သလား ဦးနှိုင်းမဟာ၊ ကျွန်မက ရှင်တို့ရဲ့ စည်းစိမ်ချမ်းသာ ငွေကြေးတွေ





ကိုမောလို့ တွယ်ကပ်နေတာ မဟုတ်ပါဘူး။ ရင်သွေးအတွက် ကျချခံနေတာ၊ မာနကို ရောင်းစားနေတာလည်း မဟုတ်ဘူး။ ဘက်က ဒီစကားပဲပြောတတ်သလို ကျွန်မဘက်ကလည်း ဘာမှ ာင်းဆိုစရာ မရှိတော့ပါဘူး၊ ဒါပေမဲ့ ကျွန်မနဲ့ ထပ်မဆုံအောင် နေ့ကစပြီး ဆုတောင်းထားပေတော့ ဦးနှိုင်းမဟာ၊ ဒီသံသရာထဲမှာ ဆုံရင် ကျွန်မရဲ့ မုန်းတီးနာကြည်းမှုတွေက ရှင်တို့ လူချမ်းသာတွေကို တဲ့ပြန်ရမှ ကျေနပ်နိုင်လိမ့်မယ်"

အကြည့်စိမ်းတို့ဖြင့် သူမ ကျိန်စာတိုက်ပစ်ခဲ့၏။ နောက်လှည့် ကြည့်ခဲ့သော ခြေလှမ်းတွေက ဦးတည်ရာမဲ့နေပေမယ့် မြန်ဆန် လပ်နေသည်။

ကံဆိုးမသွားရာ မိုးလိုက်လို့ရွာတာလား။ ညဦးနက်နက်မှာ ညစ်နေသော မိုးသားပြင်က ဝုန်းဝုန်းဒိုင်းဒိုင်း ရွာချလာသည်။ က်တွေကြောင့် ရှေ့မှာ ဘာမှမမြင်ရ၊ ဒါပေမဲ့ သူမခြေလှမ်းတွေ ရပ်တန့်မသွား။

ဒီနေရာ ဒီဝန်းကျင်ရဲ့ အဝေးဆုံးကို ရောက်ချင်နေသည်။ တွေရဲ့ အဝေးဆုံးကို ရောက်သွားရင်ရော သူမစိတ်ဖြေသာနိုင်ပါ့ ဟင့်အင်း သူမရင်တစ်ခုလုံး မွမွကြေလျက် သွေးစိမ်းရှင်ရှင် ထွက်နေသည်။

သွေးမတိတ်သော ဒဏ်ရာတွေကို ပေးလိုက်တာက ဒေါ်



www.burmeseclassic.com

www.burmeseclassic.com



တင်တင်သော်နှင့် နှိုင်းမဟာ။

ဒီအချိန်မှာ ထိုဒဏ်ရာအတွက် လက်တုံ့ပြန်ဖို့ သူမ ခွန်အားမရှိ။ သွေးစက်တွေက မျက်ရည်တွေအဖြစ် ပြောင်းလဲ မိုးရေတွေနှင့်ရောပြီး အမြင်အာရုံတွေ ဝေဝါးနေ၏။

ဥပေက္ခာမျက်လုံးတွေ

တာဝန်မဲ့စကားတွေ

မျက်ဝန်းထဲမှာ တဖျပ်ဖျပ် မြင်ယောင်၏။ နားထဲမှာ ဆင့် ဆင့်ကဲ ကြားယောင်နေသည်။

''ဂျိန်း ဂျလိန်း''

''ဂျို''

''အား''

✿ ✿ ✿



အခန်း ( ၃ )

''အား''

ဒေါ်မိုးမဒီခင် စူးစူးဝါးဝါး လန့်ဖျပ်ကာ အော်လိုက်၏။ နဖူး ပေါ်မှ ဇောချွေးတွေ ပြန်နေသည်။ အိပ်ရာခုတင်ဘေးမှာထားသော စားပွဲလေးပေါ်က ရေဖန်ချိုင့်လေးထဲကရေတွေ ဖန်ခွက်လေးထဲ ထည့်၍ တုန်ယင်ယင် မော့သောက်လိုက်ရ၏။

ချွေးလည်းမတိတ်၊ ရင်တုန်လည်းမပျောက်။ အိပ်မက်က ဆောင်ယမ်းစွာ လန့်နိုးလာသည်။

ဟင့်အင်း။ ဒါဟာ အိပ်မက်မဟုတ် တကယ့်အဖြစ်အပျက် ။ အတိတ်က နှစ်တွေ ဘယ်လောက်ကြာသွားသွား သူမရဲ့ ရင်ထဲလေးမှာ ရှင်သန်အမြစ်တွယ်နေဆဲဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



အနှစ်နှစ်ဆယ်ကျော် အသက်ရှူလာခဲ့သည့် သက်တမ်း တစ်လျှောက် သူမ ဘယ်လိုမှ မေ့ပျောက်လို့မရခဲ့။

အတိတ်ကို အတိတ်မှာထားရစ်ခဲ့ဖို့ သူမရဲ့အမုန်းအငြိုးတွေ ခွင့်ပြုမပေးခဲ့။

ဒေါ်တင်တင်သော်နှင့် နှိုင်းမဟာကတော့ မြရီဆိုသော အိမ် ဖော်မလေးကို မေ့မေ့ပျောက်ပျောက် ဖြစ်နေလောက်သည်။

မြရီဆိုသောမိန်းကလေးက မျိုးရိုးဂုဏ် ရတနာဆိုင်ပိုင်ရှင်ကြီး ဒေါ်မိုးမဒီခင် ဖြစ်နေတာကိုလည်း တွေးတောင် တွေးမိကြမှာမဟုတ် မိမိတောင် ကိုယ့်ရဲ့ကံကြမ္မာအပြောင်းအလဲကို ဒီနေ့ ဒီအချိန်ထိ မယုံ မရဲ့ အံ့သြနေဆဲ မဟုတ်ပါလား။

"ဒေါက် ဒေါက်"

တံခါးခေါက်သံကြောင့် အတွေးအာရုံက လန့်ဖျပ်နိုးထလာ ၏။ တိုင်ကပ်နာရီကြီးကို မော့ကြည့်မိတော့ မနက်ရှစ်နာရီကိုတော့ ညွှန်ပြနေသည်။

"မာမိ မာမိ မနက်စာအားလုံး ပြင်ဆင်ပြီးပါပြီ၊ မာမိ နေ မကောင်းလို့ ဆင်းမလာသေးတာလားဟင်၊ စုး အခန်းတံခါးဖွင့်ပြီး ဝင်ခဲ့ရဦးမလား၊ စုး ဘာလုပ်ပေးရမလဲ မာမိ"

"မလိုဘူး ဆင်းလာခဲ့မယ်၊ ကော်ဖီတွေ မအေးစေနဲ့ ပြန် နွေးထား"





နူးနူးညံ့ညံ့ စိုရိမ်တကြီး သမီးအသံကို သူမ လေသံမာမာနှင့် ပြန်လိုက်သည်။ ဟုတ်ကဲ့ဟု တိုးတိတ်သော အသံလေးနှင့် ခြေသံ သဲ့သဲ့ကို ကြားရ၏။

နှိုင်းမဟာ သွေးသားကို သူမ နူးညံ့သိမ်မွေ့စွာ မဆက်ဆံနိုင် ရင်ကလွယ် မွေးခဲ့ရတာတောင် စုးတစ်ချောင်းလို နာကျင်ခဲ့ရ သည်မို့ မေ့ပျောက်မသွားအောင် နာမည်ကို စုးစုးဟု အမည်တွင်စေခဲ့ သည်။ မျိုးရိုးဂုဏ်ကို အကြောင်းပြခဲ့သော နှိုင်းမဟာ်ရဲ့စကားတွေ သတိရ နာကြည်းနေချင်၍ မိမိရဲ့ ရတနာဆိုင်ကြီးကိုလည်း မျိုးရိုး ဂုဏ်ဟု တိုင်တည်ပေးခဲ့၏။

သေရာပါ ဒဏ်ရာတွေကြောင့် တစ်သက်လုံး နာကြည်း ဘီးနေချင်၍ပါ။

"ဟို မာမိ ကော်ဖီပြန်နွေးထားပါတယ်။ အသားညှပ်ပါမုန့် တယ်၊ ကိတ်ရှိတယ်၊ ကြက်ဥဟင်ဖရိုက်လည်း လုပ်ထားပါတယ်၊ မိ ဘာစားချင်သေးလဲဟင်"

သူမ ပြင်ဆင်ပြီး အောက်ထပ်ဆင်းလာတော့ စုး ပျာပျာ လဲ မေးသည်။ သူမက မျက်နှာကို တင်းထားပြီး ခုံတစ်လုံးမှာ ထိုင်လျက် –

"ရတယ် ဘာမှ မစားတော့ဘူး၊ ကော်ဖီပဲသောက်မယ်၊ သွားရင်းနဲ့မှ တစ်ခုခု ဝယ်စားလိုက်တော့မယ်"



www.burmeseclassic.com

www.burmeseclassic.com



''ဟို မာမီ နေ့လယ်စာရော ဘာဟင်းနဲ့စားချင်လဲဟင်၊ ...
...ဈေးသွားပြီး ကောင်းကောင်းဝယ်ခဲ့မယ်''

''ဒီနေ့ ညနေခင်းပွဲသွားစရာရှိတယ်၊ နေ့လယ်စာ စားဖြစ်မှ မဟုတ်ဘူး၊ လာမပို့နဲ့၊ အပြင်သွားစရာရှိတာကို အေးအေးဆေးဆေး သွား၊ ညကျ အပြန်နောက်ကျမယ်ဆိုရင် ဖုန်းကြိုဆက်ထားနော် ...ငါက အပြင်မှာ တစ်ခုခုစားလာလို့ ဖြစ်တယ်၊ မမခိုင်က ဟိုတယ်... တွေ အပြင်စာတွေ ကြိုက်တာမဟုတ်ဘူး၊ သူ့ဟာသူ တစ်ခုခု လုပ်... လိမ့်မယ်''

''ဟုတ်ကဲ့ မာမီ''

နှုတ်ခမ်းလေး လှုပ်ရုံ ပြောသွားသော မာမီစကားတွေအတွက် ... ရှူး နားလည်ရခက်စွာ ကျန်ရစ်ခဲ့သည်။ ရှူးဖျော်ထားသော ကော်ဖီ... လည်း တစ်ခွက်ကုန်အောင်ပင် မသောက်။

ရှူးချက်ပြုတ်ထားတာကိုလည်း တစ်ခါမှ ဟက်ဟက်... ပက် စားသောက်တတ်တာမျိုး မရှိပါ။ ဟိုဟင်းကငန်တယ်၊ ဒီဟင်း... ပေါ့တယ်နှင့် အကြောင်းအမျိုးမျိုးနှင့် အပြစ်ရှာတတ်သည်။

အိမ်မှာ အိမ်အကူအလုပ်သမားတစ်ယောက်မှ ခေါ်မထား... တာမို့ အိမ်သန့်ရှင်းရေး အဝတ်လျှော် မီးပူတိုက်၊ ရှူး ဘာပဲလုပ်လုပ်... စိတ်တိုင်းမကျ။

ဘယ်နေရာမှာ ဖုန်တွေ သဲတွေရှိတယ်၊ မီးပူတိုက်ထား...





...က်ရိုးမကျဘူး၊ အဝတ်လျှော်တာ မဖြူဘူးနှင့် တစ်နေ့တစ်မျိုး ...အောင် ဆူပူမာန်မဲဖို့မမေ့။

ဒါပေမဲ့ ရှူး ဘယ်နေရာသွားသွား၊ ဘာပဲလုပ်လုပ်၊ ဘယ် ...မှ ပြန်လာလာ၊ ဘာဖြစ်လို့လဲ ဘာကြောင့်လဲ စုံစမ်းပူပန်မှုမရှိ။

အော်ငေါက်အပြစ်တင်ခြင်း မရှိ။

ကြီးကြီးခိုင်က သတိပေးတားမြစ်ရင်တောင်

''လူငယ်ဆိုတာ အိမ်မှာနေရတာထက် အပြင်မှာနေရတာ ...း နှစ်သက်ကြတယ်၊ လွတ်လပ်မှုနဲ့ ပျော်ရွှင်မှုက အိမ်မှာမရှိဘူး၊ ...ပါစေ၊ သူ့ကိုယ်သူ ထိန်းသိမ်းနိုင်တဲ့အရွယ်ပါ၊ မှားတော့လည်း ...က်အိပ်ပေါ့၊ စိတ်ပူပြရင် အနေရခက်သွားလိမ့်မယ်''

တဲ့၊ စေတနာနဲ့လား၊ အရွတ်တိုက်ပြောတာလား မသိပေမယ့် ...စွအတွက် မာမီကို ကျေးဇူးတင်မိတာတော့ အမှန်ပင်၊ ရှူးဘဝက ...ပြောသလို အိမ်မှာလွတ်လပ်ပျော်ရွှင်ရတာမှာ မဟုတ်ဘဲ။

အိမ်မှာချက်ပြုတ်ဖွပ်လျှော် အိမ်သန့်ရှင်းရေး ဘာပဲလုပ်လုပ် ...လွတ်တာမှ မဟုတ်တာ။ မာမီမျက်စိအောက်မှာဆိုလျှင် အလိုလို ...ယ်နေရပြီး စိတ်ပေါ့ပါး သွက်လက်တက်ကြွမှုတွေ ပျောက်ဆုံးနေ ...သည်။

ဒါကြောင့်လည်း ရှူးအိမ်မှာ မနေချင်။ မာမီရတနာဆိုင်ပိတ်... အိမ်မှာ အနားယူသောနေ့ဆိုလျှင် ပိုဆိုးသည်။



www.burmeseclassic.com

www.burmeseclassic.com



ရည်းစားလိုလို အတွဲလိုလို ယောကျ်ားလေးဘော်ဒါတွေနှ
တစ်နေကုန် အချိန်ကုန် အချိန်ဖြုန်းနေတတ်ပြီး မာမီအိပ်ရာဝင်ပြီ
သောက်မှ စူး အိမ်ပြန်လာတတ်သည်။ ထိုအချိန် ထိုနေ့မျိုးမှာ မာမီ
ဘယ်တော့မှ စိတ်ပူစိုးရိမ်ပြီး စောင့်မနေတတ်ပါ။

ကြီးကြီးခိုင်ကသာ မအိပ်နိုင် မစားနိုင် ဖျပ်ဖျပ်ခါနေပြီး -

"ဘာလို့ အဲလောက်ကြီး အိမ်ပြန်နောက်ကျရတာလဲ စူးလေ
ရယ်၊ မိန်းကလေးတစ်ယောက် အိမ်ပြန်ရမယ့် အချိန်လားကွယ်
ဒီလိုမျိုးကိစ္စကို စူးအမေ ဘာမှ မပြောဘူးဆိုပေမယ့် ကြီးကြီးခိုင်
ကတော့ မကြိုက်ဘူးနော် သမီး၊ မိုးမဒီခင်ကိုလည်း ဘယ်လိုနားလည်
ရမှန်းမသိတော့ပါဘူး။ တခြားကိစ္စတွေ ဘာလုပ်လုပ် အကောင်းမြင်
မှန်းမသိဘူး၊ အပြစ်မလွှတ်ဘူး၊ သမီးအပျိုလေး ဒီလိုမျိုး သွားလာ
နေရတာကျတော့ ခွင့်ပြုသတဲ့၊ အံ့ပါရဲ့ကွယ်၊ စူးအဖေသာ ရှိလိုက်ရ
ချင်တော့တယ်"

ကြီးကြီးခိုင်က ဖေဖေ့ကို တပြီး မျက်ရည်ကျသည်။ စူးလည်
ဖေဖေ့ကို သတိရ တမ်းတစိတ်နှင့် မျက်ရည်ကျ၏။

ဖေဖေရှိစဉ်က မာမီမှာ ဒီလို ဥပေက္ခာတွေ သိပ်မများ
ထင်မိသည်။ အိမ်မှုကိစ္စတွေမှာ သူမကို မိန်းကလေးမို့ နိုင်နင်းအောင်
သင်ပြနိုင်းခဲ့တာဆိုပေမယ့် မာမီက ဦးဆောင်လုပ်ပြသွားခဲ့တာ ဖြစ်
သည်။





"မိန်းကလေးဆိုတာ ဒီအရွယ်ကတည်းက အိမ်ထောင်မှု
ပိန်းသိမ်းတတ်ရတယ်၊ သိမ်းထုတ်သေချာရတယ်၊ အိမ်အကူအလုပ်
သမားတစ်ယောက်ကို ခေါ်မယ်ဆိုရင် ကိုယ့်ရဲ့စိတ်က အလုပ်သမား
ဟာပဲဆိုပြီး ပေါ့သွားမယ်၊ ငွေလည်းကုန်တယ်၊ အဲဒါကြောင့် အရည်
အချင်း ပြည့်ဝတဲ့ မိန်းကလေးဖြစ်ချင်တယ်ဆိုရင် ဒါတွေကို တတ်
အောင်သင် သိအောင်လုပ်"

ပြောခဲ့တာက ထိုအတိုင်းဆိုသော်လည်း အရည်အချင်း
ပြည့်ဝသည့် မိန်းကလေးဖြစ်အောင် ပညာကိုတော့ အပြည့်အဝ သင်
ပေးခဲ့တာ မဟုတ်။

"ရိုးရိုးဘွဲ့လက်မှတ်တစ်ခုရရင် တော်ပြီပေါ့၊ ဖအေက ဆရာ
ဝန်ကြီးမို့ ဆရာဝန်ဖြစ်အောင် ကြိုးစားချင်တယ်ဆိုပေမယ့် ပါရမီပါမှ
ပါမှဖြစ်မှာ၊ သေလုမျောပါး ကြိုးစားလည်း ဆယ်တန်းမအောင်တဲ့သူ
တွေ တစ်ပုံကြီး၊ အဲဒါကြောင့် သိပ်ဖိဖိစီးစီး လုပ်မနေပါနဲ့ ပင်ပန်း
တယ်"

မာမီစကားကို နားထောင်ပြီး သူမဝါသနာပါ ဖြစ်ချင်ခဲ့သော
ဆရာဝန်တစ်ယောက်ဖြစ်အောင် မကြိုးစားခဲ့။

တက္ကသိုလ်ဝင် အဆင့်နှင့်သာ တင်းတိမ်ခဲ့ပြီး ထူးချွန်ချင်စိတ်
လည်း မရှိခဲ့။ ဖေဖေကတော့ စူး ဆယ်တန်းအောင်စာရင်းမထွက်ခင်
ဆုံးပါးသွားခဲ့တာမို့ သူမ ဆရာဝန်လိုင်းမရတာတောင် သိလိုက်မှာ



www.burmeseclassic.com

www.burmeseclassic.com



မဟုတ်။

"စာမကြိုးစားတာ ဆေးလိုင်းအောင်မှတ်ရအောင် မဖြေနိုင်တာ ညည်းအဖေသိရင် စိတ်ဆိုးလိမ့်မယ်၊ စိတ်မကောင်းဖြစ်လိမ့်မယ် ဘာမှ ပြောမနေနဲ့။ အောင်စာရင်းထွက်မှ သူဟာသူ သိသွားတာ ကောင်းတယ်"

မာမီသင်ပေးထားသည့်အတိုင်း သူမမှ ဖေဖေကို ပြောမပြတာ၊ ဖေဖေ ဘယ်လိုလုပ်သိမှာလဲ။ ထိုအချိန်က ကလေးအတွေးနှင့် သူမက စာမကျက်ရတာ စိတ်ဖိစီးမှု မရှိခဲ့ရတာကို ပျော်နေခဲ့ပြီး မာမီကိုတောင် ကျေးဇူးတင်ခဲ့သည်။

အဲဒီနောက်ပိုင်း ဖေဖေဆုံးပြီးချိန်မှာတော့ မာမီရဲ့ ဥပဒေများ၊ စိမ်းသက်မှုများကို စူး သိသိသာသာ ခံစားလာရသည်။

"အပြင်မှာ ဟိုသင်တန်း ဒီသင်တန်း ဘာပဲတက်ချင်တက်ချင် တက်လို့ရတယ်၊ လိုအပ်တဲ့ငွေ ငါ့ဆီက လက်ဝါးမဖြန့်နဲ့၊ မီးခံသေတ္တာထဲက ကြိုက်သလို ယူသုံး၊ ဒါပေမဲ့ အိမ်အလုပ်တွေတော့ တစ်ခု မလစ်ဟင်းစေနဲ့နော်၊ ငါပြုပြင်လို့ အိမ်ပေါ်က နှင်ချရင် အဆင်သင့်ဖြစ်အောင် အားကိုးစရာ ယောကျ်ားတစ်ယောက်လည်း ရှာထား"

တဲ့၊ စကားလုံးများမှာ ညင်သာပျော့ပျောင်းမှု မပါ။ အပျော်အပျက် စနောက်တာမျိုးလည်းမဟုတ်။

အေးစက်သော မျက်လုံးစိမ်းများနှင့် တင်းထန်မာကျော





ပြောခဲ့တာဖြစ်သည်။ စေတနာနှင့် ပညာစုံတတ်စေချင်တာလား။

အိမ်မှာ သူမကို အချိန်ပြည့် မမြင်ရအောင် လွှတ်လပ်ခွင့်ပေးလိုက်တာလား၊ စူး မစဉ်းစားချင်ပါ။

အိမ်မှာ မွန်းကျပ်ပိတ်လှောင်နေသမျှ အပြင်မှာ လွှတ်လပ်စွာနေခွင့်ရတာကို စိတ်ချမ်းသာသည်။ အချိန်ဖြုန်း ငွေဖြုန်း ပစ်စလက်ခတ်နေရတာကို ပျော်သည်။

"ဒါ ဘယ်သွားဦးမလို့လဲ စူး"

စူး ဝတ်စားပြင်ဆင်ပြီး ထွက်လာတော့ ကြီးကြီးနိုင်က ညှိခန်းဝကနေ ဆီးကြိုပြီးမေးသည်။ စူးက စလင်းဘက်ခ်လေးကို ညာဘက်ပခုံးမှာ ပြောင်းလွယ်လျက် –

"မာမီက ထမင်းမစားဘူးတဲ့၊ ဈေးသွားစရာလည်း မလိုဘူး၊ ချက်စရာလည်း မလိုဘူးလေ ကြီးကြီးနိုင်ရဲ့၊ အိမ်အလုပ်တွေလည်း အားလုံးပြီးပြီဆိုတော့ သင်တန်းတက်ချင်တက်, မတက်ချင်လည်း အချိန်ကုန်အောင် ဝေလေလေလုပ်ရုံပဲပေါ့"

"အေး ညည်းလေးတို့သားအမိနဲ့တော့ ငါ အသက်တိုမှာပါပဲကွယ်၊ မအေ နားချလို့မရ, သမီး ပြောဆိုဆုံးမလို့ မရနဲ့ ဘယ်လိုညှိနှိုင်းချက်တွေနဲ့ ဘဝကို ဖောက်ထိုးစဉ်းစားနေလဲ မသိတော့ပါဘူး တကယ်ဆို ကျောင်းပြီးနေတဲ့သမီး, ဣန္ဒြေရရ ဂုဏ်ရှိရှိလေး ဖြစ်အောင် ရတနာဆိုင်မှာ လက်လွှဲထိုင်နိုင်းပါတော့လား၊ အခြား



www.burmeseclassic.com

www.burmeseclassic.com



ယုံထမ်းတွေတောင် ခေါ်ထားရသေးတာ ကိုယ့်သမီးဆိုတော့ ယုံကြည်အားကိုးလို့ ရတာပေါ့''

''နိုး နိုး အဲဒီကိစ္စ မာမိကို မတိုက်တွန်းလိုက်ပါနဲ့နော် မာမိရှေ့မှာ အချိန်ပြည့်နေရရင် အသက်ရှူကျပ်ပြီး သေသွားလိမ့်မယ် ဒါမှမဟုတ် ဘာပြောလိုက်မလဲ၊ ဘယ်လိုအပြစ်ရှာလိုက်မလဲဆိုပြီး နှလုံးရောဂါရမှာ သေချာတယ်၊ သွားပြီနော် ကြီးကြီးခိုင်၊ အိမ်ပြန်နောက်ကျရင် စိတ်ပူပြီး စောင့်မနေနဲ့''

စူးက သမင်မလေးလို ဖျတ်လတ်ပေါ့ပါးစွာ ပြေးထွက်သွားသည်။

ခေါင်းတယမ်းယမ်း သက်ပြင်းတချချဖြင့် ဒေါ်မိမိခိုင် ရင်မောစွာ ကျန်ရစ်ခဲ့၏။ လွဲမှားနေသော အုပ်ထိန်းမှုအောက်မှာ စူးစူးဘလေး ရေတိမ်နစ် ပျက်စီးသွားမှာ စိုးရိမ်၏။

မိုးမဒီခင်ရဲ့ ရင်တွင်းဆန္ဒအမှန်တွေကို ဒေါ်မိမိခိုင် ဘယ်လိုနားမလည်နိုင်။ သမီးဖြစ်သူကို အိမ်မှာဆိုလျှင် အစေအပါး အိမ်ဖော်တစ်ယောက်လို ဆက်ဆံပြီး အပြင်မှာ ထင်သလိုနေဖို့ လွတ်လပ်ခွင့်ပေးထားတာက ဘယ်လိုသဘောများလဲ။

စူးစူးလေးသာ ကိုယ့်ကိုယ်ကိုယ် မထိန်းနိုင်လျှင်။

✿ ✿ ✿

ဖျူးတာပေ

## အခန်း ( ၄ )

''ကဲ ဘယ်လိမ့်မှာလဲ စူး၊ ရုပ်ရှင်ကြည့်မလား၊ အင်တာနက်ဆိုင်မလား၊ ညပိုင်း ဖော်ကြီးတို့အိမ်မှာလည်း ပါတီရှိတယ်နော်၊ သူ့မွေးနေ့အတွက် ဘော်ဒါတွေစုပြီး ပါတီပေးမှာ''

''အခု ကာရာအိုကေမှာ ရင်တွေပွင့်ထွက်သွားအောင် လန်းချင်တယ်၊ ပေါက်ကွဲသံစဥ် နံပါတ်ဝမ်း''

''အိုကေ၊ ညတ်မင်းနဲ့ သီဂီတို့အတွဲကို ခေါ်ဦးမလား''

''သူတို့က ရုပ်ရှင်ကြည့်မှာလို့ ပြောတယ်၊ အဲလို ငြိမ်မနေချင်လို့ သူတို့နဲ့ လမ်းခွဲလာတာ''

''ဘာတွေ ညစ်လာတာလဲ၊ စူးကိုကြည့်လိုက်ရင် ကားကောင်းစားနဲ့ ရေအပြည့်နဲ့ လာတာတောင် မလန်းဘူး''

www.burmeseclassic.com

www.burmeseclassic.com



"မစပ်စုနဲ့၊ ပါရမီမဖြည့်နိုင်ရင် နေခဲ့လိုက်"

"နိုးနိုး၊ တို့က အလှဘုရားမလေးနားမှာ အမြဲတမ်း ခစား… နေတာပါ။ တစ်နေ့တာအချိန်တွေ မင်းနဲ့ကုန်ဆုံးရတာ ဂုဏ်ယူ… တယ်"

မင်းခေါင့်တော်ကီတွေက ကြွေချင်စရာကောင်းပါတယ်… ဒါပေမဲ့ အရင်လူတွေလိုပဲ ရင်ထဲမရောက်တာက ခက်သည်။ မိ… ကလေး လှလှလေးတွေဆိုလျှင် မင်းခေါင် စေတနာ သဒ္ဓါတရားပို… သူမ သိနေ၏။

အယုအယအထာလေးတွေနှင့် အလှည့်အပတ် ကျွမ်းကျ… တာလည်း ပညာတစ်ခုပင်။

အချစ်မပါတောင် ရင်ခုန်အောင် ဖြားယောင်းဆွဲဆောင်တ… တာမို့ တခြားတစ်ယောက်ဆီက သူမ လုယူသိမ်းပိုက်ထားခဲ့တယ်…

သူမရဲ့အလှတွေကြောင့်လည်း မင်းခေါင် အလွယ်တ… ကြွေကျလာခဲ့ တာ ဖြစ်နိုင်၏။ တကယ်တော့ ထိုအကြောင်းအရာ… မာမီနှင့် သက်ဆိုင်ခဲ့သည်ဆိုက ပိုမှန်လိမ့်မည်။

ထိုနေ့က သူမကို မာမီက ထူးထူးခြားခြား ညစာစားပွဲတစ်ခု… ခေါ်သွားခဲ့ကာ သူမလိုအရွယ် မိန်းကလေးတစ်ယောက်နားမှာ အချ… မြိန်ဆုံးမျက်နှာနှင့် မျှော့တွယ်သလို တွယ်ကပ်နေခဲ့သော မင်းခေါင်… မေးငေါ့ပြပြီး –





"မြင်လား အဲဒီကောင်လေး ဘယ်လောက်ချစ်တတ်လဲ ဆို… …တာ မိန်းကလေးတစ်ယောက်ကို စိတ်ချမ်းသာအောင် ထားနိုင်မယ့် …မျိုးပဲ၊ ကိုယ့်အတွက် အပျော်ပဲတွဲတွဲ အတည်တကျ လက်ထပ် …မျိုး ဖြစ်ဖြစ် ညည်း ဖန်တီးနိုင်ပါ့မလား စူး"

"ဘာ ဘာဖြစ်လို့လဲ မာမီ၊ တခြားကောင်မလေးနဲ့ ကြိုက်နေ …ကို စူး စူးက"

"ကောင်မလေးက လက်ခံပြီးတဲ့ပုံတော့ မပေါ်သေးပါဘူး။ …ညည်း ရည်းစားတွေ အများကြီးထားနေတယ်ဆိုတာ ငါသိပါတယ်၊ …ခြားတစ်ယောက်ကို ကြွေပြနေတဲ့ ယောက်ျားတစ်ယောက်ကို ကိုယ့် …က်ပါအောင် စည်းရုံးနိုင်တာလည်း အရည်အချင်းတစ်ခုပေါ့၊ ဒီ …ကောင်လေးက ငွေကြေးချမ်းသာတဲ့ မိန်းကလေးတွေမှ အထင်ကြီး …ကပ်တတ်တယ်ထင်တယ်၊ လိုအပ်တာ ငါဖြည့်ဆည်းပေးပါ့မယ်၊ …ညည်းအစွမ်းအစ ဘယ်လောက်ရှိလဲ သိရတာပေါ့"

ဘယ်လိုအဓိပ္ပာယ် ရည်ရွယ်ချက်မှန်းမသိပေမယ့် သူမကို …မင်းခေါင်ဆိုသည့်လူနှင့် ပတ်သက်ပြီး ခပ်မြန်မြန် အကောင်အထည် …ဖော်လိုက်နိုင်ပါသည်။

တစ်ဖက်မိန်းကလေးက အငြိမခံသေးသည့် အချိန်မို့ လွယ် …လွယ်ကူကူ သူမဘက် ယိမ်းယိုင်လာတာလည်း ဖြစ်နိုင်၏။

ဘာဖြစ်ဖြစ် သူမ ညစ်နေတာတွေမှန်သမျှ မင်းခေါင်ရဲ့

www.burmeseclassic.com

www.burmeseclassic.com



တော်တော်တွေ အယုအယတွေက အရည်ဖျော်ချပေးနိုင်သည့်မို့ မာမိ
အယုအယကို ကျေးဇူးတွေ တင်နေမိသည်။

မာမိက စိတ်ညစ်စရာတွေ အလုံးအရင်းနဲ့ ပေးတတ်သည့်
စိတ်ဖြေသာအောင် လွတ်လပ်မှုတွေလည်း ပေးစွမ်းခဲ့သည် မဟုတ်
လား။

အခု အပြင်းစားသံစဉ်တွေနှင့် ပေါက်ကွဲပြီးချိန်မှာ အရာရာ
ပုံမှန်အတိုင်း ဖြစ်သွားပြီး သူမစိတ်တွေ လန်းဆန်းတက်ကြွလာသည်။

မင်းခေါင်က အတူတူ ယှဉ်ထိုင်နေလျက်မှ သူမပခုံး
တွန်းတွန်းတိုက်တိုက်လုပ်ပြီး –

"ဒီည ဖော်ကြီးတို့ ပါတီပြီးတဲ့အထိ ကိုယ်နဲ့အတူတူ နေပေး
မှာလား"

"ဟာ နင့်စကားလုံးတွေ ပြောင်းပြန်ကြီး ဖြစ်နေပြီထင်တယ်
မင်းခေါင်၊ နင် လိုအပ်မှုအတွက် ငါက လာပေးနေတာလား၊ ငါလိုအပ်
လို့ နင်က ငါနဲ့အတူ ရှိနေပေးရတာလား၊ ပြန်စဉ်းစားပါဦး"

"စူး မင်းအပြောတွေ ကြမ်းလိုက်တာကွာ၊ လုလုပပသုံးစမ်း
ပါ"

မင်းခေါင်က အလုတွေနဲ့ လန်းနေတာနော်၊ မင်းနဲ့ကိစ္စလည်း
မင်းအရင်လာငြိတာ"

မင်းခေါင်က မိန်းမဆန်ဆန် ရိနေသည်။ စူးက ကြိုးမဲ့မိုက်





လေးကို ဆိုဖာခုံထောင့် ပစ်တင်လိုက်ကာ မထိတရိပြုံးလိုက်၏။

"အဲဒါက နင် အစာမကြေ ပြန်ပြောနေရမယ့်ကိစ္စလား၊
မင်းခေါင်က သူများအညာခံမယ့်သူမဟုတ်ဘူးဆိုတာ ငါအစကတည်း
က သိပါတယ်၊ နင်က ဘယ်မိန်းကလေးအတွက် အချိန်ကြာကြာ
အကုန်ခံလို့လဲ၊ အဲဒီမိန်းကလေး အကာမခံလို့ ငါ့ကိုလာငြိတာ မဟုတ်
ဘူးလား"

"အာ နင်လွဲပြန်ပြီစူးရာ၊ ငါဆိုတဲ့ကောင် ဖယားချလိုက်
တာနဲ့ ဘယ်မိန်းကလေး ကြွေမကျတာရှိလို့လဲ၊ အဲဒီ အလန်းလေးက
အရမ်းချမ်းသာတာ၊ နင့်လောက်နီးနီး ချောတာကိုလည်း နင်သိတယ်
မဟုတ်လား စူး၊ ပြီးတော့ နင့်လို အီစကလီတွေ မများတဲ့အရိုင်းလေး၊
မင်းခါလောက်သာ ထပ်ပြီးငိုပြလိုက်ရင် ငါ့ရင်ခွင်ထဲ ဝပ်စင်းလာမှာ
အသေအချာပဲ"

ဒါကိုတော့ စူး ယုံပါတယ်။ မင်းခေါင်မှာ မိန်းမကျမ်းကျေ
သောပညာတွေ အထာတွေ ရှိသည်။ ခေတ်စတိုင်လ်နှင့် အမြဲတမ်း
လန်းဆန်းတက်ကြွနေသော ဆွဲဆောင်မှုတွေ ရှိ၏။

စိတ်နုသော မိန်းကလေးတွေ ထိုင်ငိုရလောက်အောင်လည်း
ဆော်လ်ကီကျွမ်းသည်။

"နင် အဲဒီကောင်မလေးဆီပြန်ပြီး ခြေဆန့်ချင်လို့လား
မင်းခေါင်"



www.burmeseclassic.com

www.burmeseclassic.com



"နှင်း ရှိနေသားပဲ၊ မလိုအပ်သေးဘူး ထင်ပါတယ်"

"ဒါက မျက်နှာကြီးတစ်ခုတည်းကို ကြာရှည်ကြည့်ရမှာ မှု ...တတ်တယ်နော်၊ နှင့်အယုအယတွေကိုလည်း ညောင်းနေပြီ၊ အဲ ဘယ်လိုလုပ်မှာလဲ"

သူမ ပြောလိုက်သည့်စကားက ပြက်လုံးမဟုတ်ပါဘဲ မင်း ခေါင်က ဟက်ဟက်ပက်ပက် ရယ်ချ၏။

ကုတ်သားဝင်းဝင်းလေးပေါ်မှာ တွန့်လိမ်ကျနေသည့် သူ ဆံနွယ်လေးတွေကိုလည်း ဆတ်ခနဲ ခါထုတ်လိုက်ကာ –

"နှင့်မှာ အမြဲတမ်း အပါးတော်မြဲ ဖြေသိမ့်ပေးမယ့်သူ လိုအ နေတာ ငါသိပါတယ် စူးရယ်၊ နှင့်မှာ ငါ့ထက်ကောင်းတဲ့သူမျ တွေ့ဦးမှာလား"

စူးတစ်ချက်တော့ တွေဝေငေးငိုင်သွား၏။ မင်းခေါင်က သူ ရဲ့ ဝေဒနာတွေကို ဖြေဖျောက်နားလည်ပေးနိုင်တာကတော့ အမှန် လိုအပ်သမျှ အချိန်တိုင်း အနားမှာရှိနေတတ်ပေမယ့် အ အရေးလည်း များများ မယူတတ်ပါ။

ဒါပေမဲ့ သူမရင်ကို လှုပ်ရှားနိုးညှံ့ ပျော်ဝင်အောင် မ ဆောင်နိုင်သေးသည် မင်းခေါင်ဆီမှာ သူမ အချိန်အကြာကြီး မြှုပ်ချင်၊ မင်းခေါင်းရဲ့အချိန်တွေလည်း အလကား အလဟဿ မ ဆုံးစေချင်။





မြစ်ကမ်းနားမှာထိုင်ပြီး ငါးမျှားရသည့်အလုပ်က အချိန်တွေ ...ယ်လောက်ကုန်ပြီ ငါးရမယ် မရမည်ဆိုတာလည်း မသေချာ။

ဒါကိုပင် မရေရာမှုနှင့် မျှော်လင့်နေကြသော –

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

# အခန်း ( ၅ )

''မသေချာဘူးထင်ရင် အစကတည်းက မလုပ်သင့်ဘူး ... နိုင်း၊ အခု ဟိုဘက်ကဝင်လာရမယ့် အထည်အလိပ်တွေ သတ်... ရက်မှာလည်း ရောက်မလာဘူး၊ ရောက်လာတော့လည်း တစ်ဦး... ပိုင် အကုန်သိမ်းသွားတယ်တဲ့၊ အခု အဲဒီလူကတစ်ဆင့် အမြတ်... းဝယ်ရတော့မယ်၊ သူက မြန်မာပြည်ကိုယ်စားလှယ်လား၊ အ... ဒီလိုကိစ္စမျိုး မရှိခဲ့ပါဘူး၊ ကိုယ့်ကာစတန်မာနဲ့ကိုယ် အဆင်... အရောင်းအဝယ် လုပ်သွားကြတာ မဟုတ်ဘူးလား''

''မသိဘူးကွာ၊ အခု နှစ်ခေါက်ရှိပြီ ဒီလိုလုပ်ခံရတာ၊ ကျ... လူတွေမဖြစ်ဘဲ ကိုယ်တစ်ယောက်တည်း ဖြစ်တာဆိုတော့ မေ... လည်း မပြောရဲဘူး၊ မေမေလုပ်ခဲ့တဲ့ သက်တမ်းတစ်လျှောက် ...





...ာမှ မဟုတ်တာ၊ ကိုယ်တာဝန်ယူခဲ့တာလည်း ကြာတော့ ...ပြီ အခုမှ''

နိုင်းမဟာ စိတ်ပျက်လက်ပျက် ညည်းညူကာ ဆိုဖာခုံပေါ် ...ထိုင်ချသည်။ အမြတ်တင်ပေးလိုက်ရမှာက သိန်းတစ်ရာကျော် ...ာ် ဆုံးရှုံးနစ်နာသွားနိုင်သည်။ မယူပြန်လျှင်လည်း ပစ္စည်းဖြန့်ဖို့ ... နောက်နေ့သွားကာ မိတ်ပျက်နိုင်သည်။ တခြားလူက ကိုယ့် ...ာ်သည်တွေ လုယူခံရဦးမည်။

ဟိုအရင်ကတည်းက ကုန်ပစ္စည်းမှာရတာ ကြားခံအဆက် ...ယ်နှင့် ဖြစ်၏။ အမြတ်ပိုပေးနိုင်သော လူကို ဦးစားပေးတာလည်း ...ာကရဲ့ အစဉ်အလာတစ်ခုပဲ။

ဘယ်သူမဆို အမြတ်ပိုပေးနိုင်သည့်လူကို ရောင်းမှာပေါ့။

''အဲဒီလူသိလား ကိုနိုင်း''

''ဘယ်သူ့ကို ပြောတာလဲ''

စိတ်ရှုပ်နေသည့်အချိန်မို့ ခက်ခက်နွယ်စကားကို သေချာ ...ားလိုက်။ ဒေါ်ခက်ခက်နွယ်က ကော်ဖီခွက်လေး သူ့ရှေ့ချပေးကာ ...စ်လုံးမှာ ဝင်ထိုင်သည်။

''ကြားဖြတ် အမြတ်ပေးဝယ်သွားတဲ့လူကိုပေါ့၊ အရင် တစ် ...ာ်ကလည်း ကိုနိုင်း အဲဒီလူဆီက ပြန်ယူပြီး ဖောက်သည်မပျက် ...ာင် အရှုံးခံ ပြန်ထုတ်လိုက်ရတယ် မဟုတ်လား''



www.burmeseclassic.com

www.burmeseclassic.com



"ကြားခံပွဲစားတွေကို မေးကြည့်တယ်၊ သူတို့လည်း သော ... ကိုယ့်တာသာ လုပ်ကြည့်ချင်လုပ်ကြည့်တဲ့၊ လိုင်းစင်း ... ပြည်တော ပစ္စည်းခိုးသွင်းသလို ဖြစ်သွားမှာပေါ့၊ မသမာတဲ့ အ ... တော့ စိတ်ကူးထဲတောင် မထည့်ချင်ဘူး၊ တစ်ဖက်ကိုတော့ ... ထားတယ်၊ ကျွန်တော် တခြားမှာ ပြောင်းယူမယ်လို့"

"အဲဒီတော့ ဟိုဘက်က ဘာပြန်ပြောလဲ"

"အဲဒီလူက သူတို့နိုင်ငံက ထွက်တဲ့ ဝိတ်လိပ်မှန်သမျှ ပြ ... ပြည်တစ်ဦးတည်း ကိုယ်စားလှယ် ယူထားတာတဲ့"

"ဒါဆို တခြားလူတွေ ဘာမှမဖြစ်ဘဲ ကိုနိုင်းတစ်ယော ... တည်း ဖြစ်နေတာက ဘာသဘောလဲ"

"အဲဒါကိုပဲ ကိုယ်လည်း စဉ်းစားမရတာ မေမေကို ဖွင့် ... ပြန်ရင်လည်း ကိုယ်အသုံးမကျဘူးဆိုတာပဲ အပြစ်ပြောခံရမှာ"

ဒေါ်ခက်ခက်နွယ်လည်း စဉ်းစားရကျပ်သွားသည်။ ... မကောင်းချင်လို့ အဖျက်ဝင်တာများလား။

ဒါမှမဟုတ် နိုင်းမဟာ ကိုယ်တိုင်က အသုံးမကျတာများလာ ... မိမိ အမွေရလိုက်သော မန္တလေးက လက်ဘက်ပွဲရုံတွေလည်း နိုင် ... မဟာကို တာဝန်ပေး ဦးဆောင်ခိုင်းလိုက်မှ ဆုံးရှုံးနစ်နာခဲ့ရသည် ... အဝယ်မလိုက် အရောင်းမလိုက် မျိုးရိုးစဉ်ဆက် ပိုင်ဆိုင်လာခဲ့သော ... လက်ဖက်ပွဲရုံကြီး နိုင်းမဟာ လက်ထက်ကျမှ မျိုးတုံးခဲ့ရ၏။ ဒီက ...





... က နားမလည်လို့လားဆိုတော့လည်း –

"လက်ဖက်ထွက်တဲ့ဘက်က ကုန်ပစ္စည်းတွေ ကိုယ့်ပွဲရုံကို ... ဘူး။ နယ်က အဝယ်တော်တွေကလည်း တခြားပွဲရုံတွေ ရောက် ... ကြတယ်၊ မင်း လာကြည့်ဦးမလား"

ဟု နိုင်းမဟာ ဖုန်းဆက်ပြောလာသည်။ မိမိကလည်း ဟို ... ခင်ကတည်းက ပွဲရုံကိစ္စ စိတ်မဝင်စားခဲ့၍ ရန်ကုန်ပြန်လာခဲ့ဖို့ ခေါ် ... လိုက်ရသည်။ အခုလည်း ဒီကိစ္စတွေက လုံးဝမဖြစ်သင့်။

စီးပွားရေးလောကမှာ အခက်အခဲအဖုအထစ်ဆိုတာ လူတိုင်း ... ပေမယ့် ဒီလောက်ထိ စိတ်သောကရောက်အောင် မကြီးမားသင့်။

"ဖေကြီး ဖေဖေ"

"ဟော သမီးလေး အ ... လှတွေပြင်ပြီးပြီးလား။ ဒီနေ့ သင်တန်း ... က်ရမယ်ဆိုတော့ ပျော်နေတယ်ပေါ့"

အနွယ်တော်လေး ဝင်လာသည်နှင့် လင်မယားနှစ်ယောက် ... း မျက်နှာတွေကို အမြန်ဆုံး ပြင်လိုက်ကြသည်။ အနွယ်တော်က ... နဲ့ဖွာ အဖေနှင့်အမေကြားက ခုံမှာဝင်ထိုင်လိုက်၏။

"မီးကတော့ ပျော်တာပေါ့ ဖေဖေရဲ့၊ ဘွားက လတ်လျား ... သတ်လျားဖြစ်မှာစိုးလို့ မတက်စေချင်တော့ဘူးဆိုတော့ စိတ်မကောင်း ... ဘူး"

"သမီးလေးရယ် ဘွားက အသက်ကြီးတဲ့သူဆိုတော့ စိုးရိမ်



www.burmeseclassic.com

www.burmeseclassic.com



တာပေါ့၊ သမီးက အပျိုကြီးဖားဖား အရွယ်ရောက်နေပြီ မဟုတ်လား’

“မီးက ပညာရေးမှာ အားနည်းပြီး ရိုးရိုးသာမန်ဘွဲ့လေး တစ်ဘွဲ့ပဲရထားလို့ သင်တန်းတွေ တက်နေတာပါ၊ ဘာသာစကားဆို တာလည်း အစုံတတ်ထားတော့ ကောင်းတာပေါ့၊ ဖေဖေနဲ့ နိုင်ငံခြား လိုက်လိုက်၊ ကိုယ့်ဘာသာသွားသွား အဆင်ပြေတယ်၊ ဟုတ်လား အခုခေတ် အတတ်ပညာတွေက အမျိုးမျိုး သင်ယူလို့ မကုန်နိုင်ဘူး”

“ဟုတ်ပါတယ်၊ ဖေဖေကလည်း အားပေးပါတယ် သမီး ရယ်၊ ဒါပေမဲ့ သမီးချောလေးကိုတော့ စိတ်မချနိုင်တာက စိတ်မချနိုင် တာပဲပေါ့၊ အဲဒါကြောင့် ဖေဖေ သူငယ်ချင်းရဲ့သားကို ဖေဖေ အကူ အညီ တောင်းထားတယ်”

“ဟင် ဘယ်သူလဲ ဖေဖေ”

“သူ့နာမည်က သောတတဲ့၊ ဖေဖေ့သူငယ်ချင်း သူ့မိဘတွေ က၊ အခု နိုင်ငံခြားမှာ စီးပွားရေးတစ်ခုတည်ထောင်ပြီး အခြေချနေ တယ်၊ သောတက အသွားနဲ့ကျန်ခဲ့တာလေ၊ ဒါပေမဲ့ သူ့အသွားဆုံးပြီး ဆိုရင် သူလည်း သူ့မိဘတွေရှိတဲ့နိုင်ငံခြားကို လိုက်သွားရမှာပေါ့၊ အဲဒါ ကြောင့် ကျောင်းပြီးတာနဲ့ ဘာသာစကားသင်တန်းတွေ တက်နေတာ”

“ဟိုတစ်ခါ ညစာစားပွဲတစ်ခုမှာ ကျွန်မတို့နဲ့ဆုံတဲ့ကောင်လေး မဟုတ်လား”

“ဟုတ်တယ် ခက်၊ ခေတ်လူငယ်ဆိုပေမယ့် ညည်ညည်မွှန်မွှန်





လေးပါ၊ ခွေကြီးမျိုးကြီးထဲကဆိုတော့ အကျင့်စာရိတ္တလည်း ကောင်း တယ်၊ သမီးလေး လမ်းထွက်လိုက်ရင် အနှောင့်အယှက်ပေးမယ့်၊ လိုက်လံပိုးပန်းချင်တဲ့သူက များတယ်မဟုတ်လား။ မောင်သောတ စောင့်ရှောက်ပေးနိုင်အောင် ကိုယ်က အကူအညီတောင်းခဲ့တာပါ၊ ခဏနေ ရောက်လာလိမ့်မယ်၊ သမီး အဖော်ရတာပေါ့”

ဘယ်သူ့ဘယ်ဝါမှန်းမသိပေမယ့် မိတ်ဆွေအပေါင်းအသင်း က်တာမို့ အန္တယ်တော်စိတ်ထဲ ရှင်ရှင်မြူးမြူးလေး ဖြစ်သွားမိသည်။ သွေးရင်းသားရင်းမရှိသော တစ်ဦးတည်းသောသမီးမို့ မိဘတွေ ဘယ် သောက်ပဲ ပြည့်စုံအောင်၊ ပျော်ရွှင်အောင်ထားထား သွေ့ခြောက် နှင့် ကြီးပြင်းခဲ့ရသည်။ အဖော်ငတ်စွာ တောင့်တောင့်တတ ဖြစ်မိ၏။

“ဟော ကားသံကြားတယ်၊ မောင်သောတ လာပြီထင်တယ် သမီးရဲ့၊ မခင်အိ ညည်သည်ကို သွားကြိုလိုက်ပါဦး၊ ဒီကို တစ်ခါတည်း ခဲ့ပါ၊ ကော်ဖီလေး,ဘာလေး တိုက်ရအောင်”

ပန်းကန်တွေ ဆေးနေရာမှ မခင်အိ အပြေးလေးထွက်သွား သည်။ ခဏနေတော့ မခင်အိနောက်က သောတပါလာ၏။ နှစ်လို န်စွာ ပြုံး၍ ဝင်လာသည့် သောတရဲ့အပြုံးကို အန္တယ်တော် ခုံဆုံး သတိထားမိ၏။ ဘေးစောင်းနွဲ့နွဲ့ အိမိုကေလေးက ပြည့်ဝိုင်း နှင့် လေးထောင့်ဆန်ချင်သော သွားတမျက်နှာလေးနှင့် လိုက် ကာ မျက်ဝန်းလေးတွေကလည်း ရီဝေဝေနှင့် ရွှန်းတောက်နေ



www.burmeseclassic.com

www.burmeseclassic.com



သည်။ နှုတ်ခမ်းလေးတွေက အထက်အောက် ပိရိသေသပ်မှုရှိပြီး မျက်နှာညိုညိုနှင့် မျက်တောင်တိုစိပ်စိပ် ကော့ကော့လေးတွေက သော တရဲ့ အားအကောင်းဆုံး ပိုင်ဆိုင်မှုတွေ ဖြစ်မည်ထင်၏။ စပို့ရှ အဖြူစင်း။ ဂျင်းဘောင်းဘီအနက်က ဝင်းဝါသော အသားအရေနှ လိုက်ဖက်ကာ ပေါ့ပါးမှုနှင့် တည်ငြိမ်မှု ဒွန်တွဲဖော်ဆောင်နေသည်

"မောင်သောတ ထိုင်ကွယ်၊ ကော်ဖီသောက်ပါဦး၊ ခြေ ဒါက အန်ကယ်သမီး အနွယ်တော်တဲ့၊ အန်ကယ်မိန်းမကိုတော့ မင်း မိတ်ဆက်ပေးပြီးပြီနော်၊ မှတ်မိတယ် မဟုတ်လား"

"ဟုတ်ကဲ့ အန်ကယ် မှတ်မိပါတယ်၊ အန်တီ့အလှက တစ် မြင်ရုံနဲ့ မှတ်မိလွယ်တဲ့သူမျိုး မဟုတ်လား"

"ဟင်း ဟင်း မောင်သောတက ပြောတော့မယ်၊ မင်း အန်ကယ်က အန်တီ့ကို စိတ်မချဖြစ်နေပါဦးမယ်"

"အေး ဟုတ်တယ်ကွ"

သောတနှင့် သူတို့မိသားစုလေး ခဏအတွင်းမှာ ရင်း နွေးထွေးသွားခဲ့ရသည်။ အနွယ်တော်လည်း မြင်မြင်ချင်း သောတ ခင်မင်သွားခဲ့၏။ သောတရဲ့အပြုံးက လူတွေနဲ့ ခင်မင်ရင်းနှီးမှု ခဏချင်း ဆွဲယူသိမ်းပိုက်နိုင်သည်ထင်၏။

"သောတက အခု ဘယ်ဘာသာစကား တက်မှာလဲဟင် တခြားရော ဘယ်လိုမျိုးတွေ တက်ပြီးပြီးလဲ"





မေးခွန်းထုတ်လာသော အနွယ်တော်ဆီ သောတအကြည့် လေး ရွေ့လာ၏။ သောတာက မူပိုင်အပြုံးလေးဖြင့် –

"ကျွန်တော်က ကျောင်းတက်ရင်းနဲ့ ကွန်ပျူတာကို ပြီးအောင် သင်လိုက်တယ်၊ ကျောင်းပြီးတော့ ကိုးရီးယားနဲ့ ပြင်သစ်စာ သင်လိုက် တယ်လေ၊ အခု မိဘတွေက ဂျပန်မှာဆိုတော့ ဂျပန်စာသင်ဖို့ စိတ်ကူး ထားတယ်၊ အနွယ်တော်ကရော ဘာသင်မှာလဲ"

"ဟို အနွယ်တော်လည်း သောတနဲ့အတူတူ တက်လို့ရ အောင် ဂျပန်စာပဲ သင်မှာပေါ့၊ ကိုးရီးယားကို စိတ်ဝင်စားပေမယ့် နောက်မှသင်တော့မယ်လေ၊ အနွယ်တော်က အဖော်မက်တယ်"

သွားဖွေးဖွေးလေးတွေပေါ်အောင် သူမရင်းနှီးပွင့်လင်းစွာ ပြောလိုက်သည်။ ဦးနိုင်းမဟာနှင့် ဒေါ်ခက်ခက်နွယ်က ပီတိနှင့် ပြုံးနေ ၏ သောတက သူ့ရှေ့မှာရှိသော ကော်ဖီခွက်လေးကို တစ်ကျိုက်တည်း မော့သောက်လိုက်ပြီး –

"ကျွန်တော်က စာရင်းပေးပြီးသားပါ၊ အနွယ်တော် တက်မှာ သေချာရင် စာရင်းပေးလို့ရအောင် စောစောသွားမယ်လေ"

"အေး မင်းပဲ ဂရုစိုက်လုပ်ပေးလိုက်ပါ မောင်သောတရယ်၊ သမီးက ကိုးရီးယားက စိတ်ဝင်စားတယ်ဆိုပြီး စာရင်းပေးထားတာကွ၊ မင်းလာမှ စိတ်ပြောင်းသွားတာ"

"ဟုတ်ကဲ့ ကျွန်တော်တက်မယ့်သင်တန်းက လူဦးရေ ကန့်



www.burmeseclassic.com

သတ်သား[illegible]မယ့် ကျွန်တော်ပြောပေးရင် အဆင်ပြေမှာပါ၊ သင်တန်းဆရာက ကျွန်တော့်သူငယ်ချင်းရဲ့ အဖေလေ၊ သဘောလည်း ကောင်းတယ်"

"အဆင်ပြေတာပေါ့ကွာ၊ အဲဒါဆိုလည်း သွားကြလေ၊ သမီးလေး မောင်သောတစကားကို နားထောင်နော်၊ အပြန်လည်း မောင်သောတ လိုက်ပို့လိမ့်မယ်၊ ဩော်၊ မောင်သောတ အန်ကယ်တို့အိမ်က မင်းရဲ့စားအိမ်သောက်အိမ် ဖြစ်သွားပြီနော်၊ အချိန်မရွေး ဝင်ထွက်စားသောက်နိုင်တယ်၊ အားမနာနဲ့ ဟုတ်ပြီလား"

"အန္တယ်တော်ကို အကြံအပို့လုပ်ပေးတဲ့ အဖိုးအခလား အန်ကယ်"

"အေး အေးဟုတ်တယ်၊ အဲလိုပဲ သဘောထားပါကွာ၊ မင်းအဖေကိုလည်း ငါ အဲလိုပြောလိုက်မယ် ဟားဟား"

"ကိုနိုင်းကလေ ကလေးတွေကို အရမ်းစတာပဲ ဟင်း ဟင်း"

သောတ ဘာပြောပြော ဦးနိုင်းမဟာနှင့် ဒေါ်ခက်ခက်နွယ်က သဘောတွေကျကာ ပြုံးပျော်နေသည်။ အန္တယ်တော်လည်း သွားစွယ်ဖွေးဖွေးလေး၊ ပါးချိုင့်ရေးရေးလေးတွေ ထင်သာမြင်သာအောင် ပြုံးနေတတ်၏။ သမီးလေး အန္တယ်တော် ထိုသို့ပြုံးနေမည်ဆိုလျှင် သူတို့ဘာတွေပဲ ပေးဆပ်ရပါစေ။

✿ ✿ ✿

## အခန်း ( ၆ )

"အင့်"

"ဟာ"

တိုက်မိလိုက်သော အရှိန်က လူတစ်ကိုယ်လုံး ယိုင်နဲ့သွားစေသျှက် နှုတ်ဖျားက အင့်ခနဲတောင် အသံမြည်သွားသည်။ လွတ်ကျသွားသော ဖိုင်တွဲလေးမှ စာရွက်စာတမ်းတွေလည်း စတုဂံပုံ အပြာရောင်ပါကေးခင်းမှာ ပြန့်ကျဲသွားသည်။

"တောင်းပန်လိုက်ဦးလေးသောတရဲ့၊ သောတကိုယ်ကြီးနဲ့တိုက်မိတာ သူ အရမ်းနာသွားမှာပေါ့"

"ဟင်"

ပါကေးခင်းပေါ်က စာရွက်တွေကို တစ်ရွက်ချင်းလိုက်

www.burmeseclassic.com

www.burmeseclassic.com



ကောက်ပေးရင်း အသံရှုရှုလေးဖြင့် တိုက်တွန်းနေသံကြောင့် ထိုမိန်း ကလေးကိုလည်း ငုံ့ကြည့်မိလျက် ကိုယ်နှင့်တိုက်မိလိုက်သော သူကို လည်း တစ်ဆက်တည်း ကြည့်လိုက်မိသည်။

အံ့ဩခြင်းနှင့် တစ်ပြိုင်နက်တည်းမှာ ရှုးရင်တွေလည်း ဖျပ် ဖျပ်ခါသွား၏။ အန္တယ်တော်ဆိုသော ဒီကောင်မလေးကို ရှုးကသိနေ ပေမယ့် အန္တယ်တော်ကတော့ သူမလေးနှင့် ပတ်သက်ခါနီး မင်းခေါင် ကို ဖြတ်ခုတ်သွားခဲ့သည့် ရှုးကို သိမှာမဟုတ်။

စေတနာပိုကာ ရှုးစာရွက်တွေကိုတောင် ကောက်ပေးနေ သေးသည်။ ရှုးက အန္တယ်တော်နှင့်ပတ်သက်မှုကို အံ့ဩနေခြင်း မဟုတ်ပါ။ အန္တယ်တော် တိုက်တွန်းလိုက်သော ရှုးနှင့်တိုက်မိသူကို စိတ်ဝင်စားနေခြင်းပင်။

အန္တယ်တော်ခေါ်လိုက်တာက သောတတဲ့။

နာမည်လေးကအစ ဆွဲဆောင်မှုရှိပြီး ချစ်စရာကောင်းနေ သားပဲ။

"ဟို ဆောရီးပါနော်၊ ကျွန်တော်တို့က စာရင်းပေးဖို့အတွက် ရုံးခန်းထဲကိုရောက်ချင်ဇောကြီးနေလို့ပါ၊ ဒီကရော သင်တန်းတက်ဖို့ စာရင်းလာပေးတာမဟုတ်လား၊ တောင်းပန်ပါတယ်နော်"

ရှုတတ ဖြေရှင်းမှုလေးကလည်း စိတ်မဆိုးရက်အောင် ဆွဲ ဆောင်မှုရှိနေပြန်၏။ ဝတ်စားထားတာက စတိုင်လ်ကျ ဒီဇိုင်းမိုက်ကာ





ကြည့်ကောင်းနေသည်။

"ဟုတ်တယ်၊ ရှုးလည်း သင်တန်းအတွက် စာရင်းပေးထား တာကို ငွေလာသွင်းတာပါ၊ သင်တန်းသူ သင်တန်းသားအချင်းချင်း ဖြစ်တော့မှာပဲ၊ တောင်းပန်စရာမလိုပါဘူး၊ ဪ ဒီက"

"အန္တယ်တော်ပါ"

"အဟင်း စာရွက်စာတမ်းတွေ ကောက်ပေးလို့ ကျေးဇူးတင် ပါတယ်၊ စာရင်းပေးပြီးရင် မိတ်ဖြစ်ဆွေဖြစ် တစ်ခုခု သွားစားရအောင် လေ၊ ရှုးကျွေးပါ့မယ်"

"ဪ အတိုက်ခံရတဲ့ သူက ကျွေးမလို့လား၊ ကျွန်တော်က အပြစ်ရှိတာ ကျွန်တော်ကျွေးပါ့မယ်၊ အောက်မှာ ခဏစောင့်လေ၊ ကျွန်တော်တို့စာရင်းပေး ငွေသွင်းပြီးတာနဲ့ အမြန်ဆင်းလာခဲ့ပါ့မယ်"

သောတရဲ့ အပြုံးစိုစို၊ အပြောချိုချိုလေးကြောင့် ရှုး ကျေနပ် ကြည်နူးသွားခဲ့သည်။ အန္တယ်တော်နှင့် သောတ ဘယ်လိုပတ်သက် လဲ မသိပေမယ့် တစ်ခါတောင် မသိနိုးနား လုယူထားဖူးတာမို့ ဖြစ်ဖြစ် ရှုးအတွက် အရေးမပါပါ။

သောတအပြုံးက ရင်ကို လှုပ်ခတ်စေသည်မို့ နိုးစပ်မှုရှိ အောင် ရှုးပညာသုံးလိုက်မိခြင်းပင်။ မင်းခေါင်တုန်းကသည်း အနားမှာ ဆိုမျိုး အန္တယ်တော် ရှိနေတာမဟုတ်ပေမယ့် တိုက်ဆိုင်မှုနှင့် ကြုံ အောင် ဖန်တီးခဲ့တာပဲ မဟုတ်ပါလား။



www.burmeseclassic.com

www.burmeseclassic.com



သူမခြေလှမ်းကြွကြွ လင်းလက်သောအပြုံးနှင့် မြေညီထ
အနီးကနေ သောတတို့ကို စောင့်နေလိုက်သည်။ သင်တန်း
ကျွန်ုပ်လေးလွှာမှာမို့ အဆင်းအတက်က ထင်သလောက် မကြာ
လွယ်ကူ၏။

ဆယ့်ငါးမိနစ်လောက်မှာ သောတနှင့် အန္တယ်တော် ဆင်း
ကြသည်။

“အိုကေလား”

“အိုကေပါတယ်၊ ကျွန်တော်တို့အသုတ်ကို နောက်တစ်ပ
ကစပြီး သင်တန်းတက်ရမယ်တဲ့၊ စူးနဲ့အတူတူပဲ ထင်တယ်”

“အတူတူပါပဲ၊ နောက်အဖွဲ့က စူးတို့သင်တန်းသုံးလပြီး
ပြန်စမှာလေ၊ အခြေခံကနေ ဒီထက်ပိုပြီး တတ်ကျွမ်းချင်သေးတ
ဆိုရင် နောက်ထပ်သုံးလ ထပ်တက်ခွင့်ရှိတယ်တဲ့၊ အဲလိုဆိုရင် ဂျပန်
နေရာကောင်းကောင်း အလုပ်တစ်ခုမှာ တန်းခန့် သွင်းပေးနိုင်တ
ပြောတယ်၊ သောတနဲ့အန္တယ်တော်က ဂျပန်သွားဖို့လား”

“မဟုတ်ပါဘူး တတ်ထားချင်လို့ပါ၊ သောတကတော့
မိဘတွေဆီ လိုက်သွားမှာပေါ့”

ဒီလောက်ဆိုလျှင် သောတနှင့်အန္တယ်တော်ရဲ့ ပတ်သက်
အခြေအနေကို နည်းနည်းသဘောပေါက်လိုက်၏။

ချစ်သူရည်းစားဆိုလျှင် ဒီလိုမျိုး ခွဲခြားပြောစရာ မလို





ဟုတ်ပါလား။ ဒီထက်ပတ်သက်မှုရှိလည်း စူးအတွက် ဖယားတွေ
အထာတွေ သိပ်မရှုပ်ပါ။

စူးဆိုတာက ဘယ်သူ့ကိုမှ ဂရုမစိုက်တတ်ဘဲ။

သင်တန်းနှင့် မျက်နှာချင်းဆိုင်က ရမထာ အအေးဆိုင်လေး
ဆဲ သုံးယောက်သား ဝင်ခဲ့ကြသည်။ ဆိုင်လေးက အဆင့်တန်းမြင့်
မ်းနားသပ်ရပ်ပြီး အဲကွန်းတပ်ထားသော မှန်လုံခန်းလေးဖြစ်သည်။
မ်တွေ ကာရန်ထားသည်ဆိုသော်လည်း အတွင်းနှင့်အပြင် ကြည်လင်
ပြတ်သားစွာ လှမ်းမြင်နိုင်သလို ခုံရှည်လေးတွေနှင့် ထိုင်ရတာ ဖြစ်ပြီး
အနားမှာ အလှပန်းအိုးအတုလေးတွေကလည်း စိမ်းစိမ်းစိုစိုရှိလှ
သည်။

“ဒီမှာ ထိုင်ကြမယ်နော်”

အပြင်လောကကို တည့်တည့်လှမ်းရှုနိုင်သော စားပွဲဝိုင်း
လေးမှာ စူး အရင်ဝင်ထိုင်လိုက်သည်။ စူး ထိုင်ခုံက မျက်နှာစာ
တည့်တည့်ဖြစ်တာမို့ ထိုင်ခုံက နှစ်ခုံတွဲဖြစ်ပြီး ဟိုဘက်ဒီဘက်ထိပ်မှာ
ထိုင်ခုံတစ်လုံးစီ ဖြစ်သည်။

သောတအကြည့်က အန္တယ်တော်ဆီ တစ်ချက်ရောက်သွား
မှာ တစ်ဖက်ထိုင်ခုံထိပ်မှာ နေရာယူ ထိုင်လိုက်သည်။ အန္တယ်တော်
စူးနှင့် ကပ်လျက်ခုံမှ ဝင်ထိုင်လိုက်သည့်အတွက် သောတနှင့်
နီးဝပ်ဆုံးက အန္တယ်တော် ဖြစ်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



ရှူး အောင့်သက်သက်နှင့် အသက်ရှူသံ ပြင်းသွား…

"ဒီဆိုင်က ကော်ဖီလည်းရတယ်၊ အအေးလည်းရတ… သောတ ဘာသောက်မလဲ"

ရှူးက သောတ မျက်နှာကိုပဲ တည့်တည့်ကြည့်ပြီး မေး…၏။ သောတက နားထင်ကို လက်ညှိုးလေးနှင့် ထောက်ကာ ခပ်… လွှင်လေး ပြုံးလျက် –

"ကော်ဖီအေး၊ အန္တယ်တော်ရော ဘာသောက်မလဲ"

"အင်း အန္တယ်တော်လည်း သောတသောက်တာပဲ သော… မယ်လေ"

ဒီတစ်ခါလည်း ရှူး အောင့်သက်သက် ဖြစ်ရပြန်သည်။ … ကသော ဂရုတစိုက် မေးလိုက်ရပြီး သောတက သူမကို မ… အန္တယ်တော်အတွက်သာ ဝန်ထမ်းဝတ်စုံလေးနှင့် အနားလာရပ်… သော စားပွဲထိုးလေးကို မှာပေးလေသည်။

ရှူးက သူမဘာသာ ကော်ဖီပြင်းပြင်းတစ်ခွက်မှာလိုက်…

သောတ မျက်လုံးများက ခုခေတ်မိန်းကလေးတွေမှာ မြင်… သော ကျောလယ်သာသာ ဖြောင့်စင်းနက်မှောင်နေသည့် အန္တယ်… ဆံနွယ်တွေဆီမှာ တရစ်ဝဲဝဲ ရှိနေသလို ပန်းပေါ်မှာ လိပ်ခွေကျနေသ… ရှူးရဲ့ ရွှေအိုရောင်ဆံပင်လေးတွေကိုလည်း တစ်ချက်တစ်ချက် မယိ… မျက်လုံးဝေ့ကြည့်သည်။





သောတာ ဘာတွေများ နှိုင်းယှဉ်စဉ်းစားနေသလဲ။

သွယ်မလို ပိုင်းမလို မျက်နှာလေးနှင့် ဝင်းဖန့်ဖန့် အသားအရေ …ချိုင့်ရေးရေး ပြုံးရယ်လိုက်လျှင် သွားစွယ်ဖွေးဖွေးလေး မြင်ရနိုင် …သော အန္တယ်တော်ရဲ့အလှက ရှူးအလှနှင့် ဘာတွေများ ထူးခြား …ခြင်မြောက်နေလို့လဲ။

ဝတ်စားပြင်ဆင်မှုအပိုင်းမှာ ကွဲပြားခြားနားမှု ရှိနိုင်တာက …တော့ သိသာနေသည်။ ရှူးက စပို့ရှပ်တွေ ဆွဲသား ကိုယ်ကျပ်တွေနှင့် …ကိုယ်အလှကို ထင်းခနဲ ရှင်းခနဲ ပေါ်လွှင်စေပြီး ဂျင်းဘောင်းဘီ …ကွာတားတွေ၊ စကတ်တွေနှင့် တွဲဖက်ဝတ်ဆင်တတ်၏။ အန္တယ် …ဘ် အခု ဝတ်လာတာက ကြည့်ပါဦး

ပန်းဆီရောင် အပွင့်အခက်များပါသည့် အပါးသား ဝမ်းဆက် …ဖြစ်ပြီး ဆံနွယ်ရှည်များကို ဒီအတိုင်း ဖြန့်ချထားတာမို့ ရိုးစင်းလွန်း …သည်ဟု ထင်မိသည်။ နှုတ်ခမ်းပါးလေးတွေက နှုတ်ခမ်းနီဆိုးမထားပါ …ချိုနေပြီး ရှူးကတော့ ဆွဲဆောင်မှုအရှိဆုံးပါဟု ပြောစမှတ်ပြုခံထား …သော အလယ်တည့်တည့် မေးအချိုင့်လေးနှင့် လိုက်ဖက်မှုရှိအောင် …ပြည့်ရောင်ရင့်ရင့်နှုတ်ခမ်းနီကို ပုံဖော်၍ ဆိုးထားခဲ့သည်။

"ဟာ ရှူး ဘာတွေတွေးနေတာလဲ၊ ကော်ဖီတွေတောင် …အေးကုန်တော့မယ်"

"ဩော်၊ အင်း ဟိုလေ သောတတို့ နှစ်ယောက် ကော်ဖီ



www.burmeseclassic.com

www.burmeseclassic.com



သောက်တာ အားကျပြီး စူးကော်ဖီကို အအေးခံထားတာ၊ အ
ဟင်း။ သောတအသံကြောင့် အတွေးကမ္ဘာက လန့်ဖျပ်ကာ အရှက်
ရယ်သွမ်းသွေးပြောလိုက်ရသည်။ သောတက ညှိုရီနေသော မျက်
များ လက်တောက်လျှက်။

''ထိုင်နေရင်းနဲ့ ဘယ်ရည်းစားအကြောင်း တွေးနေသ
ပါ၊ စူးအားကျတယ်ဆိုရင် ကျွန်တော်တို့လို ကော်ဖီအေးတစ်
ထပ်မှာလိုက်လေ''

''သြော် နေပါစေ၊ စူးက ကော်ဖီပြင်းပြင်းသောက်ရ
ပါ၊ ဒါနဲ့ သောတက ဘယ်အချိန်လောက် မိဘတွေရှိတဲ့ နိုင်ငံခြား
လိုက်သွားမှာလဲ''

''အခုလောလောဆယ်တော့ မဟုတ်သေးပါဘူး၊ မိဘ
က နိုင်ငံခြားမှာဆိုပေမယ့် ကျွန်တော်က အဘွားနဲ့ဒီမှာနေတာ
အဘွားက ကျွန်တော့်ကို အရမ်းချစ်လို့ သူမသေမချင်း ဘ
လွှတ်မှာမဟုတ်ဘူး။ ကျွန်တော်ကလည်း အဘွားကို ခွဲထားခဲ့ဖို့ စိတ်
မရှိပါဘူး''

''ချစ်သူရည်းစားတွေ့ရင်တော့ အဲဒီစကား ပြောမယ် မ
ဘူးနော်''

အနွယ်တော်နှင့် ပတ်သက်မှုကို သိသာအောင် စူး
အစ်အောက်၌ ချဉ်းကပ်လိုက်သည်။





သောတက မူပိုင်အပြုံးချိုချိုလေးဖြင့် အနွယ်တော်ကို
လုံးဝေ့ကြည့်ပြီးမှ –

''ကျွန်တော်က မိန်းကလေးတစ်ယောက်အတွက် အလွယ်
ဆုံးဖြတ်တတ်တဲ့သူ မဟုတ်ပါဘူး၊ ချစ်သူရည်းစားထားခဲ့ရင်
အိမ်ထောင်ဖက်အထိ လက်တွဲနိုင်မှ စဉ်းစားမှာပါ၊ အဲလို
တော့်ရဲ့ လက်တွဲဖော်မိန်းကလေး ဖြစ်လာမယ့်သူကလည်း ကျွန်
အပါအဝင် ကျွန်တော့်မိသားစုကိုပါ တန်ဖိုးထား နားလည်နိုင်တဲ့
လေးဖြစ်ရမယ်၊ လူ့ဘဝကို လွယ်လွယ်ကူကူ ရောက်လာပြီ
လွယ်ကူကူဖြတ်သန်းချင်တဲ့သူမျိုးအတွက် ကျွန်တော့်ဘဝကို
ကားမပေးဘူး''

သောတစကားကြောင့် စူး ကျောထဲ စိမ့်ခနဲ ဖြစ်သွား၏။
လိုအဓိပ္ပာယ် ရည်ရွယ်ချက်တွေနှင့် ပြောနေတာများလဲ။

သောတရဲ့ တောင့်တချက်တွေက သူမနှင့် မကိုက်ညီ။
ဝိုင်းမှာ ငြိမ်ငြိမ်သက်သက် ရှိနေသော အနွယ်တော်က –

''ကံကြမ္မာဆိုတာ မျှော်လင့်ထားသလို ဖြစ်လာတတ်တာ
တ်ဘူးလေ သောတရဲ့၊ အတိတ်ဘဝက ခင်းပေးလိုက်တဲ့ လမ်း
ကြောင်းပေါ်မှာ အလိုက်သင့် စီးမျောခံစားတတ်ဖို့တော့ လိုတာပေါ့၊
သောတရင်ထဲက လေးလေးနက်နက် ချစ်နေတဲ့ မိန်းကလေး
သောတမျှော်လင့်ထားတာတွေနဲ့ မကိုက်ညီရင် ဘယ်လိုလုပ်မှာ



www.burmeseclassic.com

www.burmeseclassic.com



ထ

"ကိုယ် စွန့်လွှတ်မှာပေါ့ အနွယ်တော်၊ ဘဝတစ်သက် သက်တွဲသွားရမယ့် လူနှစ်ယောက်က သဟဇာတမဖြစ်ဘူးဆို စိတ်အပင်ပန်းခံပြီး ချစ်နေတော့ရော အဲဒီအိမ်ထောင်ရေးက နိုင်မြဲ မှာလား၊ ခဏတာ စိတ်ခံစားမှုကို ဦးစားပေးပြီး အလွယ်တကူ ကျွံ သွားကြတဲ့ အိမ်ထောင်ရေးမျိုး ကျွန်တော် လက်မခံဘူး အနွယ်တော်"

သောတစကားတွေက လေးလေးနက်နက်နှင့် တည်ငြိမ် သည်။ တစ်ခါမှ မကြားဖူးတာမို့ စိတ်ဝင်တစားလည်းနားစိုက်ထော မိ၏။ ပေါ့ပျက်ပျက် အံတွေ၊ ရည်ရွယ်ချက်မဲ့သော ပတ်ဝန်းကျင်နှ သာ ထိတွေ့နှီးစပ်ခဲ့တာ။

မိမိကိုယ်တိုင်ကလည်း ဘယ်အရာကိုမှ အလေးအနက် မ ရွာဖြင့်။

မင်းခေါင် သောတက နှင်နဲ့တခြားစီ။

✿ ✿ ✿



## အခန်း ( ၄ )

"ရှူး"

"ဩော် မင်းခေါင်"

သောတတို့နှင့် လမ်းခွဲပြန်လာခဲ့ပြီး သူမတစ်ယောက်တည်း အိမ်ပေါင်မှာ လာရောက်ထိုင်နေစဉ် ရူးခနဲခေါ်သံနှင့် မင်းခေါင် သူမ အနား ရောက်လာသည်။ သုန်မှုန်သောမျက်နှာနှင့် သူမထိုင်နေသည့် ထစ်ဖက်စွန်းမှာ ဝင်ထိုင်တော့ သူမမျက်လွှာ ပင့်ကြည့်လိုက်၏။

"ဘယ်သူနဲ့ အစာမကြေ ဖြစ်လာတာလဲ"

"ဘယ်သူနဲ့ ဖြစ်ရမှာလဲ နှင့်ကိုပေါ့"

"ဟင် ငါ့ကို ငါက ဘာလုပ်လို့လဲ"

"နှင် ဒီနေ့ ဂျပန်စကားပြော သွားအပ်တယ်ဆို၊ ငါ့ကို



www.burmeseclassic.com

www.burmeseclassic.com



တိုင်လည်းမတိုင်ပင်ဘူး၊ အသိလည်း မပေးဘူး''

''နင်နဲ့ငါနဲ့ ပတ်သက်မှုက ကိစ္စတိုင်းကို တိုင်ပင်စရာ လိုလို့လား မင်းခေါင်ရယ်၊ နင်ကရော ငါတတ်သမျှ သင်တန်းတိုင်းကို လိုက်တတ်လို့လား၊ လျှောက်ပွေးနေတဲ့ လူတစ်ယောက်ကို ရေးကြီးခွင်ကျယ် လုပ်ပြောမနေနိုင်ပါဘူး''

စူးက သူမပင်ကိုယ်ဟန်အတိုင်း လေသံမာမာနှင့် ပြောပြီး မျက်နှာလွှဲသည်။ မင်းခေါင်ရင်ထဲ မခံချိမခံသာ ဖြစ်သွား၏။ စူးက သူတွဲခဲ့ နွှယ်ခဲ့ဖူးသော တခြားမိန်းကလေးတွေနှင့်မတူ။ အနုအရွ အချော့အမြှူကို ကြိုက်ပေမယ့် ချစ်တယ်ဆိုသည့် စကားကိုတော့ အပြောမခံ။ ငါ့ရင်ထဲက တကယ်ချစ်မြတ်နိုးမိတဲ့လူဆီကပဲ အဲဒီ ချစ်တယ်ဆိုတဲ့ စကားကို ကြားချင်တယ်။ နားထောင်ချင်တယ်ဟု ပြတ်ပြတ်သားသား ပြောရဲသူ။

ပါတီပွဲတွေမှာ၊ နိုက်ကလပ်တွေမှာ သူနှင့် ဘယ်လိုပဲတွဲကတွဲက ရင်ခုန်စိတ်လှုပ်ရှားခြင်းမရှိ၊ ညွတ်နူးယိမ်းနွဲ့လာတာမျိုး မရှိ။

''ငါက ပျော်ချင်လို့၊ စိတ်ချမ်းသာချင်လို့ ဒီလိုနေရာမျိုးကို လာတာ၊ ကိုယ်ကျင့်တရားပျက်ဖို့ ဖောက်ပြန်ဖို့တော့ မဟုတ်ဘူး။ အရမ်းစိတ်တွေ မွန်းကျပ်ပြီး ထွက်ပေါက်ရချင်တဲ့အခါ နင့်လိုလူမျိုး တစ်ယောက် ငါ့အနားမှာ ရှိနေသေးရင် ငါစိတ်သက်သာတယ်၊ ဒါဟာ ချစ်သူတစ်ယောက်လို ယုံကြည်ကိုးစားလိုက်တာ မဟုတ်ဘူးနော်





စိတ်တစ်ခုရဲ့ အဖြည့်ခံသက်သက်လို့ပဲ သဘောထားတယ်၊ အဲလို နှိုင်းမျိုးမှာ စိတ်လွတ်လပ်ပြီး ပေါ့ပါးတယ်၊ ဒါပဲ''

တဲ့။ ပြောခဲ့ဖူးတဲ့အကြောင်းအရာထဲမှာ နှလုံးသားရေးကိစ္စ အချစ်မပါ။

တဖြည်းဖြည်းနှင့် စူးရဲ့ခံစားမှုတွေကို နားလည်ပေးရမှာလား။ ခြားမိန်းကလေးတွေအပေါ်မှာ ထားခဲ့ဖူးသည့်စိတ်လိုမျိုး အခွံချည်း တ်သက် ဖယ်ချလိုက်ရတော့မှာလား။ ဘာမှန်းပင် မသိ။ ဒါပေမဲ့ ယ်ကလည်း အိမ်မှာ မပျော်လို့ လေလွင့်နေခဲ့ရသူ မဟုတ်ပါလား။ ကို စာနာစိတ်နှင့် စူးအနားက သူ အခုချိန်ထိ ရွေ့လို့ မရသေးပါ။

''စူး''

''နင် ဘာဖြစ်နေတာလဲ မင်းခေါင်၊ နင် ဒီနေ့ မျက်နှာလည်း ကောင်းဘူး။ ငါ့နာမည်ကိုလည်း ဘာလို့ ခဏခဏ ခေါ်နေတာလဲ၊ ဒီနေ့ ဘယ်သူနဲ့မှ စကားမပြောချင်ဘူး။ တစ်ခုခုကို ထိုင်တွေးနေချင်''

''မနက်ဖြန် ငါမြစ်ကြီးနားကို သွားရမှာမို့ပါ''

''ဘာလုပ်ဖို့လဲ''

''ဟိုမှာ ညီမလေး မင်္ဂလာဆောင်တော့မယ်တဲ့၊ အဲဒါ ညီမ က ငါ့ကို လာစေချင်တယ်လို့ ဖုန်းလှမ်းဆက်တယ်''

''ဟင် နင့်ညီမလေးက ငယ်ငယ်လေးရှိပါသေးတယ်''



www.burmeseclassic.com

www.burmeseclassic.com



"မေမေက နောက်အိမ်ထောင်နဲ့ မဟုတ်လား၊ ပထွေး
လည်း ငယ်တော့ မသင့်တော်တာတွေ တွေးပြီး ညီမလေးလည်း
ဒီလို လျှောက်ပွေးနေတာ၊ လေနေတာပဲလေ၊ အခု ဖြစ်ချင်ရာဖြ
ရာအမြင်တင့်တယ်အောင် အိမ်ထောင်ပြုလိုက်တာ ထင်ပါတယ်၊
လည်း ဒီမှာ ဖေဖေ့နောက်မိန်းမနဲ့ အမြဲတမ်း ကျိုင်တက်နေလို့ အိမ်
မနေချင်ဘဲ လျှောက်လေနေတာ၊ ဘာကြောင့်များ မိဘတွေက သူ
စိတ်ဆန္ဒတွေအတိုင်း လုပ်ချင်ရာလုပ်ပြီး သားသမီးတွေရဲ့ စိတ်ခံစား
ကို ထည့်မစဉ်းစားရတာလည်း မသိဘူးဟာ"

မင်းခေါင်အသံတွေ တုန်ပြီး မျက်ရည်ဝဲနေတာ၊ ဒီတစ်ခါ
မြင်ဖူး၏။ မင်းခေါင်က နောက်အိမ်ထောင်ကိုယ်စီနှင့် မိဘတွေ
အရှုံ့တိုက်ပြီး ဘဝကို ဖြစ်သလို ဖြတ်သန်းနေတာ သူမ မသိ
နေပါ့မလား၊ စိတ်ကိုလွှတ်ပြီး အဆိုးအကောင်း မခွဲခြားတော့
ပျော်သလို နေနေတာမို့ သူမနှင့် ဘဝတူလို့တောင် ပြောလို့ရနိုင်သည်
ဒါပေမဲ့ သူမက မင်းခေါင်လိုမျိုး မိဘတွေကိုတော့ အပြစ်မတင်ချင်

မာမီက သူမကို လိုတရ ဖြည့်ဆည်းပေးခဲ့သည် မဟုတ်
လား။ တစ်ခုပဲ ပြောစရာရှိသည်။ အိမ်မှုကိစ္စတွေကို အိမ်ဖော်သား
တာဝန်ကျေအောင် လုပ်ပေးပြီး မျက်နှာသာပေး ဂရုစိုက်တာ မခံရ
အခုနောက်ပိုင်း မာမီ့အပြုံးကို တစ်ခါမှ မတွေ့ရတော့ဘူးလို့တောင်
ပြောလို့ရနိုင်သည်။





အမြဲလိုလို တည်တင်းအေးစက်နေပြီး အပြောတွေလည်း
သက်သည်။ အနေအထိုင်လည်း ဥပေက္ခာတွေနှင့်ဖြစ်၏။

နေတတ်သလို နေဖို့ တိုက်တွန်းလျက် တဖြည်းဖြည်းနှင့်
ထိနှင့်သူမ သူစိမ်းပြင်ပြင် ဖြစ်လာ၏။

"မာမီ ဘာလို့ အဲလိုဖြစ်သွားတာလဲ ကြီးကြီးခိုင်၊ ဖေဖေ
န်းက အဲလောက်ကြီး စူးကို ဥပေက္ခာမပြုခဲ့ဘူး ထင်တယ်နော်"

ကြီးကြီးခိုင်ကို ရင်ဖွင့်မေးကြည့်သောအခါ ကြီးကြီးခိုင်က
တ်ခမ်းကို စုံမဲ့၍ -

"စူးလေးက အဲလို ထင်တယ်ပေါ့၊ အဲဒီအချိန်တုန်းကလည်း
အဖေရှေ့မှာ တစ်မျိုး၊ ကွယ်ရာမှာ တစ်မျိုးပါကွယ်၊ စူးလေးက
ရှေးပီပီ ချွဲချွဲနွဲ့နွဲ့ ပလီပလာနဲ့ ဖအေကြီးကို တိုင်တတ်တော့တတ်
နဲ့လို့ သူထိန်းနေတာပါ၊ မောင်ကျော်ခိုင်ကို ကြောက်တာမဟုတ်
ယ့် သူ့ထက် အသက်ကလည်းကြီး၊ ဆရာဝန်ကြီးဆိုတဲ့ ဂုဏ်ပုဒ်
လည်း ရှိတော့ လေးစားရတယ် မဟုတ်လား၊ စူးလေးအဖေက
လေးကို တုန်နေအောင် ချစ်တော့ သူ သိပ်မလွန်ခဲ့တာဖြစ်မယ်၊
ကြီးကြီးခိုင် အထင်ပြောရရင် ငယ်ငယ်ကတည်းက မိခင်တစ်ယောက်
ယ်လို့ စူးလေးအပေါ် မနွေးထွေးခဲ့ဘူးထင်တယ်၊ မိခင်အရင်းမှ
တ်ရဲ့လား မသိပါဘူး"

ဖေဖေအစ်မဝမ်းကွဲ ကြီးကြီးခိုင်က ထိုသို့ ဝေဖန်သည်။



www.burmeseclassic.com

www.burmeseclassic.com



ရှုသည်။ တစ်ခါတစ်ရံ ဘာကြောင့်များ မာမီ သူမအပေါ် ဒီလိုမျိုး ဆက်ဆံရတာလည်းဟု သံသယ ဝင်ခဲ့မိသည်။

မာမီကို မေးကြည့်ဖို့လည်း စိတ်ကူးဝင်ခဲ့မိသေး၏။ ဒါပေမဲ့ မမေး ဖြစ်ခဲ့ပါ။ ကျင်လည်ရသည့်ဘဝမှာ နေသားကျအောင် ကြိုးစားရင်း မာမီနှင့်ပြဿနာကြီးကြီးမားမား မဖြစ်ချင်၍ အမြင်မှာပဲ ပျော်သလို နေခဲ့သည်။

ဒါကြောင့်လည်း မင်းခေါင်နှင့်သူမက တစ်ယောက်အကြောင်း တစ်ယောက်ရင်ဖွင့်ကြရင်း ဒီအချိန်ထိ နားလည်မှုနှင့် ကြာရှည်တွဲ ဖြစ်ကြတာ ဖြစ်မည်။

အခုလည်း မင်းခေါင် မျက်ရည်ဝဲနေတော့ သူမစိတ်မကောင်း ဖြစ်ရ၏။ မင်းခေါင်ဘက် တည့်တည့်လှည့်ပြီး ရူငေးငေးလေး ကြည့်၍

"ဘယ်သူ့ကိုမှ အပြစ်မတင်ဘဲ နင့်ညီမလေးအတွက်ပဲ ဝမ်းသာပေးလိုက်ပါလားဟာ၊ သူ့မှာ ဖူးစာကံပါလို့ အိမ်ထောင်စောစော ကျသွားတယ်ဆိုပြီး ဖြေတွေးပေါ့"

"အဲလို ဖြေတွေးကြည့်ချင်တာပေါ့ ရူးရယ်၊ ဒါပေမဲ့ နောက် အိမ်ထောင်ကိုယ်စီနဲ့ သူတို့တွေက နောက်သားသမီးလေးတွေနဲ့ ပျော် နေကြချိန်မှာ ဥပေက္ခာပြုခံထားရကဲ့ ငါတို့တွေက မုဒိတာ ပွားနိုင်ပါ့ မလား၊ ငါတို့တွေကို ဂရုစိုက်ချိန်မရဘဲ နောက်ကလေးတွေအတွက် အချိန်ပေးနေတာ ငါတို့ မနာကျင်ဘဲ နေပါ့မလား၊ ညီမလေးရော





ငါရော ရင်ထဲမှာ ဒဏ်ရာကိုယ်စီနဲ့ပါ၊ ပထွေးရဲ့အရိပ်အောက်မှာ လုံခြုံမှုမရှိ နေခဲ့ရတဲ့ ညီမလေးကို ပိုပြီးသနားတယ်၊ အဲဒါကြောင့် သူ့ မင်္ဂလာပွဲကိုတော့ ရောက်အောင်သွားလိုက်ပါ့မယ်၊ ငါမရှိဘဲ နင် နေလို့ ဖြစ်ပါ့မလားတော့ စိုးရိမ်တယ်"

မင်းခေါင်ဆီက သံယောဇဉ်စကားကြောင့် သူမရင်ထဲ လှုပ် လှုပ်ခတ်ခတ်တော့ ဖြစ်သွား၏။ ရင်ခုန်လှုပ်ရှား ပျော်ဝင်မိတာ မဟုတ် မှန်းတော့ ကိုယ့်ကိုယ်ကိုယ် သိသည်။

ချိန်ဆတိုင်းတာမရနိုင်သော စာနာမှုကြောင့်များလား။ မျက် ဝန်းထဲမှာ သောတရဲ့အရိပ်ကို ဖျတ်ခနဲ မြင်ယောင်၏။

"နင် စိတ်မပူနဲ့ မင်းခေါင်၊ ဒီသင်တန်းတက်ဖို့ ငါ့ဘော်ဒါ တွေ ရနေပြီ"

"အသစ်လား။ ယောကျ်ားလေးတွေကို နင်မကစားတော့တာ ကောင်းမယ် ရူ၊ ယောကျ်ားတွေဆိုတာ မိန်းကလေးတွေက မပေးရင် တောင် အခွင့်အရေးကို ရသလို ယူတတ်ကြတာ"

"လူတိုင်းကို နင့်လိုချည်း မအောက်မေ့နဲ့ မင်းခေါင်၊ လူချင်း တူရင်တောင် စိတ်ချင်း, ခံယူချက်ချင်း မတူကြပါဘူး"

"ဘယ်လောက် ရင်းနှီးနေလို့လဲ၊ နင် အတည်ကြံနေတာ လား ရူး၊ အခုမှ တွေ့တဲ့လူ့အပေါ် ဘာလို့ အကောင်းဘက်က[illegible]ဖန် နေတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"နှင်သိအောင် ပြောချင်ပါတယ်၊ ဒါပေမဲ့ နှင်ပြန်လာ ပြောမယ် မင်းခေါင်၊ နှင်စိတ်ဝင်စားနိုင်တဲ့ ဒိုင်ယာရီတစ်ပုဒ်လည်း ဖြစ်လိမ့်မယ်"

"ဘာတွေလဲဟ၊ ငါက ကြာချင်ကြာမှာ အခုတစ်ခါတည်း ပြောလို့ မရဘူးလား"

"ဟင်း ဟင်း၊ မလောပါနဲ့ မင်းခေါင်ရယ်၊ နှင်ပြန်လာချင်တဲ့ အချိန်မှာ ပြန်လာ၊ ပြန်လာတဲ့အချိန်သိရမယ်ဆို ပြီးရော မဟုတ်လား"

တောက်ပလင်းလက်နေသော မျက်ဝန်းလေးက အရော အစင်းကို မင်းခေါင်းခန့်မှန်းရခက်နေ၏။ ပွင့်လင်းပြတ်သားစွာ ပြော ရဲ ဆိုရဲရှိသော စူးက ပဟေဠိ ဖွက်၊ လျှို့ဝှက်နေတာကိုလည်း နား လည်ရခက်နေ၏။

စူးအပြုံးက အဆိပ်အတောက်ကင်းကာ ချိုမြိန်လွန်း သည်။ အချစ်ရဲ့ တန်ခိုးစွမ်းအားတွေကြောင့်များလား။

ရင်ထဲဆန္ဒအမှန်က ပျော်စေချင်သော်လည်း။

✿ ✿ ✿

အခန်း ( ၈ )

"မာမီ မနက်ဖြန် စူး သင်တန်းစတက်ရမယ်"

"ငါ့ကို အသိပေးစရာ လိုလို့လား"

"ပြော ပြောပြတာပါ မာမီ၊ မာမီဆန္ဒမရှိရင် စူး မတက်ဘဲ နေမလို့ပါ"

နွားနို့ခွက်လေး မာမီ လက်ပ်တော့ပ်ဘေးနားက ခုံပေါ်မာ ဖြည်းဖြည်း လှမ်းတင်ရင်း မဝံ့မရဲဖြေတော့ မာမီက မပီပြင်သော အပြုံးတစ်စနှင့် –

"ညည်းဘာလုပ်လုပ်၊ ငါစိတ်မဝင်စားဘူး စူး။ ပြောပြတိုင်ပင် အခွင့်အရေး မပေးခဲ့ဘူးဆိုပေမယ့် လိုသလောက်ငွေကို မိခင် ကျွာထဲက ယူသုံးလို့ ပြောသားတာပဲ၊ အခက်အခဲရှိရင် ညည်း





www.burmeseclassic.com

www.burmeseclassic.com



ကြီးကြီးနိုင်ကိုပြော''

''မာမီက စူးအမေ မဟုတ်ဘူးလား''

''ဘာ''

''ဒီစကားတစ်ခွန်းလောက်ပြောတာ မာမီအချိန်တွေကို ခွဲ နေတာမှ မဟုတ်တာ၊ တလေးတစားပြောတာ အသိအမှတ် ပြုသင့်ပါတယ် မာမီ''

မာမို့မျက်နှာ မဲ့ခနဲဖြစ်ကာ တင်းထန်မာကျောသွား အတိုက်အခံ မပြောဘူးဟု တွေးထားခဲ့သော်လည်း မရည်ရွယ် စိန်ခေါ်သလို ဖြစ်သွားခဲ့သည် ထင်သည်။

မာမီက စူးခနဲ လှည့်ကြည့်၍ –

''နေသာသလို နေပါလို့ ငါပြောခဲ့တယ် မဟုတ်လား၊ အ လိုပဲနေနေ ဘာတွေလုပ်လုပ် ငါအပြစ်မတင်ခဲ့ဘူး ထင်ပါတယ်''

''အဲဒါကရော မျက်နှာလွှဲခဲပစ် ဥပေက္ခာပြုထားတာ မဟု ဘူးလား၊ နိုင်းကောင်းအောင် ချီးသွေးပေးတာ၊ စူးဝမ်းမသာဘူး စူးရင်ထဲမှာ မာမို့ဥပေက္ခာတွေနဲ့ ဒဏ်ရာတွေပြည့်နေပြီ ကိုယ့်ရင် တစ်ယောက်အနေနဲ့ စာနာကြည့်ပါဦးလား''

ငါခံစားခဲ့ရတဲ့ အချိန်တုန်းက ဘယ်သူမှ ငါ့ကို စာနာမ ကြဘူးဟု ပြောထွက်ချင်လှသည်။ ဘာမှမသိသည့် သူ့ကို အ မတန်ခင် ရှင်းပြမနေချင်။





ကြိမ်မီးအုံးသလို ခံစားခဲ့ရသော ဝေဒနာတွေက အခုမှ အရှိန် ကျွင့်ရတာမို့ တုံ့ပြန်ခွင့်ရဖို့ကိုသာ မျှော်လင့်နေချင်သည်။ မျိုးရိုးဂုဏ် သော ရတနာဆိုင်နာမည်နှင့် စူးဆိုသော စူးတစ်ချောင်းက မိမိရဲ့ တ်ကို တူးဆွပေးနေသည့် လက်နက်ကောင်း သယံဇာတဖြစ်၏။

''စူး ညည်း အိပ်ရာဝင်ယို့ရပြီ''

''စူး မေးခွန်းတွေအတွက် မာမီမှာ ဖြေစရာမရှိဘူးလား''

အရဲကိုး တုံ့ပြန်မှုအတွက် မာမီက အကြည့်စိမ်းနှင့် ဟင်းခနဲ ပြင်းချကာ –

''ငါ့ကို မေးခွန်းထုတ်ဖို့ အတိုက်အခံလုပ်ဖို့ မကြိုးစားနဲ့ အပြစ်တင်ဖို့ စဉ်းစားထားရင် အားကိုရှာလာခဲ့''

''စူးကို အိမ်ထောင်ပြုခိုင်းနေတာလား''

''ငါ့အရိပ်မှာနေချင်ရင် ငါ့ကို ကလန်ကဆန် မလုပ်ဖို့ သတိ တာ၊ အိမ်မှုကိစ္စလုပ်ခိုင်းတာကလွဲရင် လိုအပ်တာ ဖြည့်ဆည်း နေတယ်၊ မတင်းတိမ်ဘဲ ပိုပိုသာသာ လိုချင်နေတာတွေ ငါမပေး ဘာလို့ ကိုယ့်သားသမီးကို ဒီလိုမျိုး ပြောရက်တာလည်းလို တ မတက်နဲ့၊ ကိုယ့်ကိုယ်ကိုယ်တောင် စိတ်နဲ့ကိုယ်နဲ့ မကပ်တာ တ်ကြာနေပြီ အခုလည်း ငါ့အချိန်တွေကို ဖြုန်းလိုက်မိသလို ပြီ စူး နောက်တစ်ခါ ဒီပုံစံမျိုးနဲ့ ငါ့ကို မတိုက်ခိုက်ဖြစ်အောင် ''



www.burmeseclassic.com

www.burmeseclassic.com

အေးစက်စက် စကားလုံးများဖြင့် ပြတ်သားစွာ ပြော
မျက်နှာလွှဲ၏။ မျက်ရည်စက်လက်ဖြင့် ရှူး ချာခနဲလှည့်ထွက်လာ
သည်။ အနီရောင် အပွင့်အခက်များဖြင့် ကော်ဇောခင်းပေါ်မှာ ေ
မျက်ရည်တို့ တစ်ပေါက်ပေါက်ကျဆင်းကုန်သည်။

အပယ်ခံသားသမီးနှင့် အပြစ်ဖယ်ခံ သားသမီး ဘာတွေ
ကွာခြားသလဲ သိချင်လှ၏။

ဒီတစ်ည ဘယ်လိုမှ အိပ်မပျော်နိုင်။ မိဘအရိပ်က သူ
တွေအတွက် အေးမြသည်ဟု တင်စားကြသော်လည်း ရှူးအတွက်
ပူလောင်လှသည်။

မနက်မိုးလင်းတော့ ဘုရားခန်းက ထွက်လာသည့် ကြီး
နိုင်က ရှူးမျက်နှာလေးကို အရင်ဆုံး သတိထားမိသွားသည်။

"တစ်ညလုံး ငိုထားတဲ့ မျက်နှာနဲ့ပါလား၊ ဘာတွေ ဖြ
ဖြန်ပြီလဲ ရှူးလေး ဟင်"

အောက်ထပ် မီးဖိုခန်းထိ ဆွဲခေါ်လာရင်း ကြီးကြီးနိုင်
သည်။ ကြီးကြီးနိုင်ကို ဖက်ပြီး ရှူး ရှိုက်ငိုမိပြန်၏။

"မာမီက ဘာဖြစ်လို့ ဒီလောက်တောင် သူစိမ်းဆန်ဆန်
တာလဲ ကြီးကြီးနိုင်ရယ်၊ ရှူးနဲ့ပတ်သက်ပြီး မာမီရဲ့ အတိတ်တစ်
အမုန်းအငြိုး အာဃာတတွေ ရှိနေလား။ ပေးကမ်းကျွေးမွေးထော
နေတာ မိဘတစ်ယောက်ရဲ့ စေတနာမေတ္တာအမှန်တွေမှ ဟုတ်ရဲ့





ကြီးကြီးရယ်"

"ရှူး သမီးလေး"

"ဖေဖေရဲ့ အစ်မတစ်ယောက်အနေနဲ့ ကြီးကြီးတစ်ခုခုသိ
ထားတာရှိရင် ရှူးကိုပြောပြပါ၊ ရှူးသိချင်တယ်၊ ရှူးကို ပြောပြပါ"

မျက်ရည်တွေ ပြည့်အိုင်နေသော ရှူးမျက်ဝန်းလေးက သိချင်
တာတွေ စိတ်ဝင်စားမှုတွေဖြင့် အရောင်တလက်လက် တောက်ပနေ
သည်။ ကြီးကြီးနိုင်က ရှူးပခုံးလေးကို ဖွဖွဖက်ကာ ထမင်းစားပွဲက
ထိုင်ခုံတွေဆီ ဆွဲခေါ်လာသည်။ ပြီးမှ သက်ပြင်းငွေ့ငွေ့ချကာ ကြီးကြီး
ကသည်း ဝင်ထိုင်၏။

"ကြီးကြီးနိုင် မာမီအကြောင်းပြောဖို့ အဲလောက်တောင် တွေး
နေရလား။ မာမီ အိပ်ရာက မနိုးလောက်သေးပါဘူး၊ ပြောပြပါကြီးကြီး
ဖေဖေနဲ့စတွေ့ရတဲ့အချိန်က အကြောင်းတွေက စပြီးပြောပါ"

"အင်း ကြီးကြီးနဲ့ စတွေ့ရတဲ့ အချိန်ကဆိုရင်တော့ ဘယ်လို
ပြောရမလဲသမီးရယ်၊ သမီးဖေဖေနဲ့ မာမီက အဆင်ပြေပြေပါပဲ၊ မောင်
ကျော်နိုင်ထက် မိုးမဒီခင်က ဆယ်နှစ်ကျော်လောက် ငယ်တယ်၊ သူတို့
တွေ ဘယ်လိုဆုံစည်းပြီး လက်ထပ်ထားကြတယ်ဆိုတာတော့ မသိ
ဘူး ကြီးကြီး ဒီအိမ်ကို ရောက်လာတော့ သမီးလေးရှူး မွေးပြီးလို့
တစ်လလောက်ရှိပြီထင်တယ်၊ မိုးမဒီခင် နို့မထွက်လို့ နို့ဘူးတိုက်ရဲ့
ကလေးထိန်းလုပ်ရမှာနဲ့ မောင်ကျော်နိုင်က ဖုန်းဆက်ခေါ်ခဲ့တာ"



www.burmeseclassic.com

www.burmeseclassic.com



“ဘာ ဘာလို့ နို့မထွက်တာလဲဟင်၊ စူးကို နို့တိုက်ရမှာ[illegible] တမင်ပြောတာလား”

“အဲလိုတော့မဟုတ်ဘူး ထင်ပါတယ်၊ သူတို့လင်မယား[illegible] တိုးတိုးတိတ်တိတ်ပြောသံကြားတာတော့ စိတ်ဆင်းရဲစရာ စိတ်[illegible] စရာတွေ တွေးနေရင် ဘယ်လိုလုပ် နို့ထွက်မှာလည်းလို့ မောင်[illegible] နိုင် ဖျောင်းဖျတယ်၊ မိုးမဒီခင် ဘာကြောင့် စိတ်ဆင်းရဲတယ်[illegible] ထိခိုက်နေတယ်ဆိုတာတော့ ကြီးကြီးနိုင်လည်း မသိပါဘူး။ [illegible] ကျော်နိုင်ကတော့ မိခင်နို့ မစို့ရတဲ့ သမီးလေးဆိုပြီး စူးလေးကို [illegible] ဂရုစိုက်ရှာ ချစ်ရှာပါတယ်၊ ဟို ကြီးကြီးနိုင် သတိထားမိသ[illegible] တော့ အဲဒီအချိန်ကတည်းက စူးလေးကို မိုးမဒီခင် တွေးတွေး[illegible] ယုယုယယ မလုပ်ခဲ့ဘူးထင်တယ်၊ ဒါပေမဲ့ အိမ်မှုကိစ္စကိုတော့ [illegible] တော်လေးကို ဖိဖိစီးစီး တာဝန်ကျေအောင်လုပ်နိုင်တဲ့ မိန်းက[illegible] ကွဲ”

“ဒီလောက် ချမ်းသာနေတာတောင် ဘာလို့ အိမ်[illegible] အလုပ်သမား အိမ်ဖော်မခေါ်ခဲ့တာလဲ ကြီးကြီး”

“သူပြောဖူးသလိုပေါ့၊ အလုပ်သမားဆိုတာ လူ့ပိုသ[illegible] တဲ့ အိမ်ထောင်မှုကိစ္စ ထိန်းသိမ်းတာဝန်ယူရမယ့် မိန်းမတွေက [illegible] အလုပ်သမားတွေကြောင့် အိမ်ထောင်မှုကိစ္စတွေမှာ တာဝန်မဲ့[illegible] အပျော်အပါး မက်လာမယ်၊ လုပ်မယ့်သူ ရှိတာပဲဆိုပြီး အပြ[illegible]





[illegible]သလားချင်လာမယ်၊ ကိုယ်ကျင့်တရားတွေ ပျက်ပြားလာမယ် [illegible]လေ၊ အင်း မိုးမဒီခင်ကို ချစ်တဲ့စိတ်၊ သက်သောင့်သက်သာ [illegible]ချင်တဲ့ စိတ်နဲ့ အလုပ်သမားခေါ်ပေးဖို့ စဉ်းစားထားတဲ့ မောင် [illegible]နိုင်လည်း မိုးမဒီခင်အကြောင်းပြကောင်းမှုကြောင့် လက်လျှော့ [illegible]ရတယ်လေ”

ဒါဟာ အကြောင်းပြကောင်းကောင်း ဆင်ခြေတစ်ခုဆိုတာ [illegible]ကိုသည့်အတွက် ရူးနာနာကျင့်ဘာကျင်ပြီးလိုက်မိသည်။ အဲဒီ အလုပ [illegible]ဆင်ခြေတစ်ခုနှင့် အရွယ်မတိုင်ခင်ကတည်းက သူမကို အိမ်မှုကိစ္စ [illegible]နိုင်းခဲ့တာ မဟုတ်ပါလား။

ဟိုးကလေးဘဝကတည်းက ဖေဖေမရှိသည့်အချိန်များမှာ [illegible]တိုက်ရသည်၊ ဖုန်သုတ်ရသည်၊ အချက်အပြုတ် မနိုင်နင်းသည့် [illegible]မှာတောင် တတ်အောင်သင်၊ မြင်အောင်ကြည့်ဆိုပြီး ရိုက်နှက် [illegible]သွန်သင်ခဲ့၏။ ဖေဖေသိသွားသည့်အချိန်မျိုးမှာ –

“ကလေးက ငယ်ပါသေးတယ် မဒီရယ်၊ စိတ်ဖိစီးမှုတွေ [illegible]မပေးပါနဲ့၊ ပညာရေးကလည်း တစ်ဖက်ရှိသေးတယ်၊ ခိုင်းရက် [illegible]ခြင်းဆိုပြီး ကလေးရင်ထဲမှာ ဒဏ်ရာရသွားရင် မကောင်းဘူး”

“အဲဒီအတွေးတွေးလိုက်ပြီဆိုရင် အဲဒီကလေးက မိတမေတ္တာ [illegible]ကို မညှာမတာ နိုင့်ထက်စီးနင်းခိုင်းနေတာ မဟုတ်ဘူး၊ [illegible]လည်ထားမှ တတ်ကျွမ်းထားမှ အိမ်ထောင်ကျတဲ့အခါ သူများ



www.burmeseclassic.com

www.burmeseclassic.com



ကို လက်ညှိုးထိုးနိုင်းစေလို့ရမှာပေါ့။ ကိုယ်က အောက်သက်မကျေ
သူများလိမ်ညာတာ၊ နှိမ်ချတာ တင်းစီးတာ ခံသွားရမယ်။ ဒီအရွယ်
ကတည်းက အလေ့အကျင့် မလုပ်ပေးလို့ မဖြစ်ဘူးကိုကို''

ချေပလိုက်သော စကားတွေက ပညာသားပါပါ သိမ်မွေ့
လုပနေခဲ့ပါသည်။ ဖေဖေ ဘာမှ ပြန်မပြောနိုင်တော့ဘဲ သူမ စိတ်ချ
သာအောင် အရုပ်လေးတွေ ဝယ်ပေး လက်ဆောင်လေးတွေ ဝယ်ပေး
ဖြင့် ချော့မော့သည်။ သူမလည်း မိဘမေတ္တာ မစော်ကားမိအောင်
ဘာပဲလုပ်ရလုပ်ရ မငြီးငြင်ခဲ့ပါ။

အခုတော့ ခံစားကတိလာသော နှလုံးသားက ဥပေက္ခာမ
နှင့် စိမ်းသက်မှုများကို ခံနိုင်ရည်မရှိ။ ရင်မှာ တင်းကျပ်နာကျင်လာ
ရင်း ဝေဒနာတို့ ဖွင့်အံပေါက်ကွဲထွက်ချင်လာသည်။

မိဘအချစ်မခံရသော သားသမီးရဲ့ အတွင်းကြေခံစားရ
တွေကို ဘယ်သူနားလည်ပေးနိုင်မလဲ။

''ရှူး သင်တန်းသွားတော့မယ် ကြီးကြီး''

''ဟင် ဘာမှ မချက်မပြုတ်တော့ဘူးလား။ သမီးအမေ မ
စာစားဖို့ ဘာမှ မလုပ်ပေးတော့ဘူးလား။ ပြဿနာ တက်နေပါဦးမယ်
ကွယ်၊ ကိုယ်က သမီးပဲဥစ္စာ၊ သည်းခံလိုက်ပါ''

''ရှူး ဘာလုပ်ပေးပေး သဒ္ဓါတရားပေါက်အောင် မြိန်ရေ
ရေ စားဖူးလို့လား။ အပြစ်မြင်နေတဲ့ မျက်လုံးနဲ့ကြည့်ပြီး အပြောကြ





ကြိမ်းတွေနဲ့ နှိပ်စက်နေတာ အမြဲတမ်း ခေါင်းငုံ့အရှုံးပေး မနေချင်တော့
ဘူး ကြီးကြီး။ မော့မကြည့်ရဲပေမယ့် ရင်မဆိုင်မိအောင်တော့ ကြိုးစား
နေတယ်''

''အရွဲ့တိုက်ဖို့ တုံ့ပြန်ဖို့ မစဉ်းစားပါနဲ့ သမီးရယ်၊ ကိုယ့်တာဝန်
တာဝန်ဝတ္တရားတွေလည်း မပျက်ကွက်ပါစေနဲ့၊ အတိုက်အခံလုပ်
ရင် သမီးကို သူပိုမုန်းသွားမှာပေါ့''

ရှူး အံကြိတ်မိသည်။ မျက်ရည်တွေ ပိုးပိုးပေါက်ပေါက် ထပ်
လာ၏။ ရင်တွေထဲက တဆစ်ဆစ်နှင့် ခံရဆိုးလှ၏။ မာမီရဲ့အမုန်းခံ
ရမှာ တရားခံအစရှာမရတာ ဘာကြောင့်လဲ၊ မိခင်တစ်ယောက်ကို
များတွေလို မေမေဟု ခေါ်ချင်ခဲ့သည်။

ဒါပေမဲ့လည်း ဖေဖေ့ကိုသာ ဖေဖေလို့ ခေါ်ခွင့်ရခဲ့ပြီး မာမီက
တော့ မေမေဟု ခေါ်ခွင့်မပေးခဲ့။

ဒါကရော ဘယ်လိုအကြောင်းအချက်ကြောင့်များလဲ။

မာမီရဲ့ သိုသိပ်မှုများအတွက် သူမမှာ သိချင်တာတွေ များ
နေသည်။

နင်က ငါ့သမီးအရင်း မဟုတ်ဘူး၊ ငါ့အိမ်မှာ မနေနဲ့ဟု
ရက်စက်စက်ပြောပြီး နှင်ချမခံရတာမှ လွဲ၍ သူမက မာမီအတွက်
မ်းသက်သက်။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၉ )

ထမင်းစားခန်းထဲက မမနိုင်နှင့် စူး အခြေအတင်ပြောနေ ကြသည့် စကားသံတွေကြားပြီး မိုးမဒီခင် ခပ်မှဲ့မှဲ့ နှုတ်ခမ်းလေး လှုပ်ရုံ ပြုံးလိုက်သည်။

စူးက မခံချင်စိတ်တွေများပြီး ဖွင့်အံပေါက်ကွဲပစ်ချင်ပြီထဲ မျက်နှာတစ်ချက်မော့ကာ ဆံနွယ်တွေသပ်၍ မျက်ခုံးပင့်မိ၏။ နှ လှန်ထိုး တုံ့ပြန်တတ်လာသော အရွယ်ရောက်လာလို့လား။ မိမိ လည်း လုပ်သမျှ ပြောသမျှ ငြိမ်ခံနေတတ်တာကို မကြိုက်ပါ။ တို နိုက်ခံချင့်တာမျိုး မဟုတ်ပေမယ့် အနည်းအကျဉ်း တုံ့ပြန်တာကိုတော စိတ်ဝင်စားသည်။

တစ်ဖက်သတ် အနိုင်ကျင့်နေရတာထက် ယှဉ်ပြိုင်မှုရှိလာ





ဘရားမျှတမှာမဟုတ်ပါလား။

ဒါမှ သူ့ရင်ထဲ ကိုယ့်ရင်ထဲက ဆန္ဒအမှန်တွေ ဖွင့်ထုတ် ခံထွက်လာကြမည်။ ထိုအချိန်ရောက်မှလည်း စိတ်သက်သာပေါ့ပါး ရလိမ့်မည် ထင်၏။

သူမ မနက်က ဘာမှမစားတော့ဘဲ ကားလေးမောင်း၍ ထွက်လာခဲ့သည်။ ကားပေါ်ရောက်မှ မန်နေဂျာ မင်းဇော်ဆီ ဖုန်းဆက် ၍ ဟိုတယ်တစ်ခုမှာ ချိန်းလိုက်သည်။

သူမ ဟိုတယ်သီးသန့်ခန်းလေးအတွင်း စားသောက်နေစဉ်မှာ မင်းဇော် ရိုကျိုးစွာနှင့် ရောက်လာသည်။

"အခြေအနေ ဘယ်လိုလဲ မင်းဇော်"

ထိုင်ခုံနောက်မှီမှာ ကျောကပ်၍ နှုတ်ခမ်းဖူးလေးမှာ ကော်ဖီ ခွက်လေး တေ့ကပ်ရင်း မေးတော့ မင်းဇော်က မျက်မှန်အမည်းကြီးကို အပေါ် လှမ်းတင်လျက် –

"တော်တော် ယိမ်းယိုင်နေပါပြီ၊ နာလန်မထူနိုင်တော့မယ့် အချိန် ရောက်ဖို့တောင် သိပ်မလိုတော့ဘူး ထင်တယ်"

မင်းဇော်စကားကြောင့် ကော်ဖီခွက်လေးကိုချပြီး ဒေါ်မိုးမဒီခင် အသဲ့လေး ပြုံးလိုက်မိ၏။

"ဒေါ်တင်တင်သော်ရော သူ့သား ဘာလုပ်လုပ် ကျရှုံးနေတာ ကို သိပြီလား"



www.burmeseclassic.com

www.burmeseclassic.com



"မသိသေးဘူး ထင်ပါတယ်၊ ဦးနိုင်းမဟာနဲ့ သူ့မိန်းမက
အဘက်နိုင်ဆုံး မအေနဲ့သမီးလေးမသိအောင် စီးပွားရေးကိုထိန်းလုပ်
နေကြပါတယ်၊ အခု သူတို့ပိုင်ဆိုင်တဲ့ အတွင်းပစ္စည်းတွေကို ထုခွဲပြီး
ဆောက်လုပ်ရေးတစ်ခုမှာ ရင်းနှီးမြှုပ်နှံကြည့်မယ်လို့ သတင်းရထားပါ
တယ်"

"ဪ ခက်လိုက်တာ၊ မိတအမွေအနှစ်ဖြစ်တဲ့ သူကျွမ်းကျင်
တဲ့အလုပ်မှာတောင် ယှဲယှဲပဲ ရှိတော့တာ မကျွမ်းကျင် နားမလည်တဲ့
အလုပ်ကို ရင်းနှီးမြှုပ်နှံဦးမလို့တဲ့လား။ အဟင်းဟင်း မင်းဖော် ဒီတစ်ခါ
တော့ မင်းပါးပါးလေး ပုတ်နိုင်ရင်တောင် အဆင်ပြေနေပြီထင်တယ်
ဒီတာဝန်ကိုရော မင်းယူနိုင်တယ် မဟုတ်လား"

"ဟုတ် ဟုတ်ကဲ့၊ ဒီကိစ္စက အချိန်သိပ်မပေးရလောက်ပါ
ဘူး"

ဒေါ်မိုးမဒီခင် နှုတ်ခမ်းလေးပိတ် ပြုံးနေတာက အဆိပ်ပြင်း
လှသည်။ မျက်နှာလေးက သွေးရောင်လွှမ်းနေသလို မျက်လုံးတွေက
စူးစူးရဲရဲ အရောင်လက်တောက်ပနေ၏။

အကြောင်းအရာက ဘယ်လောက် နာကြည်းစရာကောင်း
နေခဲ့သည် မသိသော်လည်း ဒေါ်မိုးမဒီခင်ရဲ့ တုံ့ပြန်မှုတွေကို ပါရမီ
ဖြည့်ပေးနေရသော မိမိရင်ထဲမှာတော့ ကြက်သီးဖြန်းဖြန်းထ ကျော
စိမ့်နေရသည်။ တိုက်ခိုက်မှုတွေ အစပျိုးခဲ့တာ ငါးနှစ်လောက်အတွင်း





ရှိသေးသည်ဆိုပေမယ့် ထိထိရောက်ရောက် ဖြစ်ခဲ့သည့်အတွက် ဦးနိုင်း
မဟာ အထိနာနေခဲ့တာ သူသိသည်။

"မန္တလေးက မိသားစုလက်ဖက်ပွဲရုံကြီးကို နိုင်းမဟာ ဦးစီး
ပြီး လုပ်နေတယ်၊ သူ့မိန်းမရလိုက်တဲ့ အမွေအနှစ်ပေါ့၊ အဲဒီကိစ္စ
အတွက် မင်းလုပ်ရမှာက သူ့ပွဲရုံကို တင်ပို့ပေးမယ့် ရှမ်းပြည်က
ကုန်ပစ္စည်းတွေမှန်သမျှ သူ့ဆီရောက်မလာနိုင်အောင် ပစ္စည်းထွက်တဲ့
နေရာတွေထိ ကိုယ်တိုင်ဆင်းပြီး အမြင့်ဆုံး ဈေးပေးပြီး ဝယ်ပါ၊
ပြီးရင် တခြားပွဲရုံတွေမှာ အနိမ့်ဆုံး ဈေးနဲ့ပြန်ပြီးသွင်း၊ အဲလိုလုပ်လိုက်
တာနဲ့ တခြားပွဲရုံတွေက မြို့တွေ နယ်တွေက ဝယ်လက်တွေကို
ဈေးချိုချိုနဲ့ ပြန်ဖြန့်လိမ့်မယ်၊ အဲလိုကိစ္စ အကြိမ်ကြိမ်ဖြစ်လာရင်
နိုင်းမဟာ ခံနိုင်မှာမဟုတ်ပါဘူး၊ နိုင်းမဟာကျရှုံးပြီး မင်းလုပ်တာတွေ
အောင်မြင်ခဲ့မယ်ဆိုရင် နှလုံးရောဂါသည် မင်းအမေကျန်းမာရေးနဲ့
မင်းအိမ်မိသားစု စားဝတ်နေရေးအားလုံး ငါတာဝန်ယူမယ်"

အဲဒီလို အမိန့်တွေနှင့် စည်းရုံးလာသောအခါ သူတစ်ပါး
စီးပွားရေးပျက်အောင်လုပ်ရသည့်အတွက် တရားသလား၊ မတရား
သလား သူ မတွေးမိခဲ့။

ကိုယ့်အိမ်မိသားစု အဆင်ပြေရုံတင်မက လက်ထဲမှာ ငွေ
ကြေးများများစားစား ကိုင်တွယ်သုံးစွဲရသည့်အတွက် အလုပ်အောင်မြင်
မှုတစ်ခုသာ စိတ်ဖောသန်နေခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



ဒါကြောင့်လည်း ဒေါ်မိုးမဒီခင် စီစဉ်ညွှန်ကြားသည့်အတိုင်း ကြိုးစားခဲ့ချိန်မှာ ဦးနိုင်းမဟာ နှစ်နှစ်အတွင်း ရန်ကုန်ကို ဆန်ပြုတ်ဆုတ်ပြန် ပြန်ရောက်လာခဲ့သည်။

စီးပွားရေးတစ်ခု လုပ်ရာမှာ နေ့ရာတစ်နေရာရဖို့အတွက် စိတ်ရော ကိုယ်ရော ငွေကြေးပစ္စည်းဥစ္စာရော အချိန်တွေ အကြာကြီး ရင်းနှီးမြှုပ်ရပေမယ့် ပျက်စီးဖို့ရာ လွယ်ကူလှသည်။

အခု အထည်အလိပ်ကိစ္စတွေမှာလည်း ဒေါ်မိုးမဒီခင်က သူ့ကို ငွေကုန်ကြေးကျခံ၍ နိုင်ငံခြားအထိ စေလွှတ်ခဲ့သည်။

"ပိပိရိရိ သေသေသပ်သပ် ဖြစ်ပါစေ၊ နိုင်ငံတကာဈေးကွက်မှာ အချိန်တိုတိုနဲ့ ဝင်မွှေနိုင်အောင် ကြိုးစား၊ အစိကက နိုင်းမဟာ တစ်ယောက်တည်းကိုပဲ ကျဆုံးစေချင်တာ၊ ငွေဆိုတာ လူတွေရဲ့ သည်းခြေကြိုက်ပါ။ တခြားလူတွေကို မထိခိုက်အောင်လုပ်ရင် ဘယ်သူမှ သတိမထားမိနိုင်ဘူး၊ ငါ့ဘက်က လိုအပ်သမျှငွေကို ဖြည့်ဆည်းပေးမယ်၊ အောင်မြင်ပြီဆိုရင် မင်းမိသားစု အိမ်ကောင်းကောင်းနဲ့ နေရမယ် ဟုတ်ပြီလား"

မက်လောက်စရာ အခွင့်အရေးပါ။ အဖေဆုံးပြီးကတည်းက မပြေလည်မှုတွေနှင့် နပန်းလုံးနေခဲ့ရသော သူတို့မိသားစုအတွက် ဒေါ်မိုးမဒီခင် ဖြစ်ချင်တာကို ဖြစ်အောင် လုပ်ပေးခဲ့သည်။ အရမ်းချမ်းသာချင်နေသော ဇနီးမယားနှင့် သားသမီးနှစ်ယောက်လည်း ရှိနေ





သည့်အတွက် သူကတော့ ဒေါ်မိုးမဒီ ခိုင်းသမျှလုပ်နေရတာကိုပင် ပျော်နေကျေနပ်နေခဲ့သည်။

ကိုယ့်အတွက်လည်း လူပေါ်လူညွှန့် ခူးရသည့်ပညာတွေ ရနေသည် မဟုတ်ပါလား။ ဦးနိုင်းမဟာရဲ့ ကျဆုံးမှုတွေကို ကြားတိုင်း ပြုံးနေတတ်သည့် ဒေါ်မိုးမဒီခင်ကို သူလေးစားရပေမည်။ ဒီကိစ္စ အောင်မြင်ရင်ရော ဒေါ်မိုးမဒီခင် ဘယ်လို အခွင့်အရေးပေးဦးမည် သေိ။

"ဒီကိစ္စက နောက်ဆုံးအခြေအနေ ဖြစ်သွားမယ်ထင်တယ်၊ အောင်မြင်မယ်ဆိုရင် မင်းနာမည်နဲ့ ဘဏ်မှာ ငွေသိန်းတစ်ရာ အပ်ထားပေးမယ်၊ မင်းလည်း ကောင်းကောင်းအနားယူလို့ရပါပြီ၊ မင်းသားနဲ့သမီး အလုပ်လိုချင်တယ်ဆိုရင်လည်း ငါ့ရတနာဆိုင်မှာ အလုပ်ပေးရမှာပေါ့၊ အဆင်ပြေလောက်တယ် မဟုတ်လား မင်းဇော်"

"ဟုတ် ဟုတ်ကဲ့ ပြေမှာပါ။ ကျွန်တော် ပြေအောင် ကြိုးစားမှာပါ၊ ကျွန်တော့်ကို ခုလို ကြည့်ရှုစောင်မပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်။ နောက်အကြောင်းကိစ္စတွေ ရှိလာရင်လည်း ကျွန်တော့်ကို ခိုင်းပါ ခင်ဗျာ"

ဒါပါပဲ၊ ဒီလောကမှာ ငွေကြေးနှင့် မြူဆွယ်စည်းရုံးနိုင်လျှင် အောင်မြင်မှုတွေကို အစိမ်းလတ်လတ် စားသုံးလို့ရနိုင်နေသည်။ လူမ အလှည့်တုန်းက ဒေါ်တင်တင်သော် ငွေကြေးအနည်းငယ်နှင့် ဘဝ



www.burmeseclassic.com

www.burmeseclassic.com



တစ်ခုလုံးကို စုတ်ပြတ်သတ်အောင် လုပ်ခဲ့သည်။ ကိုယ်ကျင့်သိက္ခာကို စကားလုံးတွေနှင့် အဆုံးစွန် စော်ကားနိမ့်ချခဲ့၏။

နိုင်းမဟာကရော ဘာထူးလို့လဲ၊ ဘဝတစ်ခုလုံး ဝါးမျိုပြီး တာဝန်မဲ့ခဲ့၏။ ငွေကြေးနှင့် ကာမဆန္ဒကို ပိုင်းဖြတ်ခဲ့သည်။ ကြေးစား မိန်းမအသွင် ဆက်ဆံခဲ့တာ မဟုတ်ပါလား။ ဒီလိုလူမျိုးတွေကို လက်တုံ့ပြန်ခွင့်ပေးသော ကံကြမ္မာကြီးကို ကျေးဇူးတင်ရမည်။

ဒါမှ ဒီလိုလူမျိုးတွေ မျိုးတုံးသွားရမှာ မဟုတ်ပါလား။ ရင်ထဲက အငြိုးအတေး အကျိတ်အခဲက ဘယ်တော့မှ ကြေပျက်နိုင်မည် မထင်ပါ။

ထိပ်တိုက်ဆုံတွေ့လာနိုင်တဲ့နေ့တွေ ရှိလာဦးမှာပါ နိုင်းမဟာ

✿ ✿ ✿



## အခန်း ( ၁၀ )

အုံ့မှိုင်းညှို့မည်းနေသော မိုးသားပြင်က မိုးစက်မိုးပေါက်လေးတွေ ကြွေကျလာ၏။ ကျောပိုးအိတ်လေးထဲမှာ ထီးပါလာပေမယ့် ထုတ်မဆောင်းဘဲ သင်တန်းရှေ့က ကော်ဖီဆိုင်လေးထဲကို ခပ်သုတ်သုတ် ပြေးဝင်လာခဲ့သည်။

သင်တန်းချိန်စောနေသေးသည့်အတွက် ကော်ဖီတစ်ခွက်နှင့် အေးအေးဆေးဆေး အချိန်ဖြုန်းရမည်။ အပြင်ရှုခင်းကို မြင်ရနိုင်သော ဆိုင်နေကျစားပွဲလေးမှာ ထိုင်ချလိုက်ရင်း စားပွဲထိုးလေးကို ကော်ဖီခြင်းပြင်းတစ်ခွက် မှာလိုက်၏။

"ဟင်"

သောတလင်ခရှဇာကားလေး သင်တန်းရှိသော ကွန်ဒို



www.burmeseclassic.com

www.burmeseclassic.com



ကားပါကင်ဘက် မောင်းဝင်သွားတာ တွေ့လိုက်၏။ ခဏအကြာ အနွယ်တော်ကို ထီးလေးမိုးပေးလျက် ပြန်ထွက်လာပြီး ကားလမ်း တစ်ဖက်မှာ ကားတွေ ရှင်းအောင် ရပ်စောင့်နေကြ၏။

သူတို့နှစ်ယောက် ဒီကော်ဖီဆိုင်လေးထဲ လာကြဖို့ ဖြစ်မည် ကားတစ်စီးထဲမှာ နှစ်ယောက်အတူစီးလျက် သွားလည်း အတူ ပြ လည်း အတူတူ။ ဘယ်လိုရင်းနှီးပတ်သက်မှုမျိုးလဲ။

သောတ အပြုံးကို အနွယ်တော်က အမြဲတမ်း ကြည့်ခွင့်ရ မည်ပေါ့။ သောတကလည်း အနွယ်တော်ရဲ့ ဆံနွယ်ရှည်တွေကို အနံ့ တိုင်းလိုလို ငေးမောခွင့်ရနေခဲ့သည်လား။

"ဟာ စူးက အရင်ရောက်နှင့်နေပါလား"

"ဟုတ်ပ။ စူးက အနွယ်တော်တို့ထက်တောင် ဝီရိယကောင်း နေတယ်"

အသံပေး၍ သောတနှင့် အနွယ်တော် ထိုင်ခုံလေးတွေမှာ ဝင်ထိုင်လိုက်ကြသည်။

ဒီတစ်ခါလည်း သောတနှင့် အနွယ်တော်က နီးကပ်စွာ နေ၏။

စူးရင်ထဲ တလှုပ်လှုပ်နှင့် သဝန်တိုစိတ်တို့ ကိန်းအောင်းနေ သည်။ ဒီလိုခံစားမှုမျိုး ဘယ်လိုလူနှင့်မှ မဖြစ်ဖူးပါ။

"အနွယ်တော် ဘာသောက်မလဲ၊ မိုးအေးတော့ အအေး





သောက်လို့တော့ မဖြစ်ဘူး။ ကော်ဖီပူပူလေးသောက်ပါလား"

"အင်း ကောင်းသားပဲ၊ သောတလည်း ကော်ဖီသောက်မှာ ဟုတ်လား။ အနွယ်တော်လည်း ကော်ဖီသောက်မှာပေါ့"

"ညီလေး ကော်ဖီပူပူမွှေးမွှေးလေးနှစ်ခွက်"

သောတသောက်ဟာ အကြိုက်ချင်းတူနေသလိုလို လိုက် သောက်နေသော အနွယ်တော် အိုင်ဒီယာက ဘယ်လိုစွဲဆောင်မှုမျိုး လဲ။ သောတ အပြုံးကလည်း အနွယ်တော်အကြိုက် ဖြည့်ဆည်းပေး နေရတာကို ကျေနပ်ကြည်နူးနေသလိုပင်။

"စူး ငြိမ်နေပါလား။ ဒီသင်တန်းတက်ရတာ မပျော်ဘူးလား"

သောတရဲ့ ဂရုစိုက်မှုက အသိမိတ်ဆွေတစ်ယောက်ထက် ပိုမည်မထင်။ စူးက ခပ်မဲ့မဲ့ပြုံးကာ –

"အပျော်ဆိုတာ စူးအတွက် ရှားပါးကုန်ပဲ၊ ဘယ်နေရာနေနေ ဘာတွေလုပ်လုပ် စိတ်မပါဘဲ ခန္ဓာကိုယ်ရှည်သက်သက် လှုပ်နေတာ"

စူးအဖြေကြောင့် သောတ မျက်ခုံးပင့်သွား၏။

"မင်းကို မြင်ရတာတော့ လန်းနေတာပါပဲ၊ မထင်ရက်စရာ စူးရာ၊ မင်းပုံပြောနေတာ မဟုတ်လား"

"ပုံပြင်ဆိုရင် ဒီအထိ သယ်လာဖြစ်မှာမဟုတ်ဘူး သောတ၊ ဝင်ထဲမှာ ထားခဲ့လိုက်တယ်၊ တကယ့် ဒရမ်မာဆိုတော့ လက်မှာ ည်း သွားသိမ်းထားလို့ မရဘူး၊ တကယ်ကြွေနေတာ"



www.burmeseclassic.com

www.burmeseclassic.com



"ဩော်"

တစ်လုံးတည်းသော အာမေဍိတ်သံတိုးသဲ့သဲ့လေးဖြင့် ပြ
သက်သွားသည့် သောတက အနွယ်တော်အတွက် ကော်ဖီကို ဖ
လေးနှင့် ဂရုတစိုက် မွှေပေးပြီးမှ –

"အိမ်တွင်းကိစ္စကြောင့် ဆိုရင်တော့ မစပ်စုချင်ပါဘူး၊ အချ
ကြောင့်ဆိုရင်တော့ တို့တွေ တွေ့ဖူးအောင် ခေါ်လာပြလေ လိုအပ်
ဖျောင်းဖျပေးမယ်"

"အချစ်က ဘဝအတွက် ရေကြီးခွင်ကျယ်ကိစ္စလား သော
ရယ်၊ တို့မာမီနဲ့ သူစိမ်းတွေလို ဖြစ်နေရတာ စိတ်မကောင်းဖြစ်နေ
ပါ၊ အိမ်မှာ ငရဲခံနေရသလိုပဲ၊ အဲဒါကြောင့် အိမ်က စောစောထွက်
တာ။

သောတ သနားလာအောင် မျက်ရည်တွေဝဲလျက် ပိုပို
သာ စူးကြွေပြလိုက်သည်။ အနွယ်တော်တောင် ငိုင်ငိုင်လေး
သောတကို လက်တို့သတိပေး၏။

"ဘာလို့ လျှောက်မေးနေတာလဲ သော့တရယ်၊ စူး
အားနာစရာ"

"ဩော် ရင်ထဲက ခံစားနေရရင် တစ်ယောက်ယောက်
ရင်ဖွင့်လိုက်တော့ သက်သာတာပေါ့၊ တစ်ယောက်ယောက်ကို ရေ
လိုက်တော့ သက်သာတာပေါ့၊ တို့တွေက သူငယ်ချင်းတွေ ဖြစ်





ပြီးစွာ၊ အားပေးသင့်ရင် အားပေးရမှာပေါ့"

သောတစကားကြောင့် စိတ်သက်သာပေါ့ပါးသွားကာ စူး
ပြုံးလိုက်သည်။ သောတရဲ့ အသိအမှတ်ပြုမှုက စူးရင်ကို ထိရှစေ၏။

"သောတနဲ့ အနွယ်တော် မိဘတွေက ဘယ်လိုမျိုးလဲဟင်၊
သောတတို့ကို အရမ်းချစ်ကြလား"

"ချစ်တာပေါ့ကွ၊ ဖေဖေနဲ့မေမေက စီးပွားရေးအတွက် နိုင်ငံ
ခြားမှာသာ သွားနေကြတာ ကိုယ်မွေးနေ့ရောက်တိုင်း တစ်နှစ်တစ်ခါ
ရောက်အောင် ပြန်လာကြတယ်၊ ညတိုင်းလည်း ဖုန်းအမြဲဆက်တယ်၊
လိုအပ်သမျှလည်း ဟိုကနေ အကုန်ဖြည့်ဆည်းပေးတယ်၊ မြန်မာပြည်
မှာ ဘွားဘွားရှိနေလို့ ထားရတာ၊ ကိုယ့်ကို လူပေါင်းမှားပြီး ပျက်စီး
သွားမှာစိုးလို့ စိတ်မချကြဘူး"

"အနွယ်တော် မိဘတွေကရော"

သောတမိဘတွေရဲ့အချစ်ကို အားကျတာ၊ အနွယ်တော်
ဘက်လှည့်၍ မေးလိုက်သည်။ အနွယ်တော်က ပြုံးကျယ်နေသော
မျက်ဝန်းလေးဖြင့် စူးကို အားနာစွာကြည့်ပြီး –

"အနွယ်တော်ကိုလည်း ဖေဖေရော၊ မေမေရော၊ ဘွားဘွား
ရော အရမ်းချစ်ကြပါတယ်၊ အလိုလည်း လိုက်တယ်၊ ဂရုလည်း
စိုက်တယ်၊ ရင်ထဲက စကားကိုပြောရရင် ဒီလိုအေးမြပေးဆပ်နိုင်တဲ့
တဲ့ မေတ္တာမျိုး၊ ဒီရင်ခွင်မျိုး နောင်ဘဝမှာလည်း ရပါစေလို့



www.burmeseclassic.com

www.burmeseclassic.com



ဆုတောင်းမိတယ်''

''စူးကတော့ မင်းတို့လို မဟုတ်ဘူး၊ အာဃာတတွေနဲ့ မ
ကျပ်နေတဲ့ မာမီရဲ့လောင်အိမ်ထဲမှာ ဒီဘဝမှာတောင် မနေချင်ဘူ
နောင်ဘဝဆိုတာကိုလည်း မေတ္တာတွေနဲ့ ကင်းဝေးရမယ်ဆိုရင်
မဖြစ်ပါစေနဲ့လို့ ဆုတောင်းတယ်''

''ဟာ စူး အဲလိုကြီးမပြောရဘူးလေ၊ လူ့ဘဝဆိုတာ ဘ
လောက်ရခဲ့လိုက်သလဲ၊ မိသားစုအသိုက်အမြုံဆိုတာ ပိုပြီးတော့တော
ရခဲသေးတယ်၊ တချို့လူတွေ အဲလို ဆုတောင်းမှားလို့ မိဘမရှိ
ကြီးပြင်းခဲ့ကြတာ မင်း မမြင်ဖူးဘူးလား၊ မင်းမှာ အမိအဖ စုံစုံလင်
နဲ့ ကြီးပြင်းခဲ့ရတာဆိုရင် ဒါဟာ ကံကောင်းခြင်းပဲ''

စူး နာနာကျင်ကျင်ပြုံးလိုက်မိပြီး မျက်ရည်တွေကို ခပ်
ကြမ်း ပွတ်သုတ်ဖယ်ရှားလိုက်သည်။

''မိဘတိုင်း ချစ်ခြင်းမေတ္တာကို ပေးတတ်ကြတာ မဟုတ်
ဘူး၊ ကိုယ့်အတ္တအတွက် အသုံးချဖို့ သားသမီးကို အဖြည့်ခံ သက်
မွေးလာတဲ့ မိဘတွေလည်း ရှိကြပါတယ်၊ ကာမဆန္ဒကို အာသာဖြေ
မလိုချင်ဘဲ ရလာတဲ့ သားသမီးကိုရော၊ တချို့မိဘတွေ တန်ဖိုး
တတ်ကြလို့လား၊ မိဘတွေရဲ့ အချစ်ခံရတဲ့ နင်တို့တွေက ဒါ
ပြောလို့ နားလည်မှာမဟုတ်ပါဘူး၊ အဟင်း ဟင်း၊ ငါ့သောက
နင်တို့ကို ကူးစက်ကုန်ပြီထင်တယ်၊ ဆောရီးပဲဟာ''





''စူးရယ်''

ရင်ထဲက တီးတိုးညည်းညူဖြစ်သည်၊ အညာတရ မဟုတ်ပေ
ယ့် ဘဝမလှတာကို စာနာမိသည်၊ စကားစပြတ်အောင် နာရီကြည့်
ီး ထရပ်လိုက်၏။

''သင်တန်းတက်တော့မယ်ဟ၊ သွားရအောင်၊ ညနေ စူး
င်းမှာ ထီးပါလား၊ မပါရင် အန္တယ်တော်နဲ့ အတူတူဆောင်းလေ၊
ဒီအတိုင်း ပြေးသွားလိုက်မယ်''

''နေပါစေ၊ စူးမှာ ထီးတော့ပါတယ်၊ ဒါပေမဲ့ မဆောင်းချင်
မိုးရေစက်တွေနဲ့ ထိတွေ့တော့ ရင်ထဲကအပူ သက်သာချင်
က်သာနိုင်တာပေါ့''

စူးက ဒီအတိုင်း မိုးရေပဲ ထွက်သွားသည်၊ ထီးဖွင့်နေလျက်
သောတ လှမ်းခေါ်နေပေမယ့် စူးက နောက်ကို ယောင်၍တောင်
ည့်မကြည့်။

ဂျင်းဘောင်းဘီ၊ တီရှပ်နှင့် အပေါ်က ဝေ့စကုပ်အနက်လေး
ဝတ်ထားသော စူးက သားရေကျောပိုးအိတ်အသေးလေးကို ပခုံး
ခစ်ဖက်မှာ စတိုင်လ်ကျကျ လွယ်လျက် ခြေလှမ်းတွေက တက်ကြွ
နေပါလှသည်။ ပခုံးပေါ်မှာ ခပ်နွဲ့နွဲ့လိပ်ခွေကျနေသော ဆံနွယ်တွေ
တ်ခနဲ ခါထုတ်ပြီး လမ်းတစ်ဖက်ကို ကူးသွား၏။

''သောတ ဘာလုပ်နေတာလဲ၊ သွားမယ်လေ''



www.burmeseclassic.com

www.burmeseclassic.com



"ဩော် အင်း ကားရှင်းမလားလို့ စောင့်ကြည့်နေတာပ
ရှုးကို မျက်စိတစ်ဆုံး ငေးမောနေမိရာမှ မလုံမလဲ သင်ခြ
ပေးလိုက်ရသည်။

ထိုးဖွင့်ပြီး နှစ်ယောက်အတူ ခေါင်းလိုက်သောအခါ ခ
ကိုယ်ချင်း ထိကပ်ပွတ်တိုက်သွား၏။ အနွယ်တော်ရဲ့ ဆံနွယ်တို့
တန်ဖိုးကြီး ရှုန်ပူရနံ့ သူနှာခေါင်းဝမှာ တိုးဝှေ့ကျီစယ်လာသည်။

"ဟာ မိုးရေတွေ စိုရွှဲကုန်ပြီ သောတ"

အနွယ်တော်က အသံစူးစူးလေးဖြင့်အော်ရင်း တွန်းတွ
တိုက်တိုက်ဖြင့် သူလက်မောင်းတစ်ဖက်ကို တွဲခိုလိုက်၏။

မိန်းကလေးတစ်ယောက်ရဲ့ အထိအတွေ့က ဒါ ပထမဦး
မို့ တစ်ကိုယ်လုံး ရှိန်းတိန်းဖိန်းတိန်း ဖြစ်သွားသည်။ ခပ်သုတ်သု
ပင် လမ်းတစ်ဖက်ကို အမြန်ကူးလိုက်ရ၏။ ကွန်ဒိုအောက်ထပ် က
ပါကင်ကိုရောက်လာပြီး ထီးကို ပိတ်လိုက်မှ အနွယ်တော်က သူလ
မောင်းကို တွဲခိုထားသော သူမရဲ့လက်လေးတွေကို လွှတ်လေ

ခုမှ သတိထားမိသွားသလိုဖြင့် သူမမျက်နှာလေး ပန်းရေ
ရောင် ပြေးသွားသည်။ သူက မသိချင်ယောင်ဆောင်ကာ သင်တ
ရာ လေးလွှာအိ ရှေ့ကနေ ခြေလှမ်းမြန်မြန်နှင့် တက်လာခဲ့သည်

"နေဦးလေ သောတ၊ အနွယ်တော်ကို စောင့်ဦး"

အပေါ်ထပ်အဖြစ် ဝတ်လာသော အနက်ရောင်ဂျာကင်အ





ကို နောက်ကနေ ဆွဲထားရင်း အနွယ်တော် အော်သည်။ သူ့ကို
ပြေးလိုက်တက်နေရသည့်မို့ သူမမောလည်း မောနေ၏။

"ဘာဖြစ်နေတာလဲ၊ ဖြည်းဖြည်းလိုက်ခဲ့တာ မဟုတ်ဘူး"

"ဟင့်အင်း၊ အတူတူ သွားရမှာကို၊ အနွယ်တော်ကို စောင့်ပြီး
တက်ပေါ့၊ အောင်မယ်လေး မောလိုက်တာ"

လျှာလေးထုတ် ဟောဟဲလိုက်ပြုပြီး အနွယ်တော် ပြောင်စပ်
လုပ်နေသေး၏။

"အောင်မာ ကွန်ဒိုက တိုက်ခန်းတွေလို မြင့်တာလည်း
တ်ဘူး၊ တက်ရတာ သက်သောင့်သက်သာ ရှိပါတယ်၊ လာ
မယ်"

ရယ်ချလိုက်ချင်တာကို မျိုသိပ်ပြီး အနွယ်တော်လက်ကိုဆွဲ၍
တက်လာခဲ့သည်။

သင်တန်းခန်းမထဲအထိ အနွယ်တော်လက်ကို ဆွဲဝင်လာခဲ့
သူတို့နှစ်ယောက်ကို စူးစိုက်စွာကြည့်နေသော စူးနှင့် စက္ကန့်
စွာ အကြည့်ချင်းဆုံသွား၏။ ဖျတ်ခနဲ အနွယ်တော်ကို လွှတ်
မိတာ ဘာကြောင့်မှန်းမသိ။

နီးစပ်ရာ ခုံတစ်လုံးမှာ ဝင်ထိုင်ချလိုက်ရင်း ဘာကို အားတုံ့
ဖြစ်နေမှန်းမသိ၊ အနွယ်တော် သူ့အနားမှာ ဝင်ထိုင်ချလိုက်
ဆိုးသွားသည်။ သင်တန်းဆရာ ပို့ချသမျှ ဘာတစ်ခုမှ ကိုက်



www.burmeseclassic.com

www.burmeseclassic.com



မှတ်မရတော့ဘဲ ရှူး ကျောပြင်လေးကို ငေးမောကြည့်နေမိတော့

"အား"

ရှူးရဲ့ လည်ပြန်အကြည့်မှာ အကြည့်ချင်းဆုံပြီး အသံတိ
အားခနဲ အော်မိလျက် ရင်တွေ ဖျပ်ဖျပ်ခုန်သွားသည်။ ရှူးရဲ့မျက်ဝန်း
ဘယ်လို ညှို့ဓာတ်တွေ ပါဝင်နေသည်လဲ။ နှလုံးသားနေရာ
တဆတ်ဆတ်ခါနေပြီး နောက်တစ်ခါ အကြည့်ချင်းဆုံနိုးနှင့် ခိုးကြ
ရတာကို အရသာ တွေ့နေ၏။

ဂျပန်စာသင်နေသော သင်တန်းဆရာက ကြီးကျယ်ခမ်း
သော စန္ဒရားကြီးနှင့် အချစ်သံစဉ်တွေ ငြိမ့်ညောင်းစွာ တီးခတ်နေသ
လို။

✿ ✿ ✿



အခန်း ( ၁၁ )

"ဒီတစ်ခါ သင်တန်းတက်ရတာရော ပျော်ရဲ့လားသမီး။
မောင်သောတကရော ဂရုစိုက်ရဲ့လား"

"ဟုတ်ကဲ့ ဂရုစိုက်ပါတယ် မေမေရဲ့၊ အမြဲတမ်း အပို့အကြို
လုပ်ပေးနေတာကို သမီးက အားနာနေတာ။ သင်တန်းက တစ်ပတ်မှ
သုံးရက်တည်းမို့ တော်သေးတာပေါ့"

"အားနာစရာတော့ မလိုပါဘူးကွယ်၊ သူ့ဘက်ကအကြောင်း
တွေနဲ့ လာမကြိုနိုင်တဲ့နေ့ဆိုလည်း အိမ်ကဒရိုင်ဘာ မောင်မြင့်ဆွေ
ကိုလိုက်ပို့ခိုင်းလို့ ရနေသားပဲ၊ ပိတ်ရက်မှာလည်း အိမ်မှာ ဝင်ထွက
အားသောက်ဖို့ ပြောထားတာ၊ မိသားစုလို ရင်းနှီးစေချင်လို့လေ၊ ဒီနေ့
သမီးတို့ သင်တန်းမတက်ရဘူး မဟုတ်လား။ မောင်သောတအိမ်လာ



www.burmeseclassic.com

www.burmeseclassic.com



မယ်လို့ ပြောထားလားသမီး''

''ဟုတ်ကဲ့ ခုနကဖုန်းဆက်ကြည့်တော့ သူ့အဘွားက ထမင်း အတူတူမစားရင် စိတ်ဆိုးမှာစိုးလို့ ထမင်းစားပြီးမှ လာခဲ့မယ်တဲ့ မေမေ''

''ဪ ဟုတ်လား။ အေးလေ ဘွားအေကြီးကလည်း ဒီ မြေးလေးတစ်ယောက်တည်းဆိုတော့ ချစ်ရှာပေမပေါ့၊ သမီးလည်း သမီးဘွားဘွားကို ထမင်းစားအောင် သွားခေါ်ချည်ဦးလေ၊ သမီး ဘွားဘွားမနက်ကလည်း သွေးတွေတိုးလို့ဆိုပြီး ဘာမှ မစားထားဘူး ကွဲ့''

''ဟုတ် မေမေ၊ သမီး သွားခေါ်လိုက်မယ်''

အနွယ်တော် မီးဖိုခန်းထဲက အပြေးလေးထွက်လာခဲ့သည်။ ဘွားဘွားအခန်းရှေ့ကိုရောက်တော့ တံခါးခေါက်သံပေး၍ အခန်းတွင်း ဝင်လာခဲ့၏။

''ဘွားဘွား နေမကောင်းဘူးလား၊ ဆရာဝန်ခေါ်လိုက်ရ မလားဟင်''

ဒရင်းဘတ်ခ်ပေါ်မှာ မှိန်းနေသော ဒေါ်တင်တင်သော်က မြေးအသံကြားတော့ မျက်လုံးလေး ဖျတ်ခနဲ ဖွင့်လာသည်။

''ဆရာဝန်ခေါ်လောက်အောင်လည်း မဟုတ်ပါဘူးကွယ် မနေ့က ဘာအစားမှားသွားလဲ မသိဘူး၊ သွေးနည်းနည်းတိုးချင်





ဘယ်၊ ဒါနဲ့ မြေးလေးဖေဖေရော ထမင်းစားပြန်လာပြီလား''

''မလာဘူး ဘွားဘွား။ ဒီနေ့ နိုင်ငံခြားက ပစ္စည်းတွေ ရှင် ယ်ဆိုလား၊ အိမ်ကအစောကြီးကတည်းက ထွက်သွားတာတဲ့''

''အင်း လုပ်ငန်းကိစ္စတွေက အဆင်ပြေရဲ့လား မသိပါဘူး ကွယ်၊ ဘွားဘွားကို ဘာမှ မတင်ပြတာကြာပြီ၊ ဒီခေတ်က စီးပွားရေး ပြိုင်အဆိုင်တွေ များကများနဲ့ ကိုယ်က ခေတ်နဲ့အမီမလိုက်နိုင်ရင် တ်ခနဲ ပြုတ်ကျကျန်ခဲ့မှာ ဘွားကလည်း ဒူးနာ ခါးနာ သွေးတိုးရောဂါ ဲ ဘာမှလည်း လုပ်မပေးနိုင်''

''ဘွားရယ် ဘွားက အသက်ကြီးလို့ အနားယူရတဲ့အချိန်မှာ ပွားရေးကြောင်း လူမှုရေးကြောင်း ဘာမှ မတွေးဘဲ ကျန်းမာရေး ာင်းအောင်သာ ဂရုစိုက်ပါ၊ လာ ဘွား ထမင်းစားရအောင်နော်''

ဒေါ်တင်တင်သော်ကို အနွယ်တော် တွဲဖက်ခေါ်လာခဲ့သည်။ သက်ခြောက်ဆယ်ဆိုတာ ဇရာအိုဘက် မရောက်သေးပေမယ့် ဒါ ဝေဒနာတစ်ခုခု စွဲကပ်လာပြီဆိုလျှင် ထူမတွဲဖက်ပေးမယ့်သူ ု အဆင်ပြေသည်။ မြေးမလေးက ကြင်ကြင်နာနာ ဂရုစိုက်မှုရှိလို့ ာ်ပါသေးရဲ့။ ဒါကြောင့်လည်း မိမိမသေခင် ပိုင်ဆိုင်သမျှ တချို့ တ် မြေးမလေးကို လွှဲပြောင်းပေးဖို့ ပြင်ဆင်ထားရမည်၊ ကျန်တာ တော့ သားကြီးစီးပွားရေးအတွက် ရင်းနှီးမြှုပ်နှံသုံးစွဲဖို့ပေါ့။

''ဟော မေမေ ဒီနေ့ ဟင်းတွေအားလုံး ပေါ့ပေါ့လေး ချက်နိုင်း



www.burmeseclassic.com

www.burmeseclassic.com



ပါတယ်၊ မေမေ့မြေးအတွက် ပုစွန်တုပ်ကြော်ထားတာကိုလည်း သွားလိုက်နဲ့ဦးနော်၊ သွေးတက်နေဦးမယ်''

''အေးပါကွယ်၊ အေးပါ၊ ရောဂါဖြစ်ပြီဆို အစားရှောင်ရ က တစ်ဒုက္ခပါလား၊ ဒါနဲ့သမီး ညည်းယောက်ျားရော အလုပ်အကိုင် တွေ အဆင်ပြေရဲ့လား''

''ဟုတ် ဟုတ်ကဲ့၊ အဆင်ပြေပါတယ် မေမေ''

မဝံ့မရဲ ခလုတ်တိုက်မတတ် ဖြေရင်း ဣန္ဒြေမပျက်အော ထိန်းလိုက်ရသည်။ ခုတစ်လော နိုင်းမဟာ ဘာလုပ်လုပ် အဆင်မ ဖြစ်နေတာ ဒေါ်တင်တင်သော်ကို အသိပေးလို့မဖြစ်သလို သမီး မသိအောင်လည်း သိုသိုသိပ်သိပ် ဖုံးဖိနေရသည်။

အမှတ်မထင် သိသွားခဲ့လျှင် ဒေါ်တင်တင်သော်လည် ရောဂါတိုးမည်၊ သမီးလေးလည်း စိတ်မကောင်းဖြစ်ရမည်။

ဒီလေးငါးနှစ်အတွင်းမှ နာလန်မထူနိုင်အောင် ချွတ်ခြုံကျ သော စီးပွားရေးကြောင့် နိုင်းမဟာလည်း စိတ်ပင်ပန်း လူပင် ဖြစ်နေရသည်။ လင်မယားနှစ်ယောက် အတွင်းကျိတ် တိုင်ပင် ကြသည်။ သို့ပေမယ့် မိမိကလည်း အိမ်တွင်းအောင်းလျက် အ လောကစီးပွားရေးကို ဘာတစ်ခုမှ နားမလည်။

လင်ယောက်ျားကို စကားလုံးနှင့် အားပေးရုံမှလွဲ၍ မတ နိုင်။ အခုလည်း တခြားစီးပွားရေးတစ်ခု လုပ်ကြည့်မည်ဆိုပြီး





ဟာ အားသွန်ခွန်စိုက် ကြိုးစားနေသည်။

ဘာတွေဖြစ်လာဦးမည်မသိ။

''မေမေ ထမင်းမစားသဲ ဘာတွေ ငိုင်နေတာလဲ''

''ဩော် အင်း စားမှာပေါ့ သမီးရဲ့၊ သမီးဘွားဘွားကို ထမင်း ပြီး ဘယ်အသီးအနှံနဲ့ အချိုတည်းဖို့ လုပ်ပေးရမလဲ စဉ်းစားနေတာ''

သမီးရဲ့ သတိပေးမှုကြောင့် ပျာပျာသလဲ ပါးစပ်ထဲ ရောက် ရာ အလျဉ်းသင့်သလို ပြောလိုက်ရသည်။ ဒေါ်တင်တင်သော်က ကားကို ယုံကြည်ပြီး ပီတိနှင့် ပြုံးနေကာ –

''အင်း မေမေ ချွေးမ,ရ ကံကောင်းပါတယ်၊ ဒီလို အနီးကပ် ရှုစိုက် အပြင်ထွက်၊ မြေးမလေးက ကျောင်းကိစ္စ သင်တန်းကိစ္စ အိမ်မှာ အမြဲတန်းမရှိ၊ အလုပ်သမားတွေဆိုတာလည်း မိသားစုဝင် ကို ကိုယ်ဖိရင်ဖိ မလုပ်ပေးတတ်ကြဘူးလေ၊ ကျေးဇူးတင်ပါတယ် ရယ်၊ သားအတွက်လည်း သမီးက အိမ်ထောင်ရှင်မကောင်းပါ''

''အဲဒီကျေးဇူးစကားတော့ မပြောပါနဲ့ မေမေ့ရယ်၊ ကျွန်မ မိဘတွေမရှိတော့ မေမေက ကျွန်မရဲ့ မိခင်ရင်းလိုပါပဲ၊ စီးပွားရေး တွေ နားမလည်တော့ အိမ်ထောင်မှုကိစ္စကို နိုင်နင်းအောင် တာဝန် နိုင်မှ ဖြစ်မှာပေါ့ မေမေ''

''အေး အေး အဲလို သိတတ်တာ သာဓုပါကွယ် သာဓုပါ''

ဒေါ်တင်တင်သော် လှိုက်လှိုက်လှဲလှဲ သာဓုခေါ်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ရွှေမလေးရဲ့ သိတတ်နားလည်မှုလေးကြောင့် ကြည်နူးပီတိ ဖြစ်ရ
ဟိုးသခင်က ရွေးချယ်မှု မှန်ခဲ့လို့သာ သားအတွက် ဇနီးမယားကောင်
မိမိအတွက် ချွေးမကောင်း၊ မြေးမလေးအတွက် မိခင်ကောင်း တ
ယောက်ကို တန်ဖိုးရှိရှိ ပိုင်ဆိုင်ခဲ့ရတာ မဟုတ်ပါလား။

သားနှင့် မှားယွင်းခဲ့သော မြရီဆိုသည့် အိမ်ဖော်မလေးနှ
သာ လက်ထပ်ပေးဖြစ်ခဲ့ပါက ဒီဘဝမှာ အခြေအနေမျိုး ဖြစ်လာ
မဟုတ်။

မိသားစုတွေလည်း ဒီလို နွေးထွေးမှုမျိုး ရလိမ့်မည်မထ
အဆင့်အတန်း နိမ့်သော မျိုးရိုးဗီဇမို့ မိမိတို့ မျိုးရိုးဂုဏ်သိက္ခာ ဘ
လောက်တောင် နိမ့်ပါးကျဆင်းသွားနိုင်သလဲ။

အခုတော့ မြေးမလေးက မိမိရဲ့ အသက်၊ မိမိရဲ့အ
ရတနာလေး တစ်ပါးဖြစ်နေပြီ ဆွေစဉ်မျိုးဆက်ချမ်းသာကြွယ်ဝမှု
လုပ်ငန်းတွေကို လွှဲပြောင်းအမွေဆက်ခံမည့်သူလေး ဖြစ်သည်။

မိခင်ရဲ့စောင့်ရှောက်မှုဖြင့် သိမ်မွေ့လိမ္မာ ယဉ်ကျေးသေ
မိန်းကလေးလည်း ဖြစ်၏။ နောက်ဆုံးအချိန်တွေမှာ ပြီးပြည့်စုံသေ
စည်းစိမ်ဥစ္စာတွေ၊ သားတွေ သမီးတွေ မြေးတွေဖြင့် မိမိဘဝ
ဘာမှ မလိုအပ်တော့၊ ဒီဘဝလေး အဓွန့်ရှည်နိုင်မြဲဖို့အတွက်တော

✿ ✿ ✿



## အခန်း ( ၁၂ )

"လာမယ်လို့ပြောထားတာက ကြာလှပြီ ဘာလို့နောက်ကျ
နေတာလဲ"

"ဘွားအတွက် ဆေးဝယ်ပြီး တစ်ခေါက်ပြန်ပို့ရသေးတယ်ကွ၊
ကိုယ့်ကို သင်တန်းပိတ်ရက် အပြင်ထွက်တာ မကြိုက်တော့ ဖားရသေး
တာပေါ့၊ အခုလည်း အန္တယ်တော်တို့အိမ် သွားမှာဆိုလို့ ကြည်ကြည်
[illegible] လွှတ်လိုက်တာ"

မြေးချွေးမလေး စိတ်ဆင်းရဲအောင်မလုပ်နဲ့ဟု မှာလွှတ်လိုက်
တာကိုတော့ မပြောဖြစ်။ ဖေဖေ,မေမေတို့ကအစ အန္တယ်တော်နှင့်သူ
တို့သောတူ ပေးစားချင်နေမှန်း သူသိသည်။

"မျိုးရိုးကောင်း ပညာတတ် သိမ်မွေ့သူလေးပါ သားရယ်၊



www.burmeseclassic.com

www.burmeseclassic.com



မိဘတွေ မေမေတို့ မိတ်ခွေမို့ပြောတာမဟုတ်ပါဘူး။ စိတ်ရင်းသဘော
ထား ပြည့်ဝသူတွေပါ၊ သားမှာလည်း ချစ်သူရှိတာမှမဟုတ်တာ
အနွယ်တော်လေးနဲ့ နီးစပ်အောင် အဆင်ပြေအောင် ကြိုးစားပါသ
ရယ်၊ မိဘချင်း သဘောတူလို့ ပေးစားတာထက် သားတို့လူငယ်ချင်
မေတ္တာမျှတော့ ပိုကောင်းတာပေါ့၊ မီးစိမ်းပြရင် မေမေတို့ဆီ ဖုန်းဆက်
လိုက်သား၊ သားတို့ကို မင်္ဂလာဆောင်ပေးဖို့ မေမေတို့ ချက်ချင်
ပြန်လာခဲ့မယ်''

ဟိုနေ့က တကူးတက ရှည်ရှည်ဝေးဝေး ဖုန်းဆက်ပြီး
ပြောခဲ့တာ၊ သူက အင်းမလုပ် အဲမလုပ် ဖြစ်နေတော့ ဘွားဘွားက

''အခုခေတ်မှာ အဘက်ဘက်က ပြည့်စုံတဲ့ မိန်းကလေ
ရှားပါတယ် မြေးကြီးရယ်၊ မျိုးရိုးမသန့် အကျင့်စာရိတ္တမကောင်း
မိန်းကလေးတွေနဲ့ မြေးကြီးကိုတွေ့မှာ အဘွားစိုးရိမ်တယ်၊ မြေးကြီ
မြန်မာပြည်မှာ မိန်းမမြန်မြန်ယူမှ မြေးမိဘတွေက နိုင်ငံခြားကို အတင်
အကျပ် မခေါ်တော့မှာပေါ့၊ ဘွားကတော့ အနွယ်တော်လေးကလွဲ
ဘယ်သူနဲ့မှ သဘောမတူဘူးနော်''

ဘွား ဘာပြောပြောလည်း သူပြုံးရုံသာ ပြုံးနေခဲ့ပြီး ခေါင်
မညိတ်၊ ခေါင်းမခါခဲ့ပါ။ နဂိုကတည်းက သူ့ဆုံးဖြတ်ချက်တွေထဲ
ရင်မခုန်သော မိန်းကလေးကို လက်မထပ်ဟူ၍ပင်။

သူများတွေအတွက်တော့ မသိ။





သူ့အတွက်တော့ အချစ်က အရေးကြီးသည်။ အပေါ်ယံ
သူ့ကိုလည်း ရင်မခုန်၊ ရမ္မက်ဆန္ဒကို အာသာဖြေသက်သက်ဖြင့်
ည်း လက်မထပ်ချင်။ ရင်ထဲက အနှစ်တွေဖြင့် တန်ဖိုးထားခွင့်ရ
သာ မိန်းကလေးကိုသာ ချစ်သူအဖြစ် သတ်မှတ်ပြီး ဘဝတစ်သက်
 လက်တွဲဖို့ လက်ထပ်ချင်သည်။

ဒါဆို အနွယ်တော်ကို သူ ဘယ်လို သတ်မှတ်ရမှာလဲ။

အဘွားနှင့် ဖေဖေမေမေ တိုက်တွန်းသလို။

ဟင့်အင်း ရင်မှမခုန်တာ။ အနေနီးလို့ တစ်ခါတစ်ရံ စိတ်
ချိုးတာကလွဲလျှင် ထူးထူးခြားခြား ရင်လှိုက်ဖိုအောင် မခံစားရပါ။
လုံးထဲမှာ အမြဲလိုလို မြင်ယောင်နေတာက –

''ရှူးကို နင် ဘယ်လိုမြင်လဲ အနွယ်တော်''

''ဟင် ဘာ''

ဆက်စပ်မှုမရှိ လွတ်ခနဲ ထွက်သွားသော မေးခွန်းကြောင့်
နွယ်တော် ကြောင်အမ်းအမ်း မှင်တက်သွားကာ သူ့ကို ပြူးလည်
ည့်လေး မော့ကြည့်၏။

''ကြော် ဒီလိုပါ၊ သူ့ပုံစံက မိဘမေတ္တာ ငတ်နေတယ်လို့
င်ရဘူးနော်၊ သူနေတာ ထိုင်တာက ပေါ့ပေါ့ပါးပါး လွတ်လွတ်
ယ်ပဲ ဟိုနေ့က သူ့ခံစားချက်တွေ ပြောတော့ ရင်ထဲမှာ မကောင်
 မိဘတွေရဲ့ ဥပေက္ခာခံရတာ ရင်ထဲမှာ ဒဏ်ရာတွေ အပြည့်ရှိနေ



www.burmeseclassic.com

www.burmeseclassic.com



"ဒါကတော့ လူတစ်ယောက်ဆီမှာ အကြောင်းကံ ဆီပေါ့ဟာ၊ တို့ ဗုဒ္ဓဘာသာတွေမှာ အတိတ်ဝဋ်ကြွေးဆိုတာ မဟုတ်လား၊ မိဘနဲ့သားသမီးဖြစ်ဖြစ် သူစိမ်းတရံဆန် အပေါင်း မိတ်ဆွေပဲဖြစ်ဖြစ် ပေးဆပ်ဖြည့်ဆည်းရတဲ့ အလှည့်ရှိတယ်၊ ဆိုင်ရတဲ့အလှည့်ဆိုတာလည်း ရှိတာပဲ၊ ဒီဘဝမှာ မတရား အများကြီးလုပ်ရင် နောင်ဘဝမှာ သူများက မတရားမှုတွေ အ လုပ်တာခံရမှာပဲ"

"အနွယ်တော် နင် သီလရှင်ဝတ်ပါလား၊ တရား ကောင်းတယ်"

"အောင်မယ်၊ စူးအတွက် စိတ်မကောင်းဘူးဆိုလို့ ဖြေလို့ရအောင် ပြောပေးရသေးတယ်၊ လူကို ငပေါကြီး ထင် လား"

"ဟောဗျာ၊ ဘယ်သူက ငပေါကြီး ထင်နေလို့လဲ၊ အ ပြောနေတာ၊ နင့်ကို ကြည့်ရတာ အရမ်းအေးချမ်းတာပဲ အနွယ် တချို့မိန်းကလေးတွေက ပူလောင်တယ်၊ အဲဒါကြောင့် နင့်ကို တာ"

ခင်တယ်ဆိုသည့် စကားရဲ့အဆုံးသတ်က တိုးသဲ့သဲ့ အနွယ်တော်ရင်ထဲ သိမ့်ခနဲ လိုက်ဖိုသွားသည်။ ဒါပေမဲ့ သော





ဖြူရောင်မျက်ဝန်းများက ကြည်လင်ရှိုးသားနေခြင်း။ ဘာအရောင် ဆင်းမှုမရှိ။

စူးကိုကြည့်သော မျက်ဝန်းတွေနှင့် မတူဘူးဟု ရင်က ခံစား တိထားမိသည့်အခါ ကွာခြားချက်အဓိပ္ပာယ်ကို သိချင်လာသည်။

"နင် စူးကို စိတ်ဝင်စားနေတာလား သောတ"

သောတက မျက်ခုံးတစ်ဖက် မြင့်တက်သွားပြီး ကြိမ်တွေနှင့် ထိမ်းစွာ အလှဆင်ထားသော ထိုင်ခုံကို ကျောကပ်မှီလိုက်၏။ စိတ် ညည်းစွာ အနွယ်တော် မျက်စောင်းဝင့်လိုက်သည်။

"ပဲများနေတာလား၊ ဂိုဒ်ခံနေတာလား၊ စိတ်ဝင်စားလား၊ ဝင်စားလား တစ်ခုခုဖြေလေ"

"အဲဒီမေးခွန်းကြီးက ပေါ့ပျက်နေသလားလို့ပါ၊ ဖြေရမှာ ည်း စောနေသေးတယ် ထင်တယ်၊ သနားတာ၊ ကိုယ်ချင်းစာတာနဲ့ တာက တူလို့လား"

"အဲဒါတော့ ငါလည်း ဘယ်သိပါ့မလဲ၊ ငါလည်း ချစ်မှ ဖူးတာ"

"နင်ရော ဘယ်လိုလူမျိုးကို ချစ်သူလို့ သတ်မှတ်ပြီး ရွေး ပဲ အနွယ်တော်"

"ငါလား၊ ငါကတော့ ငါ့ကိုချစ်တဲ့သူကိုပဲ ချစ်နိုင်အောင် ချင်တယ်၊ ကိုယ့်ကို မချစ်တဲ့သူကို တစ်ဖက်သတ်အငမ်းမ်ပြီး



www.burmeseclassic.com

www.burmeseclassic.com



မမျှော်လင့်ချင်ဘူး၊ ကိုယ်ချစ်ကို မရှာနဲ့ သူချစ်ကိုရှာဆိုတဲ့ စကားလည်း ရှိတယ်မဟုတ်လား၊ ဘဝဆိုတာ စကားလုံးက နှစ်လုံးတည်း၊ အဓိ လည်း တိုတိုလေးပါ၊ ငါ လောဘမကြီးချင်ဘူး၊ ရလာတာလေး ရောင့်ရဲမှုလေးနဲ့ ပိုင်ဆိုင်ခွင့်ရရင် တော်ပြီ၊ အခု ငါ့ကို ဘွားဘွား လည်း ချစ်တယ်၊ ဖေဖေနဲ့မေမေကလည်း ချစ်တယ်၊ ငါမသေ အဲဒီအချစ်တွေကို နောက်ဆုံးအချိန်ထိ ပိုင်ဆိုင်သွားရမယ်ဆိုရင် ငါ ကျေနပ်ပြီ''

လူငယ်ပေမယ့် အနွယ်တော်မျက်နှာလေးက ရင့်ကျက်တည် ငြိမ်နေပြီး လောဘတွေ၊ အတ္တတွေ မရှိ၍ အေးချမ်းလန်းဆန်း သည်။

''ငါတို့ စူးဆီ ဖုန်းဆက်ကြည့်ကြမလား အနွယ်တော်၊ အားတယ်ဆိုရင် နင့်အိမ်ကို အလည်ခေါ်ကြတာပေါ့''

''နင် စူးကို အရမ်းတွေ့ချင်လို့ မဟုတ်လား''

''အေးပါ၊ ဟုတ်တယ်လို့ သဘောထားလိုက်၊ သူက သူ့ မှာ နေရတာ အရမ်းမွန်းကျပ်တယ်လို့ ပြောတယ်လေ၊ ခုလို သူ ချင်းတွေနဲ့ တွေ့ရရင် သူစိတ်သက်သာတာပေါ့ဟ၊ ၉ မဟုတ်ဘူးလာ

သောတက ဆန္ဒပြင်းပြစွာ ဆင်ခြင်ပေးနေသည်။ အနွ တော်က ဖြည့်ဆည်းပေးမည့် အစ်မကြီးတစ်ယောက်ရဲ့ ပုံစံမျိုး စူးဆီ ဖုန်းခေါ်ပေးလိုက်၏။





''ဟဲ့ စူး ဖုန်းကိုင်နေပြီ ရော့''

အနွယ်တော်က သောတလက်ထဲ ဖုန်းထည့်ပေးလိုက်သည်။ အသံမကြားရသေးခင်မှာ သောတ ခြေဖျားလက်ဖျားတွေ အေးစက် ရင်တွေ လှိုက်ဖိုတုန်ယင်နေသည်။ သူမနားမှာ ဖုန်းလေးကပ်နား ထောင်လိုက်သည့်အခါ ပခုံးလေးပေါ် ဆံပင်လိပ်ခွေခွေလေးတွေ ကျနေမည်လား။

မျက်လုံးလေး မှိတ်ထားမလား၊ ဖွင့်ထားမလား။

အစားအသောက်စားရင်း ဖုန်းပြောမှာလား၊ ပန်းပင်လေးတွေ င်နေရင်းနှင့် ဟယ်လိုဟု ဖုန်းထူးလိုက်မှာလား။

အတွေးနှင့် မြင်ယောင်ကြည့်ရင်း သူမအသံလေးကို နားစွင့် နေမိသည်။ ဒါဟာ ဘယ်လိုခံစားမှုလဲ ဝေခွဲမရ။

ဖုန်းမြည်သံလေး အချိန်အတော်ကြာမှ –

''ဟယ်လို အနွယ်တော်လား''

''မှ မဟုတ်ဘူး ငါပါ သောတ''

မောဟိုက်သံပေါက်နေသော သူမကို ကတိုက်ကရိုက် ပြန် ဖြေလိုက်ရသည်။ သူမဘက်က အသက်ရှူသံပြင်းနေသလိုပင်။

''သြော် သောတ ပြောလေ၊ နှင်က အနွယ်တော်တို့အိမ် ရောက်နေလို့ အနွယ်တော်ဖုန်းနဲ့ ပြောနေတာလား''

''အေး ဟုတ်တယ်၊ နင်အချိန်ရရင် အနွယ်တော်တို့အိမ်



www.burmeseclassic.com

www.burmeseclassic.com



တာခဲ့ပါလားဟင်၊ ငါလည်း သင်တန်းပိတ်ရက်မို့ အန္တယ်တော်တို့

အိမ် ရောက်နေတယ်''

''ငါ မအားသေးပါဘူးဟ၊ မနေ့က အိမ်သန့်ရှင်း မလုပ်မိလို့

မာမီ ကျိုင်ပူနေတာနဲ့ ကြမ်းတိုက်နေရတယ်၊ ဒီနေ့ တစ်အိမ်လုံး

ပြောင်လက်မနေရင် ပြဿနာက နောက်နေ့ထိ ကူးသွားနိုင်တယ်ဟ''

''ဘာ နင်က အိမ်သန့်ရှင်းရေး လုပ်နေရတယ်၊ ဘယ်လို

ကွာ၊ ကိုယ်ပိုင်ကားမောင်းနေတဲ့ လုပ်ငန်းရှင်သူဌေးအိမ်က အိမ်အကူ

အလုပ်သမားတောင် မရှိဘူးလား''

စိတ်မကောင်းစွာ ပြောလိုက်ခိတော့ ရူးဘက်က တိုးသဲ့သဲ့

လေး ရယ်ပြီး –

''အိမ်ဖော်အလုပ်သမားတစ်ယောက်ရဲ့အလုပ်တွေ ငါ တစ်

ယောက်လုံး လုပ်နေတာပဲ အလုပ်သမား ဘယ်လိုတော့ပါ့မလဲ၊ ပြော

သောတ မနက်ဖြန် ညနေပိုင်းလောက်ဆိုရင်တော့ ငါအားပါတယ်

ကန်ပေါင်မှာ တွေ့မလား''

''အေး အေး ဟုတ်ပြီ၊ ဒါပဲနော်''

အန္တယ်တော်က စိတ်ဝင်စားကာ အနားတိုးကပ်လာတာ

ကြောင့် ဖုန်းကို အလျင်စလို ပိတ်လိုက်မိသည်။

''ဘာတဲ့လဲ ရူးက''

''အိမ်အလုပ်တွေ လုပ်နေရတယ်၊ မအားဘူးတဲ့၊ သူ မလာ





တဲ့အကြောင်းပြောတာ''

မနက်ဖြန် ကန်ပေါင်မှာ ချိန်းလိုက်သည့် ကိစ္စ အန္တယ်တော်

ပြောမပြဖြစ်ဘဲ သောတ သက်ပြင်းပူတွေမှုတ်ထုတ်မိသည်။

''ရူးဘဝက အနေအထားနဲ့မလိုက်ဘူး၊ ကြမ်းတမ်းလိုက်တာ

ရူးအမေက ဘယ်လိုမိခင်မျိုးလဲ၊ ငါ မြင်ဖူးချင်လိုက်တာ''

အန္တယ်တော်ရဲ့ တောင့်တမှုကို သောတက နှာခေါင်းရှုံ့

ပြီး

''ငါတော့ မမြင်ဖူးချင်ဘူး၊ ကံကြမ္မာကို အပြစ်ပုံလွှဲချပြီး

သမီးကို သောကတွေ အပူတွေပေးနေတာ၊ မိခင်တစ်ယောက်ရဲ့

မှ မဟုတ်တာ၊ ရူးပြောပြတဲ့အတိုင်းဆို အကြောင်းတစ်ခုခု

ယ်''

သောတက ရူးအတွက် နာကျင်ခံရခက်နေသလိုဖြင့် မျက်နှာ

လုံး မှိုင်းမှုန်နေသည်။ သောတ မဖြေနိုင်သေးသော အဖြေတစ်

အန္တယ်ရှော့ အလိုလိုသိလာ၏။

စိတ်ဝင်စားမှုထက် ပိုနေပြီဆိုတာ ဝန်ခံလိုက်ပါတော့လား

ရယ်။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၁၃ )

ကိုယ်ဟန်မတ်မတ် စတိုင်လ်ကျကျနှင့် လျှောက်လှမ်း
နေသည့် သောတကို ဟိုးခပ်လှမ်းလှမ်းမှပင် မြင်တွေ့နေရသည်
ဂျင်းဘောင်းဘီအနက် အရောင်ဖျော့ဖျော့ အော်တာရှပ်အပြာစင်း
နှင့် လှုပ်ဆန်းဆန်း တက်ကြွပေါ့ပါးနေ၏။ ဘောင်းဘီအိတ်ထဲ လ
နှစ်ဖက်နှိုက်၍ အဝေးမှပင် သူမကို ပြုံးပြနေသည်။ နှုတ်ခမ်းလေ
ပြုံးလိုက်လျှင် မျက်လုံးများပါ ရီဝေစွာ ညို့သွားတတ်သည့် သော
ဒီဖိုင်းက မိန်းကလေး အများစုကို သိမ်းပိုက်နိုင်စွမ်းရှိသည်။ အိ
လေးနှင့် ထူထဲသော မျက်ခုံး၊ ယောကျ်ားဆန်ဆန် ပြေပြစ်တည်
သော မျက်နှာ၊ ဝိရိယသသင်ထောင့်ချိုးညီနေသော နှုတ်ခမ်းရဲရဲလေ
က ဆွဲဆောင်မှုအရှိဆုံးဖြစ်မည်ထင်၏။





ပြောင်လက်နေသော ရှူးဖိနပ်အနက်ရောင်က ခြေလှမ်းတိုင်း
မှာ ဟန်ချက်ညီညီ လှုပ်ရှားသက်ဝင်နေပြီး တန်ဖိုးကြီးနာရီတစ်လုံးသော
လက်မှာ ရှင်းရှင်းလင်းလင်း ပတ်ထားခဲ့သည်။

အနားရောက်လာသော သောတဆီမှ ရနံ့သင်းသင်း ကိုယ်
သင်းရနံ့လေး ရှိုက်ခနဲ စူးနှာခေါင်းဝမှ တိုးဝင်လာ၏။

"နှင်တစ်ယောက်တည်းလား အနွယ်တော် မပါဘူးလား"

"ငါ တမင်မခေါ်ခဲ့တာ၊ သူ့ကိုလည်း အသိမပေးခဲ့ဘူး"

"အသိပေးရင် အနွယ်တော်က ငါ့ဆီမသွားရဘူးလို့ ပြောမှာ
လို့လား"

စူးစကား အဓိပ္ပာယ်ကို သူနားမလည်။ ဖျတ်ခနဲ ခုံတန်းလေး
ပေါ် ဝင်ထိုင်ချလိုက်ပြီးမှ စူးဘက်ကို ငဲ့ကြည့်လိုက်သည်။

"သူ့မှာ ငါ့ကိုတားဆီးပိုင်ခွင့် မရှိပါဘူး၊ ငါသွားချင်တဲ့သူဆီ
သွားမယ်၊ ငါလာချင်တဲ့လူဆီ လာမှာပေါ့"

"သင်တန်းပိတ်ရက်တိုင်းတော့ မဖြစ်မနေ သူ့အိမ်ကို ရောက်
အောင်သွားပေးရတယ် မဟုတ်လား၊ နှင်နဲ့အနွယ်တော်ရဲ့ ပတ်သက်
မှုကို ပွင့်ပွင့်လင်းလင်း ပြောပြပါလား သောတ"

"ဘာဖြစ်လို့လဲ"

"သိချင်လို့ပါ၊ နှင်တို့နှစ်ယောက်လုံးက မိဘတွေက ဖူးစာ
ဖက် အချစ်ခံရတယ်နော်၊ အရမ်းကံကောင်းတာပဲ၊ မနာလိုတာလား



www.burmeseclassic.com

www.burmeseclassic.com



အားကျတာလားတော့ မသိဘူး အနွယ်တော်ဘဝကို လိုချင်တယ်"

ပွင့်လင်းစွာပြောလာတော့ ဘယ်လိုဖြေသိမ့်ရမှန်းမသိ ငြိမ်သွားသည်။ တရိပ်ရိပ်ပြေးလွှားနေသော တိမ်တွေကိုကြည့်လျက် ရှုး... သူ့ဘာပြောမလဲ နားစွင့်နေဟန်ရှိ၏။

"ပြောလေ၊ နင်နဲ့အနွယ်တော်ရဲ့ ပတ်သက်မှုကို"

စိတ်မရှည်သလို သူမက ထပ်ပြီး တိုက်တွန်း၏။

"ရိုးရိုးသာမာန်ခင်မင်မှုပါပဲ၊ မိဘတွေချင်း ရင်းနှီးတယ် အနွယ်တော် ဒီသင်တန်းတက်တဲ့အချိန်မှာ စောင့်ရှောက်ပေးဖို့ ငါ့ကို အပ်တယ်၊ သင်တန်းအပ်အကြိုလုပ်ပေးဖို့ တာဝန်ပေးတယ်၊ ဒါပဲ"

"နှစ်ဖက်မိဘ သဘောတူပြီး စေ့စပ်ကြောင်းလမ်းလက်ထပ်ပေးတာတွေ ဘာတွေ ဖြစ်မလာနိုင်ဘူးလား"

သူ ငြိမ်သက်နေတော့ ရှုးက ဘယ်လိုသဘောပေါက်သွားသည် မသိ။ ခပ်လွှင့်လွှင့်ပြုံးလျက် –

"နင်က မိန်းကလေးရင်မိဘတွေ သဘောကျလက်ခံနိုင်တဲ့ အရည်အချင်းတွေ ရှိမယ့်ပုံပါ၊ အနွယ်တော်လည်း ငြင်းမယ်မထင်ဘူး ဟုတ်တယ် မဟုတ်လား"

"အဲဒါတော့ ငါမသိဘူး၊ အဲဒီအဆင့် မရောက်သေးဘူး ထင်တာပဲ၊ ဒါနဲ့ နင့်မှာရော ချစ်သူတွေ ဘာတွေ ရှိလား ရှုး"

"အများကြီး ထားဖူးတယ်၊ ဒါပေမဲ့ ချစ်လို့တော့ မဟုတ်ဘူး





ကျွပ်လွန်းလို့ ထွက်ပေါက်ရှာတာ"

ဒီတစ်ခါ ပွင့်လင်းမှုက ရင်မှာ အောင့်သက်သက် ဖြစ်သွားရ အချစ်ကို တန်ဖိုးမထားတတ်ဘူးဆိုသည့် သဘောလား။

ယိမ်းယိုင်သွားသော ခန္ဓာကိုယ်ကို မတ်ခနဲ ပြင်ထိုင်၍

"အဲဒီထွက်ပေါက်က မိန်းကလေးတစ်ယောက်ရဲ့ ကိုယ်ကျင့် ...ကို မထိခိုက်ဘူးလား"

"မာမီက အဲလိုဖြစ်စေချင်တာ ထင်တယ်၊ တခြားကိစ္စတွေမှာ ...မှာ နေတတ်ပေမယ့် ဒီကိစ္စနဲ့ပတ်သက်ပြီး အဆိုးအကောင်း ...ဘူး မပြုံးစုဘူး ဒါ ဖြစ်နိုင်တယ်ဆိုတာလည်း အခုမှ တဖြည်း ... သဘောပေါက်လာတာပါ၊ မတတ်နိုင်ဘူးလေ၊ အိမ်မှာနေရတာ ...ရင် အပြင်မှာ လွင့်နေရတာ ငါစိတ်ချမ်းသာတယ်"

"နင့်အမေက ဘယ်လိုမိခင်မျိုးလဲ၊ အနွယ်တော်က တွေ့ ...ချင်တယ်တဲ့"

"ပတ်ဝန်းကျင်နဲ့ အဆင်ပြေပြီး ငါ့တစ်ယောက်တည်းကို ...တဲ့မျက်လုံးတွေပဲ အစိမ်းရောင်သန်းနေတာဆိုတော့ နင်တို့ အကဲ ...တတ်မယ် မထင်ဘူး။ ငါတောင်မှ ဒီလို နင့်နင့်သီးသီး မခံစား ...တဲ့ အချိန်တွေတုန်းက မာမီ့ကို လေးစားအားကျနေခဲ့ဖူးတယ်"

"အခု နင့်မာမီကို မုန်းနေတာလား။ နာကြည်းနေတာလား"

"ယူကျုံးမရ ခံစားနေရတာပဲ ရှိတယ်၊ မုန်းလို့ နာကြည်းလို့



www.burmeseclassic.com

www.burmeseclassic.com



မရသေးဘူး။ ဖေဖေရှိနေစဉ်ကတည်းက မာမီက စီးပွားရေးလောကထဲ ကို ခြေဆုံပစ်ဝင်ခဲ့တယ်၊ လူတကာ လေးစားအားကျလောက်အော အောင်မြင်မှုတွေလည်း ရခဲ့တယ်၊ ဖေဖေဆုံးတော့ အကြီးကျယ် အခမ်းနားဆုံး ရတနာဆိုင်ကြီးကို ထူထောင်နိုင်နေပြီလေ၊ အထူး ဆရာဝန်ကြီးဖြစ်တဲ့ ဖေဖေက သူ့ထက်ငယ်တဲ့မာမီကို မလွန်ဆန်နို အောင် ချစ်ခဲ့တယ်၊ ငါ့အပေါ်လည်း အရမ်းကို ကြင်နာနွေးထွေး တွေ ပေးနိုင်တဲ့ ဖခင်တစ်ယောက်ပါ၊ မာမို့ဥပေက္ခာတွေကို မခံစား တဲ့ အချိန်တိုင်း ဖေဖေ့ကို အရမ်းလွမ်းတယ် သတိရတယ်''

ကိုယ့်ကိုယ်ကိုယ် အသည်းမာသည် ထင်ထားပေမယ့် အ အကြောင်းတွေ ပြောရင်း မျက်ရည်က အိခနဲ လိမ့်ဆင်းလာသည် သောတဆီက ကရုဏာမျက်ဝန်းလေးကို တောင့်တမိတာကြောင့် လည်း ဖြစ်နိုင်သည်။

ယောက်ျားတွေက မိန်းမတွေရဲ့မျက်ရည်ကို ခံနိုင်ရည်မ မှန်း၊ အကြင်နာကြီးမှန်း သူမ,သိနေသည်။

မင်းခေါင်ကိုတောင် ဒီမျက်ရည်တွေနှင့် သိမ်းသွင်းခဲ့မှုတာ မဟုတ်ပါလား။

ခုလည်း သောတမျက်ဝန်းတွေ ရီဝေမှုန်မှိုင်းလာကာ သူ လက်ဖျားလေးတွေကို ဖွဖွထွေးဆုပ်ကိုင်ထားပြီး –

''စူး နင်နာကျင်နေတာကို ငါကိုယ်ချင်းစာပါတယ်၊ ဒါပေ





ခြားနည်းလမ်းနဲ့ ထွက်ပေါက်ရှာကြည့်ပါလားဟာ၊ ရည်းစားများ ယ်၊ အပြင်မှာပျော်သလို လေလွင့်နေတယ်ဆိုတာက မိန်းကလေး စ်ယောက်ရဲ့ ဂုဏ်သိက္ခာနဲ့ ကိုယ်ကျင့်တရားကို ထိခိုက်ပါတယ်။ အတွက် အိမ်ထောင်ဖက်ရွေးတဲ့အခါမှာလည်း အဲဒီလိုကိစ္စမျိုးက ာန့်အတား ဖြစ်သွားနိုင်တယ်''

ပြက်လုံးမဟုတ်ပါဘဲ ဆံနွယ်လေးတွေကို ဆတ်ခနဲ ခါ၍ အသံထွက်ရယ်ချလိုက်သည်။ ကြွေရောင်ပြုံးပြက်လက်နေသော ာန်းလေးက ဘာကိုများ လှောင်ပြောင်ချင်သည်မသိ။

''ဒီနေရာလေးကို နင့်ကိုချိန်းလိုက်တာ အဲလို ရယ်ချင်လို့ ာတရဲ့''

''ငါပြောတဲ့အထဲမှာ ဘာတွေ ရယ်စရာပါလို့လဲ''

''ငါ့မာမီ မစိုးရိမ်တဲ့ ကိစ္စတွေကို နင်က ပူပန်နေတာကိုး''

မင်းခေါင်လည်း အဲလို စိတ်ပူမပေးခဲ့ဘူးဟု မပြောဖြစ်။ ယ်သွားမယ်၊ ဘာလုပ်မယ်၊ ဘယ်လိုလွင့်လိုက်လန်းလိုက်ရင် အရာ လုံးကို မေ့သွားမယ်ဆိုတာမျိုးနှင့် စိတ်တူကိုယ်တူ လွင့်ပါးလို့ရ အောင် ဖြားယောင်းခဲ့သည်။ သွေးတိုးလှုပ်ဆော်ပေးခဲ့သည်။

ဒါဟာ မဖြစ်သင့်ဘူးလို့ မတွေးမိအောင် မင်းခေါင်က တလ သူကိုယ်တိုင်က ဒဏ်ရာဒဏ်ချက်တွေကို ဒီလိုနည်းနဲ့ ဝေဒနာ ကို ကုသနေခဲ့တာပဲလေ။



www.burmeseclassic.com

www.burmeseclassic.com



"နှင် ဘာလို့ ငါ့ကို စိတ်ပူနေတာလဲ သောတ"

"ဟင် ငါ ဟိုလေ"

သောတစကားလုံးတွေ ဘာဖြေရမှန်းမသိ ဗျာယာခတ်သွ… သည်။ ဝင်တော့မည့် လိမ္မော်ရောင်သန်းနေသော နေလုံးကြီး… ရှက်ကိုးရှက်ကန်း လိုက်ငေး၏။ အိပ်တန်းပြန် ငှက်လေးတွေ… ယောင်တောင်တောင် လည်ပြန်လိုက်ကြည့်သည်။ သူမလက်ချော… လည်း ဖျတ်ခနဲ လွှတ်ချလိုက်သည်။

"မရေရာတာတွေကို ဘာလို့ အဓိပ္ပာယ်ရှာကြည့်နေတာ… အဖြေက နှင့်ရင်ထဲမှာ ရှိတယ်လေ၊ ငါ့ကို ဘာကြောင့် စိတ်ပူမိတာ… ဆိုတာ နှင့်ကိုယ်နှင် မသိဘူးလား"

"အဲဒီအဖြေကိုပြောဖို့ အချိန်တစ်ခုလောက် လိုဦးမယ် … တယ်"

"အနွယ်တော်နဲ့ တိုင်ပင်ရဦးမှာလား"

"ဘာလို့ အနွယ်တော်က ပါလာပြန်တာလဲ၊ ငါ့ရဲ့ဆုံးဖြတ်ချ… တိုင်းမှာ ဘယ်သူ့ကိုမှ ရှေ့တန်းမတင်ဘူး၊ မဖြစ်သင့်ဘူး ဖြစ်သင့်တာ… ဆိုတာလည်း ကိုယ့်ဟာကိုယ် ဝေဖန်မယ်"

ဖြစ်သင့်တာက ငါ့က အချစ်ကိုစံချိန်စံနှုန်းတွေနှင့် သတ်… ထားတာမို့ နှင့်ကို မိန်းမကောင်းလေး ဖြစ်စေချင်တာ၊ ဘာ… ဆက်တိုက်ပြောပစ်လိုက်မိဖို့ကောင်းသည်။





ခုတော့ စကားစ မပြတ်သေးသလိုနှင့် ဖျတ်ခနဲထရပ်ပြီးမှ သူမဘက်လှည့်ကာ –

"လူတိုင်းမှာ ဘာဖြစ်ချင်တယ်ဆိုဘဲ့ ရည်ရွယ်ချက် ရည်မှန်းချက်ဆိုတာ ရှိရတယ်၊ အိမ်တွင်းရေးကြောင့် အချစ်ကြောင့် မွန်းကျပ်ထားတာတွေ, မပြည့်စုံတာတွေ အကြောင်းပြုပြီး မကောင်းတဲ့လမ်းနဲ့ ထွက်ပေါက်ရှာတာ၊ ကိုယ့်ကိုယ်ကိုယ် ဖျက်နေတာ၊ ကိုယ့်နာမည် ကိုယ်ပြန် သတ်နေတာနဲ့ အတူတူပဲ၊ ဆင်းရဲဆင်းရဲ ချမ်းသာချမ်းသာ လူတိုင်းမှာ အခက်အခဲ ပြဿနာဆိုတာ ရှိတတ်ကြတယ်၊ ဒါပေမဲ့ နှင့်လိုလူချည်း ဖြစ်နေမယ်ဆိုရင် လောကကြီးကို ဦးဆောင်နေတဲ့သူတွေ ဘယ်လိုလုပ် ရှိတော့မှာလဲ၊ အနာဂတ်ကောင်းဖို့ ပစ္စုပ္ပန်မှာ ရပ်တည်တာမှန်ဖို့ လိုတယ်"

သူမမေးလိုက်မိသည့်မေးခွန်းက တစ်ခုတည်းဟု ထင်မိသည်။ သောတ ပြောသွားတာ အများကြီးပါ။ ပြီးတော့ သူမနှင့် …နီးသည့်စကားလုံးစိမ်းစိမ်းတွေ ဖြစ်နေသည်။

ဒါပေမဲ့ စကားလုံးတိုင်းက အလေးအနက်နှင့် တန်ဖိုးရှိနေ၏။ သူမ သောတကို မျက်ဝန်းညို့ညို့များဖြင့် မော့ကြည့်လိုက်သည်။

"နှင် ငါနဲ့အမြဲတမ်း အတူတူ ရှိနေပေးမယ်ဆိုရင် ငါ့ရွေးချယ် …လမ်းကြောင်းတွေ မှန်ကန်လာလိမ့်မယ် ထင်တယ်"

"ဘာ"



www.burmeseclassic.com

www.burmeseclassic.com



''ဘာငါနားနီး တံငါ, မုဆိုးနားနီး မုဆိုးဆိုတဲ့စကား ရှိတယ် ...ဟုတ်လား''

ပတ်ဝန်းကျင်ရဲ့ အရောင်ပြောင်းလဲမှုက ပိုပြီး မြန်တယ် ...ထင်တယ်၊ ငါကျင်လည်ခဲ့တဲ့ ပတ်ဝန်းကျင်က ဘာကိုမှ အလေ... အနက် မထားဘူးဟ၊ ဘဝကို ဖြစ်သလို ဖြတ်သန်းနေကြတာ၊ ... လည်း အဲလိုနေရတာကို ပျော်ခဲ့တယ်''

''အေးလေ၊ ငါကြိုးစားကြည့်ပါ့မယ်''

''ဒါပေမဲ့ အနွယ်တော်လို တန်ဖိုးကြီးမိန်းမတစ်ယော... ဖြစ်ချင်မှ ဖြစ်လာမှာနော်''

''လာပြန်ပြီလား ဒီအနွယ်တော်''

'''နင်နဲ့ အနွယ်တော်က တွဲလျက်ကြီးကို မပြောလို့ ဖြစ်မလာ... ဒါဆိုရင် အနွယ်တော်အတွက် အသုံးချနေရတဲ့ နင့်ရဲ့အချိန်တွေအ... လုံး ငါ့ကိုပေးနိုင်လား၊ ကဲ ပြော''

ခပ်ညိုညိုမျက်ဝန်းတွေမှာ စူးရှအားကောင်းလျက် သူမျ... ဝန်းတွေထဲ တည့်တည့်စိုက်ကြည့်နေရာမှ နည်းနည်းလေးမှ လွှဲမယ်... သွားချေ။ သူက ဖျတ်ခနဲ ပြန်ထိုင်ချလိုက်ပြီး နီညိုရောင်သန်းနေသေ... ကန်ရေပြင်ကို မမှိတ်မသုန် စိုက်ကြည့်နေရာမှ သက်ပြင်းငွေ့ငွေ့... လျက် –

''အဲဒီအတွက် အဖြေလုံလုံလောက်လောက် မပေးနိုင်...





...အနွယ်တော်က စိတ်ထားပြည့်ဝတဲ့သူဆိုတာကိုတော့ ငါပြောနိုင် ...ယ်၊ ပြောချင်တာက နင်နဲ့ငါရဲ့ ရင်းနှီးမှုကို အနွယ်တော် ကန့်ကွက် ...ဟုတ်ဘူး''

သူမကတော့ သဘောထား သေးသိမ်ညံ့ဖျင်းသူ ဖြစ်နေခဲ့ ...

ဘယ်အရာမှ အနွယ်တော်နှင့်တုနှိုင်းမရတာ ကိုယ့်ကိုယ်ကိုယ် ...ပါသည်။ မနာလို သဝန်တိုတတ်လာခြင်းက အချစ်ရဲ့ အခြေခံ ...င့် မဟုတ်ပါလား။

ဒါဆို သောတဆိုသောလူငယ်လေးကို သူမ ချစ်တတ်လာခဲ့ ... ဖြားယောင်းသွေးဆောင်ခြင်းမရှိသော သောတရဲ့ ရိုးစင်းသည့် ...အမူများအောက်မှာ သူမ သိမ်းပိုက်ညို့ယူခြင်း ခံလိုက်ရပြီ ထင် ...

သောတသာ ချစ်တတ်လာခဲ့မည်ဆိုလျှင် သူမ နှလုံးသား ...လို ကျရှုံးနေပါစေ၊ ပျော်ဝင်နှစ်သက် မြတ်နိုးနေမိမည်သာ။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၁၄ )

"ဟဲ့ လာမယ့် နိုဝင်ဘာဆယ့်ငါးရက်နေ့က ငါ့မွေးနေ့

အိမ်မှာ ဘုန်းကြီးဆွမ်းကျွေးမယ်၊ ပရဟိတကျောင်းတွေ, မိဘမဲ့

တွေကို ငွေပဒေသာပင် လှူမယ်၊ နင်တို့နှစ်ယောက်လုံး လာ

နော် သောတနဲ့စူး၊ မလာရင် ငါစိတ်ဆိုးမှာ"

"ဩော် လာမှာပေါ့ဟာ၊ အလှူရှင် ဒါနမြောက်အောင်

ပေးရမှာပေါ့၊ ဗိုက်ပေါက်အောင် ဆွဲမယ်၊ စိတ်မပူနဲ့"

သောတက အရွှတ်အနောက်နှင့်။

စူးက စိတ်ဝင်စားသွားကာ စားပွဲပေါ် မေးလေးထော

"အနွယ်တော်မွေးနေ့က နိုဝင်ဘာ ဆယ့်ငါး ဟုတ်

"အေးလေ၊ ဘာဖြစ်လို့လဲ ဝေ့လည်ကြောင်ပတ် မ





စူး လာဖြစ်အောင် လာရမယ်"

"အေးပါ၊ ငါက အံ့ဩလို့၊ ငါလည်း အဲဒီရက် ဆန်းဒေး

တာ"

"ဘာ တကယ်လား၊ အို နင်နဲ့ငါက မွေးနေ့မွေးရက်တူပြီး

နာမည်က ဆင်ဆင်တောင် မတူရတာလဲ၊ နင့်နာမည်က မွေးနံ

ည်း မကိုက်ဘူး စူးတစ်လုံးတည်းလား တခြားနေ့နံနဲ့ တွဲထားတာ

လား"

"ဟင့်အင်း၊ မာမီပေးထားတာ စူးတစ်လုံးတည်း၊ တစ်ခါ

စူးစူးလို့သုံးတယ် ဒါပဲ"

"ဟား အဲဒီနေ့ကတော့ ဗိုက်ခွေးနမ်းတော့မှာပဲကွာ၊ စူး

ည် မွေးနေ့ ဘာလုပ်မှာလဲ ဘာကျွေးမှာလဲ"

သောတက အားတက်သရော မြူးမြူးကြွကြွလေးမေးသည်။

နာလေးက ပိုင်တွေမှုန်မှိုင်းသွားကာ ထိုင်ခုံကို ကျောကပ်မှီလိုက်

သက်ပြင်းပူကြီး မှုတ်ထုတ်၏။

"ငါ့ဘဝမှာ မွေးနေ့ပွဲရယ်လို့ ဘာအမှတ်တရမှ မရှိဘူး။

ည်း မလုပ်ဖူးဘူး။ ဖေဖေရှိတုန်းက အမှတ်တရ လက်ဆောင်

လေးတွေ ဝယ်လာတတ်တယ်၊ မာမီကတော့ သူမွေးထားတဲ့

တောင် မှတ်မိပါရဲ့လား မသိဘူး၊ ဖေဖေဆုံးပြီး ဆယ်တန်း

တဲ့နှစ်ရဲက မွေးနေ့မွေးရက်မွေးလတိုက်ဆိုင်တဲ့ နှစ်မှာ ငါ



www.burmeseclassic.com

www.burmeseclassic.com



…ဆီက တစ်ခုတောင်းဆိုဖူးတယ်''

ဘာလဲလို့ ဘယ်သူမှ မမေးကြပေမယ့် သောတရော အ… တော်ရော စိတ်ဝင်စားစွာ မျက်လုံးလေးတွေ ပြူးလျက် နားစွင့်… သည်။ စူးမျက်ဝန်းမှာတော့ မျက်ရည်တွေ ကြွေကျတော့မလို … လက်တောက် ပြည့်လျှံနေသည်။

''ငါလေ မာမီ့ကို မေမေလို့ ခေါ်ချင်ခဲ့တယ်၊ ယ်က… က နှုတ်ကျိုးနေခဲ့တဲ့ မာမီလို့ခေါ်ရတာကြီးက ငါ့အတွက် အ… နေသလိုပဲ၊ အဲဒါကြောင့် မေမေခေါ်ခွင့် တောင်းဆိုခဲ့တာပါ။ … မာမီခွင့်မပြုခဲ့ဘူး၊ အဲဒီနေ့တည်းက ငါလည်း ငါ့ရဲ့စိတ်တွေကို … ဆီမှာ မမြှုပ်နှံ့တော့ဘဲ ရေစုန်မျောပစ်လိုက်တာ''

''ဟို နင်ဘာမှ စိတ်မကောင်းမဖြစ်ပါနဲ့ဟာ အဲဒီ… အနွယ်တော်တို့အိမ်သွားပြီး လိုအပ်တာတွေ လုပ်ကိုင်ပေး… ကုသိုလ်ယူကြတာပေါ့၊ နောက်ပြီး အနွယ်တော် ပရဟိတ… တွေ၊ မိဘမဲ့ဂေဟာတွေ သွားလှူတဲ့အခါကျလည်း ကိုယ်လည်း … ငွေ ဘာတွေ လိုက်လှူလို့ ရတာပဲ၊ တခြားအမှတ်တရလုပ်ချင်… တယ်ဆိုလည်း ငါတို့ရှိသားပဲဟာ၊ ငါတို့ လုပ်ပေးမှာပေါ့''

သောတက နှစ်သိမ့်သလို အနွယ်တော်ကလည်း စူး… ကလေးကို ဖွဖွထွေးဆုပ်ကိုင်ထားပြီး –

''ငါလည်း ငါ့မိတ်တွေကို နင့်အကြောင်းပြောပြထားဖူး…





…တွေလည်း နားလည်လက်ခံပေးကြမှာပါ။ မွေးနေ့မွေးရက် ဝူနေ … ငါတို့အိမ်မှာ နင့်မွေးနေ့လေးပါ တစ်ခါတည်း ဆင်နွှဲကြတာ …ော် စူး''

''အေး အေးပါ၊ နင်တို့နှစ်ယောက် အဲလိုအားပေးတာ …တင်ပါတယ်ဟာ အားလည်းရှိတယ်၊ ငါတို့ ဒီထက်ပိုပြီး စော …တွေ့ခဲ့ကြရမှာနော်''

''အခုလည်း နောက်မကျသေးပါဘူး စူးရယ်၊ မနေ့ကထိ …ပ် ရှိနေခဲ့တဲ့ အတိတ်ကို ထားခဲ့လိုက်၊ အခုလက်ရှိ ပစ္စုပ္ပန် … အနာဂတ်တစ်ခုကို လှမ်းမျှော်ကြည့်ပြီး ကိုယ်ဘာလုပ်သင့် … ဘာတွေ ပြုပြင်ပြောင်းလဲသင့်တယ်ဆိုတာ တွေးနေပါ၊ နင့်ရဲ့ …သုံ့မှာ ငါရှိတယ် စူး''

သောတစကားရဲ့ သက်ရောက်မှုကို အနွယ်တော် အံ့ဩသွား …ယ့် စူးက သဘောပေါက်စွာ လေးလေးနက်နက် ပြုံးသည်။

''အရင်ချိန်တွေကိုတောင် နှမြောလာပြီ သောတ၊ အဲဒါ …ကြောင့်လည်း နင်တို့နဲ့ အတွေ့နောက်ကျတာကို စိတ်မကောင်း ဖြစ် …ာပါ၊ ဒီမွေးနေ့အလွန်မှာ ငါ အရာရာပြုပြင်ပြောင်းလဲဖို့ ဆုံးဖြတ် …ပါတယ်၊ ဩော် ဒီနေ့ ငါ့ကား ဝပ်ရှော့အပ်ထားလို့ ငါ့ကို …ပြန်လိုက်ပို့နိုင်မလားဟင်''

''ဩော် အင်း ဟိုလေ ကားနဲ့ တစ်ခါတည်းလိုက်ခဲ့လေ၊



www.burmeseclassic.com

www.burmeseclassic.com



အနွယ်တော်ကို အရင်ဝင်ပို့ပြီး နင့်ကိုလည်း နင့်အိမ်ရောက်အော
ပြန်လိုက်ပို့ပါမယ်''

''နေ နေပါစေ သောတ၊ ငါ့အိမ်က ဒရိုင်ဘာလုမ်းခေါ်
ငါ့ဘာသာ ပြန်လိုက်ပါ့မယ်၊ ဟိုလေ ပြီးခဲ့တဲ့အပတ်က သင်ခန်း
တစ်ခု ငါနားမလည်တာလေး ဆရာကိုမေးချင်လို့ ငါအရင်သွာ
လိုက်မယ်နော်''

''ဟိတ် ဟိတ် အနွယ်ပော်''

အနွယ်တော်က သောတခေါ်သံကို မကြားတာလား
ကော်ရီဒိုင်လေးထဲက ခပ်သုတ်သုတ် ထွက်သွားသည်။ လမ်းတ
ကို ကူး၍ သင်တန်းရှိရာ အဆောက်အအုံသို့ ခပ်မြန်မြန်ပင် ပြေး
သွား၏။

''အနွယ်တော် စိတ်ဆိုးသွားတာလား မသိဘူးနော်''

''ဘာကိုလဲ''

''ငါက ပိုင်စိုးပိုင်နင်း အိမ်ပြန်လိုက်ပို့နိုင်းနေတာကို။ ပြီး
နင်ပြောတဲ့စကားအဓိပ္ပာယ်''

ရှူးက စကားကို အဆုံးမသတ်ဘဲ တိခနဲ ဖြတ်ပစ်လိုက်
သူမနားလည်သဘောပေါက်သွားတာကို သိစေချင်တာ ဖြစ်မည်

''ဟို အနွယ်တော် စိတ်ဆိုးသွားတာ မဟုတ်လောက်ပါ
နင့်ကို ငါပြောဖူးတယ် မဟုတ်လား။ အနွယ်တော်က စိတ်သဘော





ည့်ပေါ်တယ်လို့ လာပါ အနွယ်တော် ဆရာကို စာမေးတာ ဟုတ်ရဲ့
း သွားကြည့်ရအောင်''

ပိုက်ဆံကို ခပ်လောလော ရှင်းပေးလျက် သောတ ရှေ့က
အရင်ဆုံး ထွက်သွားသည်။ အနွယ်တော် စိတ်ဆိုးတာ ဟုတ်လား။
ဟုတ်လား သောတအရေးတကြီး သိချင်နေတာများလား။

''ဟော ငါမပြောဘူးလား။ အနွယ်တော် စိတ်မဆိုးပါဘူးလို့''

ခန်းမထဲ ဝင်လိုက်ရင်ပဲ သင်တန်းဆရာစားပွဲရှေ့မှာ ထိုင်နေ
သော အနွယ်တော်ကိုမြင်လိုက်ရသည်နှင့် သောတမျက်နှာ ပြုံးယောင်
သွားကာ ရှူးကို လှမ်းပြောလိုက်သည့် အသံလေးမှာလည်း ပေါ့ပါး
လက်နေသည်။

ဒီလောက်တောင်ပဲ အနွယ်တော်ကို ဂရုစိုက်နေခဲ့သည်တဲ့
သင်တန်းပြီးချိန်မှာလည်း သူ့ကားပေါ်မှာ ထိုင်စောင့်နေသော
ကို အားမနာနိုင်ဘဲ အနွယ်တော်နားမှာ အကြာကြီးရပ် စကားပြော
သည်။

အနွယ်တော်တို့အိမ်က ကားလာကြို့မှ လက်ပြနှုတ်ဆက်ပြီး
ကားပေါ်ကို တက်လာတာဖြစ်၏။

''နင့်အိမ်ကို တန်းခနဲ ပြန်လိုက်ပို့ရမှာလား၊ ဘယ်လိုက်ပို့
ဦးမလဲ ရှူး''

''အနွယ်တော်က အဲလောက်တောင် အရေးပါနေသည်း



www.burmeseclassic.com

www.burmeseclassic.com



သူ့ကိုပဲ ကားနဲ့ပြန်လိုက်ပို့လိုက် ပြီးရော သောတရယ်၊ အခု
သူ့အိမ်က ကားမလာမချင်း ရပ်စောင့်ပေးနေရတာ နင်မညောင်း
လား''

သူမရင်ထဲက သဝန်တိုမှုက သောတနှင့် ဘာမှ မသက်
သေးပါဘဲ ထိန်းချုပ်မရစွာ လေသံမာမာနှင့် ထော့ထော့ငေါ့ငေါ့ ပေါ
ကွဲမိသည်။ သောတက ကားစက်နှိုးပြီး သိမ့်ခနဲ မောင်းထွက်လ
သူမဘက်ကို တစ်ချက်ငဲ့ကြည့်ကာ –

''သူ့အိမ်က တာဝန်ပေးထားတာကို ငါ့ဘက်က ပျက်ကွ
တာ၊ အဲလောက်တော့ ဒုက္ခခံပေးရမှာပေါ့ကွာ၊ တကယ်ဆို နင်လ
အဖော်ရအောင် အတူတူ ရပ်စောင့်ပေးနေသင့်တာ''

''ဪ နင်က ငါ့ကိုတောင် အပြစ်တင်လိုက်သေး
ပေါ့၊ နင့်ကားပေါ်မှာ အနွယ်တော်ထိုင်နေကျနေရာ ငါထိုင်
မကျေနပ်နေတာလား''

''ကျို''

လူရှင်းသော လမ်းဘေးကျကျမှာ ကျိုခနဲ ဘရိပ်ဆောင်
လျက် ကားကို ထိုးရပ်ပစ်လိုက်သည်။ စူးဘက်ကိုလည်း မျက်
နှင့်တည့်တည့်လှည့်၍ –

''နင် ဘာဖြစ်နေတာလဲ စူး၊ နင် စကားပြောတာတွေ အ
စည်းလွတ်နေပြီး တစ်ယောက်နဲ့တစ်ယောက် ပေါင်းသင်းဆက်





နေရာမှာ လူမှုရေးဆိုတာ ရှိတယ်ကွ၊ ရင်းနှီးမှုကို တိုင်းတာပြီး ဘယ်
လို ပတ်သက်မှုမျိုးပါလို့ တစ်ဖက်သတ် ဝေဖန်လို့လည်း မရဘူး၊
အနွယ်တော်သာ နင့်လိုစိတ်မျိုးရှိမယ်ဆိုရင် နင်နဲ့အပေါင်းအသင်း
မလုပ်ဖို့ တားပိုင်ခွင့် ပြောပိုင်ခွင့်ပါမစ် သူ့မှာရှိနေတယ် နင်သိလား၊
ဒါပေမဲ့ အနွယ်တော် အဲလိုမလုပ်ဘူး၊ မိဘတွေကို အသိပေးတိုင်တာ
တွေ ဘာတွေလည်း မလုပ်ဘူး၊ သူရော ငါရော နင့်ကို သနားကြ
တယ်၊ ကိုယ်ချင်းစာတယ်၊ စိတ်ထင်ရာ ရွပ်စွဲပုတ်ခတ်တာတွေ မလုပ်
ပါနဲ့၊ ငါတို့နှစ်ယောက်ရဲ့ ရိုးသားမှုကို အရောင်ဆိုး ကြက်ခြေခတ်
မယ်စ်ပါနဲ့''

လေသံပြင်းသည်။ စကားလုံးတွေက မာကျောနေ၏။

မျက်နှာတစ်ခုလုံးက မခံရပ်နိုင်စွာ ဒေါသတို့ဖြင့် နီမြန်း
တင်းထန်နေ၏။

စူးရင်ထဲ လှိုက်ဖိုစွာ ကားပြတင်းပေါက်ဘက်ကိုလှည့်၍ ငြိုး
ငိုက်မိသည်။ ဒီအသံကို ကြားချင်တာ။ ဒီစကားတွေကို နားထောင်
ချင်တာ။ ရိုးသားတာကို သက်သေပြချင်လို့ ပေါက်ကွဲနေတာ မဟုတ်
ပါလား။

ဟိုတစ်ချိန်က အနွယ်တော်ကို ချစ်နေသော မင်းခေါင်ကို
ကိုယ်က တကယ်မချစ်ပါဘဲ ပတ်သက်အောင် ကြိုးစားခဲ့သည်။ လှည့်
ခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



အခုတော့ တကယ်ရင်ထဲက ချစ်တတ်လာပြီမို့ သေးသိမ်စွာ လုယူရသောအလုပ်ကို မလုပ်ချင်။

အနွယ်တော်နဲ့ ပြတ်ပြတ်သားသား ကင်းကင်းရှင်းရှင်းဆိုရင် ငါ့ရင်ထဲ နှင့်ကို အပိုင်သိမ်းထားချင်လို့ပါ သောတ၊ မငြိုငြင်လိုက်ပါနဲ့

✿ ✿ ✿

## အခန်း ( ၁၅ )

“ဘာ ဘာပြောတယ် နှိုင်းမဟာ၊ ဘဏ်မှာ အပ်ထားတဲ့ ငွေတွေ၊ ငါစုဆောင်းထားတဲ့ မီးခံသေတ္တာထဲက ရွှေတွေ အားလုံး လုပ်ငန်းတစ်ခုထဲမှာ ရင်းနှီးမြှုပ်နှံလိုက်တယ်၊ ဟုတ်လား၊ ဘယ်လို ဖြစ်ရတာလဲ၊ ဒါ ဘယ်လိုဖြစ်ရတာလဲ”

“ဒီဘက်ကလုပ်ငန်းတွေ သိပ်အဆင်မပြေလို့ အဆောက်အအုံ ကန်ထရိုက်ဆွဲတဲ့ဘက်မှာ ရှယ်ယာဝင်လိုက်တာပါ မေမေ၊ တစ်နှစ် နှစ်နှစ်လောက် စောင့်ပြီးရင် အရင်းရော အမြတ်ငွေရော ရှိနေပါမှာပါ ဟို”

“မင်း ငါ့ကို ဘာမှမတိုင်ပင်ခဲ့ပါလား၊ အသိမပေးခဲ့ပါလား။ ဒီဘက်က လုပ်ငန်းကရော ဘာအဆင်မပြေစရာရှိလဲ၊ ငါလုပ်ခဲ့တုန်းက

www.burmeseclassic.com

www.burmeseclassic.com



အပ္ပံဆိုတာ မရှိဘူး၊ သူများမျက်နှံမွေးပေါ် စကြံလျှောက်လို့ရအောင် အောင်မြင်ခဲ့တယ်၊ မင်းတို့ဘဝ ဒီလိုအခြေအနေနဲ့ ရပ်တည်နိုင်ခဲ့တာ ဒီလုပ်ငန်းကြောင့်ပဲလေ၊ အရင်းအနှီးဆိုတာလည်း လုံလောက်ရုံတာ မကဘူး ပိုလျှံအောင်ထိ ငါပေးထားခဲ့တာပဲ၊ အ အခုဟာက ငါမသေ ခင် ငါ့မြေးမလေး မွေးနေ့မှာ တရားဝင်လွှဲပြောင်းပေးဖို့ စီစဉ်ထားတာ ဘယ်လိုလုပ်ရမလဲ၊ ဘာလုပ်ရတော့မလဲ ပြောစမ်းပါဦး''

ဒေါ်တင်တင်သော် အသားတဆတ်ဆတ်တုန်နေလျက် ဆိုဖာခုံပေါ် ပုံခနဲပစ်ထိုင်ချရင်း မျက်ရည်တွေ တသွင်သွင်စီးကျ သည်။ နှိုင်းမဟာလည်း ခြေတုန်လက်တုန်ဖြင့် ချွေးစေးတွေ ပြန် ၏။

ဒီကိစ္စ ဖုံးဖုံးဖိဖိ လုပ်နေခဲ့တာ မေမေသိပြီး စိတ်ဆင်းရဲ စိုးလို့ပါ။ မီးခံသေတ္တာဆိုတာလည်း မေမေက တစ်နှစ်ရှိလို့ တစ် ဖွင့်မကြည့်တော့တာမို့ လုပ်ငန်းလည်ပတ်လို့ ငွေပြန်ရမှ ပြန်ထည့် မည်ဆိုပြီး သိုသိုသိပ်သိပ် မသိန်းနား လုပ်ခဲ့မိသည်။ ခုတော့ သမီး မွေးနေ့နီးလာပြီမို့ တရားသူကြီးတစ်ယောက်နှင့် အမွေလွှဲပြောင်းဖို့ကိ တွေ လုပ်ရင်း ဘာမှမရှိတော့တာကို သိသွားခဲ့သည်။

လုပ်ငန်းလုပ်ဖို့လည်း လက်လွန်ပြီးပြီမို့ သူဘာမှ မတတ်နိုင်

''မေမေရယ်၊ သမီးကို အမွေပေးမှာပဲဥစ္စာ၊ လုပ်ငန်းထဲ အမြတ်ငွေပြန်ရတာနဲ့ တန်းခနဲ လွှဲပြောင်းပေးလို့ ရပါတယ်၊ စိ





ကောင်း မဖြစ်ပါနဲ့နော်''

''မဖြစ်လို့ ရမလား၊ ဒီကြားထဲမှာ ငါသေသွားရင် ဘယ်လို လုပ်မလဲ၊ ငါ့မှာ ဒီမြေးမလေးတစ်ယောက်တည်းရှိတာပါ၊ သူ မိထောင် ရက်သားကျတာကိုလည်း မြင်သွားချင်တယ်၊ ကဲ ပြစမ်း မင်းလုပ်ငန်းလုပ်ထားတယ်ဆိုတဲ့ စာချုပ်စာတမ်းတွေ ရှိသမျှ ည်းတွေ ပုံအောပြီး လုပ်ရအောင် ဘယ်လောက်ကြီးကျယ်တဲ့ လုပ်ငန်းမို့လဲ''

''ဟို မြေကွက်တွေကို လေလံဆွဲပြီး အဆောက်အအုံတိုက် ဘ ပြန်ဆောက်ဖို့ပါ မေမေ၊ ငွေကအရင်းအနှီးများတော့ တစ်ဦး တည်းပိုင် ဘယ်သူမှ မလုပ်နိုင်ကြဘူး မဟုတ်လား၊ ရှယ်ယာတွေစု ပြီး အမြတ်ငွေပြန်ရှာရမှာပေါ့''

''အဲဒါ မင်းကျွမ်းကျင်တဲ့ နားလည်တဲ့ အလုပ်လား၊ ငါ ည့်ထောင်အမွေပေးလိုက်တဲ့ အလုပ်ကိုတောင် အောင်မြင်အောင် လုပ်နိုင်ခဲ့တဲ့နဲ့ ဒီအလုပ်ကရော အောင်မြင်မှာ သေချာလို့လား၊ မစဉ်း စား မဆင်မခြင်နဲ့ ငါ့ကို မတိုင်ပင်ဘဲ လုပ်ရက်တယ် နှိုင်းမဟာရယ်၊ ဘာမှ အသုံးမကျတော့တဲ့ မိန်းမကြီးဆိုပြီး လုပ်ရက်တာလား''

''ဟာ မေမေ မေမေ၊ နွယ်လုပ်ပါဦး မေ မေမေ''

ဒေါ်တင်တင်သော် ပြောရင်းနှင့် အသံတိမ်ဝင်သွားကာ ခွေ ခေါက်လဲကျသွားသည်။ နှိုင်းမဟာနှင့် ခက်ခက်နွယ် ပျာယာခတ်လျက်



www.burmeseclassic.com

www.burmeseclassic.com



မိသားစုသရောဝန်ဆီ ဖုန်းဆက်အကြောင်းကြား၊ ကုသရသည်။

သွေးပေါင်ချိန်တက်ပြီး လေဖြတ်သွားပါသည်တဲ့။ အမြန်ဆုံး ဆေးရုံတင်လိုက်ရသည်။ ဦးနှောက်သွေးကြောပြတ်ပြီး ဆုံးပါးမသွားတာပဲ ကျေးဇူးတင်ရမည်။

သူ့မိုက်ပြစ်တွေ၊ သူမကောင်းခဲ့တာ။

ဟင့်အင်း ကံကြမ္မာ မကောင်းတာပဲ ဖြစ်မည်။ သူ အလုပ် ကြိုးစားနေပါလျက် ဆုံးရှုံးမှုတွေ များခဲ့တာ ကံကြမ္မာပဲပေါ့။

အခုရင်းနှီးမြှုပ်နှံထားသည့် လုပ်ငန်းကလည်း ဘာတွေ ဖြစ် လာဦးမည် မသိ။ မြေကွက်ကို ဝယ်ပြီး ငွေချေပြီးမှ ပိုင်ရှင်အစစ်အမှန် ပေါ်လာသည်။

ဒါ ဘယ်လိုဖြစ်တာလည်း သူနားမလည်။ ရောင်းချခဲ့သူက မြေဂရန်နှင့်စာချုပ်စာတမ်း ပြည့်စုံစွာပေးပါလျက် အလွဲသုံးစားမှု ထောင်တန်းပင် ကျနိုင်သည်တဲ့။ ဆုံးရှုံးမှုမရှိအောင် ရောင်းချသူနှင့် ပိုင်ဆိုင်သူကြားမှာ ငွေတွေ ထပ်အကုန်ခံ၍ ညှိနှိုင်းနေကြပါသော် လည်း အဆင်ပြေဖို့လမ်းမမြင်။ နောက်ဆုံးတော့ ရောင်းချသူ ဘာဖြစ် ဖြစ် မိမိတို့ငွေတွေ ပြန်ရဖို့အတွက်သာ ကြိုးပမ်းနေကြရသည်။

ဒီဘက်က လုပ်ငန်းဖာစ်မြစ်ကလည်း အဝယ်အရောင်း ဖောက်သည်မပျက်အောင် လိုက်ရင်း လိုက်ရင်းနှင့် ဆိုင်ခန်းကိုပင် ရောင်းချရတော့မည့်အခြေအနေမျိုး ဖြစ်နေသည်။ ကံဇာတာညံ့နေ





အကုသိုလ်တွေ အလုံးလိုက် အရင်းလိုက် ဝင်ရောက်တိုက်ခိုက် ခံနေရ ခြင်းများလား။

မအေမသိရအောင် သမီးလေး စိတ်မကောင်းမဖြစ်အောင် ... ခင်မယားနှစ်ယောက် ဖုံးဖုံးဖိဖိ တိုင်ပင်ညှိနှိုင်းကြိုးစားနေကြပေမယ့် ... အပ်သမျှ အချီးနှီးဖြစ်နေကြရသည်။

အခု မေမေလည်း စိတ်ဝေဒနာ အပြင်းအထန်ရသွားကာ ဆေးရုံပေါ် ရောက်သွားသည်။ ဆေးရုံစရိတ်တောင် လက်ထဲမှာ ... လုံလုံလောက်လောက်မရှိ၊ အိမ်မှာ ကားနှစ်စီးရှိသည့်အနက် ... ကောင်းသောကားက အပေါင်ထားထားသည်မို့ ကျန်တစ်စီးသာ ... သို့ ဆက်လုပ်လိုက်လျှင် သမီးလေးလည်း သိပေတော့မည်၊ ငွေ ... အမြန်ဆုံးပြန်ရမှဖြစ်မှာ။

ဘာလုပ်ရမလဲ ဘာဆက်လုပ်ရမလဲ။

“ကိုနိုင်း”

“ဟင်”

ခုက်ခက်နွယ်အသံကြောင့် အသက်ရှူပေါက်ပိတ်နေသော ... တွေးတွေထဲက ပင်ပန်းကြီးစွာ လွန့်လူးရုန်းထွက်လိုက်ရသည်။

“မေမေကို နပ်စ်နဲ့ထားခဲ့ပြီး အိမ်ပြန်ဦးမှ ဖြစ်မယ်ထင်တယ်၊ ... လေး သင်တန်းကပြန်ရောက်နေရင် သူ့အဘွားအတွက် အရမ်း ... မကောင်းဖြစ်နေလိမ့်မယ်၊ မေမေသတိရလာတော့ ဒီအကြောင်း



www.burmeseclassic.com

www.burmeseclassic.com



တွေကြောင့် သူ ဒီလိုမျိုး ဖြစ်သွားရတာကို မြေးလေးကို ပြောမပြပါနဲ့တဲ့၊ ပိုင်ဆိုင်မှုတွေ မရှိတော့တာသိရင် သမီးလေး စိတ်ထိခိုက်မှာ စိုးရိမ်လို့ထင်တယ်''

''အေးပါကွာ၊ ကိုယ်လည်း သမီးလေးကို အဆုံးစွန်အထိ မသိစေချင်ပါဘူး၊ ဒါနဲ့ မေမေ့ရောဂါ ဆရာဝန်ကြီးတွေ ဘာပြောလဲ''

''သူတို့လည်း အစွမ်းကုန် ကုသပေးနေကြတာပါ၊ ဆေးရုံရောက်တာလည်း မြန်လို့ အခြေအနေကောင်းပါတယ်တဲ့လေ၊ လူကောင်းပကတိလို ဖြစ်ဖို့တော့ အချိန်ယူရမယ်တဲ့၊ ဒီကြားထဲမှာ စိတ်ထိခိုက်စရာ ထပ်မဖြစ်ဖို့တော့ သတိပေးတယ်''

ကြားရနိုင်သေးသည့် သတင်းတွေ ရှိနေသေးတာ သူ ဘယ်လို ဖိတ်ပင်တားဆီးရမလဲ၊ မေမေ့ကိုတော့ အဆုံးရှုံးမခံနိုင်

ဖြစ်တဲ့နည်းနှင့် ဒီငွေတွေ ပြန်ရအောင် ကြိုးစားရမည်၊

စိတ်ရောကိုယ်ရော အရမ်းကို ပင်ပန်းလှ၏။ ဒါပေမဲ့လည်း

✿ ✿ ✿



## အခန်း ( ၁၆ )

''သမီးပြန်လာရင် သမီးမာမီက သူ့စာကြည့်ခန်းထဲကို လွှတ်[illegible]ပါလို့ ပြောထားတယ်''

''ရှင် မာ မာမီက''

မယုံနိုင်အောင် အံ့အားသင့်နေမိသည်။ မာမီက ဘယ်အချိန်[illegible]ကာများ သူမကို တကူးတက ခေါ်တွေ့ဖူးလို့လဲ။ တစ်ခါတစ်ရံ[illegible] အိပ်ရာဝင်ခါနီး နွားနို့သောက်ဖို့ စေတနာသန့်သန့်နှင့် အိပ်ခန်းထဲ[illegible]ရောက် သွားပို့ခဲ့တာတောင် ပြန်ယူသွားဟု အော်ငေါက်လွှတ်သည့်[illegible] ရှိသလို နောက်ဘယ်တော့မှ လာမပို့နဲ့ဟု ပြင်းပြင်းထန်ထန်[illegible]ဘင်းမာမာ ကန့်ကွက်တတ်သည်လည်း ရှိသည်။

သူမ အပင်ပန်းခံ ချက်ပြုတ်ထားသမျှ တစ်ခါမှ ဟက်ဟက်[illegible]



www.burmeseclassic.com

www.burmeseclassic.com



ပက်ပက် စားသည်ဆိုတာ မရှိ။ မာမီ မနက်စာ နေ့လယ်စာ ည
ဘယ်ဟိုတယ်မှာ ဘယ်နေရာမှာ ဘယ်လိုစားသောက်နေလဲ သေ
မသိပါ။

ဒါဟာ ဖေဖေဆုံးပြီးတဲ့ အချိန်ကတည်းက ဖြစ်သည်

"ဖူး သမီးလေး သွားလေကွယ်၊ သမီးလေး အရင်
ကလို အိမ်ပြန်ချိန်တွေ အရမ်းနောက်မကျလို့ တော်သေးတာ
သူခေါ်တွေ့တာ အကြောင်းတော့ရှိမယ်"

"မာမီ ဘာတွေ ပြောမလဲမသိဘူးနော်"

"ဘယ်သိပါ့မလဲကွယ်၊ ဘာပဲဖြစ်ဖြစ် သူပြောတာနားထေ
ပြီး ကြီးကြီးကို ပြန်ပြောနော်၊ ကြီးကြီးညည့်ခန်းထဲမှာ ထိုင်စောင့်
မယ်၊ မခံစားနိုင်အောင် ပြောဆိုပြီဆိုရင်လည်း သူ့ရှေ့မှာ အပေါ်
ခဲ့နဲ့၊ ကြီးကြီးရှိတယ် ကြီးကြီးကို ရင်ဖွင့်တိုင်ပင် သိလား"

ကြီးကြီးက စိတ်မချစွာ တတွတ်တွတ် မှာသည်။ ဖူးလေ
ခြေတုန်လက်တုန်ဖြင့် အပေါ်ထပ် တက်သည့် ကျွန်းပွတ်လုံး
လက်ရန်းတွေကို အသာထိန်းကိုင်ပြီးမှ တက်ခဲ့ရသည်။

မာမီက သူမကို စာကြည့်ခန်းထဲက ထိုင်စောင့်နေသည်
အခန်းတံခါးကိုခေါက်ဖို့ မဝံ့မရဲ ဖြစ်နေရသည်။

ဘယ်လိုအကြည့်စိမ်းမျိုးနှင့် သူမကို နာကျင်အောင် ပြေ
မှာလဲ။





ဘာပဲဖြစ်ဖြစ် အသားမာတက် ကျင့်သားရနေသော သူမ
ယုံသားတွေက ခံနိုင်ရည်ရှိလောက်ပြီတော့ ထင်ပါသည်။

"ဒေါက် ဒေါက်"

အသံပေးတံခါးခေါက်ပြီးမှ တံခါးလေးကို ခပ်သာသာ ဆွဲဖွင့်
သာခဲ့သည်။ မာမီက စာကြည့်ခန်းထဲက ဆိုဖာခုံမှာ ခြေချင်းချိတ်
ခပ်မတ်မတ် လက်ပိုက်ထိုင်နေသည်။ အခန်းတံခါးကို အသံမမြည်
အောင် ဖွဖွညင်သာ ပြန်ပိတ်ပြီးမှ မာမီရှေ့မှာ ရိုကျိုးစွာ ရပ်နေရသည်။

အနီရဲရဲ အပွင့်အခက်များသည့် ထက်အောက်ဝမ်းဆက်
ထားသော မာမီမျက်ဝန်းမှာ ဖူးရှုအားကောင်း ရဲရင့်တောက်ပနေ
သည်။

ဆံနွယ်တွေကို နဖူးက သိမ်းလှန်လျက် ပြည့်ဝိုင်းသာမျက်နှာ
ပဲကြားနေပြီး မဟာဆန်သော အလှတွေကို ပိုင်ဆိုင်ထားသည်။

"ထိုင်လေ"

"ရှင်"

ရှေ့ကဆိုဖာခုံလေးကို မေးငေါ့ပြတာမို့ ဖူး အံ့ဩရပြန်သည်။
နှင့် မျက်နှာချင်း မဆိုင်ဖြစ်တော့တာ ဘယ်လောက်ကြာခဲ့ပြီလဲ။
တုန်ယင်ယင် ဝင်ထိုင်ရင်း အပြစ်မလုပ်ထားမိပါဘဲ မဝံ့မရဲ ခေါင်းငုံ့
မိသည်။ ဖူးရဲရဲ မာမီ့အကြည့်အောက်မှာ သူမတစ်ကိုယ်လုံး
ယ်ကျုံ့ဝင်နေသည်။

www.burmeseclassic.com



''ညည်းမွေးနေ့ပွဲ မလုပ်ချင်ဘူးလား''

''ရှင် ဟုတ် ဟုတ်ကဲ့''

''အေး တခြားနေရာတွေမှာ တခြားလူတွေ အများကြီ ဖိတ်တာမျိုးတော့ ငါမကြိုက်ဘူး သူငယ်ချင်းတွေ အများကြီးလည်း မဖိတ်နဲ့ အခု ညည်းတက်နေတဲ့သင်တန်းမှာ သူငယ်ချင်းနှစ်ယော ရှိတယ်မဟုတ်လား၊ သူတို့နှစ်ယောက်ကို အိမ်မှာခေါ်လိုက်၊ စ သောက်ဖို့အတွက် ဟိုတယ်က ကြိုက်တာမှာ၊ ပြီးတော့ ညည်း ပျော်သွားအောင် တန်ဖိုးကြီးပစ္စည်း မဲဖောက်ပေးမယ်''

သူမ ဘာစကားမှ မတုံ့ပြန်နိုင်အောင် ရင်ထဲမှာ တလှ လှိုက် ပျော်သွားမိသည်။ မာမီဘက်က ဒီလိုစကားမျိုး ထွက်လာ မယုံနိုင်အောင် အံ့ဩစရာကောင်းလှသည်။ ပိုပြီး အံ့ဩဖို့ကောင်း က သူမမှာ သူငယ်ချင်းနှစ်ယောက်ရှိတာကိုပါ သိနေ၏။

သောတနှင့်အန္ဓယ်တော်။

မာမီ သူမကို ချစ်မြတ်နိုးလို့ စိတ်မချနိုင်လို့ ဘယ်လိုလူ တွေနှင့် ပေါင်းသင်းဆက်ဆံနေသလဲ၊ စုံစမ်းထားခဲ့သည်လား။ ဖြစ်ဖြစ် သောတနှင့် အန္ဓယ်တော်ကို သူမအိမ်လည်ခေါ်ခွင့်ရ မည်။ ဒါပေမဲ့ –

''ဟို အဲ အဲ အဲဒီနေ့ကျရင် စူး သူငယ်ချင်း အန္ဓယ် လည်း မွေးနေ့လုပ်မှာတဲ့ မာမီ၊ သူနဲ့စူးနဲ့က မွေးနေ့မွေးရက် အတူ





နေတယ်။ သူတို့လာလို့ အားမယ်မထင်ဘူး''

''သူတို့ကို ဘာမှမပြောရသေးဘဲနဲ့ သူတို့လာဖို့ အားလား အားလား ညည်းဘယ်လိုလုပ်သိမှာလဲ၊ ခေါ်ကြည့်လိုက်ပါ၊ သူတို့ လာနိုင်ဘူးဆိုမှ တစ်မျိုးစဉ်းစားတာပေါ့၊ ဪ မွေးနေ့ကိတ်ကို မှာပေးမယ်၊ အဲဒီနေ့အတွက် အစားအသောက်ကိုတော့ သူငယ်ချင်း တွေနဲ့ တိုင်ပင်ပြီး သူတို့ကြိုက်တာ မှာပေးလိုက်ပေါ့''

''ဟုတ်ကဲ့မာမီ ဟုတ်ကဲ့''

''အေး သွားလို့ရပြီ''

မာမီအမိန့်သံကို နားထောင်ပြီး သူမပျော်ရွှင်ခုန်ပေါက်ကာ ထွက်လာခဲ့သည်။ လှေကားထစ်တွေကို အထစ်တွေကျော်ကာ ပြေးတက်ဆင်းလာခဲ့ပြီး ဧည့်ခန်းမှာ စိုးရိမ်တကြီး ထိုင်စောင့်နေသည့် ကြီးကြီးပါးနှစ်ဖက်ကို ဘယ်ပြန်ညာပြန် နမ်းလျက် ဂူးခနဲ အသံကျယ် ကျယ် အော်ပစ်လိုက်သည်။

''ဒီကောင်မလေး ဘာဖြစ်လာတာလဲ၊ မအေအခန်းထဲက ထွက်လာပြီး ဒီတစ်ခါပဲ အူမြူးတာ ပျော်တာ မြင်ဖူးပါလား၊ သမီး မအေက ဘာတွေပြောလိုက်လို့လဲ၊ ဘာတဲ့လဲ သမီး''

''မာမီက စူးကို မွေးနေ့ပွဲလုပ်ပေးမယ်တဲ့ ကြီးကြီးရဲ့''

''ဟယ် ဟုတ်ရဲ့လားကွယ်၊ ကြာသာမိုးကြိုး အိပ်မက်များ မက်နေတာလား''



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်မိမိခိုင်လည်း မယုံနိုင်အောင် အံ့သြနေသည်။ ဒါဖြစ်နိုင်... လို့လား။ ဘယ်ချိန်တုန်းက စူးလေးနဲ့ပတ်သက်ပြီး အရေးတယူ နှ... ဖူးလို့လဲ၊ နေသာသလို မျက်နှာလွှဲနေကြရင်း သူစိမ်းပြင်ပြင် ဖြစ်နေ... တာ။ ဖျောင်းဖျလို့မရ နားချလို့မရ။

ပိုးမဒီခင် သူ့စိတ်သူ့သဘောအတိုင်း နေလာခဲ့တာ မဟုတ်... လား။ စူးဆိုတာလည်း အိမ်ဖော်သာသာ သိမ်သိမ်ငယ်ငယ် မဝံ့... ကြီးပြင်းခဲ့ရတာပါ။ ခုတော့ ကြည့်ပါဦး။ မျက်နှာလေးပြုံးလို့ ရွှင်... ပျော်မြူးလို့။ မိမိရင်မှာတောင် ကြည်နူးချမ်းမြေ့နေရသည်။

"ကြီးကြီး"

"ဟင်"

"စူးပျော်လိုက်တာ ကြီးကြီးရယ်၊ ဒီနေ့ည ဘယ်လိုမှ အိပ်... ရမှာမဟုတ်ဘူး"

"အေးပေါ့သမီးလေးရယ်၊ ပျော်ရှာပေမပေါ့၊ ကြီးကြီးလည်း... သမီးတို့သားအမိ နှစ်ယောက် အဲလို အပေးအယူ မျှတနေရင် စိတ်... ချမ်းသာတာပေါ့ကွယ်"

ဘယ်လိုကြောင့် လိုက်လျောတာလဲ၊ ဘာကြောင့် ပြောင်း... တာလဲ။

ဘာမှန်းမသိပေမယ့် တခဏ ဖြည့်ဆည်းပေးမှုလေးက ရင်... လှိုက်လှိုက်တက်ကာ တစ်ညလုံးပင် အိပ်လို့မပျော်နိုင်။ ဘယ်လူ...





...နှင့် မိုးစင်စင်လင်းအောင်သာ ဆုတောင်းနေမိသည်။

သူမ သောတကို ရင်ဖွင့်ရဦးမည်။ ဖုန်းကြိုဆက်၍ သောတ ...သင်တန်းစောစောလာဖို့ ပြောရမည်။

သူမရင်ထဲ သောတဆိုသော လူငယ်လေး တမြေ့မြေ့ နို ...အောင်းလာပြီးချိန်မှ စ၍ မင်းခေါင်ဆိုသော ငပွေးလေး တရွှေ့ရွှေ့ ...ကွာသွားတာ သတိထားမိသည်။ အိပ်မက်ထဲမှာတောင် သောတ ...ပြုံးလေးက သူမကို စိုးမိုးထား၏။

တော်ရာမှာ ဝေးဝေးနေလိုက်တော့ မင်းခေါင်။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၁၇ )

"အဲဒါကြောင့် နင်က ပျော်နေတာပေါ့၊ ဟုတ်လား

ငါ့ကို ဒီအကြောင်းပြောပြချင်လို့ စောစောလာခဲ့ပါလို့ ပြောတာ

"အေးပေါ့။ ဒါက ငါ့အတွက် ဘယ်လောက်တောင် အ

ပါအရာရောက်ထားလဲ၊ မာမီမေတ္တာ အရိပ်အမြွက် အသိအမှတ်

လေးကို ပထမဆုံး ခံစားရတာသိလား။ နင်တို့က မိဘမေတ္တာ အ

အဝ ရနေတော့ ငါ့ခံစားမှုကို နားလည်မှာမဟုတ်ဘူး"

"နားလည်ပါတယ် စူးရယ်၊ နင့်မျက်နှာပေါ်က ပေ

အပြုံးလေးကိုမြင်ရတာ ငါကြည်နူးမိတယ်၊ တကယ်ပြောတာ"

"အင်း၊ အနွယ်တော်သိရင်လည်း ငါ့အတွက် ဝမ်းသာ

ပါနော်၊ ဒါပေမဲ့ သူကလည်း အဲဒီနေ့ သူ့မွေးနေ့အတွက် ငါ





ယောက်မလုံးကို ဖိတ်ထားတာ ဘယ်လိုလုပ်ရမလဲ၊ ငါကလည်း လုပ်စဖူး လုပ်ရတဲ့ ငါ့မွေးနေ့လေးကို နင်တို့နှစ်ယောက်လုံး လာစေ ချင်တယ်"

"ဩော်၊ အဲလောက်ကြီး စိတ်အပင်ပန်းခံတွေးမနေပါနဲ့ စူး ရယ်။ နင့်မွေးနေ့ကလည်း တစ်နေ့ကုန် ကျင်းပမှာမဟုတ်ဘူး၊ အနွယ် တော်ကလည်း တစ်နေ့ကုန် အချိန်ကုန်ခံပါ့မလား၊ အချိန်ညှိပြီး ဟိုဘက်သွားစားလိုက် ဒီဘက်သွားစားလိုက်လုပ်ပေါ့"

"အေး ဟုတ်သားပဲနော်"

စူးက အပြစ်ကင်းသော ကလေးလေးတစ်ယောက်လို မြူး မြူးလေ ဖြစ်သွားသည်။ ဒီနေ့ တကယ်ကို လှုပ်လှုပ်ရွရွ တက်ကြွနေ သောတကတော့ အနွယ်တော် ရောက်မလာသေးတာမို့ အပြင်ကို မျှော်ငေးကြည့်နေမိသည်။

ဒီနေ့ အနွယ်တော်ကို သူဝင်မကြိုဖြစ်ခဲ့။ မနက်စောစော ကတည်းက စူးဖုန်းဆက်ထားတာမို့ သူလည်း အနွယ်တော်ကို လာ ကြိုဖြစ်သည့်အကြောင်း ဖုန်းဆက်ပြောလိုက်ရသည်။ သင်တန်း တက်ဖြစ်အောင် တက်ဖို့လည်း သတိပေးရသေး၏။

"ဟင်"

ဆိုင်ရှေ့မှာ တက္ကစီကားတစ်စီး ထိုးစိုက်လာသည်။ ထိုကား ပေါ်က အနွယ်တော် ဆင်းချလာ၏။ ဘာလို့ သူမအိမ်ကကားနှင့်



www.burmeseclassic.com

www.burmeseclassic.com



မလာရတာလဲ။ ဒီလိုမှန်းသိ သူ အနွယ်တော်ကို စောင့်ပြီးခေါ်ခဲ့
သည်။

စူးလည်း အနွယ်တော်ကို မြင်သွားကာ –

"အနွယ်တော်တို့အိမ်ကကား ဘာဖြစ်လို့လဲမသိဘူးနော်"

"မသိဘူး၊ အဲလို တက္ကစီနဲ့ လာရမှာဆိုရင် ငါ့ စောင့်ခေါ်
ပါတယ်၊ ငါကလည်း နင်က စောစောထွက်လာခဲ့ဆိုတာနဲ့"

သောတ ဖြေရှင်းပြောပြနေချိန်မှာ အနွယ်တော်မျက်နှာ ညို
ညိုးလေးနှင့် စူးဘေးက ခုံမှာ ဝင်ထိုင်လိုက်သည်။

"ခုပဲ စူးကိုပြောပြနေတာဟ၊ နင့်အိမ်က လိုက်မပို့နိုင်
ငါလာခေါ်ပါတယ်၊ စူးကလည်း သူ့မာမီက မွေးနေ့ပွဲလုပ်ပေးမယ်
တာကို ပြောပြချင်လို့တဲ့လေ"

"ဟင် ဟုတ်လား၊ စူး စူးမာမီက"

"ဟုတ်တယ် အနွယ်တော်ရဲ့၊ ငါလည်း မာမီက အဲလို ခွင့်
ပြုတော့ ဝမ်းသာအားရဖြစ်ပြီး သောတကို ခေါ်လိုက်မိတာ၊ ဟို နင်
လည်း လာဖြစ်အောင်လာရမယ်နော်၊ ငါ့မွေးနေ့ကို လာမှ နင့်မွေးနေ့
ကိုလည်း လာမှာ"

"ငါ့မွေးနေ့က မလုပ်ဖြစ်တော့ပါဘူးဟာ"

စူးအတွက် ဝမ်းသာအားရ ဖြစ်သွားသော အနွယ်တော်
မျက်နှာလေးက ချက်ချင်း ညှိုးနွမ်းမှိုင်ကျသွားသည်။ သောတက



ပျာသလဲဖြင့် –

"ဘာ ဘာဖြစ်လို့လဲ အနွယ်တော်"

"ဘွားဘွားနေမကောင်းဘူး၊ ဆေးရုံတင်ထားရတယ်၊ ငါက
မှာ အပျော်အပါးလုပ်လုပ်လို့ သင့်တော်ပါ့မလား"

"ဟယ် စိတ်မကောင်းလိုက်တာ အနွယ်တော်ရယ်၊ ဒါဆို
မွေးနေ့ရော လာလို့ ရပါ့မလားဟင်"

"မေမေတို့ကို ပြောပြီးလာလို့ ရမှာပါ၊ ဘွားဘွား ဆေးရုံ
က်နေတာတောင် ဖေဖေနဲ့မေမေက ထုံးစံအတိုင်း မွေးနေ့ပွဲလေး
ဖို့ ပြောပါသေးတယ်၊ ဘွားဘွားကလည်း လုပ်စေချင်တယ်၊
မဲ့ တို့က ဘွားဘွားကို လုပ်မယ်လို့ညာပြောပြီး မလုပ်တော့ဖို့
ဖြတ်လိုက်တာ"

"နင့်ဘွားဘွား အခြေအနေကရော၊ ငါတို့ လူနာသတင်း
လိုက်ခဲ့ရဦးမလားဟင်"

"မလိုက်ပါနဲ့ဟာ၊ ငါလည်း တစ်နေ့တစ်ခေါက်လောက်ပဲ
တယ်လေ၊ ဘွားဘွားက သက်တော့သက်သာနေပါပြီ၊ လေ
သွားတယ်ဆိုပေမယ့် အိပ်ရာထဲ လဲနေမှာမျိုး မဟုတ်ပါဘူး၊
နဲ့ နေလို့ရတယ်၊ လူတွဲနဲ့လည်း သွားလာလို့ ရနေပါပြီ"

အနွယ်တော်က မျက်နှာလေး ညှိုးနွမ်းနေသလို မျက်ရည်
လည်း ဝဲနေသည်။ ဒီလိုဆိုတော့လည်း အနွယ်တော်အတွက်

www.burmeseclassic.com

www.burmeseclassic.com



စိတ်ကောင်းဖြစ်ရ၏။ ကိုယ်က ဒီလိုအခက်အခဲတွေ ရှိနေမှန်းမသိ သင်တန်းသွားဖို့တောင် ကားနှင့်ဝင်မခေါ်မိ။

"ဟို နင့်ကို ကားမောင်းပို့ဖို့ ဒရိုင်ဘာမရှိလို့ တက္ကစီကား လာတာလား အနွယ်တော်"

"မဟုတ်ပါဘူး၊ ဖေဖေကားက ဝပ်ရှော့ပို့ထားလို့တဲ့ မိသား သုံးတဲ့ကားကို ဘွားဆေးရုံအတွက်ရော၊ ဖေဖေ အပြင်အလုပ်ကိ ရော သုံးနေရတယ်၊ ငါက သိတတ်နားလည်ပေးရမှာပေါ့ဟာ"

"ငါ ငါနောက်နေ့ကျ လာကြိုပေးပါ့မယ်ဟာ၊ ဒီနေ့လည်း ငါပြန်လိုက်ပို့ပါမယ်နော်၊ စူး မွေးနေ့ကျရင်လည်း နင့်အိမ်ကို လာခေါ်မယ် သိလား၊ လိုအပ်တဲ့ အကူအညီလည်း ပွင့်ပွင့်လင်းလင်း ပြောပါ"

သောတရဲ့ ဂရုစိုက်အလေးထားမှုက လိုအပ်တာထက် လွန်ကဲလွန်းနေပြီ ထင်သည်။ စူးတုန်းကလည်း အရိပ်တကြည့်ကြည့် နားလည်ပေးခဲ့တာပါ။ သောတက အကြင်နာကြီးသည့် ယောကျ်ား မျိုးလား။ မိမိအလှည့် ကြင်နာဂရုစိုက်ပေးခဲ့စဉ်က ကျေနပ်ကြည် နေခဲ့ပေမယ့် အနွယ်တော်ကို ဒီလိုမျိုး တတွတ်တွတ် နှစ်သိမ့်နေချိန် သူမရင်ထဲ စူးစူးရှရှနှင့် တဆစ်ဆစ် ကိုက်ခဲနေသည်။

ဒီနေ့ထိ သူမကို ချစ်တယ်ဟု ဖွင့်ပြောမလာသေးသည် သောတကို သူမ ဘယ်လိုမျိုး ဆွဲဆောင်သိမ်းပိုက်ရပါ့မလဲ။





ဟိုအရင်က သူမနားမှာ ယောကျ်ားတစ်ယောက် အပါးတော် နေဖို့ စည်းရုံးသိမ်းသွင်းရတာ ဒီလောက်ထိ မခက်ခဲပါ။ အချိန်တွေ ည်း မပေးခဲ့ရပါ။

သောတကတော့ ထိန်းချုပ်တာတွေ များလွန်းပြီး ဟိုဘက် ဒီဘက်တိမ်းလို့ မစွပ်စွဲချင်ပေမယ့် အနွယ်တော်နှင့် ပတ်သက် ချင်လည်း အရေးတယူကိစ္စတွေက များလွန်းသည်။

ဒီထက်ပိုပြီး သူမဘာတွေ လုပ်ပြရဦးမှာလဲ၊ သောတ ရင်ထဲ သူမ လုံးလုံးလျားလျား ဝင်ရောက်ချင်လှသည်။ ကြင်နာတတ်သော သောတနှလုံးသားလေးကို သူမတစ်ယောက်တည်း ပိုင်ဆိုင်ချင်လှ၏။ အချိန်ဘယ်လောက်ထိ ထပ်ပေးရဦးမှာလဲ၊ ဘယ်တော့များမှလဲ။နီးနီး သား နေပေးပါ သောတရယ်။

✿ ✿ ✿



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၁၀ )

BURMESE CLASSIC .com

တိုက်ရှေ့ မလှမ်းမကမ်း မြက်ခင်းစိမ်းလေးပေါ်မှာ ဖိတ်ဖိတ် တောက်နေသော ကျွန်းစားပွဲနှင့် ထိုင်ခုံများချလျက် ညနေခင်းအ မှာ ရောင်စုံမီးသီးလေးတွေလည်း ထွန်းညှိထားသည်။

ဧည့်သည်တွေ ဖိတ်ထားတာမဟုတ်၍ ထိုင်ခုံတွေ၊ စား ပိုင်းတွေ များများ မရှိသော်လည်း ထိုစားပွဲဝိုင်း တစ်ခုတည်းနှင့်ပင် ထည်ထည်ဝါဝါ ခန့်ခန့်ညားညား ရှိလှသည်။ စားပွဲပေါ်မှာ အအေး ဖန်ခွက်များနှင့်အစားအသောက်များ စုံလင်လှသလို ဈေးကြီးပေး ထားသော မွေးနေ့ကိတ်ကလည်း ဝံ့ဝံ့ကြွားကြွား နေရာယူထား၏။

စူးစိတ်တိုင်းမကျတာ တစ်ခုပဲ ရှိသည်။ မွေးနေ့ကိတ်မှ စူးနာမည်မပါ။ ဘာကိုအဓိပ္ပာယ်ဆောင်ချင်မှန်းမသိသော နိုဝင်ဘာ





နေ့ဟူသော အင်္ဂလိပ်စာတန်းလေးသာ ခရင်မ်များဖြင့် လှပစွာ ထားသည်။

ဒါပေမဲ့ မာမီစီမံမှုတွေကို စူး ဘာတစ်ခုမှမငြိုငြင်ရဲပါ။ ဒီနေ့ တစ်နေ့လုံး မွေးနေ့ပွဲလေးအတွက် မာမီ တက်တက်ကြွကြွရှိနေတာ သူမ သိနေသည်ပဲ။ နို့နှစ်ရောင်ဝမ်းဆက်လေးနှင့် မာမီက သူမ အတွက် မွေးနေ့ပွဲဝတ်စုံရယ်လို့ သီးသန့်ဝယ်မပေးခဲ့ပေမယ့် စူးဘာသာ ကြိုက်ရွေးချယ် ဝတ်ဆင်ထားသော ခြေမျက်စိထိလုနီးနီး ပန်းဆီ ရောင်ဂါဝန်လေးက လိမ္မော်ရောင်ညနေခင်းနှင့် လိုက်ဖက်နေသည်။

မနက်ကတည်းက သောတနှင့် အန္တယ်တော်ကို ခေါ်ထားခဲ့ သော်လည်း ဘွားဘွား ဆေးရုံကဆင်းမည်ဖြစ်၍ ညနေမှ လာနိုင် မည် ဖြစ်ကြောင်း သူမဆီ ဖုန်းဆက်အကြောင်းကြားထားသည်။

"ဟော"

သောတကားလေး ခြံဝင်းထဲကို ညင်သာစွာ မောင်းဝင်လာ သည်။ ခြံအဝင်ဝ မလှမ်းမကမ်းမှာ ကားကို စက်ရပ်လိုက်ပြီး သောတ နှင့် အန္တယ်တော် ကားပေါ်က ဆင်းလျှောက်လာကြ၏။

သောတက စတိုင်လ်ပန်အနက် တီရှပ်အဖြူ အပေါ်က အင်္ကျီမီးခိုးရောင်နှင့် အနောက်တိုင်းဆန်ဆန် ဝတ်ဆင်ထား၏။ အန္တယ်တော်က ဆံနွယ်တွေကို ဖွဲ့ဖွဲ့နှောင်းနှောင်း ဒီအတိုင်း ဖြန့်ချ ထားကာ ဆင်စွယ်ရောင် ပိုးဂါဝန်လေးနှင့် အရုပ်ကလေးတစ်ရုပ်လို



www.burmeseclassic.com

www.burmeseclassic.com



နှစ်လှုပနေ၏။

သောတနှင့် အနွယ်တော် ယှဉ်တွဲလျှောက်လာသည့်အ လိုက်ဖက်တင့်တယ်လွန်းနေသည်မို့ စူး နှုတ်မဆက်နိုင်အောင် မှ တက်ငေးငိုင်နေမိသည်။

ထိုအဖြစ်ကို စားပွဲရဲ့ထိပ်ဆုံးထိုင်ခုံမှာ ထိုင်နေခဲ့သော မ လည်း တမေ့တမော ငေးငိုင်ကြည့်နေခဲ့သည်။

"စူး ငါတို့ အရမ်းနောက်ကျသွားတယ် မဟုတ်လား။ အနွ တော်ဘွားဘွား ဆေးရုံက ဆင်းတဲ့အချိန်အထိ စောင့်နေရလို့ နော ကျသွားတာပါ ဆောရီးနော်"

သောတက လုံလောက်သော ဆင်ခြေနှင့် လေပြေထိုး ပြုံးနေသည်။ အနွယ်တော်က သူမလက်ထဲမှာပါလာသော အ ပွပွ ဝက်ဝံရုပ်ကြီးကို စူးလက်ထဲ ထည့်ပေး၏။

"မင်္ဂလာရှိတဲ့ မွေးနေ့ဖြစ်ပါစေ စူး"

"ဟင် သောတကရော ငါ့ကို မွေးနေ့လက်ဆောင်မပေး လား၊ အဲဒါဆိုရင်တော့ ဘာမှမကျေဘူးနော်"

စူး မူနွဲ့နွဲ့လေး ဟန်လုပ်ကာပြောတော့ သောတက ခပ်လျှ လွှင့်ပြုံးကာ ကုတ်အင်္ကျီထဲကို လက်နှိုက်သည်။ ပြန်ထုတ်လိုက်တော လက်ထဲမှာ ဘူးလေးတစ်ဘူး ပါလာ၏။

"ပလက်တီနမ် ရင်ထိုးလေးပါ၊ နင်ကြိုက်ပါ့မလား မသိ





ယ့် နင်နဲ့အနီးဆုံးမှာ ရှိနေစေချင်လို့"

အနှောင့်အသွားမလွတ် ပဟေဠိဆန်သော သောတစကား က စူးရင်ကို လှုပ်လှုပ်ခတ်ခတ် မွှေနှောက်သွား၏။ ခုမှ မာမီရှိနေတာ ကို သတိရပြီး –

"ဪ ငါ့မာမီနဲ့ မိတ်ဆက်ပေးရဦးမယ်၊ မာမီ သူတို့က ငယ်ချင်းသောတနဲ့ အနွယ်တော်ပါ၊ ဟဲ့ နင်တို့နှစ်ယောက်လုံး ည်း မှတ်ထားကြနော်၊ မျိုးရိုးဂုဏ်ရောနာဆိုင်ပိုင်ရှင် ဒေါ်မိုးမဒီခင် ဲ့ အကူအညီလိုရင်တော့ ခဏခဏ မတောင်းနဲ့နော်၊ မာမီက ်သိုးတတ်တယ်"

သောတလက်မောင်းကြီးကိုဆွဲပြီး စူး အရယ်အရွှန်းနှင့် စ ာက်လိုက်သည်။ သောတနှင့် အနွယ်တော်က သူမလို ရယ်ပြုံးပြီး ်ကို ဦးခေါင်းလေးတွေညွတ် နှုတ်ဆက်လိုပေမယ့် မာမို့မျက်နှာ ာလို မဟုတ်ဘဲ သောတကို ဖက်တွယ်ထားမိသည့် စူးလက်ကို ာ စူးစူးစိန်းစိန်း ကြည့်နေ၏။

စူး ကပျာကသီ လက်ကို လွှတ်ချလိုက်မိကာ –

"ဪ မတ်တတ်ကြီးတွေ လုပ်မနေနဲ့ ထိုင်ကြလေ၊ အစား သောက်တွေ အရင်စားကြမလား၊ ကိတ်မုန့်အရင်လှီးရမလား၊ ်တို့သဘောရှိတာ အရင်ပြောကြ"

"ကိတ်မုန့်အရင်လှီးပါဟာ၊ ဧည့်သည်တွေလည်း ရှိတာ



www.burmeseclassic.com

www.burmeseclassic.com



မဟုတ်ဘဲနဲ့ ငါတို့ချည်းပဲဟာ၊ နောက်မှ အေးအေးဆေးဆေး စာ
ပျော်

သောတစကားကြောင့် စူး ကိတ်မုန့်လှီးမည့်ဓားကို
လိုက်သည်။

"အနွယ်တော် သမီးလေးလည်း စူးနဲ့အတူတူ ကိတ်မုန့်
လိုက်လေ၊ သမီးတို့ချင်းက မွေးနေ့အတူတူ မဟုတ်လား"

"ရှင် ဟုတ် ဟုတ်ကဲ့ အန်တီ၊ ကျေးဇူးတင်ပါတယ်"

မာမီရဲ့ အပြုံးနှင့် ထွက်လာသည့် စကားသံက နူးညံ့သ
လွန်းတာကြောင့် စူး အံ့အားသင့်နားမလည်နိုင်အောင် ဖြစ်သွား
စူး မွေးနေ့ကိတ်ကို ဘာကြောင့် အနွယ်တော်ကိုပါ လှီးခိုင်းရတာ
စူး သူငယ်ချင်းမို့ လိုက်လျောပေးလိုက်တာ ဖြစ်မည်။

BURMESE CLASSIC .com

စူး ဘာမှ မပြောတော့ဘဲ အနွယ်တော်နှင့် အတူတူ ဓား
ကိုင်လိုက်၏။ ထိုအချိန်မှာ သောတက စူးဘက်မှာ ရပ်နေပြီး မာမီ
အနွယ်တော်ဘက်မှာ ရပ်မိလျက်သား ဖြစ်နေသည်။

အဆင်သင့် ထွန်းညှိထားသည့် ဖယောင်းတိုင်လေးတွေ
ဟက်ပီးဘတ်ဒေး အော်၍ စူးနှင့် အနွယ်တော် ပြိုင်တူမှုတ်လိုက်
ကာ ကိတ်မုန့်ကိုလည်း ပြိုင်တူလှီးလိုက်ကြသည်။

"ဟေး"

လက်ခုပ်လက်ဝါးတီး၍ သံပြိုင်အော်လိုက်ကြပြီး ဓားနှ





ပြီးသည့် ကိတ်မုန့်လေးကို အနီးဆုံးမှာ ရှိနေသည့် သောတ
ဘဲ စူး ခွံ့ကျွေးလိုက်၏။ အနွယ်တော်က ခပ်ငေးငေး ကြည့်နေပြီး
ဒေါ်မိုးမဒီခင်ကို ခွံ့ကျွေးလိုက်သည်။

"နင်က သောတကို ကျွေးတော့ ငါလည်း အားကျမခံ
ဒီကို ကျွေးရတာပေါ့။ စူး ဘက်လိုက်လွန်းတယ်နော်၊ ငါ့ကိုလည်း
ဦး"

"အေး အေးပါဟဲ့ ကျွေးမှာပေါ့၊ သောတ နင်လည်း ငါ့ကို
ကျွေး၊ နင့်ကို ငါအကြီးကြီး ကျွေးထားရတာ"

"ဟား မွေးနေ့ရှင်ကလည်း အခွင့်အရေး ယူသလား မမနဲ့
ပါမယ်၊ ကျွေးပါ့မယ်"

ကိတ်မုန့်တွေ အပြန်အလှန် ခွံ့ကျွေးကြရင်း ဒေါ်မိုးမဒီခင်ကို
ားမိကြသည်။

"ဟာ အန်တီကိုလည်း ကျွေးရဦးမယ်လေ၊ ဒါမှ မြိုင်သွားမှာ

သောတက အကင်းပါးသည်။ ငြိမ်ငြိမ်သက်သက် ဖြစ်နေ
ဒေါ်မိုးမဒီခင်ကို စကားရောဖောရော လုပ်လိုက်သည်။ ဒေါ်မိုးမဒီ
လက်ကာပြ၍ –

"နေပါစေ မင်းတို့ပဲ စားကြပါ၊ ပြော် ပြီးရင် မင်းတို့
တိပိုပျော်သွားအောင် အန်တီစီစဉ်ထားတာလေးတစ်ခု ရှိတယ်။



www.burmeseclassic.com

www.burmeseclassic.com



တန်ဖိုးနည်းပစ္စည်းနှစ်ခုနဲ့ တန်ဖိုးကြီးပစ္စည်းတစ်ခု မဲနှိုက်ရမယ် ကောင်းတဲ့သူက သိန်းရာကျော်တန် ပစ္စည်းတစ်ခုရမှာ''

''ဟင် တ တကယ်လားဟင် မာမီ''

''ဟား ငါရလို့ကတော့ ပွတာပဲ၊ ငါရရင် ဘယ်သူ့ မပေးဘူးနော်၊ ငါအပိုင်သိမ်းမှာ''

ဟောခနဲ ဝါးခနဲအော်ရင်း ဘာမှန်းမသိခင်ကတည်း ခဲ့ကြသည်။

''ကဲ မင်းတို့ စားကြသောက်ကြပါဦး၊ အန်တီ မဲ လိုက်ဦးမယ်၊ လွတ်လွတ်လပ်လပ် ပျော်ပျော်ပါးပါး နေကြ

အနေစိမ်းစိမ်း မာမီ့လိုက်လျောမှုက ဟုတ်မှဟုတ်ပါ့ ဟု သံသယဖြစ်ချင်စရာ။ အန္တယ်တော့အပေါ် မာမီ့အကြည့်တွေ နစ်နစ် ရှိလွန်းလှ၏။

သောတနှင့် အန္တယ်တော်က ဒေါ်မိုးမဒီခင် လှမ်းထွက် ရာ လိုက်ငေးနေပြီးမှ –

''နင့်အမေက ခန့်ချောကြီးနော် စုး နင်ပြောထားသလို ဆက်ဆံရေးမကျဲပါဘူး၊ ပြုံးနေတာကိုက ထက်မြက်တဲ့ မိန်း ယောက်ရဲ့အင်အားရှိတဲ့ အပြုံးမျိုး''

''အရမ်းတော်နေ့, ထက်မြက်နေတဲ့လူမျိုးတွေက တလေ အံ့စွန်းရောက်သလို ဖြစ်ကြပေမယ့် နွေးထွေးမှုရှိကြ





နေ့တွေက နင့်ကို ဘယ်လိုပဲ မလိုက်လျောဘူးပြောပြော၊ ဒီနေ့ အားတာကတော့ နင့်အပေါ် နွေးထွေးမှုရှိတာ သိသာတယ်''

''ကဲပါ နင်တို့နှစ်ယောက် စကားများ မနေကြနဲ့ စားစရာရှိ စား၊ ကဲစရာရှိတာ ကဲမယ်''

''ဟင် စားစရာရှိတာ စားတာက ဟုတ်ပါပြီ ကဲမယ်ဆိုတာ ဘာလဲ''

''သြော်၊ နင်တို့ကလည်း ဂါတီသဘောမျိုးပဲ ကမှာပေါ့ဟ၊ မြိုင်လား ပန်းအိုးတွေပေါ်မှာ ဘောက်စ်တွေ ထင်ထားတယ်၊ ဟာ့ထ်လို့ကောင်းမှာပေါ့''

စုး မေးငေါ့ပြရာ လှည့်ကြည့်ပြီး အန္တယ်တော် ရှုံ့ရှုံ့မဲ့မဲ့လေး သွားကာ –

''ရူးကတော့ လုပ်ချလိုက်ပြန်ပြီ ငါ လုံးဝမကတတ်ဘူးနော်၊ ရှုပ်ရှုပ်လည်း မနေရဲဘူး၊ နင်နဲ့သောတနဲ့ကကြ ငါလက်ခုပ်တီး မယ်''

''အိုကေ၊ သောတ မြူးမယ်နော်''

''ငါ ငါလည်း သိပ်မကတတ်ဘူးဟ''

''အောင်မယ်လေး ယောက်ျားလေးဖြစ်ပြီး အကဲပိုနေလိုက် သာ ငါသင်ပေးမယ်''

စုးက သူမစိတ်ကြိုက်ရွေးချယ်ထားသော မြူးမြူးကြွကြွ



www.burmeseclassic.com

မြင်ခြားတီးလုံးကိုဖွင့်လိုက်၏။ နိုက်ကလပ်လိုနေရာမျိုးမှာ မင်း
နှင့် သွားကဲနေကြဖြစ်၍ စူးကနေတာက သွက်လက်မြူးကြွ
သည်။ သောတကလည်း ပထမပိုင်းသာ ကျင့်သားမရသလို ဖြ
ပေမယ့် နောက်တော့ စူးနှင့် အတွဲညီညီ ကတတ်လာ၏။

အနွယ်တော်က လက်ခုပ်တီးအားပေးရင်း တစ်
တည်း သီးသန့်လို ဖြစ်ကာ ငေါင်စင်းစင်းနှင့် သွေ့ခြောက်ခြော
ဖြစ်နေ၏။ သောတနှင့် စူးက ပတ်ဝန်းကျင်ကိုပင် မေ့လျော
မြူးကြွသော တေးသွားအလိုက် သွက်လက်ပေါ့ပါးစွာ ကလို
ပြောင်းသော ဂီတသံစဉ်ကြားမှာ ညင်းသွဲ့သွဲ့ မျောလွင့်လို
လိုက်ဖက်မှုရှိလွန်းလှပြီး နှစ်ယောက်တစ်ကျွှာ ဖာည်နေလေ

ထိုအချိန်မှာ တီးလုံးသံတွေ ပြန့်ခနဲ ရပ်သွားပြီး ခေ
ခင် ရောက်ချလာ၏။

"မင်းတို့နှစ်ယောက်က အဲလို နေနေတော့ ဟိုတစ်
က ဘယ်လိုနေရမှာလဲ၊ သုံးယောက်တည်း ကျင်းပတဲ့မွေးနေ
သုံးယောက်လုံးပျော်နေသင့်တာပေါ့။ စူး အဲဒီဘောက်စ်တွေ သိမ်း
တော့၊ အားလုံးပျော်အောင် မဲနိုက်ကြမယ်"

မာမီလေသံက မာနေသဖြင့် စူးကြောင်စီစီလေးပင် ဖြ
၏။ ကြီးကြီးခိုင် ပြေးထွက်လာပြီး သောတနှင့် အတူတူ ဘော
တွေ ဒီဗီဒီစက်တွေကို သိမ်းဆည်းပေးပါသည်။





"ကဲ ပြီးရင် ကံဆိုး,ကံကောင်း ရွေးတော့မယ်နော်၊ ဘယ်သူ
င်နိုက်မှာလဲ၊ ဒီစားပွဲပေးမှာ တင်ထားတဲ့ ရတနာဘူးသုံးဘူးက
ဘူးပဲ တန်ဖိုးကြီးတာ ပါတာနော်"

ငွေဖလားသေးသေးလေးထဲမှာ မဲလိပ်တွေ ထည့်ထားကာ
ပွဲအောက်မှာ ဖလားလေးကို လက်နှင့်အုပ်ထားရင်း မာမီပြောသည်။
က အရင်ဆုံး ထခုန်လိုက်ကာ –

"စူး အရင်နိုက်မယ် မာမီ"

"အင်း ဟုတ်ပြီ၊ သောတက ဒုတိယနိုက်ပေါ့၊ အနွယ်တော်
နောက်ဆုံးမှ ဖြစ်တယ်မဟုတ်လား အနွယ်တော်"

"ဟုတ်ကဲ့ အန်တီ ဖြစ်ပါတယ်"

"ကဲ မျက်လုံးမှိတ်ပြီး နိုက်ပါ"

စူး ရင်တခုန်ခုန်နှင့် မျက်လုံးမှိတ်လိုက်သည်။ သိန်းတစ်ရာ
ာ်တန် ပစ္စည်းတစ်ခုပါသည်တဲ့။

မာမီဆီက စူးဘာတန်ဖိုးကြီးလက်ဆောင်ပစ္စည်းမှ မရဘူးပါ၊
ရတနာပစ္စည်းဆိုတာ ဖေဖေရှိတုန်းက ဆင်ယင်ပေးခဲ့သော
ည်းအကျဉ်းသာရှိသည်။ မာမီကတော့ မီးခံသေတ္တာထဲ ငွေကို
ပ်သလောက် ယူသုံးလို့ ပြောခဲ့ပေမယ့် အဝတ်အစား အသုံး
ဆောင်ဝယ်ဖို့မှ လွဲ၍ သူမ အပိုယူမသုံးခဲ့။

ဒါကြောင့်လည်း ပလက်တီနမ်နှင့် ဖန်စီပစ္စည်းလေးတွေမှ

www.burmeseclassic.com



လွှဲ၍ သူမမှာ ဘာမှမရှိ။

အခု မာမီဆီက သိန်းတစ်ရာကျော်တန် သက်ဆောင်ပ
လေးသာ ရပါက တစ်သက်တာ ထာဝရ တန်ဖိုးကြီးကြီး အမှတ်
သိမ်းထားရမည်။

"ရှူး ဖွင့်လိုက်တော့လေ၊ ရှီဟာ ငါဖြေပေးရမလား မဲလိပ်

မဲလိပ်ကလေးကို လက်ထဲမှာ တင်းတင်းဆုပ်ထားပြီး မ
သေးတာမို့ သောတက စစ်ကူပေးဖို့ ပြင်ဆင်သည်။ ရှူးက လက်
လေးကို နောက်ဆုတ်လျက် –

"နေပါစေ၊ ငါ့ဘာသာ ဖွင့်မယ်၊ အဲဒါမှ ရင်ခုန်ဖို့ကောင်
ငါကံကောင်းမှာပါ"

လက်ထဲက မဲလိပ်လေးက ချွေးစေးတွေနှင့် စိုကပ်၍
နေသည်။ ရှူး ခပ်ဖြည်းဖြည်းလေး မဝံ့မရဲ ဖွင့်ကြည့်လိုက်၏

"ဟာ ရွှေလက်စွပ် မောင်းကွင်းတဲ့၊ သေးသေးလေး
လုပ်ရမှာလဲ၊ သောတ နင်ယူလိုက်တော့၊ ပေး နင့်လက်ကို
ပေးမယ်"

"အာ ငါ့လက်နဲ့ ဘယ်လိုလုပ်တန်မှာလဲ"

"လက်သန်းကိုစွပ်ပေါ့၊ နင် သိန်းတစ်ရာရရင် ငါယူမှာ

ရှူးက သူမရသည့် ရတနာဘူးလေးထဲက လက်စွပ်လေ
သောတလက်သန်းလေးမှာ စွပ်ပေးလိုက်သည်။ ဒေါ်မိုးမဒီခ





သောတရှေ့မှာ ငွေဖလားလေး ထိုးပေး၏။

"မင်းအလှည့် မင်းယူပြီးရင် ကျန်တဲ့မဲလိပ်က အန္တယ်တော်
မှာပဲ"

သောတလည်း မျက်လုံးကို စုံမှိတ်၍ ပါးစပ်က ပွစိပွစိ
ရွတ်နေသည်။ ပြီးမှ မျက်လုံးကို ခပ်ဖြည်းဖြည်းဖွင့်ကာ –

"ပလဲက်တီနမ် ဖုချိန်းတဲ့ သွားပါပြီကွာ၊ ရှူး ငါရတာ နင်ယူ
ယ်ဆို၊ ငါဝတ်ရင် အခြောက်ကြီးဖြစ်သွားမှာ ရော့နင်ယူလိုက်"

"ဟဲ့ နင် ဝတ်ပေးမှပေါ့ သောတရဲ့၊ ငါတို့နှစ်ယောက်လုံး
ကံမကောင်းလိုက်တာ"

"ဟုတ်ပါ့ဟာ အန္တယ်တော်က မဲလိပ်နှိုက်စရာမလိုတော့ဘဲ
ကံကောင်းသွားပြီ၊ လုံးဝမကျေနပ်ဘူး"

သောတက မကျေမနပ် ရေရွတ်ရင်း ရှူးရှေ့မှာ ဒူးထောက်
လျက် ဂါဝန်လေး မပေးလိုက်သည့် ရှူးခြေထောက်မှာ ဖုချိန်းလေးကို
တ်ပေးလိုက်သည်။

ထိုအဖြစ်ကို အန္တယ်တော်က မျက်နှာငယ်လေးနှင့် ကြည့်နေ
လျက် ဒေါ်မိုးမဒီခင်က စိမ်းဆတ်စွာ ကြည့်နေ၏။ ပြီးမှ အန္တယ်တော်
က်လှည့်ကာ မဲလိပ်တွေကို မွမွကြေအောင် ဖြဲဆုပ်လိုက်ပြီး ရတနာ
ဘူးလေးကို ဖွင့်လျက် –

"အန္တယ်တော်က မဲလိပ်နှိုက်စရာမလိုဘဲ တန်ဖိုးကြီးမှည်း



www.burmeseclassic.com

www.burmeseclassic.com



လေးကို ပိုင်ဆိုင်သွားပြီး ဒါက ရတီပြည့်တဲ့ စိန်လော့ကတ်လေး
အန်တီ သမီးဆွဲကြိုးလေးမှာ တပ်ပေးမယ်နော်''

''ဟုတ်ကဲ့ ကျေးဇူးတင်ပါတယ် အန်တီ''

အလယ်က စိန်ပွင့်ကြီးကြီးကို စိန်ပွင့်သေးသေးလေး
ဝန်းရံထားသော လော့ကတ်လေးက တဖျပ်ဖျပ် တောက်ပလင်းလ
နေသည်။ အနွယ်တော် ဝတ်ထားသည်က ပလက်တီနမ်လည်
အကပ်လေးမို့ လော့ကတ်သီးလေးဆွဲလိုက်သောအခါ ဝင်းဝါ မှ
ကြော့နေသည့် လည်တိုင်လေးက ထည်ဝါတည်ငြိမ်သွားခဲ့သည်

''သောတ ရူး ငါဘယ်လောက် လှသွားလဲ ကြည့်ပါဦး
နဲ့ထိုက်လို့ ငါရတာ၊ ဘယ်လောက်ပန်ရထားလဲ''

သောတက အနွယ်တော်ကို ရှေ့တိုးနောက်ငင် ပြောင်
ချော် ကြည့်ပြီးပြုံးနေသည်။ ရူးက ဆတ်ခနဲ အကြည့်လွှဲပြီး အံကြိတ်
မာမီကရှိုက်ခံရမှုနှင့် အနွယ်တော် မော်ကြွားနေတာကို မုဒိတာမပွား
ပါ။ မာမီရဲ့ နူးညံ့ညှင်သာမှုတွေကို ရူး ပထမဆုံး မြင်တွေ့ဖူးခြင်း
မာမီရဲ့ ပီတိပြုံးကို မြင်ရသည်မှာ သူမရင်တွေ ဘာကြော
မှန်းမသိ တဆစ်ဆစ် ဆတ်ဆတ်ခါ နာကျင်နေသည်။

ငွေဖလားလေးထဲ ထည့်ထားသော မဲလိပ်သုံးလိပ်ထဲမှ
တစ်လိပ်မှ စိန်လော့ကတ်လို့ ရေးထားတာ မပါဘူးဆိုတာ သိသွား

✿ ✿ ✿



## အခန်း (၁၉)

''ဟင် ဘာဒီစိန်လော့ကတ်လေးက သမီး လက်ဆောင်ရ
တာ ဟုတ်လား။ ဖြစ်နိုင်လို့လား သမီးရယ်၊ သိန်းရာကျော်တန်တာကို
ဘယ်လိုလူမျိုးက လက်ဆောင်အဖြစ်ပေးမှာလဲ''

''ဒီနေ့ သမီးသွားတဲ့ မွေးနေ့ရှင် သူငယ်ချင်းရဲ့အမေက
ရတနာဆိုင်ပိုင်ရှင် ဖေဖေရဲ့ လူတွေလည်း အများကြီး မဖိတ်ဘူးလေ၊
သောတရယ် သမီးရယ် နှစ်ယောက်တည်းရယ်၊ လူနည်းတော့ တန်ဖိုး
ကြီးပစ္စည်း မဲဖောက်ပေးတာနေမှာပေ့ါ၊ အဲဒါ သောတနဲ့ ရူးက တန်ဖိုး
အနည်းဆုံး ပစ္စည်းလေးတွေ ရပြီး သမီးက မဲမနှိုက်ရတော့ဘဲနဲ့
နောက်ဆုံး ကျန်တဲ့ တန်ဖိုးကြီး ဒီစိန်လော့ကတ်လေးကို ရလိုက်တာ
ပေ့ါ ပျော်လိုက်တာ ဖေဖေရယ်၊ ရင်တွေလည်း တုန်၊ ရင်တွေလည်း



www.burmeseclassic.com

www.burmeseclassic.com



ချိန်နဲ့ မေမေတို့တောင် ဒီလောက်တန်ဖိုးကြီးတဲ့ပစ္စည်း ဝယ်ပေးခဲ့ မှ မဟုတ်တာ''

အနွယ်တော် လော့ကတ်လေးကို တကိုင်ကိုင်ဖြင့် သိမ့် လှုပ်ပျော်နေသည်။ ဦးနိုင်းမဟာနှင့် ဒေါ်ခက်ခက်နွယ်က တစ်ယော မျက်နှာ တစ်ယောက်ကြည့်မိကြကာ –

''စူးဆိုတဲ့ မွေးနေ့လုပ်တဲ့ မိန်းကလေးက မိဘက အိမ် လို ထားပြီး သူ့စိမ်းဆန်ဆန် ဆက်ဆံခံရတဲ့ မိန်းကလေးမဟုတ်လ ဘယ်လိုလုပ်ပြီး –

''ဟုတ်တယ်၊ သူလည်း သူ့အမေက မွေးနေ့လုပ်ပေး အုံသြဝမ်းသာကြီး ဖြစ်နေတာပေါ့၊ ပြီးတော့ စူးမာမိက စူး သလောက် ဆက်ဆံရခက်မယ့်လူမျိုးတော့ မဟုတ်လောက်ပါဘူး အခု သူ့သမီးသူငယ်ချင်းဖြစ်တဲ့ သမီးတို့ကိုတောင် ဆက်ဆံ နွေးထွေးမှုလည်းရှိတယ်၊ နားလည်မှုလည်း ရှိပါတယ်''

''အင်း ဘာပဲဖြစ်ဖြစ် ဖေဖေ သတိတော့ ပေးထားချင်တ သမီး၊ စူးဆိုတဲ့ မိန်းကလေးကိုပါ၊ သမီးတို့ ပြောနေလွန်းလို့ စ အကြောင်း သမီးတို့ သင်တန်းက သင်တန်းသူလေးတွေကို တစ် လှည့်နဲ့ ဖေဖေတို့ စုံစမ်းကြည့်တယ်၊ ဖောက်ပြန်မှုမဟုတ်ပေမယ် အကျင့်စာရိတ္တတော့ကောင်းမယ့်ပုံ မပေါ်ဘူး သမီး၊ ယောကျ်ားလေ အရှုပ်အရှင်း တော်တော်များတယ်၊ ရည်းစားများပြီး သိက္ခာရှိရှိ သ





ရှိ တွဲခဲ့တာမျိုးလည်း မဟုတ်ဘူးတဲ့''

''သမီးတို့နဲ့ သူငယ်ချင်းဖြစ်မှတော့ အဲဒီကိစ္စတွေ သိပ်မရှိပါ ဘူး ဖေဖေ၊ သောတကလည်း စူးကို အကောင်းဘက်ရောက်အောင် ပြုပြင်ပြောဆိုထားပါတယ်''

''အဲဒါပဲ ဖေဖေပြောချင်တာ၊ မောင်သောတက အဲဒီမိန်း ကလေးကို စေတနာသန့်သန့်နဲ့လည်း ဖြစ်ချင်ဖြစ်မယ်၊ မရိုးမသားစိတ် စားတာကြောင့်လည်း ဖြစ်ချင်ဖြစ်မယ်၊ ရင်းနှီးမှု ပိုများလာရင် အတွေ့အကြုံရှိတဲ့ အဲဒီမိန်းကလေးလက်တွင်က ရုန်းထွက်နိုင်ပါ့ လား''

''ဟုတ်တယ် သမီး၊ မေမေတို့ အဲဒါကို စိုးရိမ်နေကြတာပါ။ ပြောသေးဘူးလို့ စဉ်းစားထားပေမယ့် ပြောမှဖြစ်တော့မယ် ထင် တယ်''

၄

ဘာအကြောင်းဆိုတာ မသိပေမယ့် လေးလေးပင်ပင် ပြော နေသော မေမေစကားကို အနွယ်တော် စိတ်ဝင်စားနေမိသည်။ မေမေ က သူမဘက်က ခုံမှာ ပြောင်းထိုင်ပြီး သူမ ပခုံးလေးကို ဖက်တွယ် ကာ –

''မောင်သောတနဲ့သမီးကို မေမေတို့ နှစ်ဖက်လူကြီးမိဘတွေ သဘောတူထားကြတယ် သမီး၊ ဒီနှစ်အကုန်လောက်မှာ မင်္ဂလာ ဆောင်ပေးဖို့လည်း စီစဉ်ထားတယ်''



www.burmeseclassic.com

www.burmeseclassic.com



"ရှင်"

"အဲဒီအတွက် စူးနဲ့ ရင်းနှီးသွားမှာကို မေမေတို့ မလိုလား ဘူး။ မောင်သောတက မိဘမျိုးရိုး အဆင့်အတန်း ဘာမှမလိုအ အောင် ပြည့်စုံတဲ့သူပါ၊ သူကိုယ်တိုင်ကလည်း ရိုးသားတည်ငြိမ် ရှိတယ်၊ သမီးအပေါ်မှာလည်း အနွံတာခံမယ့်လူမျိုးပါ"

စူးအပေါ်လောက်တော့ ကောင်းမယ်မထင်ဘူးမေမေ မပြောဖြစ်။ ဒီလိုကိစ္စမျိုး ရှိနေနိုင်တာ သိထားသည့်မို့ အတိတ်တလ အုံ့ဩသွားတာမျိုး မဟုတ်ပေမယ့် အနည်းငယ် အံ့အားသင့်က စိတ်ကသိကအောက် ဖြစ်ရသည်။

သူမအပေါ် သောတ စိတ်မဝင်စားတာ အသိသာကြီး မဟုတ်ပါလား။ သူမနှင့်ယှဉ်လျှင် စူးကိုသာ အမြဲတမ်း ဦးစားပေးတတ် ပြီး စူးကို စိတ်ဝင်စားတာ သူမသိနေသည်။

နှစ်ယောက်လုံးရဲ့ ငြိတွယ်မှုတွေ ဟန်မဆောင်နိုင်အောင် အရှိန်ဖြင့် လာတာလည်း စူးမွေးနေ့က သက်သေပင်။

စူးက သူမလက်စွပ်လေးကို သောတလက်သန်းလေးမှာ စွပ်ပေးလိုက်ပြီး သောတကလည်း ဘယ်သူ့ကိုမှ မျက်လုံးထဲမှာ မမြင် တော့သလို ယောကျ်ားမာနဆိုတာလည်း မရှိတော့သလို စူးထိုင်ခုံ အောက်မှာ ဒူးထောက်ထိုင်ချလိုက်ပြီး ဖိနပ်ကြိုးလေးကို စူးခြေထောက် လေးတွင် တယုတယ ပတ်ပေးခဲ့သည်။





ဒါဟာ သောတနှင့် သူမကြားမှာ သိသာထင်ရှားစေသော တစ်ချပ်ခြားသွားစေခဲ့တာ မဟုတ်ပါလား။

မမျှော်လင့်ချင်၊ သောတာဆီက သူမ ဘာမှ မမျှော်လင့်ချင်။ တာကို အပင်ပန်းခံ မမျှော်လင့်တတ်သည့် သူမရဲ့ ဉာဉ်အတိုင်း တဆိုတာ စူးအတွက်လို့ စိတ်ဆုံးဖြတ်ထားမိတော့ အနည်းငယ် သက်သာသေးတာပေါ့။

ဒါပေမဲ့ ဒီကိစ္စကို မေမေတို့ကို ဖွင့်ပြောလို့ မဖြစ်။ သိများ လျှင် အတင်းအကျပ်ဆိုတာမျိုးတွေ ဖြစ်လာနိုင်သည်။

ခွန်းတုံ့မပြန်ဘဲ ငြိမ်ငြိမ်သက်သက် ဖြစ်နေသော သူမကို မေမေက အားမလို အားမရနှင့် ပါးလေးကို ဖျစ်ညှစ်လိုက်ပြီး –

"နေရာတကာ ထုံအနေတာ၊ အားနာတတ်တာ မကောင်း သမီး၊ သူငယ်ချင်းဆိုပြီး အလျှော့ပေးလိုက်ရင် သောတက စူး ပါသွားလိမ့်မယ်။ အဲဒီလိုတော့ မေမေတို့ လုံးဝအဖြစ်မခံနိုင် နော် သမီး"

"သောတ ဆုံးဖြတ်ပါလိမ့်မယ် မေမေရယ်၊ စိတ်တစ်ခုကို ကိုင်ပြီး အပိုင်စီးတာမျိုး မဖြစ်ချင်ဘူး၊ အိမ်ထောင်ရေးဆိုတော့ ယောက်နဲ့တစ်ယောက် တစ်သက်လုံး ပေါင်းသင်းရမှာ ပိုဆိုးတာ

"သမီး ဘယ်လိုစကားတွေ ပြောနေတာလဲ"



www.burmeseclassic.com

ဖေဖော လေသံမာဆတ်ဆတ်ဖြင့် အော်ငေါက်လိုက်
အသက်ရှူသံပြင်းနေသည်။

"ယောက်ျားလေးတစ်ယောက်ကို ဖြားယောင်းသိမ်းသွင်း
နေတာ မဟုတ်ဘူး။ ဖေဖေတို့လူကြီးတွေ စီစဉ်ထားတာကိုအသိ
နေတာ၊ မဖြစ်မနေ မောင်သောတကို လက်ထပ်ရမှာပဲဆိုတာ သိ
ချင်တာ၊ အဲဒီ စူးဆိုတဲ့မိန်းကလေးကြောင့် ဘာပြဿနာ ဘာအ
အယှက်မှ မဖြစ်စေချင်တာ"

"ဒီကိစ္စကို သောတရော သိသလားဖေဖေ"

"နိုင်ငံခြားကနေ သူ့မိဘတွေ အသိပေးကြမှာပါ၊ ဘွား
လည်း တိုက်တွန်းအားပေးလိမ့်မယ်၊ သူကိုယ်တိုင်လည်း အ
အနက် ရှိလို့ မေမေတို့ အိမ်ကို ဝင်ထွက်သွားလာပြီး သမီးလေး
လည်း သင်တန်းအပို့အကြို လုပ်နေတာပေါ့ကွယ်၊ စူးဆိုတဲ့ ကော
လေးကိုသာ သမီးတို့ မပတ်သက်ရင် ကိစ္စအားလုံးက အေးအေး
ဆေး အဆင်ပြေသွားမှာပါ"

အနွယ်တော် သက်ပြင်းငွေ့ငွေ့ချရင်း ရင်ထဲမှာ တင်း
ကျပ်ကျပ် ဖြစ်နေ၏။

လူတစ်ယောက်ရဲ့ စိတ်ကို ဘယ်လိုလုပ် ချုပ်ကိုင်ရမှာ

ပရိယာယ်တွေ၊ မာယာတွေ၊ မုသားအတတ်ပညာတွေ
ဘာမှ မကျွမ်းကျင်ပါ။ အချစ်ကို ရိုးရိုးရှင်းရှင်း ခံစားချစ်ပြီး ရင်ထဲ





ကာကာ ချစ်မိသော လူတစ်ယောက်ကိုသာ တန်ဖိုးရှိရှိ လက်
ချင်သည်။

သောတစိတ်ကိုလည်း လှစ်ဟကြည့်ချင်၏။ စူးနှင့် အနွယ်
ဘယ်သူ့ကို တိတိကျကျ ရွေးချယ်မှာခဲ့လို့။

ဖေဖေမေမေတို့ ပြောသလို သူမတို့ရဲ့ ကဏ္ဍာတွေမှာ စူးသာ
ခဲ့လျှင်။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

အခန်း ( ၂၀ )

''စူး''

''ဟယ် မင်းခေါင်၊ နင် ဘယ်အချိန်တုန်းက ပြန်ရောက်

လဲ''

''ဒီမနက်ပဲဟ၊ နင့်ဆီ ဖုန်းဆက်ဖို့တောင် စဉ်းစားသေး

ဒါပေမဲ့ နင့်မျက်နှာလေးကို အရင်ဆုံး မြင်တွေ့ရဖို့က အရေးကြီး

မဟုတ်လား၊ ငါတို့ ဘယ်သွားလန်းမလဲ စူး''

''ဟမ် ဟို မင်းခေါင်''

သူမကားရှေ့မှာ ပိတ်ရပ်ပြီး ပြောနေသော မင်းခေါ

စူး ဘာပြောရမှန်းမသိ၊ မျက်လုံးမျက်ဆန်ပြူးနေသည်။ ဟိုအခ

မင်းခေါင်နှင့် အချိန်ဖြုန်းလို့ မဖြစ်တော့တာ မင်းခေါင် သိအော





ပြောမှ ဖြစ်မည်။ ဒါပေမဲ့ ဒီနေရာမှာ ပြောလို့မဖြစ်။

သောတတို့ ရောက်လာလျှင် အထင်လွဲစရာတွေ ဖြစ်လာနိုင်

သည်။

''မင်းခေါင် ငါတို့ ညနေမှ ဆုံရအောင်ဟာ၊ ငါသင်တန်း

တက်ဦးမယ်''

''စူး ငါအဝေးကြီးက ပြန်လာတာနော်၊ နင်နဲ့တွေ့ပြီး မလန်းရ

ငါခွေသွားမှာပေါ့၊ အရင်ကတည်းက ဘယ်သင်တန်းကို အချိန်

တက်ဖူးလို့လဲ၊ ငါနဲ့ နေရာအနှံ့ရွှေ့နေတာ၊ ပုံပြင်မှ မဟုတ်တာ

ရောက်တဲ့နေ့ ငါ့ကို အချိန်ပေးမှဖြစ်မယ် စူး''

စူး ဘယ်လိုမှ ငြင်းဆန်လို့ရမည် မထင်။ သူမကားစက်

လိုက်ပြီး မင်းခေါင်ကိုလည်း မေးငေါ့ပြကာ–

''ကဲ ငါ့ကားနောက်ကလိုက်ခဲ့ မင်းခေါင်၊ ငါသင်တန်း

တော့ဘူး''

''အိုကေ အစကတည်းက အဲလိုဖြစ်နေရမှာ ဟား ဟား''

မင်းခေါင်က ဟိုအရင်ကလိုပင် ပေါ့ပေါ့ပါးပါး၊ ရယ်လျက်

ကားနောက်ကနေ မောင်းလိုက်လာ၏။ သူမ ဘယ်ကိုမောင်းရမလဲ

အချင်းဖြင့် လူရှင်းသောကန်ပေါင်ကို ရွေးချယ်လိုက်သည်။ စား

ဆိုင်တွေမှာဆုံလျှင် မင်းခေါင် ဘာ်ယာတွေ ဘာတွေသောက်

နေဦးမည်။



www.burmeseclassic.com

www.burmeseclassic.com



ကားကို တစ်နေရာမှာ ထိုးရပ်ထားခဲ့ပြီး စူးရှေ့ကနေ ခ
သုတ်သုတ် လျှောက်နေမိသည်။ နီးစပ်ရာ ခုံတန်းလေးမှာ ဝင်ထိုင်
လိုက်ပြီး စိတ်ရှုပ်ထွေးစွာ ကျောက်ခဲတစ်လုံးကိုကောက်၍ အင်အား
ကာ ကန်ရေပြင်ထဲ ပစ်ပေါက်လိုက်သည်။ ကန်ရေပြင်က ဝဲဂယ
ငယ်ထကာ လှိုင်းထန်သွား၏။

အမောတကော နောက်ကပြေးလိုက်လာသော မင်းခေါင်
ခုံတန်းတစ်ဖက်စွန်းမှာ ပစ်ထိုင်ချလိုက်ရင်း စူး ပါးလေးကိုဖျတ်
မ်ဆွဲသည်။

“မင်း အရောင်တွေ ပြောင်းနေပါလား စူး၊ ငါ မြစ်ကြီး
သွားတာ သုံးလမပြည့်သေးဘူး ထင်ပါတယ်၊ ညီမလေးမ
ဆောင်သွားတာ ဘာလို့ ကြာနေတာလဲ၊ လွမ်းလိုက်တာ ဘာ
မချွဲတော့ဘူးလား၊ ငါကတော့ နင့်ကို အရမ်းသတိရနေတာကွ”

“အပိုတွေ မပြောနဲ့ မင်းခေါင်၊ ငါဘယ်လိုလူမျိုးကိုမှ သ
လောက် လွမ်းလောက်အောင် မစွဲလမ်းဘူးဆိုတာ နင်သိပါတယ
ဒါပေမဲ့ အဲဒီစကားက နင်နောက်ဆုံးပဲ၊ အခု ငါ့ရင်ထဲကိုထည့်ထား
မယ့်လူတစ်ယောက် ရှိနေပြီ”

“ဘာ”

“နင်ပြန်လာရင် ပြောပြမယ်လို့ ငါမှာလိုက်တယ်လေ၊ အဲ
က နင့်လိုမျိုး မဟုတ်ဘူးဆိုတာတော့ ငါသေချာပြောရဲတယ်”





“နင်တို့ ချစ်သူတွေ ဖြစ်နေကြပြီလား”

မင်းခေါင်မေးခွန်းက ခပ်အက်အက်နှင့် တိမ်ဝင်ရှုတနေသည်။
ကာ ကန်ဘက်ကို မျက်နှာမူတည်ပြီး -

“ချစ်သူဖြစ်ကြဖို့ လက်မတင်လေးလိုတော့တယ် ထင်တာပဲ၊
ကြားထဲမှာ အနှောင့်အယှက် အဟန့်အတား စည်းတစ်ခုခြားနေတယ်”

“နားလည်အောင် ရှင်းရှင်းပြောပါလား”

“အနွယ်တော်ဆိုတဲ့ကောင်မလေးကို နင်မှတ်မိတယ် မဟုတ်
လား”

“ငါ့ရဲ့ အသည်းပေါက်လေး နှစ်ပါးကြည်ခါနီးမှာ နင်ကြားထဲ
က ဝင်လုသွားတာ၊ ငါခုထိ လွမ်းတုန်းပဲ၊ သူက ဘာဖြစ်လို့လဲ၊ နင့်
အတွက် အမှိုက်လား”

“ဆိုပါတော့”

ဟုအစချီလိုက်ကာ အကျဉ်းချုံး၍ မင်းခေါင်ကို ပြောပြမိ
သည်။ နားထောင်ရင်းဖြင့် မင်းခေါင်မျက်နှာက အရောင်အမျိုးမျိုး
ပြောင်းလဲနေ၏။ စူးက မင်းခေါင်ကိုမကြည့်ဘဲ ကန်ရေပြင်ဘက်ကို
မျက်နှာမူထားဆဲ ဖြစ်သည်။

နေ့လယ်ခင်းအပူရှိန်က ခုံတန်းလေးမှာ အေးမြစေသော
အမိုးရိပ်ပါပေမယ့် ချွေးစလေးတွေ စိမ့်ထွက်နေစေသည်။

“ဒါဆို သူတို့နှစ်ယောက်က ချစ်သူတွေ မဟုတ်ပေမယ့်



www.burmeseclassic.com

www.burmeseclassic.com



ဘက်ထပ်ရမယ့် အခြေအနေမျိုးပေါ့ ရှိတယ်ပေါ့"

"အင်း အဲဒီအတိုင်း ဖြစ်ရမယ်လို့ တစ်ခုချ ယုံကြည်

တယ်၊ မလိုအပ်ရင် ဘယ်မိဘက ကိုယ့်သမီးကို ယောကျ်ား

တစ်ယောက်နဲ့ ယုံယုံကြည်ကြည် အပ်ထားမှာလဲ၊ သောတဘ

ငါ့ကို ဖွင့်မပြောသေးဘူးဆိုတာလည်း အဲဒီကိစ္စကြောင့် နောက်ဆံ

နေတာ ဖြစ်မယ်"

"နင် သောတဆိုတဲ့ ကောင်ကို တကယ်ချစ်နေပြီလား

"မလေလွင့်ချစ်တော့တာ သူ့ကြောင့်ပါ၊ ငါ့ကိုယ်ငါ

ပြောင်းလဲဖို့ ဆုံးဖြတ်လိုက်တာ သူ့ကြောင့်ပါ၊ ငါ သောတကိုချစ်

မင်းခေါင်"

"ငါ့ကိုရော"

"နင်လည်း ငါ့အပေါ် အရမ်းနားလည်ပြီး ကောင်းခဲ့

ဆိုတာ ငါသိပါတယ်၊ အရမ်းအားနာပါတယ် မင်းခေါင်၊ နင့်

မချစ်ဘူး၊ နင်လည်း ငါ့ကို မချစ်ခဲ့ဘူး မဟုတ်လား၊ တစ်ယော

တစ်ယောက် စိတ်အဆာပြေတဲ့ ဖြစ်ခဲ့ကြတာပါ။ အချစ်ဆိုတာ နင့်

မှာ သတ်သတ် ရှိနေမှာပေါ့"

"အေး၊ နင် ပွင့်ပွင့်လင်းလင်း ပြောပြီဆိုတော့ ငါလ

အမှန်အတိုင်း ဝန်ခံချင်ပါတယ်၊ ဒါကလည်း ညီမလေးတို့ အိမ်

ရေးကိုကြည့်ပြီး ဆုံးဖြတ်လိုက်တာပါ၊ ငါက ညီမလေး အိမ်ထောင်





ိုက်တာ မချစ်ဘဲနဲ့ ပထွေးရန်ကြောင့်လို့ ထင်နေတာ၊ သူ့ထက်

အသက်ကြီးကြီး ရုပ်ဆိုးဆိုးလူကြီးကို ယူလိုက်တာ မဟုတ်လား၊

ပေမဲ့ ငါ ထင်သလို မဟုတ်ဘူး ရှူးရဲ့"

"ဟင် ဒါဆို ငါပြောသလို သူ့ဖူးစာကံကြောင့်လား"

ရှူး စိတ်ဝင်တစားလေး မင်းခေါင်ဘက်လှည့်ကာ မေးလိုက်

ည်။ မင်းခေါင်မျက်နှာလေးက ကြည်လင်လန်းဆန်းလာလျက် –

"နင် အယူအဆလည်း မှန်ချင်မှန်မှာပါ၊ သေချာတာက

ားပေးနှစ်သိမ့်မှုကြောင့် သံယောဇဉ်ကြောင့် နားလည်မှုကြောင့်

ဖြစ်မယ်၊ အဲဒီလူကြီးက ညီမလေးကို ညှာတာတယ်၊ ဂရုစိုက်တယ်၊

ွေးထွေးနှစ်သိမ့်မှုတွေနဲ့ ညီမလေး စိတ်ဓာတ်ကျ အားမငယ်အောင်

ပြောင်းလဲပေးနိုင်ခဲ့တယ်လေ၊ အဲဒါတွေကို ညီမလေးက ယုံ

ကြည်အားကိုးပြီး လေးလေးစားစား ချစ်သွားခဲ့တာ၊ အသက်ကြီးတာ

တွေ၊ ရုပ်ဆိုးတာတွေလည်း မမြင်တော့ဘူးပေါ့၊ အချစ်က မျက်လုံး

တွေကို မှိတ်ချပေးလိုက်တာဖြစ်မယ်"

ငါ့မျက်လုံးတွေလည်း အချစ်ကြောင့် စုံကန်းနေပြီလို့ ဖြတ်

ပြောဖြစ်၊ မင်းခေါင်ပြောတာကိုသာ စိတ်ဝင်တစား နားထောင်နေမိ

သည်။

"ညီမလေးကလည်း ငါ့ကို ဖျောင်းဖျတယ်၊ မိဘတွေကို

ရွဲ့တိုက်ပြီး အချစ်ကို ပေါ့ပေါ့တန်တန် မရှာဖွေဖို့ပေါ့၊ ညီမလေး

www.burmeseclassic.com

www.burmeseclassic.com



ယောကျ်ားကလည်း ငါ့ကို ညီတစ်ယောက်လိုဆုံးမပါတယ်၊ အ လေးလေးနက်နက် တွေးပြီး ရည်ရွယ်ချက်တွေ ပျောက်ပါစေ လေ၊ ဟိုမှာ စိတ်ပြေလက်ပျောက်ဖြစ်အောင် သူ့အလုပ်ထဲမှာ သွင် သေးတယ်၊ အဲဒါကြောင့် ညီမလေးတို့ မင်္ဂလာဆောင်ပြီးပြီ ပြန်မလာဖြစ်တာ''

''အခု နင် စိတ်သစ်လူသစ်နဲ့ ရန်ကုန်ပြန်လာတာ ပြေ တာလား၊ အချစ်ကို ရင်ထဲက သံစဉ်တွေအတိုင်း ရှာဖွေတော့ ပေါ့''

မင်းခေါင်းက အားတုံ့အားနာ ပြုံးရယ်ကာ –

''ငါ ဟိုမှာနေနေတုန်း အနွယ်တော်ကို နင့်ထက်ပိုပြီး သတိရနေခဲ့တယ် ရူး၊ အဲဒီကောင်မလေးက အဖြူထည်လေး မဟု လား၊ ရိုးစင်းမှုတွေနဲ့ အပြစ်လည်းကင်းတယ်၊ အနွယ်တော်ဆီ ငါ တခြား ဘာမက်မောမှုမှလည်း မရှိပါဘူး၊ ငါ့ရင်ထဲက လေး နက်နက် ခံစားမိတာလို့ ငါထင်တယ်''

''ဒါဆိုလည်း နင်ရအောင် ပြန်လိုက်ပေါ့ မင်းခေါင်''

''ဘာ''

''ငါတို့ရဲ့ အနီးဆုံးမှာ အနွယ်တော်ရှိနေတယ်၊ အရင်လည် စထားပြီးသားဆိုတော့ ပြန်ဆက်ဖို့ လွယ်ကူမှာပါ''

''တော်တော့ရူး''





မင်းခေါင်က ခပ်မာမာ ဟိန်းဟောက်လျက် ခြုန်းခနဲ ထရပ် သည်။ ရေစပ်နားက သစ်ပင်ရိပ်ကို ဆင်းသွားသည်မို့ ရူးလည်း လိုက်သွားမိ၏။ မင်းခေါင်က သစ်ပင် ပင်စည်ကိုကျောကပ်မှီလျက် ရူးကို ရူးရှုရှု မျက်လုံးတွေနှင့်ကြည့်ကာ –

''အနွယ်တော်က နင့်အတွက် အမှိုက်ဖြစ်နေလို့ ငါ့ဘက် ပုတ်ထုတ်နေတာလား၊ ငါ့ရင်ထဲက သူ့ကို တကယ်ချစ်နေခဲ့ရင်တောင် ပေါ့ပေါ့တန်တန် ချဉ်းကပ်တာမျိုး မဖြစ်ချင်တော့ဘူး၊ နင့်ရဲ့ အသုံးချခံ လိုက်ရရင်ရော အနွယ်တော်က ဘာဖြစ်သွားမလဲ''

''အဝေးကြီးမတွေးစမ်းပါနဲ့ဟာ၊ ငါက သောတကို ချစ်တယ်၊ သောတနဲ့ နီးစပ်ဖို့ ကြိုးစားတယ်၊ နင်က အနွယ်တော်ကိုချစ်တယ် မဟုတ်လား၊ ပိုင်ဆိုင်ဖို့ ကြိုးစားပေါ့ မင်းခေါင်''

ဘောင်းဘီအိတ်ထဲ လက်နှစ်ဖက်နှိုက်၍ မင်းခေါင် တွေခနဲ ဖြစ်သွားကာ သက်ပြင်းရှိုက်သည်။

''မရိုးမသား ချဉ်းကပ်ခဲ့ဖူးတာကို ငါနောင်တရတယ် ရူး၊ အခုရော နင့်အတွက် ရှင်းပေးရသလိုချည်း ဖြစ်နေမလားလို့''

''မင်းခေါင် နင် အဲလို မြန်မြန်ဆန်ဆန် ပြောင်းလဲသွားမယ် မထင်မိဘူး၊ နင် လေးလေးနက်နက် တွေးနေတာ ဒီတစ်ခါပဲ မြင်ဖူး တယ်၊ ဘာပဲဖြစ်ဖြစ် နင် အနွယ်တော်ကိုချစ်တယ်မဟုတ်လား၊ ငါတို့ မပတ်သက်ခဲ့ဖူးသလို နေကြရင်းနဲ့ အနွယ်တော်အချစ်ကိုရအောင်



www.burmeseclassic.com

www.burmeseclassic.com



ကြိုးစားပါ။ နှင်လိုချင်တဲ့ အချစ်ကို ထိုက်ထိုက်တန်တန် ရစေချင်တယ်''

စေတနာသန့်သန့်နှင့်တိုက်တွန်းမိတာလား ဆိုတာတော့ ကိုယ့်ကိုယ်ကိုယ်ပဲ သိသည်။ သောတနှင့် နီးရမည်ဆိုလျှင် ...မရိုးသားနိုင်ပါ။ ဒါဟာ အချစ်ဆိုတာကို သိလာပြီးမှ အတ္တကြီးတ... လာခဲ့တာ ဆိုလျှင်။

✿ ✿ ✿



## အခန်း ( ၂၁ )

''မနေ့က ဘာလို့ သင်တန်းမတက်တာလဲ ရှူး''

''အဲ ဟိုလေ သောတရဲ့''

သောတရှေ့မှာ လိမ်ညာရမှာ မဝံ့မရဲ ဖြစ်ရသည်။ သင်တန်းရှေ့က ကော်ဖီဆိုင်လေးမှာ ရှူးက ကြိုရောက်နေပြီး သောတလည်း ...စားစီးစွာ ရောက်ချလာခဲ့သည်။ ထိုင်ခုံလေးမှာ ထိုင်ပြီးချိန်မှာပဲ တို ပြတ်သော မေးခွန်းနှင့် ရှူးမျက်နှာလေးကို အကဲခတ်နေ၏။ ရှူးက ခဏတာ တွန့်ဆုတ်သွားပြီးမှ ပြုံးရယ်လိုက်ကာ –

''မာမီနိုင်းတဲ့ကိစ္စတစ်ခုနဲ့ သင်တန်းချိန် မမီတော့လို့ သောတရဲ့၊ ဘာလဲ ရှူးကို သောတလွမ်းနေတယ်ပေါ့''

မထိတထိ ရှူးမေးခွန်းကြောင့် ရှက်ကိုးရှက်ကန်း အပြုံးနှင့်



www.burmeseclassic.com

www.burmeseclassic.com



သောတ မျက်နှာနီမြန်းမြန်းဖြစ်သွား၏။ အမှန်အတိုင်း ဝန်ခံလိုက်

သည်။

တစ်နေ့လေး မမြင်တွေ့ရတာတောင် ရင်ထဲမှာ နေ

ထိုင်မသာဖြင့် ဟာတာတာကြီးဖြစ်နေရသည်လို့။

ဒါပေမဲ့ ရင်ထဲက ဆန္ဒတွေ ဖွင့်ထုတ်ဖို့ အကြောင်းအ

ကာလတွေက အဟန့်အတား ဖြစ်နေရ၏။ အဆုံးထိ မလျှော

လျှင် လမ်းခုလတ်မှာ နာကျင်ကြေကွဲရမလား စိုးရိမ်သည်။

အနွယ်တော်နှင့် လက်ထပ်ဖို့ ဖေဖေနှင့်မေမေက ဖုန်း

အသိပေးထားသည်။ ဘွားဘွားက အနီးကပ် တိုက်တွန်း၏။

ကိုယ့်ဆန္ဒနှင့်ကိုယ်ရွေးချယ်ဖို့ ဆုံးဖြတ်ထားသော်လည်း

ကို ဒီထက်ပိုပြီး နားလည်အောင် ကြိုးစားကြည့်ချင်သေးသည်။

စူးက အခု သူ့ရှေ့မှာ တည်ငြိမ်ရင့်ကျက်မှုတွေနှင့် ရှိနေ

မယ့် ဟိုအရင်သတင်းတွေက တစ်ခုမှမကောင်း။

နိုက်ကလပ်တက်သည်၊ ညည်းစားအပျော်တွဲသည်၊ ယော

လေးတွေနှင့် ရင်းနှီးစွာ ပေါင်းသင်း၍ လေလွင့်နေသော အရိုင်း

ဆန် မိန်းကလေးဖြစ်၏။

တကယ်ချစ်လာပြီဆိုလျှင် ဒါတွေက အရေးမပါတော့သေ

လည်း သူ့အပေါ်မှာ သစ္စာရှိဖို့တော့ တန်ဖိုးကြီးအရာတစ်ခုလို မျှော်

လင့်ချင်၏။





သူ့သက်ပြင်းရှိုက်သံကြောင့် စူးက မျက်ခုံးလေးနှစ်ခု ပင့်

တက်ကာ –

"ဘာဖြစ်လို့လဲဟင် သောတ၊ စူးပြောတာ မယုံလို့လား"

"အဲလိုလည်း မဟုတ်ပါဘူး။ မနေ့က ငါ သင်တန်းကိုလာ

ဘာ ရွှေဂုံတိုင်မီးပွိုင့်မှာ စူးကားလေးကို အမှတ်တမဲ့ မြင်လိုက်မိ

ယ် ထင်တယ်၊ ဘယ်ကြောနဲ့ညာကြော ဖြစ်နေတော့ မီးစိမ်းအပြမှာ

သ်လိုမှလည်း ကြည့်လို့မရတော့ဘူး"

"ဩော်၊ ဟုတ်မယ် သောတရဲ့၊ စူးက ရွှေဂုံတိုင်ဘက်ကို

သွားရတာလေ"

"ငါ့ကို သင်တန်းမလာဖြစ်ဘူးဆိုတာ ဖုန်းဆက်အသိပေးဖို့

ဘာ ကောင်းပါတယ်၊ ငါက ဒီကော်ဖီဆိုင်မှာ အချိန်ကုန်အောင်

ောင့်နေခဲ့တာ"

လေးလေးနက်နက် ရှိုက်လွှန်းလှသော သောတစကားကြောင့်

ရင်ထဲ ရှိန်းခနဲ ဖိန်းခနဲ လှိုက်မိုရသည်။ ဒီထက်ပိုပြီး ရင်ဖွင့်လိုက်လို့

ရော မဖြစ်ဘူးလား။ ဂျယ်လ်နှင့် ပုံသွင်းထားသော သောတရဲ့ အိမို

ဘလေးကို ဆွဲဖွပ်ကာ ရင်ဖွင့်စရာရှိတာ ဖွင့်ပါတော့လားဟု အားမလို

အားမရ ပြောပစ်လိုက်ချင်၏။

ဒီနေရာမှာ မိန်းမသားဘဝကို စိတ်နာသည်။ သောတက

သူမလို ကော်ဖီပြင်းပြင်းမှာသောက်ပြီး ဖွန်လေးနှင့် မွှေ၍ –



www.burmeseclassic.com

www.burmeseclassic.com



"နင်က မိန်းကလေးဖြစ်ပြီး ကော်ဖီကို ပြင်းပြင်းလေး သောက်တတ်တယ်နော်၊ ငါလည်း နင့်လိုသောက်တတ်အောင် အကျင့်လုပ်ကြည့်နေတာ၊ အဲဒါ အခါးက ပါးစပ်ထဲမှာ စွဲနေပေမယ့် အရသာ ရှိပါတယ်၊ ဒါပေမဲ့ ငါက ခါးတဲ့အရသာကို မကြိုက်ဘူး၊ ကော်ဖီနံ့ ပြင်းပြင်းလေး နှာခေါင်းထဲ စွဲနေတာကိုကြိုက်တာ"

"ကြိုက်တာက ကြိုက်တာပဲပေါ့၊ ဘာလို့ခွဲခြားပြီး ပြောနေတာလဲ"

"အချိန်ကြာလာရင်တော့ ခွဲခြားပြောဖြစ်တော့မှာ မဟုတ်ပါဘူး"

"အချိန်ဆိုတာကြီးကို ဘာလို့ စောင့်နေဦးမှာလဲ သောတာ ကော်ဖီတစ်ခွက်ရဲ့ ရာဇဝင်ကို ဒီလောက်ငြိကာချဲ့နေမှတော့ အချစ်ဆိုတာကို ဘယ်လိုလုပ် လျှင်လျှင်မြန်မြန် ရှာဖွေလို့ ရမှာလဲ၊ နောက်ကျခြင်းရဲ့ နောင်တကိုရတာ၊ အဲဒီလို စဉ်းစားတွေးတော ချင့်ချိန်နေတတ်တဲ့ လူမျိုးတွေပဲ"

သောတာ ဆတ်ခနဲတုန်သွား၏။ သက်ရောက်မှုတွေကို အဓိပ္ပာယ်တွေနှင့် မျှားနေသော်လည်း တုံ့ပြန်မှုက လက်နက်နှင့် ပစ်ခွင်းလိုက်တာထက်ဆိုးသည်။

နောက်ကျခြင်းရဲ့ နောင်တတဲ့။ ဒီစကားလုံးကို သူခံနိုင်ရည် မရှိ။ သူ့ရဲ့ ဝင်သက်ထွက်သက်တိုင်းမှာ စူးက စိုးမိုးထားသည်။ သူ





ထဲထိ တမြေ့မြေ့ တိုးဝင်လာတာ သူမရဲ့ ရဲတင်းပွင့်လင်းခြင်းတွေ ဖြစ်၏။

သူ အသက်ကို ပြင်းပြင်းရှိုက်ရှူလိုက်သည်။ စကားလုံးတွေ ည်းလိုက်၏။ သူဟာ စူးချွန်ထားလို့ ကျန်ရစ်ခဲ့သူ မဖြစ်ချင်။

"ဟင်"

သင်တန်းရှေ့က လမ်းမဘက်ခြမ်းမှာ တက္ကစီကားအဝါရောင် း ထိုးစိုက်လာ၏။ ထိုကားပေါ်က အနွယ်တော် ဆင်းလာသည်။

စကားလုံးတွေ လည်ချောင်းဝမှာတင် ပျောက်ဆုံးသွား၏။ အနွယ်တော်ဆိုတာ သူ့ရင်ထဲက ဘယ်နေရာမှာမှ ရှိမနေခဲ့သော်လည်း။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၂၂ )

"အနွယ်တော်"

"ဟင် ရှင်"

"ကျွန်တော့်ကို မှတ်မိလား"

"ဟို အဲ"

နှုတ်ခမ်းမွေးသဲ့သဲ့ ပြုံးစစနှင့် ထိုလူအသံ ညြှုရှုလေးကြောင့် အနွယ်တော် လည်ပြန်လှည့်ကြည့်ရင်းဖြင့် အချိန်ကြာကြာ သတိထားမိနေခဲ့သည်။ မင်းခေါင်းဆိုသောလူ ဖြစ်မှန်းသိလိုက်သည်။

'ဟိုအရင်က သူမအနားမှာ အပါးတော်မြဲ တွယ်ကပ်ခဲ့ဖူးပြီး ချစ်အဖြေကို တပူပူ တဂျီဂျီ နားပူနားဆာတိုက်၍ တောင်းခံခဲ့ဖူးသည်။ နောက်တော့ ဘယ်က ဘယ်လိုပျောက်သွားမှန်းမသိလိုက်ရဘဲ သူမ





မှမေ့ပျောက်ပျောက် ဖြစ်သွားခဲ့သည်။

ထိုအချိန်ကတည်းက သွက်လက်၍ စကားပြောကောင်းသော သူ့ကို ရင်ထဲမှာ မှတ်မှတ်ထင်ထင်တော့ ရှိခဲ့သည်။

ဒါပေမဲ့ မင်းခေါင်ကို အဖြေပေးဖို့တော့ သူမ တွန့်ဆုတ်တွေခဲ့သည်။ မြင်လိုက်ရသည့် အချိန်တိုင်း အမြဲ ဖိုသီဖတ်သီး ဗရုတ်သုတ်ခနှင့်မို့ ဘယ်လိုပုံစံမျိုးနှင့် ယုံကြည်အားကိုးရမှာလဲ။

ဘယ်လိုမှ တည်ငြိမ်လေးနက်မှု မရှိသည့် တေလေဂျပိုးပိုင်းနှင့် မင်းခေါင်က ခုတော့လည်း စတိုင်လ်ပန်တွေ တီရှပ်တွေနှင့် သပ်သပ်ရပ်ရပ် ကြည့်ကောင်းနေပြန်သည်။ ကုပ်ထောက်လုနီးပါး ဆံပင်တွေက တိုကပ်ကပ်လေးဖြစ်သွားပြီး ပုံကျသေသပ်အောင် ဂျယ်နှင့် ထောင်ထား၍ မျက်နှာလေးကအစ ရှင်းသန့်နေသည်။

"ဘာတွေ ကြောင်ကြည့်တောလဲ၊ ကျွန်တော့်ကို မမှတ်မိတော့ဘူးလားဟင်"

"ဟင် မဟုတ်ပါဘူး မှတ်မိပါတယ်"

ထပ်ဆင့်မေးခွန်းကြောင့် သူမ လွှတ်ခနဲ ဖြေလိုက်မိ၏။ ခြေလှမ်းတို့က ကော်ဖီဆိုင်လေးထဲမှာ သောတနှင့် ရှုရှိနေမည်ဆိုတာ သိနေပေမယ့် သင်တန်းရှိရာဘက်ကိုသာ ဦးတည်သွားနေမိသည်။

မင်းခေါင်ကလည်း သူမဘေးက ကပ်လိုက်လာကာ သင်တန်းရှိရာ အပေါ်ထပ်တက်မည့် လှေကားထစ်နား အရောက်မှာတော့



www.burmeseclassic.com

www.burmeseclassic.com



သူမရှေ့ကနေ ပိတ်ရပ်လိုက်သည်။

"ကျွန်တော်ကို ခဏလောက်အချိန်မပေးနိုင်ဘူးလား။ အနွယ်တော် ကျွန်တော် အနွယ်တော်ကို စကားနည်းနည်း ပြောချင်လို့"

"ကျွန်မ သင်တန်းတက်ရဦးမယ်"

"ကျွန်တော်သိပါတယ်၊ ဒါပေမဲ့"

"ရှင့် ဒီဖိုင်းက အရင်ကလို မဟုတ်ပေမယ့် ရှင့်ရဲ့ ရွတ်ညဉ်ကတော့ မပြောင်းလဲသေးပါလား၊ ခဏဆို ဖြစ်တယ် ဟိုကားပါကင်နားမှာ ထိုင်ခုံရှိတယ်၊ အဲဒီမှာ ခဏလောက် ရှင့် တွေ နားထောင်ပေးရင် ဖြစ်တယ်မဟုတ်လား"

မင်းခေါင်က လွှင့်ခနဲ ပြုံးလျက် ခေါင်းညိတ်ပြ၏။ သူမ ဂမုန်းပန်းအိုးတွေ အနီးက ခုံတန်းလေးရဲ့ အစွန်းမှာ ဝင်ထိုင်လို သည်။ မင်းခေါင်က ဝင်မထိုင်သေးဘဲ အပေါ်ကနေ စီးမိုး ခပ်ငေးငေး ကြည့်နေ၏။

"အနွယ်တော် ကျွန်တော့်ကို ဘာကြောင့် လက်မခံ သလဲဆိုတာ တွေးပြီး ကျွန်တော် အချိန်ယူပြုပြင်နေခဲ့တာ ကျွန်တော် အခု ဆောက်လုပ်ရေးကုမ္ပဏီတစ်ခုမှာ အလုပ်ဝင်ဖို့ ပြ ဆင်နေတယ်၊ အနွယ်တော် စိတ်တိုင်းမကျလောက်နိုင်သေးပေ အရင်ကပုံစံတွေအားလုံး ပြောင်းလဲနိုင်ဖို့လည်း ကြိုးစားနေပါတယ်"

"ကျွန်မ ဘာမှမကောင်းဆိုမိဘူး ထင်တယ်နော်"





"ကျွန်တော်က ပြုပြင်ချင်တာပါ၊ အနွယ်တော် လက်ခံလာ င်ဆိုတဲ့ စိတ်တစ်ခုတည်းနဲ့တော့ မဟုတ်ပါဘူး၊ ဘဝကို အလေး က် တန်ဖိုးမထားမိတဲ့ အချိန်တွေကို နှမြောမိတယ်၊ နောင်တ ည်း ရနေမိတယ်၊ စိတ်ထွက်ပေါက်ရှာတာနဲ့ လွတ်လပ်မှုကို ခံမင် သက်ရောက်မှုတွေချည်း တွေ့နိုင်သလား မသိပေမယ့် အယူအဆက ပြောင်းစီဆိုတာ ကျွန်တော် သိသွားပါပြီ နောက်တစ်ကြိမ် ကြိုးစားဖို့ တော့်ကို အခွင့်အရေး ပေးပါလား အနွယ်တော်"

ဒီတစ်ခါ တောင်းဆိုမှုက ဟိုအရင်ကလို ဖွတ်တရွတ် ပေါ့ ပျက် ကလေကချေဆန်တာမျိုးမဟုတ်။ တကယ့်ကို အလေး က် တည်တည်ငြိမ်ငြိမ်ပင်။ သူမ မျက်လွှာပင့်ကြည့်နေရတော့ ခေါင်က ခုံတန်းတစ်ဖက်စွန်းမှာ ထိုင်ချလိုက်ကာ –

"ကျွန်တော် မျှော်လင့်ချက်ရှိနိုင်သေးလား အနွယ်တော်"

သူမ ခေါင်းယမ်းပြလိုက်မိပေမယ့် ကျွန်မမှာ လက်ထပ်ရမည့် ရှိပါတယ်လို့ ပြောရမှာကိုတော့ ရှက်ရွံ့သိမ်ငယ်မိသလို ဖြစ်မိသည်၊ ကြီးတွေ ဆန္ဒရှိပေမယ့် သူမက စူးလောက်တောင် သောတ တွက် အရေးမပါပါ။

မိန်းကလေးတန်မဲ့ မျက်နှာပြောင်တိုက်ပြီးလည်း ရောနှော တ်သက်ချင်။

"အဲဒီ အဖြေက တစ်သက်တာအတွက်လား အနွယ်တော်၊



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်ဘက်က တစ်ဖက်သတ် မျှော်လင့်နေလို့ရော မရဘူးလား"

"ရှင် ပင်ပန်းနေမှာပေါ့၊ ကြိုးရှည်ရှည်နဲ့ လှန်ထားပြီး မျှော် လင့်ချက် ပေးထားသလိုမျိုး မလုပ်ချင်ဘူး"

"အဲဒီလို ကျွန်တော့်ဘက်ကို တွေးပူပေးတာလေး ကျွန်တော် ကျေနပ်နေပါမယ်၊ ဘာပဲဖြစ်ဖြစ် အဆုံးထိ ကျွန် မျှော်လင့်နေပါစေ၊ စောင့်နေပါရစေ၊ ဒီအတောအတွင်းမှာ အ တော် ပင်ပန်းတဲ့အခါ အဖော်အဖြစ် နှစ်သိမ့်မှုပေးနိုင်တဲ့လူ ယောက်လည်း ဖြစ်ချင်ပါတယ်"

စူးကြောင့် အနွယ်တော် စိတ်ပင်ပန်းစရာတွေ ရှိလာနို သိနေ၍ ထိုသို့တောင်းဆိုလိုက်မိခြင်းပင်။ အနွယ်တော်က တစ်ချက်ပြုံးလိုက်ကာ -

"ရှင် ကျွန်မနဲ့ပတ်သက်ပြီး တစ်ခုခုကို သေချာသိထား ထင်တယ်၊ ဟုတ်လား ကိုမင်းခေါင်"

"ချစ်လာပြီဆိုရင် အပင်ပန်းခံတတ်ကြတာပဲလေ၊ ဒီ စုံစမ်းထားမြစ်တာပါ၊ အနွယ်တော် အဲဒီလူကို ချစ်သွားနိုင်သလား တာကိုလည်း စိုးရိမ်တယ်"

"အဟင်း ရှင်စုံစမ်းထားတယ်ဆိုရင် အဲဒီလူ ဘယ်သူ ချစ်နေနိုင်သလဲဆိုတာလည်း သိနေရမှာပေါ့၊ သူ ဘယ်သူ့ကိုလက် ယယ်ထင်လဲ"





"အဲဒါက နည်းနည်းဝေဖန်ရခက်မယ် ထင်တယ်၊ လောက ချစ်တာတစ်ယောက် လက်ထပ်တာတစ်ယောက်ဆိုတဲ့ အဖြစ်မျိုး ကြားဖူးတယ် မဟုတ်လား၊ အဲဒီလူက ဟိုမိန်းကလေးကို ချစ်နေ ယ်ထားပြီး၊ မိဘတွေ သဘောတူတဲ့ အနွယ်တော်ကို လက်ထပ်ချင် က်ထပ်နိုင်တာပဲလေ၊ မိန်းမသားတစ်ယောက်ဖြစ်တဲ့ အနွယ်တော် က လက်ခံမှု ရှိမရှိက အရေးကြီးဆုံးလို့ ကျွန်တော်ထင်တယ်၊ ယ်တော်က တခြားမိန်းမတစ်ယောက်ကို ချစ်နေတဲ့ယောကျ်ား ယောက်ကို ချစ်နေတဲ့ ယောကျ်ားတစ်ယောက်ကို မျက်စိစုံမှိတ် က်ထပ်နိုင်သလား"

မင်းခေါင်မေးခွန်းက သူမအရှိက်ကိုထိသည်။ ထိုမေးခွန်းက ကြည့်အောက်မှာ သူမတစ်ကိုယ်လုံး သေးငယ်ကျုံ့ဝင်သွားသလို ရ၏။ သူမပါးမို့လေးတွေ နီရဲတွတ်သွားကာ သူမခေါင်းကို ဆတ် ခါယမ်းလိုက်သည်။

"ဟင့်အင်း၊ ကျွန်မကို မချစ်တဲ့ ယောကျ်ားတစ်ယောက်ကို မ ဘာလို့ မိုက်မိုက်မဲမဲ လက်ထပ်ရမှာလဲ၊ လက်ထပ်ရမယ့်သူနဲ့ ယသူက ကျွန်မအတွက်တော့ တစ်ယောက်တည်းပဲ ဖြစ်ရမယ်၊ ကို မချစ်တဲ့ယောကျ်ားတစ်ယောက်ကို ဘယ်သူ့တိုက်တွန်းမှုနဲ့မှ မ လက်ထပ်မှာမဟုတ်ဘူး"

"ဒါဆို"



www.burmeseclassic.com

www.burmeseclassic.com



"ရှင်ကလည်း ကျွန်မလက်ထပ်မယ့်သူ ဘယ်တော့မှ ဖြ
လာမှာ မဟုတ်ဘူး"

"ကျွန်တော်ကို ဘယ်တော့မှ ချစ်လာနိုင်မှာ မဟုတ်ဘူး
ဆုံးဖြတ်ချက် ချထားတာလား"

ထိုမေးခွန်းကိုတော့ သူမ တန်းခနဲ မဖြေနိုင်။ ဆွံ့အနေသ
မင်းခေါင်းမျက်နှာကိုလည်း ဖျတ်ခနဲ ကြည့်မိ၏။

မင်းခေါင်အချစ်ကို လက်ခံလိုက်ရလျှင် သောတ ချစ်တေ
နိုင်တာကို ခံနိုင်ရည်ရှိလာမည်ထင်သည်။ သောတအပြုံးကို တော
မိပေမယ့် မင်းခေါင်အကြည့်တွေကိုလည်း ဦးညွှတ်ချင်လာသ
ဒွိဟစိတ်တွေနှင့် လွန်ဆွဲနေမိခြင်းသည် အချစ်ကို လိုအပ်နေတာကြေ
များလား။

တကယ်ဆို အချစ်နဲ့ကင်းနိုင်သည့် လူ ဘယ်သူရှိလို့လဲ

✿ ✿ ✿



# အခန်း ( ၂၃ )

"အဲဒီအချစ်ဆိုတာကို လာမပြောနဲ့။ သောတဆိုတဲ့ ကောင်
လေးက အနွယ်တော်နဲ့ လက်ထပ်ရမှာမဟုတ်လား။ ညည်းက ဘာလို့
ရှက်မရှိ ပူပူကပ်ကပ် အရေးပေး ဆက်ဆံနေရတာလဲ၊ သောတကို
ရယူသိမ်းထားဖို့များ စဉ်းစားထားတာလား ရှူး"

ပြင်းထန်လွန်းသော မာမီ့စွပ်စွဲချက်တွေကြောင့် ရှူး ဆတ်ခနဲ
ခေါင်းထောင်သွားသည်။ မာမီ မျက်နှာတစ်ခုလုံးက ရေခဲရိုက်ထား
သလို အေးစက်မာကျောတောင့်တင်းနေသည်။

ဒီပြဿနာက ဒီနေ့ သူမတို့အိမ်ရှေ့ထိ သောတကားနှင့်
လိုက်ပို့ခဲ့ရာက အစပျိုးခဲ့တာ ဖြစ်၏။ သူမက ဝပ်ရှော့မှာ အပ်ထား
သည့် ကား ပြန်မရသေးဘူးဟု အကြောင်းပြကာ ကားကို ဂိုထောင်ထဲ



www.burmeseclassic.com

www.burmeseclassic.com



မှ မထုတ်ခဲ့။

အန္တယ်တော်နှင့် ကင်းကွာအောင် လှည့်ပတ်လိမ်လည်

သောတနှင့် နီးစပ်ဖို့ နည်းအမျိုးမျိုးနှင့် သူမအားထုတ်ကြိုးပမ်း

ရသည်။ တစ်ဖက်ကလည်း မင်းခေါင်ကို တိုက်တွန်းအားပေး

ကာ အန္တယ်တော် သူမတို့ဘက် မလှည့်သာအောင် လုပ်ထားရ

သည်။

မင်းခေါင်ကလည်း အန္တယ်တော်ကို အချစ်စစ် အချစ်မှန်

မြတ်မြတ်နိုးနိုး ချစ်နေခဲ့ပြီမဟုတ်ပါလား။ မကောင်းသည့်အကျင့်စ

တွေအားလုံး ပြုပြင်ဖို့ ကြိုးစားနေသည်အထိ တန်ဖိုးထားတာ

သူမ သိနေသည်။

သောတကလည်း အန္တယ်တော်ကို ရိုးသားစွာ သံယော

တွယ်ရုံလောက်သာ အလေးထားခဲ့ပြီး သူမအပေါ် စိတ်ဝင်စားမှု

သိသာထင်ရှားနေသည်။

ဒါဆို သူမ မတရားတာ ဘာရှိလို့လဲ၊ ဖောက်လွဲဖောက်ပြ

ယုတ်မာမှုကြီးမှ မဟုတ်တာ။

မာမီဒီလောက်ထိ အန္တယ်တော်အတွက် စဉ်းစားမပေးသင့်

သူမ မာမီကို ရဲတင်းစွာပင် တုံ့ပြန်ကြည့်လိုက်သည်။

"သောတက အန္တယ်တော်ကို မချစ်ပါဘူး မာမီ၊ လက်ထ

ဖို့ဆိုတာလည်း နှစ်ဖက်မိဘတွေ တိုက်တွန်းထားကြတယ်ဆိုပေမယ့်





...တို့နှစ်ယောက်လုံး ခေါင်းမညိတ်ကြရသေးပါဘူး၊ သောတ စိတ်ဝင်

...နေတာ စူးကိုပါ"

"ဒါက ညည်းဘက်က ထင်မြင်ယူဆချက်မဟုတ်လား။ ဒါမှ

...တ် ညည်းဘက်က သေချာအပိုင်တွက်ထားတာမျိုးလည်း ဖြစ်နိုင်

...ပဲ၊ ညည်းသွေးဆောင်ဖြားယောင်တာတော်လို့ သောတ ညည်း

...က်ပါလာတော့ရော အထင်ကြီးစရာလား စူး၊ အလိုလို ငြိတွယ်မှုနဲ့

ညည်းဘက်ယိမ်းယိုင်လာတာမျိုးမှ မဟုတ်တာ။ ဘာဖြစ်ဖြစ် သောတ

...ကို ညည်းကင်းကင်းရှင်းရှင်း ပြတ်ပြတ်သားသား နေပါ၊ ပြဿနာတွေ

ကြီးမားလာရင် မကောင်းဘူး"

"အန္တယ်တော်အတွက် ပြောပေးနေတာလား၊ စူးအတွက်

...န်ပေးနေတာလား မာမီ"

"ဟို အဲ ငါက အန္တယ်တော်အတွက် ဘာပြောပေးစရာ

...လဲ၊ သူမျှားမိသားစု အိမ်တွင်းရေးပြဿနာတွေထဲမှာ ညည်း ဘေး

ညပ်ပြဿနာတက်မှာစိုးလို့ပေါ့။ ဝါဂုဏ်သိက္ခာတွေ ထိခိုက်လာတဲ့အထိ

ဖြစ်လာရင် ဘယ်လိုလုပ်မလဲ"

"ဒါဆို အန္တယ်တော်ကို မင်းခေါင်ပတ်သက်ဖို့ ကြိုးစားနေတဲ့

...ချိန်တုန်းက ဘာကြောင့် အန္တယ်တော်ဆီက လုယူဖို့ တိုက်တွန်းခဲ့

...လဲ မာမီ"

"ဘာ"



www.burmeseclassic.com

www.burmeseclassic.com



"တခြားတစ်ယောက်ကို စိတ်ဝင်စားနေတဲ့ ယောကျ်ား တစ်ယောက်ကို ကိုယ့်ဘက်ပါအောင် စည်းရုံးနိုင်တာ အရည်အ တစ်ခုဆို မာမီရဲ့ လိုအပ်တာ ဖြည့်ဆည်းပေးမယ်၊ ညည်းအစွမ်း ဘယ်လောက်ရှိလဲသိရတာပေါ့လို့တောင် စိန်ခေါ်အားပေးခဲ့သေး မဟုတ်လား။ အခု သောတကို အဲလိုလုပ်ပြတော့ရော မဖြစ်ဘူးလား"

"မဖြစ်ဘူး"

ရှူးခနဲ ပြတ်တောက်စွာ အော်လိုက်မိပြီးမှ သက်ပြင်း စိတ်ကို ပြန်ထိန်းလိုက်ရ၏။ ဒီထက် အကျယ်တဝင့် ပေါက်ကွဲ မဖြစ်သေးပါ။

"မင်းခေါင်တုန်းက အန္တယ်တော် မိဘတွေ သိလည်း ဘူး။ စီစဉ်ထားတာမျိုးလည်း မရှိဘူးလေ၊ အန္တယ်တော် ကိုယ်တိုင် လည်း စိတ်ဝင်စားခဲ့သေးတာမှ မဟုတ်တာ၊ ပြီးတော့ အဲဒီအချိန် အန္တယ်တော်နဲ့ ညည်းလည်း သူငယ်ချင်းတွေ ဖြစ်ကြသေး မဟုတ်တာ၊ သူတို့နှစ်ယောက်ကြားမှာ နားလည်ဆိုးနဲ့ ညည်းက အ အတား ဖြစ်မနေဘူးလား"

"မာမီက လူငယ်တွေအကြောင်း ဘယ်လိုခရေစေ့တွင်း သိနေရတာလဲ သမီး၊ သောတနဲ့အန္တယ်တော်အကြောင်း ရှူးတစ် ပြောမပြမိဘူး ထင်ပါတယ်"

ရှူးစကားလုံးတွေက အမှန်တရားတွေချည်းဖြစ်ကာ တုံ့



တွေက အကြောက်အရွံ့မရှိ ရဲတင်းလွန်းလှသည်။ အချစ်ကြောင့် ကွဲ့တွေ စုစည်းထားခြင်းများလား။

မိမိမျက်လုံးတွေကို ဘယ်အချိန်တုန်းကမှ ရင်ဆိုင်မကြည့်ရဲခဲ့ ဘူးသဲ -

"ရှူး ညည်းအကြည့်တွေ လေသံတွေ အမြန်ဆုံး ပြန်ပြင် လိုက်စမ်းပါ၊ ညည်း ငါ့ကို ဒီလိုပြန်ပြောဖို့ ဘယ်ချိန်တုန်းက အခွင့် အရေး ရခဲ့ဖူးလဲ၊ ငါပြောတဲ့ စကားကိုရော လွန်ဆန်ခွင့်ရခဲ့ဖူးလား၊ အခု သောတရဲ့ မပတ်သက်နဲ့ဆို မပတ်သက်နဲ့ပေါ့၊ ဘာလို့ ဒီလောက် ဆင်ခြင်တွေ များနေတာလဲ"

ရှူးမျက်နှာက ငုံ့လျှိုး ညှိုးငယ်မသွားပါ။ သိမ်ငယ်ခြင်းတို့ နေပေါ်၏။

"ဒီကိစ္စက မာမီ လွှတ်လပ်ခွင့်ပေး, ချုပ်ချယ်မထားတဲ့ ရှူး ရဲ့ ကလွှတစ်ခုပါ မာမီ၊ မာမီ ဘယ်အချိန်တုန်းက ဟိုလူနဲ့မပေါင်းသင်း နဲ့ ဒီလူနဲ့ မသင့်တော်ဘူးလို့ ပြောဆိုဆုံးမဖူးလို့လား၊ သောတကိစ္စ ကိုရော ဒီအတိုင်း လွှတ်ထားလို့ မဖြစ်ဘူးလား"

"မဖြစ်ဘူးလို့ ညည်းကိုပြောပြီးပြီလေ၊ သောတက အန္တယ် တော်နဲ့ လက်ထပ်ရမှာမဟုတ်ဘူးလား၊ ညည်းက ရည်းစားတွေ အများ ကြီးထားပြီး လူတကာနဲ့ တွဲနေတာ၊ ညည်းအတွက် ယောကျ်ားရှား ထား ဘာအတွေ့အကြုံမှ မရှိတဲ့ အန္တယ်တော်အတွက် သောတကို



www.burmeseclassic.com

www.burmeseclassic.com



ဒီအတိုင်း လွှတ်ပေးလိုက်ပါ''

''အနွယ်တော်က မာမီအတွက် ဘာလဲမာမီ''

''ဘာ''

''သောတက လူတော်လူကောင်းလေးမို့ အနွယ်တော်နဲ့ စေချင်တာ မဟုတ်လား''

''စူး''

''သိန်းတစ်ရာတန် စိန်လော့ကတ်ရဲ့ မရိုးသားမှုက ဘာလဲ''

''ဖြန်း''

စူးမျက်နှာလေး လည်ထွက်သွား၏။ မျက်နှာက တင်း နေသည်။ ဒေါ်သတို့က လက်မှာ မာန်ပါသွား၏။

စူးမျက်နှာကို စူးစိမ်းစွာစိုက်ကြည့်ပြီး တက်ခေါက်လိုက် ဖွန့်ခနဲ မဲ့လိုက်၏။ ဘာတွေကို အကွက်ကျော်မြင်ပြီး ဉာဏ် ထက်မြက်နေရတာလဲ။

ဒီလောက်နှင့် အဆုံးသတ်လို့ မဖြစ်သေးတာကြောင့် ဆ ခနဲ မျက်နှာလွှဲပစ်လိုက်၏။ စူး မျက်ရည်တွေက ဝမ်းနည်းလို့ ကျ တာ မဟုတ်မှန်း ဒေါ်မိုးမဒီခင် သိနေသည်။

နာကျင်လို့ နာကြည်းလို့ ဝေခွဲရခက်စွာ မခံမရပ်နိုင် ဖြစ် အဲဒီလို ခံစားချက်တွေကြောင့် ဖြစ်မည်။





ဒါပေမဲ့ ဒီအချိန်မှာ ဖျောင်းဖျဖြေရှင်းချင်စိတ်မရှိပါ။ မိမိရင်ထဲ က သွေးမျက်ရည်တွေအတွက် စူးမျက်ရည်တွေကို ဥပေက္ခာပြုနိုင်ဖို့ ကြိုးစားရမည်။ ဒေါ်မိုးမဒီခင်နှင့် နိုင်းမဟာရဲ့ ကျဆုံးခန်းကို အရသာခံ ကြည့်ဖို့ အချိန်တစ်ခု လိုအပ်နေသေး၏။ အသက်နှင့်ရင်းကာ တောင့် မိသော ထိုအချိန်သည်။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၂၄ )

"ဘာ ဘာပြောတယ် ကိုနိုင်း"

"ကိုယ်တို့ ဘာမှလုပ်လို့မရအောင် ပိုင်ဆိုင်သမျှတွေ ဆုံး သွားပြီ ခက်ရယ်၊ ဟိုလူက ဘယ်လိုမှ မဖြေရှင်းနိုင်တော့လို့ နိုင်ငံခြား ထိ ထွက်ပြေးသွားပြီ"

"အောင်မယ်လေး ကိုနိုင်းရယ်၊ ဒုက္ခတွေ ရောက်ကုန်ပြီ ဒါဆို ဘာလုပ်ကြမလဲ၊ ဘာတွေ ဆက်လုပ်ကြမလဲဟင်"

"ကိုယ်လည်း ဘာမှ စဉ်းစားမရတော့ဘူး၊ မေမေ တစ်နေ့ မဟုတ် တစ်နေ့ သိသွားရင် ဝေဒနာပိုဆိုးမှာ စိတ်ထိခိုက်မှာ၊ မေမေ ကို ဆေးကုဖို့ ကားတစ်စီးအပြတ်ရောင်းထုတ်လိုက်ရတာရော ဘယ် အချိန်ထိ ဖုံးကွယ်ထားလို့ ရနိုင်မှာလဲ၊ သ သမီးလေးကိုရော"





နိုင်းမဟာ စကားမဆက်နိုင်ဘဲ ရင်ဘတ်တစ်ခုလုံး ဆို့တက် အောင့်မျက်လာကာ မျက်ရည်တွေ စီးကျလာသည်။ ဆိုဖာခုံထောင့်မှာ ခေါက်ကပ်ထိုင်ရင်း မျက်နှာကို လက်ဝါးနှင့်အုပ်၍ ကျောတစ်ပြင် း သိမ့်သိမ့်လှုပ်နေ၏။

ဘယ်လိုမှ မရှုနိုင် မကယ်နိုင် ဖြစ်နေသော ဒေါ်ခက်ခက်နွယ် ာ မှိုင်းမဟာနား ဝင်ထိုင်လိုက်ကာ –

"မြေပိုင်ရှင် အစစ်အမှန်ကို သွားတွေ့တောင်းပန်လို့ရော နိုင်တော့ဘူးလား ကိုနိုင်းရယ်၊ ဘယ်လိုပဲ ဒူးထောက်တောင်းပန် တောင်းပန်ရပေါ့၊ ဒီပုံအတိုင်းဆိုရင် ခက်တို့အခက်အခဲတွေ ဖြစ်ပြီး ဘယ်လိုမှ နာလန်ထူနိုင်တော့မှာမဟုတ်ဘူး"

"မြေပိုင်ရှင် အစစ်အမှန်က ကိုယ်တို့ကို အတွေ့မခံဘူးလေ၊ ကြားထဲက ရှေ့နေနဲ့တစ်ဆင့် စကားပြောရတာ သူရောင်းချခဲ့တာ ဟုတ်တဲ့အတွက် ရှေ့နေကပဲ ရောင်းချသူနဲ့ ညှိနှိုင်းပေးတာပေါ့၊ ဟိုလူက ငွေတွေလည်း ပြန်ပေးရမယ်၊ အလွဲသုံးစားမှု ပုဒ်မနဲ့လည်း ဆောင်ကျနိုင်တော့ ရင်မဆိုင်တော့ဘူး"

"ဒါဆို ခက်တို့က ဒီအတိုင်း ဘာမှပြန်မရတော့ဘဲ ဆုံးရှုံးခံ လိုက်ရတာ သေချာပြီပေါ့၊ ဘယ်ပုံစံမျိုးနဲ့မှ မျှော်လင့်ချက် မရှိတော့ ဘူးပေါ့"

ဟုတ်တယ်ဟု ဝန်ခံခေါင်းညိတ်လိုက်ရမှာ ဝန်လေးနေ



www.burmeseclassic.com

www.burmeseclassic.com



သည်။ အဖြစ်အပျက်ကို ဘယ်လိုမှ မယုံနိုင်သေးသလို ခံလည်း
နိုင်။ ကိုယ်ရင်းနှီးမြှုပ်နှံလိုက်ရတာ နည်းသလား။

ဒီလောက်အချိန်တိုအတွင်းမှာ တစ်စွန်းတစ်စ မကျန်
သွားလိမ့်မည်လို့ ဘယ်သူက ထင်မှာလဲ။

အခုဟာက စည်းစိမ်ဥစ္စာတွေတင်မဟုတ်။ စိတ်ခံစား
ရိုက်ချိုးဖျက်ဆီးခံလိုက်ရတာ။

"အောင်မယ်လေး ကိုနိုင်းရေ့ မေမေ မေမေ"

"ဟင် ဟာ မေမေ"

ခက်ခက်နွယ်အသံကြောင့် တုန်ပြာသွားပြီး ခေါင်း
ကြည့်လိုက်မိချိန်မှာတော့ ဧည့်ခန်းအဝမှာ မေမေ ပုံလဲကျသွား
မေမေကို တွဲလာခဲ့သည့် မခင်အိလည်း ခြေတုန်လက်တုန်
ပျာပျာ ဖြစ်နေ၏။

မခင်အိကို တွဲ၍ ဧည့်ခန်းဘက်ထွက်လာရင်း သူတို့
တွေ မေမေကြားသွားခဲ့ပြီ ရှိမှာပေ့။ အိမ်မှာ မေမေရှိနေတာ
လောက်အောင်အထိ သောကတွေနှင့် ပူလောင်ဆူဝေနေခဲ့သည်
အပြစ်ပါ။

"မေမေ မေမေ"

မြန်းခနဲ ထသွားရင်း မေမေကို ပွေ့ထူအော်ခေါ်နေမိ
မေမေက တုတ်တုတ်တောင် မလှုပ်။ ဘာအသံမှလည်း မထွ





သူ့ကို ပြောချင်တာတွေ ရှိနေမှန်း သူသိသည်။ အပြစ်လည်း
င်ချင်နေမှာပါပဲ။

ဒါပေမဲ့ သူ့ရင်ခွင်တွင်းကနေ ပါးစပ်လေးတစ်ချက်လှုပ်၊
က်လွှာလေးတစ်ချက်ပင့်ကြည့်ပြီး သူ့လက်ပေါ်မှာ ခေါင်းလေးစောင်း
အသက်ထွက်သွားခဲ့သည်။

"မေမေ မေမေ"

ခက်ခက်နွယ်အသံက စူးစူးရှရှ။ မခင်အိ အသံထွက်ရှိုက်ငို
က်တာကိုလည်း သူသိသည်။ ခက်ခက်နွယ်မျက်ရည်တွေလည်း
ခုံးမှာ စို့ရွှဲနေ၏။ သူကရော ငိုနေမိသလား၊ အသံထွက်ရဲ့လား၊
တ်ရှိုက်နေမိရုံပဲလား။

ကိုယ့်ရဲ့ အသုံးမကျမှုတွေကို ကိုယ့်ကိုယ်ကိုယ် အပြစ်တင်
ရင်တစ်ခုလုံး စုတ်ပြတ်သတ် နာကျင်နေသည်။ သူ့ရဲ့ဉပါဒါန်
ကြောင့် မေမေသေရတာ။ မေမေရောဂါ ဝေဒနာတွေရ ခံစားခဲ့ရတာ။

သူ ဘယ်လိုလုပ်ဖြေနိုင်မှာလဲ၊ မဖြေနိုင်။ ကံကြမ္မာက သူ့ကို
ပုတ်နေတာလား၊ လောကဓံက အသေသတ်နေတာလား၊ သူ
ယ်တိုင်က တကယ်အသုံးမကျခဲ့တာလား။ တရားခံက ရှိကိုရှိနေ
ည်။ ဝေခွဲမရစွာ တွေးမရစွာနှင့် သူသည်လည်း ငိုကြွေးမှုထဲမှာ
မျောလျက်။

✿ ✿ ✿

www.burmeseclassic.com

## အခန်း ( ၂၀ )

"ဘာလို့ ဒီလောက်တောင် သည်းသည်းထန်ထန် ငိုကြွေ
ရတာလဲ ရှူးရယ်၊ ကိုယ့်ရဲ့ မိခင်ရင်းက သူစိမ်းမိန်းကလေးတစ်ယော
ကို အချစ်ပိုတယ်ဆိုတာ ဖြစ်နိုင်ပါ့မလား၊ ပြီးတော့ အန္တယ်တော်
ရှူးမာမီနဲ့ ဘယ်နှခါများ ဆုံဖူးလို့လဲ"

"အဲဒါကိုပဲ ငါ နားမလည်နိုင် ဖြစ်နေတာ၊ ဘာလို့
အန္တယ်တော်ကို နင်နဲ့ လက်ထပ်စေချင်နေရတာလဲ၊ ဘာလို့ ငါ့ကို
မပတ်သက်ရဘူးလို့ အမိန့်ထုတ်ရတာလဲ၊ မွေးနေ့ပွဲနေ့က စိန်
ကတ်ကိစ္စကရော သွေးရိုးသားရိုး ဟုတ်ရဲ့လား၊ ဘာကိုမှ ငါ
ရာရာတွေးလို့မရဘူး ဖြစ်နေတယ်၊ ဝမ်းအနည်းဆုံး ငါ့ကို ဖြေရှင်း
မပေးဘဲ ကိုယ်ထိလက်ရောက် ရိုက်လိုက်တာကိုပဲ"





"ရှူးရယ်"

ရှူးက ပခုံးသားလေးတွေ လှုပ်ခါအောင် ရှိုက်ငိုပြန်၏။
ဘယ်လို နှုတ်စကားနှင့် ဖျောင်းဖျနှစ်သိမ့်ရမှန်းမသိဘဲ ရှူး ခေါင်းလေး
သူ့ပခုံး မှေးတင်ကပ်ထားလိုက်မိသည်။

သူ့ရင်ဘတ်မှာ ရှူးမျက်ရည်တွေ စိုစွတ်သွား၏။ အန္တယ်တော်
အသွားရဲ့နာရေးသတင်း သူ့ဆီကို ဖုန်းဆက်ပြောလာပြီးချိန်မှာပဲ ရှူး
ည်း ငိုရှိုက်သံနှင့် သူ့ဆီကို ဖုန်းဆက်လာသည်။

အမြန်ဆုံးတွေ့ချင်သည်။ မျှော်စင်ကျွန်းကို လာခဲ့ပါတဲ့။

သူ့ခေါင်းထဲမှာ အန္တယ်တော့်အဘွားနာရေးက နောက်
ကျက်သွားပြီ။

ရှူးဆီကို အရင်ရောက်အောင်လာခဲ့မိ၏။

သူရောက်လာတော့ ကရဝိတ်နှင့် ကန့်ရေပြင်ကို မြင်ရနိုင်
သော ဆိုင်လေးမှာ ရှူးတစ်ယောက်တည်း ငေါင်စင်းစင်းလေး ထိုင်
ငိုနေသည်။ ရှူးနှင့် အနီးဆုံးနေရာမှာ ထိုင်ချလိုက်မှ ရှူးက
သည်းပက်လက် ငိုချလိုက်တာ ဖြစ်သည်။

ပြောပြလိုက်တာတွေကလည်း ရှူးအစား သူ ရင်တွေပင်
ခဲ့သည်။ ရှူးမာမီက နားလည်ရခက်သည့် အကြွင်နာမဲ့သော
မျိုးလား။

ရှူးအပေါ် မနွေးထွေးပေမယ့် အန္တယ်တော်အပေါ်မှာတော့



www.burmeseclassic.com

www.burmeseclassic.com



ရှေ့တစိုက် ရှိနေပြန်သည်။

ဒါကို စူး ဘယ်လိုလုပ်ခံစားနိုင်မှာလဲ။ ဒါပေမဲ့ အနွယ် [illegible] မှာ အပြစ်မရှိပါ။

"စူး"

"ဟင်"

နူးညံ့နွေးထွေးသော ခေါ်သံအဆုံးမှာ စူးက မျက်လွှာ [illegible] ပင့်လျက် ညင်သာစွာထူး၏။ သူ့ရင်ခွင်ကတော့ ခွာချင်ပုံမရ [illegible]

"နင် အရမ်းခံစားရတဲ့အခါ ငါ့ပခုံးနဲ့ ငါ့ရင်ဘတ် [illegible] အတွက်ပါ"

"အနွယ်တော်နဲ့လက်ထပ်ပြီးချိန်မှာရော ရနိုင်ဦးမှာ [illegible]

"ငါ အနွယ်တော်ကို လက်ထပ်မှာမဟုတ်ဘူး။ အနွယ် [illegible] ကလည်း ငါ့ကို လက်ထပ်ချင်မှာမဟုတ်ပါဘူး။ အနွယ်တော်က [illegible] ချစ်တဲ့ ယောကျ်ားကိုပဲ လက်ထပ်မှာတဲ့လေ၊ နင် အဲဒီအတွက် [illegible] မစိုးရိမ်ပါနဲ့"

"ဒါဆို နင် ငါ့ကို ချစ်နေလို့လား သောတ"

မျိုသိပ်နိုင်လွန်းသည့် သောတကို စူးတည့်တည့်ပင် [illegible] လိုက်မိသည်။ သူမရင်အုံ ဖွဲ့စုစည်းမှုတွေများပြီး ထိန်းချုပ်ထော [illegible] ဖို့ မတတ်နိုင်တော့ပြီပဲ။

သောတက သူ့လက်ချောင်းလေးတွေဖြင့် သူမမေး [illegible]





[illegible] ဆွဲယူပင့်မပြီး ရီဝေစိုလက်နေသော မျက်ဝန်းတွေနှင့် စိုက်ကြည့် [illegible] တာ -

"မင်းရင်ထဲမှာ ငါ့တစ်ယောက်တည်းကိုပဲ နေရာပေးမယ်ဆို [illegible] မင်းကိုချစ်ဖို့ ငါ့မှာ သတ္တိတွေ အပြည့်ရှိပါတယ်၊ အနွယ်တော်နဲ့ [illegible] ထပ်ပေးချင်တဲ့ အဘွားနဲ့ မိဘတွေကိုလည်း ငြင်းဆန်ရဲပါတယ်"

"ဟိုအရင်က ငါ့အပြုအမူတွေအတွက် ငါ့ကို မယုံကြည်ရဲ [illegible] နေတာလား သောတ၊ အချစ်က အရာရာကို ပြုပြင်ပြောင်းလဲနိုင် [illegible] တယ်၊ နင်နဲ့ရင်းနှီးပတ်သက်လာပြီးမှ အဲဒါကို ငါလက်ခံလာခဲ့တာ၊ [illegible] တစ်ခုရဲ့ လွတ်မြောက်မှုကို ကျော်လွှားနိုင်ခဲ့တာ"

"ငါ မင်းကို နားလည်နေခဲ့ပါပြီ စူးရယ်၊ ငါ့ကိုတော့ တစ်ခု [illegible] ပေးပါ၊ ငါကလွဲရင် နောက် ဘယ်သူ့ကိုမှ မချစ်တော့ဘူးလို့"

"နင့်ကို ချစ်လားလို့ မေးဦးလေ၊ ငါဖြေချင်လို့"

စူးက မျက်နှာလေးပင့်မော့ကာ ခပ်တည်တည်ပင် ပြော [illegible] ည်။ သောတ ဟက်ခနဲ ရယ်ချလိုက်ချင်ပေမယ့် လှောင်ပြောင် [illegible] ဖြစ်သွားမှာစိုး၍ စူး ပခုံးလေးကိုသာ ခပ်တင်းတင်း ဆုပ်ညှစ်ပြီး [illegible] ဝန်းတွေနှင့် ညှို့ငင်ကြည့်နေလိုက်၏။

"အဲဒီမေးခွန်းမျိုး မေးစရာဖြစ်စရာ မလိုအောင် နားလည်မှု [illegible] နဲ့ ငြိတွယ်ခဲ့ကြတာပဲ၊ မင်း ငါ့ကို ချစ်နေတာ ငါခံစားလို့ရတယ်၊ [illegible] ည်း မင်းကို ချစ်လို့ အနွယ်တော်နဲ့ လက်ထပ်ဖို့ စဉ်းစားနေခဲ့တာ



www.burmeseclassic.com

www.burmeseclassic.com



ပေါ့ကွာ၊ ငြော် အနွယ်တော်အကြောင်းပြောမှ သတိရတယ်၊ အနွ
တော် ဘွားဘွား ဆုံးသွားပြီတဲ့၊ ငါ အဲဒီအိမ်ကို သွားရဦးမယ်၊ မ
လိုက်ခဲ့ပါလား စူး"

"ဟင် အဲဒါဆို အနွယ်တော် ကျွမ်းကျင်သင်တန်းမှ တ
နိုင်ပါဦးမလား၊ အခြေခံပြီးလို့ ကျွမ်းကျင်အဆင့်တက်ဖို့ ဖောင်တေ
ဖြည့်ပြီးပြီဟာကို"

"နောက်အပတ်မှ ကျွမ်းကျင်သင်တန်းက စမှာဆိုတော့ သ
ရက်လည်ပြီးရင် တတ်နိုင်ချင်လည်း တတ်နိုင်မှာပေါ့၊ အခု
အနွယ်တော်ကို အားပေးသင့်တယ်"

"အင်း ဟုတ်တော့ဟုတ်ပါတယ်၊ ဒါပေမဲ့ သောတနဲ့အတူ
သွားရင် အနွယ်တော်မိဘတွေနဲ့ ပြဿနာမဖြစ်နိုင်ဘူးလား"

"နာရေးကိစ္စပဲကွာ၊ အနွယ်တော့်သူငယ်ချင်းအနေနဲ့ ရော
လာတာ သူတို့ဘာပြောမှာလဲ၊ စူးနဲ့ ကိုယ့်ကိစ္စခန့်မှန်းမိသွားရင်လည်း
အနွယ်တော်နဲ့လက်ထပ်ဖို့ သူတို့ ရှေ့ဆက်မပြောတော့ဘူးပေါ့၊ မဟု
ဘူးလား"

သောတစကားကြောင့် သူမမျက်နှာ အပြုံးပန်းတို့ ဝေ
ဖူးပွင့်သွားသည်။ ဒါဆို သူမနှင့် သောတ ပွင့်ပွင့်လင်းလင်း ချစ်သူ
ဖြစ်သွားပြီဆိုတာ အသိပေးလိုက်တာပဲပေါ့။

သောတသာ သူမဘက်က ရပ်တည်ပေးလျှင် သူမ ဘယ်





မျိုးကိုဖြစ်ဖြစ် ရင်ဆိုင်ရဲပါသည်။

ညှို့ယူဖမ်းစားနိုင်သော သောတရဲ့ အပြုံးတစ်ပွင့်က သူမကို
အားတွေ အပြည့်အဝ ပေးစွမ်းနေသလိုပင်။

သောတလက်မောင်းကြီးကို သူမရဲရဲတင်းတင်း နှိုတွယ်လိုက်
နေရောင်ခြည်တွေဖြာကျ ရာသီဥတုက ကြည်လင်တောက်ပနေ
သည်။

အရာရာ ဖြစ်သမျှ သာသာအေးချမ်းလှပနေကာ ပန်းလေး
တွေလည်း အားလုံး ပွင့်လန်းနေကြ၏။

သောတ ရှင် ကျွန်မအနားမှာ အမြဲတမ်း ရှိနေမှဖြစ်မယ်။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၂၆ )

ကျွမ်းကျင်သင်တန်းလည်း မတက်ရသေး၍ သူမတို့ နှစ်ယောက် အန္တယ်တော်ဘွားဘွား ရက်လည်ဆွမ်းသွပ်သော နေ့အထိ အန္တယ်တော်တို့အိမ်မှာ အဝင်အထွက်များနေခဲ့ကြသည်။

အန္တယ်တော်ကို အားပေးရင်းဖြင့် လိုအပ်တာတွေလည်း လုပ်ကိုင်ပေးခဲ့ကြ၏။

အန္တယ်တော် ကျန်းမာရေး သိပ်မကောင်းတာကြောင့် နီးနီးကပ်ကပ် ရှိပေးနေခဲ့ကြတာလည်း ဖြစ်သည်။

''သောတနဲ့စူး နင်တို့နှစ်ယောက်လုံးကို ငါကျေးဇူးတင် တယ်၊ နင်တို့ လာအားပေးကြလို့ ငါအားရှိနေတာ''

''ကျေးဇူးစကား မပြောပါနဲ့ အန္တယ်တော်ရယ်၊ သူငယ်ချင်း





တွေပဲ ကူညီရမှာပေါ့၊ ဒီကိစ္စတွေ ပြီးရင် နင်ကျွမ်းကျင်အဆင့်သင်တန်း တော့ ဆက်တက်မှာပါနော်''

''ငါတတ်နိုင်အောင် ကြိုးစားမှာပါ၊ အဲဒါပြီးရင် သံရုံးတစ်ခုမှာ အလုပ်ဝင်ဖို့ စဉ်းစားထားတယ်၊ အိမ်မှာ အချိန်ဖြုန်းနေရာမှာ လူပိုတစ်ယောက်လို ဖြစ်နေမယ်မဟုတ်လား၊ စူး နင်ရော ဘာလုပ်မှာလဲ''

ငါက အိမ်ထောင်ပြုမှာဆိုသည့်စကား လွှတ်ခနဲထွက်သွားတော့မှာကို အချိန်မီတရိတ်အုပ်၍ သောတမျက်နှာကို ဖျတ်ခနဲ ကြည့်လိုက်မိသည်။ သောတက သဲ့သဲ့လေး ပြုံးနေ၏။

''ငါလည်း အလုပ်တစ်ခု လုပ်ဖို့ စဉ်းစားရမှာပေါ့ အန္တယ်တော်ရယ်၊ ခြော် ငါတို့သင်တန်းပြန်တက်ရင် နင့်ကို ပြောစရာရှိမယ်လား၊ အထိမ်းအမှတ်လေးတစ်ခုလုပ်ဖို့လည်း သောတနဲ့ တိုင်ပင်ထားတယ်''

အန္တယ်တော် ခပ်သဲ့သဲ့လေးပြုံး၍ မျက်နှာတစ်ဖက်လှည့်လိုက်သည်။

စူး ဘာပြောမလဲဆိုတာ သူမရင်ထဲက အလိုလိုသိနေ၏။ သောတနှင့် စူး မရိုးသားတော့တာ သူတို့ရဲ့မျက်လုံးတွေက သက်သေဖြစ်သည်။

ရင်းနှီးမှုတို့က အရောင်ပြောင်းလျက် ဘာဆိုတာဖွင့်ပြောရမလဲဆိုအောင် ငြိတွယ်နေခဲ့ကြတာ။ မသိချင်ယောင်ဆောင်၍ မျက်နှာ



www.burmeseclassic.com

www.burmeseclassic.com



လွှဲနေခဲ့ရတာ မဟုတ်ပါလား။

ထိုအချိန်မျိုးမှာ အနွယ်တော် ပင်ပန်းတဲ့အခါ အဖော်အဖြ နှစ်သိမ့်ပေးနိုင်မယ့်လူပိုတစ်ယောက် ဖြစ်ပါရစေဟု နှိမ့်ချပြောတာ ခဲ့သော မင်းခေါင်ကို သတိရသည်။ မင်းခေါင် ပန်းတစ်ဖက်ကို ခဏ ကာ မှိန္ဒဲ့ပစ်လိုက်ချင်၏။

ဒါပေမဲ့ သူမအနားမှာ မင်းခေါင် ရှိနေခွင့်မရသေးပါ။

"သောတ ဒီနေ့ အိမ်စောစောပြန်မှ ဖြစ်တော့မယ်ထင်တယ် နေ့တိုင်း အိမ်ပြန်နောက်ကျနေရင် မာမီ ပြဿနာရှာတော့မှာ"

"ဟုတ်သားပဲ သောတ၊ ဘွားဘွားရက်လည်ပြီးတဲ့အ တောင် နှင်တို့နေပေးခဲ့ကြတာပဲ၊ ပြန်ကြတော့လေ၊ ငါတို့ သင်တ တက်မှ ပြန်ဆုံကြမယ်"

ဖေဖေနှင့်မေမေ အရိပ်တကြည့်ကြည့် ဖြစ်နေတာမို့ သော တို့ကို ပြန်နိုင်းလိုက်ရသည်။ ညနေခင်းအထွက်မှာပင် ရှူးက သော လက်မောင်းကို တွဲချိတ်၍ ထွက်သွားသည်။

ဖေဖေနှင့်မေမေက သောတနှင့်ရှူးကို အပြင်ထိရောက်အော လိုက်ကြည့်နေပြီးမှ အနွယ်တော်အနား ဖြုန်းခနဲ ဝင်ထိုင်လိုက်ကြ သည်။

"ဘယ်လို ဖြစ်တာလဲသမီး၊ သောတနဲ့ရှူး ဒီအခြေအ တောင် ရောက်နေကြပြီလား၊ ဒီရက်တွေအတွင်း သမီးဘွား နာရေး





ဘာကူတာပါလေဆိုပြီး မေမေတို့ ဘာမှ မပြောဘဲ နေလာခဲ့ကြတာ၊ ဘာတွေပြောဆိုပြီးသားကိစ္စ၊ သောတ ဒီလိုမျက်နှာမပြောင်သင့်ဘူး"

"ကိုယ်မြင်နေတာတော့ သောတက တော်တော်၊ ရှူးက ဲတဲ ဖြစ်နေတာပါကွာ၊ ဒီလောက် နာမည်ဆိုးနဲ့ အတွေ့အကြုံရှိတဲ့ န်းကလေးက အတွေ့ပေး အငွေ့ပေးနဲ့ သွေးဆောင်ဖြားယောင်းနေ ာ ဘယ်ယောက်ျားက လွတ်အောင်ရှောင်တိမ်းနိုင်မှာလဲ၊ နာရေး ကြောင့် သည်းခံနေရပေမယ့် တပူးကပ်ကပ် အနေအထိုင်မတတ်တာ ချမ်း စိတ်ပျက်ဖို့ကောင်းတယ်၊ ဖေဖေတို့ကတော့ မောင်သောတ ာတွေနဲ့ ပြောဆိုတိုင်ပင်ပြီး သမီးတို့ကိစ္စ စိစဉ်ရလိမ့်မယ်သမီး၊ ာင်သောတမိဘတွေလည်း ရှူးလို မိန်းကလေးနဲ့ ဘယ်လိုမှ သဘော ူမှာမဟုတ်ဘူး"

"အဲ အဲလို မလုပ်ကြပါနဲ့ ဖေဖေနဲ့မေမေရယ်၊ သောတ ူဟာသူ ရွေးချယ်တာကောင်းပါတယ်၊ အိမ်ထောင်ရေးနိုင်မြို့ဆိုတာ ချစ်က အရေးကြီးပါတယ်၊ သမီးလည်း ကိုယ့်ရဲ့အိမ်ထောင်ရေးကို ချစ်နဲ့ပဲ ဆုံးဖြတ်ချင်တယ်"

အနွယ်တော်က ပြတ်ပြတ်သားသားပြောခဲ့ပြီး အပေါ်ထပ် တက်သွားလေသည်။ ဦးနိုင်းမဟာနှင့် ဒေါ်ခက်ခက်နွယ် ပြိုင်တူ ာက်ပြင်းချမိကြ၏။

"ဘယ်လိုလုပ်ကြမလဲ ကိုနိုင်း၊ သမီးနဲ့မောင်သောတ က်



www.burmeseclassic.com

www.burmeseclassic.com



ထပ်ဖို့က အပျက်အပျက်နဲ့ နှာခေါင်းသွေးထွက်တော့မယ် ထင်တယ်

"ကိုယ်တော့ အဲလိုအဖြစ်မခံနိုင်ဘူး ခက်၊ မေမေလည်း ဆုံးပြီး လုပ်ငန်းတွေကလည်း ဘယ်လိုမှ မလည်ပတ်နိုင်တော့ဘူး ဒီအချိန်မှာ သမီးလေးကို မောင်သောတနဲ့ လက်ထပ်ပေးမှ မော သောတမိဘတွေဆီက အကူအညီတောင်းလို့ ရမှာပေါ့၊ အရင် တည်းက သူတို့ဘက်က ပြောထားတဲ့ စကားရှိတယ်၊ သမီးနဲ့ လက်ထပ်ပေးရင် မင်္ဂလာလက်ဖွဲ့အဖြစ် လုပ်ငန်းကြီးကြီးမားမား နိုင် မာမာတစ်ခု တည်ထောင်ပေးမယ်တဲ့၊ အခု ကိုယ်တို့အနေအထား သူတို့ကို မှီခိုရတော့မလို ဖြစ်နေပြီ"

"ဒါဆိုလည်း ရှုးဆိုတဲ့ မိန်းကလေးကို အရင်ဆုံး ပြတ်ပြ သားသား နောက်ဆုတ်နိုင်းမှ ဖြစ်မယ်ကိုနိုင်း၊ သမီးလည်း လက်ထပ်ရမယ့်သူက သူငယ်ချင်းနဲ့ ပတ်သက်မှုရှိနေတာ ဘယ် လောက်များ ရှက်ပြီး နာကျင်နေရှာမလဲ၊ ဒါကြောင့်လည်း ဒီနေ့ သောတ ဆုံးဖြတ်ပါစေလို့ ပြောနေတာ ဖြစ်မှာ၊ သမီးလေးကို သနား လိုက်တာကိုနိုင်းရယ်"

ဒေါ်ခက်ခက်နွယ်က မျက်ရည်လည်နေသည်။ နိုင်းမဟာ ခပ်တိုးတိုး တက်ခေါက်၍ အံကြိတ်၏။

အဆင်မပြေတာတွေချည်း ဘာလို့ ဆက်တိုက်ကြုံတွေ့နေ တာလဲ။ ရှင်သန်ရာဘဝက တိုတောင်းပေမယ့် အမှုကိစ္စတွေက ၂





တွေးမွေ့လီလှသည်။

ခါးသီးမှုတွေကို သူ့တစ်ယောက်တည်း ခံစားနေရတာများ သား။ ဒီကိစ္စမှာလည်း ရှုးသာ မပါဝင်လျှင် အဆင်ပြေနိုင်နေပြီ မဟုတ် ပါလား။

သူတို့လင်မယားက အသက်အရွယ်အရ လောကဓံကို ကြံ့ကြံ့ခံ ရင်ဆိုင်နိုင်သည်ထားဦး။ သမီးလေးကိုတော့ ပူလောင်မှုတွေ နှင့် စိတ်သောကမရောက်စေချင်။

ငယ်စဉ်ကတည်းက ချူချာရောဂါသည်းလွန်းသော သမီး လေးကို ဂရုတစိုက် ပိုးမွေးသလိုမွေးခဲ့ရတာပါ။ ခုထိလည်း ငွေကုန် ကြေးကျ အများကြီးခံပြီး ဆေးကုသနေရဆဲဖြစ်သည်။

ဒါကို ဘယ်သူ မှလည်းမသိ။ သမီးကိုယ်တိုင်လည်း သိမည် မထင်။ သမီးအတွက် တစ်နှစ်စာဆေးဖိုးပင် သိန်းရာချီ၍ ကုန်သည်။

ဒါကို သမီးလေး မရိပ်မိ၊ မသိရှိရအောင် သာမန်ကာလျှံကာ အားဆေးအကိုက်အခဲပျောက်ဆေး တိုက်သလိုသာ ဂရုစိုက်တိုက် ပေးခဲ့၏။

ခုတော့ သမီးလေးအတွက် ဆေးဝယ်တိုက်ဖို့တောင် အခက် အခဲ ဖြစ်နေရ၏။ မေမေနာရေးကိုတောင် အကောင်းဆုံး သင်္ဂြိုဟ်နိုင် ဖို့ မင်္ဂလာဈေးက ဆိုင်ခန်းနှစ်ခန်း အပြီးအပြတ် ရောင်းချလိုက်ရပြီး ပြီ မဟုတ်ပါလား။



www.burmeseclassic.com

www.burmeseclassic.com



သမီးလေးအသက်ရှင်ဖို့ ဆိုးဆိုးကောင်းကောင်း သေသေချ ချာ ဆုံးဖြတ်ရတော့မည်။

ဒါဟာ ကိုယ့်သွေးသားအတွက် မိဘတွေ အတွတ်စ်ခုဆုံး လျှင်။

✿ ✿ ✿



## အခန်း ( ၂၇ )

"ကျွန်မကို သီးသန့်ခေါ်တွေ့ရတဲ့ကိစ္စက ဘာများပါလဲ"

လူကြီးသူမကို ရိုသေလေးစားရမှန်း မသိသောမျက်ဝန်းတို့က အားကောင်းနေ၏။ ပြဿနာတစ်ခုကို ကြိုသိထားသလို အနေ သားနှင့် မျက်နှာချင်းဆိုင် မေးနေတာက ပြတ်တောက်၏။ ဦးနိုင်း ာနှင့် ဒေါ်ခက်ခက်နွယ် အကြည့်ချင်းဆုံကာ အားတင်းလိုက်ကြ သည်။

"သမီးရဲ့ သူငယ်ချင်းတစ်ယောက်အနေနဲ့ သမီးအဘွားရဲ့ နေကို ကူညီခဲ့တာ ကျေးဇူးတင်ပါတယ်"

"ဟုတ်ပါတယ်၊ မင်းတို့လို သူငယ်ချင်းတွေ အားပေးလို့ းက ခံနိုင်ရည်ရှိခဲ့တာပါ"



www.burmeseclassic.com

www.burmeseclassic.com



"လိုရင်းကိုပြောပါ အန်ကယ်နဲ့အန်တီ၊ ဒီစကားတွေ ပြော တကူးတက ခေါ်တွေ့တာမဟုတ်ဘူး မဟုတ်လား"

စကားလုံးတွေ တန်ဆာဆင်နေတာကို စူးစိတ်မရှည်။ မ လားသည့်မျက်လုံးတွေကို ဘွားနာရေးမှာကတည်းက သတိထား ပြီးပြီ မဟုတ်ပါလား။ အခုလည်း သူမတို့ရပ်ကွက်အနီးအနား စားသောက်ဆိုင်မှာ ထိုင်စောင့်နေသည်။ လာတွေ့ပေးပါဟု ဖုန်း ပြောလာတော့ ဘာအကြောင်းကြောင့်ဆိုတာ စိတ်ထဲက သိနေသ

စိတ်ထဲက သိနေသည်။ အခုမှ စကားချိုချိုတွေနှင့် လို မရောက်နိုင်တာ၊ အချိန်တွေကို ဆွဲဆန့်နေတာ မဟုတ်ဘူးလ ကူညီထားလို့ ကျေးဇူးတင်လျှင် အားနာတတ်လျှင် အစကတည် ရောက်လာစရာအကြောင်းမရှိ။

စူးက စိတ်မရှည်သလို စားပွဲထိုးလေး လာချပေး ကော်ဖီခွက်ကို တစ်ရှိန်ထိုး တစ်ကျိုက်တည်း မော့သောက်ချ သည်။ ဒေါ်ခက်ခက်နွယ်က မသိမသာ နှာခေါင်းရှုံ့ကာ –

"မောင်သောတက အန်တီတို့သမီးအနွယ်တော်နဲ့ လက် ရမယ့်သူဆိုတာ မင်းသိတယ်မဟုတ်လား"

"သောတရော အနွယ်တော်ရော လက်မခံရသေးဘူး မ လား၊ လူငယ်တွေစိတ်ကို လူကြီးတွေ ပုံစံချ ကြိုးကိုင်လို့ မရနိုင် ထင်တယ်"





"အဲဒါက မိဘဆိုဆုံးမမှုကို မနာတတ်တဲ့သူမျိုးပဲ ဖြစ်မှာပါ။ ဘဆိုဆုံးမမှုအောက်မှာ သိက္ခာရှိရှိ ကြီးပြင်းလာတဲ့ကလေးတွေက ဘစကားကို နားထောင်ရမှာပေါ့"

"ဒါဆို သောတနဲ့ အနွယ်တော်ကို မဖြစ်မနေ လက်ထပ်ပေး ယ်လို့ ဆုံးဖြတ်ထားတာလား"

"ဟုတ်တယ်၊ အဲဒါကြောင့် သောတနဲ့ပတ်သက်ပြီး မင်းကို ခွင့်ခြင်စေချင်လို့လား၊ သတိပေးတာ။ ဘာဖြစ်ဖြစ် သူတို့နှစ်ယောက် လက်ထပ်ရမှာပဲလေ၊ အဲဒီအခါကျရင် မင်းနာကျင်ရမှာ စိုးရိမ်လို့"

စူးက မထီမဲ့မြင် ဟက်ခနဲ ရယ်ချလိုက်ပြီး မျက်နှာထားက ၍ မျက်လုံးတွေကို တမင်မှေးကျဉ်းပစ်ကာ –

"ကျွန်မအမေတောင် ကျွန်မ ဘာဖြစ်ဖြစ် ဘာလုပ်လုပ် မပေးဘဲနဲ့ အန်တီစိုးရိမ်တယ်ဆိုတာလည်း ကျွန်မအတွက် မဖြစ် ဘူး၊ အန်တီသမီးအတွက် ယောကျ်ားကောင်းတစ်ယောက် အမိ ချင်လို့ပဲ မဟုတ်လား"

"ဟိတ် မင်းစကားပြောတာ ရိုင်းလှချည်လား၊ မင်းရှေ့မှာ ပြောနေတဲ့သူတွေက မင်းအောက်က ငယ်ရွယ်သူတွေ မဟုတ် ဘူး"

သမီးနဲ့မိန်းမကို စော်ကားထိပါးလာတော့ နှိုင်းမဟာ ဆတ် ခါ အော်ပြောလိုက်သည်။ ဒေါ်ခက်ခက်နွယ်က နှုတ်ခမ်းမ်းကို



www.burmeseclassic.com

www.burmeseclassic.com



ရွဲ့ပစ်လိုက်ကာ –

"သူ့မိဘက ဒီအတိုင်းသင်ပေးထားတာ သူပြောတတ်
ပြောပါစေ၊ ဆုံးမသွန်သင်မှုနည်းလို့ အရှက်တရား အကြောက်
မရှိတဲ့သူက လူကြီးတွေကို ဘယ်လေးစားရမှန်း သိပါ့မလဲ"

"အန့်တီပြောတာမှန်တယ်၊ ကျွန်မအမေက ကျွန်မကို
သွန်သွင်မှု မရှိခဲ့ဘူး၊ အိမ်မှာ အိမ်ဖော်တစ်ယောက်လို နိုင်ပြီး
ဒဏ်ရာရအောင် နှိပ်စက်တယ်၊ အပြင်မှာ ထွက်ပေါက်ရှာပြီး
ချင်တိုင်း ပျက်စီးအောင် လွှတ်လပ်ခွင့်ပေးတယ်၊ အဲဒါကြောင့်
က ကိုယ့်ကျင့်သိက္ခာကောင်းတဲ့ မိန်းကလေး မဟုတ်ပါဘူး။
ကျွန်မမှာ ချစ်တတ်တဲ့ အသည်းနှလုံးရှိတယ် အန့်တီ၊ ကိုယ်
ယုံကြည်စိတ်ချမှုရှိအောင် ပြုပြင်ပြောင်းလဲချင်တဲ့စိတ်ဆန္ဒတွေ
တယ်၊ ဒါကလည်း သောတကို ကျွန်မရင်ထဲက တန်ဖိုးထား
လာလို့ပါ၊ သောတကလည်း ကျွန်မကိုချစ်လို့ ကျွန်မတို့ တစ်
နဲ့တစ်ယောက် နားလည်နေကြတာပါ။ ဒါဟာ အနွယ်တော်
ကျွန်မ လုယူလိုက်တာ မဟုတ်ဘူး"

"အတွေ့တွေ အငွေ့တွေ ပုံအောပေးနေလို့ သော
ဘက်ကို စိတ်ယိုင်သွားတာမဟုတ်ဘူးလား။ သမီးနဲ့အဆင်ပြေ
က တကယ့်အရှုပ်ထုတ်ပဲ စူး၊ ဘာဖြစ်ဖြစ် သောတမိဘ
မင်းလို မိန်းကလေးကို အသိအမှတ်ပြုလက်ခံမှာမှ မဟုတ်တာ





သိက္ခာရှိရှိ နောက်ဆုတ်ပေးပါ၊ အထိန်းအကွပ်မရှိ ပျက်ပြားနေတဲ့
င်းရဲ့ကိုယ်ကျင့်သိက္ခာကို မင်းအသိဆုံး ဖြစ်မှာပေါ့"

နိုင်းမဟာ သားသမီးချင်း မစာနာနိုင်စွာ နှစ်နှစ်နာနာ ပြောပစ်
ိုက်သည်။ ဘယ်မိဘမဆို ကိုယ့်သွေးသားကိုပဲ တန်ဖိုးထားတတ်
ကြသည် မဟုတ်ပါလား။

စူး မျက်ဝန်းတွေက ရီဝေမှိုင်းညို့သွားကာ မျက်ဝန်းတစ်စုံလုံး
က်ရည်ကြည်တို့ ပြည့်အိုင်နေ၏။

"သူများ တစ်ဖက်သားကို ပက်ပက်စက်စက် ပြောထွက်ရက်
ာက်အောင်အထိ အန့်ကယ်သမီးကို အန့်ကယ်ချစ်သလားဟင်"

"ချစ်တာပေါ့၊ ငါ့သမီးကို ငါ့အသွေးအသား ငါ့အသက်ထက်
ချစ်တယ်၊ ငါ့သားသမီး အသက်ရှင်ဖို့ သူများသားသမီးကို သတ်ရမှာ
ည်း ဝန်မလေးဘူး"

"အဲဒီအချစ်မျိုး လိုချင်လိုက်တာ"

"ဘာ"

"မိဘတွေဆီက အဲလိုအချစ်မျိုး၊ မေတ္တာမျိုး တကယ်တောင့်
ခဲ့တာပါ၊ ကျွန်မအမေက ကျွန်မကိုမုန်းတယ်၊ သောတလို လူ
ကောင်းတစ်ယောက်ကို အန့်ကယ်တို့က အန့်ကယ်တို့သမီးနဲ့ လက်
ထပ်ပေးချင်ကြတယ်နော်၊ ကျွန်မအမေကတော့ သောတနဲ့ မပတ်
သက်ရဘူးတဲ့လေ၊ သူ့ရဲ့ သွေးသားတော်စပ်တဲ့ သမီးတစ်ယောက်



www.burmeseclassic.com

www.burmeseclassic.com



မဟုတ်ပါဘဲ၊ အနွယ်တော်နဲ့ လက်ထပ်မယ့်သူမို့တဲ့၊ တကယ် အနိကယ့်လို အတွက်ကြီးကြီးနဲ့ သောတလို လူကောင်းတစ်ယော လက်ထပ်သင့်တယ်လို့ တိုက်တွန်းရမှာမဟုတ်ဘူးလား''

စူးစကားကြောင့် နှိုင်းမဟာ အံ့ဩသွားသည်။ စူးအ လည်း သောတနှင့် ကိစ္စကို ကန့်ကွက်ခဲ့သည်တဲ့လား။

သမီးအနွယ်တော်နှင့် လက်ထပ်ပေးမှာကိုလည်း သည်။

''မင်း အမေတောင် ကန့်ကွက်တယ်ဆိုမှတော့ အမြင် မသင့်တော်တာတွေ သိနေလို့ ဖြစ်မှာပေါ့၊ ဒါမှမဟုတ် အနွယ် ကို သားသမီးချင်း ကိုယ်ချင်းစာပြီးပြောပေးတာလည်း ဖြစ်နိုင် မင်း ဆင်ခြင်သင့်တယ် စူး''

''ဟင်း ဟင်း သားသမီးချင်း ကိုယ်ချင်းစာတယ် မ လား။ သမီးတစ်ယောက်အပေါ်မှာတောင် မစာနာတတ်ဘဲနဲ့ သူ သားသမီးကို စာနာပေးတယ်ဆိုတာ ဖြစ်နိုင်ပါ့မလား။ အဲဒီ သေချာရင် ကျွန်မရဲ့ဘဝကို ပျက်စီးစေချင်တာ အမှန်ပဲပေါ့၊ အဲ က ကျွန်မ မေးခွန်းထုတ်တာကို ဖြေရှင်းချက်မပေးဘဲ ပါးနပ် အဆုံးသတ်လိုက်တယ်လေ၊ အနွယ်တော်ကို လင်ကောင်းသား ရစေချင်ပြီး ကျွန်မဘဝကို ပစ်စလက်ခတ် စုတ်ပြတ်သတ်စေချ တစ်စုံတစ်ရာ အကြောင်းအရင်းတစ်ခု ရှိကို ရှိရမယ်၊ ပြောကြည့်





နိကယ်၊ စူးမာမီနဲ့ အနိကယ်တို့ ဘယ်လိုပတ်သက်ဆက်နွယ်မှုတွေ နေလဲ''

''ဟင်၊ ဘာ မင်းမာမီကို ငါတို့မသိတာ၊ ဘယ်လိုပတ်သက် လဲ၊ ပတ်သက်စရာအကြောင်းမရှိဘူး''

ဒေါ်ခက်ခက်နွယ်က ခါးခါးသီးသီး ငြင်းဆန်သည်။ ဦးနှိုင်း ကာ မျက်ခုံးနှစ်ခုကို တွန့်ချိုးစုကျုံ့ကာ စဉ်းစားသည်။

''သမီးလေး ပြောဖူးတာတော့ မင်းမာမီက မျိုးရိုးဂုဏ် နာဆိုင်ပိုင်ရှင်ဆို နာမည်က''

''ဒေါ်မိုးမဒီခင်''

''မသိဘူး။ အဲဒီနာမည်မျိုး အသိမိတ်ဆွေထဲမှာတောင် မရှိ ဒါပေမဲ့ မျိုးရိုးဂုဏ် ရတနာဆိုင်ကတော့ တိုင်းသိပြည်သိ အောင် နေတဲ့ ရတနာဆိုင်ပါ၊ သူဟာသူ ဘာကြီးဖြစ်ဖြစ် တို့တွေနဲ့ ဘာမှ တ်သက်တာ သေချာပါတယ်၊ ဒါပေမဲ့ မင်းမွေးနေ့မှာ သမီးလေး ရောကျော်တန် စိန်လော့ကတ်လေးရလာတုန်းက အံ့ဩမိသေး ၊ မင်းအပေါ်မှာ လုံးဝမကောင်းခဲ့တဲ့ မင်းမာမီက အဲလို တန်ဖိုး ပစ္စည်းနဲ့ ပျော်အောင်လုပ်ပေးခဲ့လို့လေ''

စူးက နာနာကျင်ကျင် ပြုံးလိုက်ကာ –

''အဲဒါ ကျွန်မရခဲ့တာမှ မဟုတ်တာ၊ ကျွန်မ ဘယ်လိုလုပ် မှာလဲ၊ မာမီ့ဆီက တန်ဖိုးကြီး ပစ္စည်းလက်ဆောင် ကျွန်မ ဘာ



www.burmeseclassic.com

www.burmeseclassic.com



တစ်ခုမှ မရှုံးပါဘူး။ မာမီက ကျွန်မကို နာကျင်စရာတွေနဲ့ ဒဏ်ရာ
ပဲ လက်ဆောင်ပေးခဲ့တာ၊ အပေါင်း ဒါတွေက ကျွန်မရဲ့ အနှစ်နှစ်
ကျော် သက်တမ်းတစ်လျှောက် အလေ့အကျင့် ရနေခဲ့ပါပြီ၊ ဒီ
ဆိုးဝါးတဲ့ စိတ်ဒဏ်ရာတွေပေးလည်း ကျွန်မ ခံနိုင်ရည်ရှိနိုင်လိမ့်
ထင်ပါတယ်၊ ဒါပေမဲ့ သောတနဲ့ပတ်သက်ပြီး ရိုးရိုးရှင်းရှင်း ချစ်
လာတဲ့ အသည်းနှလုံးကိုတော့ ဘယ်သူ့ကြောင့်မှ ဒဏ်ရာ
မဟုတ်ပါဘူး၊ အဲဒါကြောင့် သောတရဲ့ရွေးချယ်မှုကို ကျေနပ်
သောတမိဘတွေနဲ့ တိုင်ပင်ပြီး ကျွန်မတို့ကို ရအောင်ခွဲမယ်ဆို
သဘောပေါ့၊ ခွင့်ပြုပါဦး အန်ကယ်နဲ့ အန်တီ''

ပြတ်သားသောစကားလုံးတွေရဲ့ အဆုံးသတ်မှာ နှုတ်
ခြင်းဖွေနဲ့ ဖြတ်တောက်ပစ်ခဲ့ပြီး ထထွက်လာခဲ့သည်။ ဦးနိုင်
နှင့် ဒေါ်ခက်ခက်နွယ် ဘယ်လိုဒေါသတွေနှင့် ပေါက်ကွဲကျန်
သည် မသိ။ မိမဆုံး ဖမဆုံးမ၊ ကြမ်းတမ်းရိုင်းပျ အဆင့်အတန်း
သောမိန်းကလေးဟုတော့ ယူဆနေမှာသေချာသည်။

''ဆောရီး''

သူမတို့စားပွဲနှင့် အနီးဆုံးစားပွဲမှာ ထိုင်နေသော မျက်
အမည်းကြီးတပ်ကာ ဦးထုပ်ခပ်ငိုက်ငိုက်ဆောင်းထားသည့် သတ်
ပိုင်းလူကြီးတစ်ယောက်ကို ရှူး ကျောပိုးအိတ်လေးနှင့် တိုက်လို
သည်။



ထူးဆန်းတာက သူမက မတောင်းပန်ရခင်မှာ ထိုလူက
ကသီ တောင်းပန်ပြီး သူမရှေ့က ထထွက်သွားသည်။

''ဘာတွေ ဖြစ်နေတာလဲကွာ''

စိတ်တိုင်းမကျစွာ ရေရွတ်ပြီး သူမထွက်လာခဲ့၏။

ဘာကြောင့်များ သူမဘဝက မိဘနဲ့ရော ပတ်ဝန်းကျင်နဲ့ရော
တတ မဖြစ်နိုင်ရတာလဲ။ သူများနိမ့်ချ အပြောအဆိုခံရဖို့ ဝေဖန်
ခံရဖို့ မာမီ ဝမ်းထဲမှာ သန္ဓေတည်ခဲ့တာ ဖြစ်မည်။

အစကတည်းက မာမီဝမ်းထဲမှာ မာမီအသွေးအသားအဖြစ်
နှမတည်ခဲ့ရင် ဘယ်လောက်များ ကောင်းမည်လဲ။

မျက်ရည်စက်တွေက ပုလောင်နာကြည်းခြင်းတွေရဲ့ အထုံပါ
သလို။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၂၈ )

"ဟား ဟား ဟား ဟား"

ရူးအိမ်ပြန်ရောက်လာပြီး ညည့်ခန်းအဝင်ဝမှာပင် မာမီရဲ့ အား
နစ်မြိုက်စွာ အော်ရယ်လိုက်သံကိုကြားရသည်။ မာမီ ထိုသို့ရယ်မော
မျိုး တစ်ခါမှ မကြားဖူးခဲ့၊ မြင်လည်းမမြင်ဖူးခဲ့။

အရယ်အပြုံးမပျက်သေးသော မာမီအကြည့်မှာ ရူး ခြေလှမ်း
တို့ တုံ့ခနဲ ဖြစ်သွားသည်။

ညည့်ခန်းထဲမှာ ဘယ်သူတစ်ဦးတစ်ယောက်မှ မရှိပါဘဲ ဒေါ်
ဘယ်သူနှင့် ဘာတွေ သဘောကျပြီး ရယ်နေခဲ့တာလဲ။

"ဒီအနားကို လာထိုင်စမ်းပါဦး ရူး"

ဆိုဖာခုံကို မေးငေါ့ပြပြီး မာမီပြုံးနေပြန်သည်။ ဒါပေမဲ့ ရူးဘ





လှောင်သလို အရိပ်အရောင်တွေဟာ ရူးခံစားမိ၏။ ဆိုဖာခုံမှာ ရူးဝင်ထိုင်
လိုက်ပြီးသည်နှင့် မာမီကလည်း လက်ထဲမှာ ကိုင်ထားသော ဟန်းဖုန်း
လေးကို စားပွဲပေါ် ပစ်တင်၍ ဝင်ထိုင်သည်။

"နှိုင်းမဟာနဲ့ ခက်ခက်နွယ်က မိမဆုံးမ သမီး၊ အကျင့်ပျက်
ပါကွာမဲ့လို့ တော်တော်လေးမှ ပြောလိုက်ရဲ့လား ရူး"

"ဟင်"

ရူး အံ့ဩတကြီး ထိတ်လန့်သွားရသည်။ မာမီက ဒီကိစ္စကို
ဘယ်လိုလုပ်သိသွားရတာလဲ။

"ဟား ဟား ဟား"

မာမီရယ်သံကြောင့် ရူးမေးခွန်းတွေ လည်ချောင်းဝမှာတင်
ဘယ်သို့ပျောက်ကွယ်သွားရ၏။ အောင်နိုင်သူအပြုံးနှင့် လှောင်ရယ်သံ
က ဦးနှိုင်းမဟာနှင့် ဒေါ်ခက်ခက်နွယ်အတွက်လား ရူးအတွက်လား။

"တိုက်ဆိုင်မှုဆိုတာ တမင်တကာ ဖန်တီးယူရင်တောင် ဖြစ်
နိုင်မှုဖြစ်မှာ၊ ငါ စောင့်ခဲ့တာ ဒီအချိန်ပဲ၊ ဒေါ်တင်တင်သော် ဟား
ဟား သူ့ဒေါသနဲ့ သူ့လောဘက သူ့ကို သတ်လိုက်ပြီ၊ နှိုင်းမဟာ
ဟာလည်း စီးပွားပျက် အခြေအနေပျက်နဲ့ အရှုံးမီးပိုင်း ဖျပ်ဖျပ်
ခါနေပြီပေါ့"

မာမီ ဘာတွေပြောနေတာလဲ ရူး နားမလည်။ ရူးကိုပြောနေ
တာလား၊ တစ်စုံတစ်ယောက်ကို ရေရွတ်တိုင်တည်နေတာလား။



www.burmeseclassic.com

www.burmeseclassic.com



"ဘာတဲ့၊ ကိုယ့်သမီးကိုများ မိမဆုံးမ ဖမဆုံးမသမီးတဲ့
အကျင့်ပျက်_သိက္ခာမဲ့ အထိန်းအကွပ်မရှိ စာရိတ္တပျက်ပြားနေတဲ့
တဲ့၊ နားထောင်လို့ ကောင်းလိုက်တာ၊ အရသာရှိလိုက်တာ၊ ဒီ
ဖြစ်အောင် ဖန်တီးပုံသွင်းခဲ့ရတဲ့ ငါ့ရှည်ရွယ်ချက်တွေ အောင်မြင်သွ
တာပေါ့၊ ညည်းခံစားချက်တွေ ရင်ဖွင့်တော့ရော သူတို့ သွေးစ
ပြောပြီး မျက်နှာလေးတောင် ပျက်မသွားကြဘူးလား ဟင် ရှူး"

"မာမီ"

"ဟင်း ဟင်း ညည်းမေးခွန်းတွေ ထုတ်ချင်နေတယ် မဟု
လား၊ အချိန်တန်ပြီပဲ ဥစ္စာ၊ ညည်းမမေးလည်း ငါပြောပြတော့မှာ
ဟုတ်တယ်၊ ညည်းက ငါ့ဝမ်းနဲ့လွယ်မွေးခဲ့တဲ့ ငါ့သမီးအရင်း မဟု
ဘူး၊ ညည်းက နှိုင်းမဟာနဲ့ ခက်ခက်နွယ်ရဲ့သမီး၊ ငါ့ ငါ့သမီး
အနွယ်တော်၊ ငါ့သမီးလေးက အနွယ်တော်"

"ဟ မာမီ ဘာတွေပြောနေတာလဲ၊ ဘာတွေ ပြောနေ
လဲ"

ရှူး တစ်ကိုယ်လုံး တဆတ်ဆတ်တုန်ယင်လာကာ မယုံနိုင်
အောင် ထိတ်လန့်တကြား အော်လိုက်မိသည်။ ဒေါ်မိုးမဒီခင်က မဲ့လို
တည်လိုက် ပြုံးလိုက် မျက်ခုံးလေးနှစ်ခု တွန့်ကွေးစုကျုံ့သွားလိုက်
တာကိုကျေနပ်အားရပြီး ပီတိဖြစ်နေမှန်းလည်းမသိ။

"ညည်းကို အိမ်ဖော်တစ်ယောက်လို ထားခဲ့တာ နှိုင်းမဟ





သမီးဖြစ်နေလို့ ညည်းပျက်စီးလေလွင့်ပြီး သူများအထင်အမြင်သေး,
ပြောအဆိုခံရအောင် ပြောဆိုဆုံးမခြင်းမရှိခဲ့တာ နှိုင်းမဟာရဲ့သမီး
နေလို့ပဲ ရှူး၊ ညည်းကို ချစ်လွန်းလို့ မွေးနေ့ပွဲလုပ်ပေးခဲ့တာ မဟုတ်
ငါ့သမီးလေး အနွယ်တော် သူ့အသွားဆေးရုံတက်ရတဲ့ကိစ္စတွေ
မွေးနေ့ပွဲ မလုပ်ဖြစ်တော့လို့ သူစိတ်ချမ်းသာအောင် ပျော်အောင်
ပေးခဲ့တာ၊ စိန်လော့ကတ်လေး သူရသွားအောင် ဖန်တီးပေးခဲ့တာ
ည်းသိပြီလား၊ မင်းခေါင်ဆိုတဲ့ကောင်လေးက ညည်းလို ပျက်စီး
လွင့်ပြီး ကလေကချေ အဆင့်အတန်းမရှိတဲ့ကောင်မို့ ငါ့သမီး
နွယ်တော်နဲ့ ပတ်သက်မှုမရှိအောင် လုယူဖို့ အားပေးအားမြှောက်
ခဲ့တာ၊ သောတကတော့ လူကောင်းလေးမို့ ညည်းတို့ချစ်ချင်းကို
တ်ရနိုင်းပြီး ငါ့သမီးလေးနဲ့ လက်ထပ်စေချင်ခဲ့တာ၊ ဟင်း ဟင်း
ည်းဟိုနေ့က မေးထားတဲ့မေးခွန်းတွေရော၊ အခုမေးချင်နေတဲ့ မေး
န်းတွေရော ငါဖြေပေးလိုက်ပြီ၊ ပြည့်စုံပြီလား၊ နားလည်ပြီလား
"

ရှူးအားလုံးကို သဘောပေါက်စွာ အံကို တင်းတင်းကြိတ်၍
ကက်သီးဆုပ်လေးကို တင်းနေအောင် ဆုပ်ထားသည်။ သူမကို
ကွက်ကျကျ ပြုစုပျိုးထောင်ပြီး နှိပ်စက်ခဲ့တာ၊ ဒဏ်ရာတွေပေးခဲ့တာ
လား။ ဘယ်လိုအပြုံးအတေးတွေကြောင့် ဒီလောက်တောင် အား
ကြီးမားရတာလဲ။



www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်သွေးသားကို သူများကိုပေးပြီး သူများသွေးသားကို လူဖြစ်အောင် အချိန်ယူကျွေးမွေး၍ လက်စားချေ လက်တုံ့ပြန်ရက်ခြင်းက ဘယ်လိုနာကြည်းမှုတွေကြောင့်လဲ။

"ညည်းရင်ထဲမှာ မေးခွန်းတွေ ကျန်နေသေးတယ် မဟုတ်လား၊ ဒါတွေ ဘာကြောင့် လုပ်ခဲ့တာလဲလို့လေ၊ ဟုတ်တယ် မဟုတ်လား"

မျက်ခုံးပင့်မေးပုံက အတိအကျ သိနေသည်ဆိုသည် သဘော။

ရှုံးမျက်ဝန်းတို့က မျက်ရည်ကြည်တို့နှင့် ပြည့်နေပြီး မာမီကို တစ်ခါမှ မမြင်ဖူးသည့် သူစိမ်းတစ်ယောက်လို ကြည့်နေမိသည်။

"ငါ ဘာကြောင့် ဒီလိုလုပ်ခဲ့ရတယ်ဆိုတာ ညည်းအဘေ နှိုင်းမဟာကတော့ သိနေမှာပါ၊ သေသွားတဲ့ ညည်းအဘွားဆိုရင် ပို သိမှာပေါ့၊ အဟင်း လူတစ်ယောက်ရဲ့ဘဝကို ငွေနဲ့ဆုံးဖြတ်ခဲ့ပြီး ကိုယ်ချင်းစာ ငဲ့ညှာရမှန်းမသိတဲ့လူတွေ၊ သူတို့အလှည့်ကျ ငိုတတ်လိုက်ကြတာ၊ မျက်ဝါးထင်ထင် မြင်ရအောင် ဒီနေ့ပဲ အသိပေးလိုက်မှာပါ ဘယ်လောက်တောင် သွေးပျက်သွားမလဲဆိုတာ အရသာခံစောင့်ကြည့်ရမယ်"

"မာမီရဲ့ အငြိုးအာဃာတတွေအတွက် လက်စားချေဖို့ ရှုံးက တန်ဆာခံဖြစ်ခဲ့ရတာလား မာမီ၊ အဲဒီအတွက် သားသမီးရင်းကို စွန့်ပစ်





ပြီး ဒုက္ခခံ မွေးလာခဲ့တာလား"

"ကိုယ်အသက်ရှင်ဖို့ သူများကိုသတ်ရမှာ ဝန်လေးနေလို့ ဖြစ်ပါ့မလား၊ အဲဒီအချိန်က သူတို့ကို လက်တုံ့ပြန်မှ ဖြစ်မယ်ဆိုတဲ့ အတွေးသာ ရှိမနေရင် ငါ့ကိုယ်ငါ သတ်သေမိမှာ အမှန်ပဲ၊ ကိုယ့်ကိုယ်ကိုယ် တကယ်သတ်သေဖို့အထိလည်း ကြိုးစားခဲ့တယ်၊ ဒါပေမဲ့ သူတို့ကို လက်တုံ့ပြန်နိုင်ဖို့အတွက် ငါ့ကို ကယ်တင်ခဲ့တဲ့သူ ပေါ်လာခဲ့တယ်လေ၊ ဟား ကံကြမ္မာဆိုတာ အဲဒီလို အလှည့်အပြောင်းလေး ရှိဦးမှလည်း တရားမျှတမှာပေါ့၊ လူချမ်းသာတွေကို အဲဒီလို လုပ်ပိုင်ခွင့်တွေသာ ပေးလိုက်ရင် ဆင်းရဲသားလူတန်းစားကို သူတို့ရဲ့ အနိမ့်ခံဘဝမှာ ငွေနဲ့ ဖိသိပ်ပြားပြားဝပ်အောင် ထားတော့မှာပေါ့"

"ဦးနှိုင်းမဟာတို့မှာ အပြစ်ရှိခဲ့တယ်ဆိုရင် အဲဒါ ရှုံးနဲ့ သက်ဆိုင်လို့လား မာမီ"

"ဆိုင်တာပေါ့၊ ညည်းက သူတို့ရဲ့ သွေးသားလေ၊ ညည်း နာမည်ကိုတောင် ရှုံးလို့ခေါ်ခဲ့တာ၊ သူတို့လုပ်ခဲ့သမျှ ငါ့ရင်တစ်ခုလုံး နာကျင်ရှုံးရှုံးနေတာတွေ မေ့သွားမှာစိုးလို့ မျိုးရိုးဂုဏ်တဲ့၊ သိပ်ကို ထည်ဝါချင်တဲ့သူတွေကို အမြဲသတိရနေအောင်လို့လေ၊ မေ့မေ့ပျောက် ပျောက်နဲ့ လက်စားမချေမိလိုက်ရင် သူတို့ နောင်တမရတော့မှာ စိုးရိမ်လို့ပါ၊ ဟား ဒီကိစ္စတွေ ပြီးသွားရင် ငါ့သမီးလေးနဲ့ အတူနေရတော့မယ်၊ ပျော်စရာကောင်းလိုက်တာ၊ ညည်းလည်း ညည်းလိုရာတွေ



www.burmeseclassic.com

အပြည့်အဝပေးမယ့် မိဘအရင်းတွေဆီ ပြန်ချင်တဲ့အချိန် ပြန်လို့ရ
နိုး''

စကားလုံးတွေက ဟိုအရင်ကလို ဥပေက္ခာများထက် စိမ်း
သက်နေသည်။ မျက်လုံးစိမ်းများကြောင့် ရင်တစ်ခုလုံး ဆတ်ဆတ်
နာကျင်နေ၏။ အနှစ်နှစ်ဆယ်ကျော် တစ်မိုးအောက်မှာ အတူနေ
သော သံယောဇဉ်က ထိုစကားလုံးမျိုးနှင့် ဖြတ်တောက်ပစ်လိုက်
ပြတ်တောက်သွားခဲ့ပြီတဲ့လား။

မိဘဆိုသော ရင်ခွင်နှစ်ခုကို ခိုဝင်ဖို့လည်း ရူး မင့်မရဲ ဖြစ်
ရသည်။ အခုလေးတင် အကြွင်နာမဲ့စကားများနှင့် နှိမ့်ချစော်ကား
သည်မဟုတ်ပါလား။ အကြောင်းစုံသိရင်ရော နွေးထွေးစွာ သူ
လက်ခံပါ့မလား။

သူမနှင့် အနွယ်တော်ကရော ဘယ်လို ဖော်စပ်နေသ
မရေမရာ အတွေးတွေနှင့် နောက်ဆုံးခြေလှမ်းတွေမဟုတ်သေး
လည်း မာမီကို စိမ်းသက်စွာ ကြည့်နေမိသည်။

ဖေရာရဲ့ အိမ်မင်းခြင်း အရိပ်အယောင်၊ အရေးအကြောင်း
မရှိသေးသော မာမီမျက်နှာက နဂိုအတိုင်း တင်းမာလှပနေဆဲ
ဝ့ါရှေ့က ထွက်သွားတော့လို့ နှင်မထုတ်မချင်း ဒီနေရာမှာ ဒီအတိုင်း
ရပ်နေချင်သေးသည်။ ဒီလိုလုပ်ခွင့်ရလို့ ကျေနပ်အားရသွားပြီလား
ပျော်သွားပြီလားလို့ ပါးစပ်ဖျားမှာ မေးခွန်းတွေထပ်နေ၏။





''ဘာလို့ ရပ်နေတာလဲ၊ ငါ့ဘက်က ပြောစရာ စကားကုန်
သွားပြီ၊ ညည်းသွားတော့လေ၊ အရမ်းကိုမေတ္တာငတ်နေတာ မဟုတ်
သား။ ညည်း ငါ့ဆီက မရခဲ့တာတွေ ညည်းမိဘတွေက အပြည့်အဝ
ပေးပါလိမ့်မယ်၊ ညည်းလိုချင်တဲ့အခါ အချိန်မရွေး သွားယူလို့ရတယ်''

အခုချက်ချင်း ထွက်သွားတော့လို့ အမိန့်မပေးတာက နောက်
ဆုံး စေတနာလက်ကျန် တစ်စွန်းတစ်စလေးကြောင့် ဖြစ်လိမ့်မည်။
ရူး ခြေစုံရပ်နေမိဆဲ ကြီးကြီးနိုင်က ရူးပခုံးလေးကို ဖက်တွယ်၍
လာခေါ်သည်။ ရူးအခန်းထဲကို ရောက်မှ ကြီးကြီးနိုင်ကို ဖက်တွယ်
တာ အသံထွက် ငိုရှိုက်ပစ်လိုက်သည်။

''ရူးရယ်၊ သမီးလေးရယ်၊ ကံဆိုးလိုက်တာကွယ်''

''ကြီး ကြီးကြီးနိုင်ရယ်၊ မာမီက ရူးကို ရည်ရွယ်ချက်ကြီးကြီး
နဲ့ နိုပ်စက်ခဲ့တာတဲ့၊ အညိုးကြီးကြီးနဲ့ လက်စားချေခွင့်ရအောင် အသုံး
ချဖို့ မွေးခဲ့တာတဲ့၊ ရူးကို အိမ်ဖော်တစ်ယောက်လို ထားခဲ့တာ၊ အိမ်မှု
ကိစ္စတွေ တတ်မြောက်ကျွမ်းကျင်အောင်လို့ မဟုတ်ဘူး၊ လေလွင့်
ပျက်စီးနေတာကို မဆုံးမခဲ့တာ၊ စေတနာသန့်သန့်နဲ့ လွတ်လပ်ခွင့်ပေး
ထားတာ မဟုတ်ဘူးတဲ့၊ သ သမီးရင်း မဟုတ်လို့ နှိုင်းမဟာရဲ့သမီး
မို့လို့တဲ့''

''ကြီးကြီးနိုင်အားလုံးကြားပါတယ် သမီးရယ်၊ ကြီးကြီးနိုင်
လည်း ဘာတစ်ခုမှ မသိခဲ့ရပါဘူး၊ သူ့ရဲ့ကြံစည်မှုတွေ အကြောင်းသာ

www.burmeseclassic.com



သိခဲ့ရင် ကြီးကြီးခိုင် တားခဲ့မှာပါကွယ်၊ ဒီလိုမဖြစ်အောင် စူးလေးအ
က ကာကွယ်ပေးခဲ့မှာပါ''

ဒေါ်မိမိခိုင်ရင်ထဲ မချိစွာ မျက်ရည်တွေစီးကျလာသည်။ မိုး
ခင်ရဲ့ အငြိုးအတေး အာဃာတတွေအားလုံးက စူးလေးအပေါ်မှာ
စုပြုံကျရောက်နေပါလား။

ဘယ်ဘဝက ဝဋ်ကြွေးတွေကြောင့် လူကြီးတွေရဲ့ ပဋိ
ဒဏ်တွေ ဒီကလေးက ခံနေရတာလဲ။

သံသရာဆိုတာ အချိန်နာရီ စက္ကန့်တွေလို လည်ပတ်
သည့်သဘောမို့ မိုးမဒီခင်ရော ဘယ်အချိန်ထိ အောင်လံလွှင့်ထူနိုင်
လဲ။

တစ်သက်လုံး ပြုံးနေနိုင်ပါစေ မိုးမဒီခင်။

✿ ✿ ✿



အခန်း ( ၂၉ )

''ကိစ္စတွေအားလုံးရဲ့ တရားခံက မင်းပါလို့ပြော''

''ဗျာ''

''စီစဉ်ညွှန်ကြား ငွေပေးခိုင်းတာက မိုးမဒီခင်လို့''

''ဟာ မဖြစ်နိုင်ဘူးထင်တယ်၊ အဲလိုပြောလို့ မဖြစ်ဘူးလေ''

''မင်းကြောက်နေတာလား မင်းဇော်၊ မင်း ဘာပြဿနာမှ
မရှိဘူး။ ငါပြောတဲ့အတိုင်း ဖုန်းဆက်ပြီး နှိုင်းမဟာကိုခေါ်လိုက်ပါ၊
ဆိပ်တိုက်ရင်ဆိုင်မယ်''

''သူ သူတို့အားလုံး ပြုလဲသွားပါပြီ၊ ပြုလဲအောင်လုပ်တဲ့သူ
ဘယ်သူဆိုတာ သူတို့သိအောင် ပြောဖို့လိုအပ်လို့လား၊ ဒီအတိုင်း
ထားလိုက်လို့ မဖြစ်ဘူးလားဟင်''



www.burmeseclassic.com

www.burmeseclassic.com



မင်းဇော် သွေးပျက်ကာ ချွေးစေးတွေ ပြန်နေသည်။ လုံ တုန်းက ရဲရဲတင်းတင်း ခိုင်းသမျှ လုပ်ခဲ့ပေမယ့် ဒါ ကျွန်တော်လုပ် ပါလို့ ဝန်ခံရမှာကိုတော့ ဘယ်သူက အမိုက်ခံပြောရဲပါ့မလဲ၊ ပြသ ဖြစ်လာလျှင် ကိုယ့်ကိုမှီခိုနေရသည့် မိသားစုတွေပါ ဒုက္ခရောက် သည်။ ဒေါ်မိုးမဒီခင်က စလင်းဘက်ခ်အိတ်ထဲက တစ်ထောင် ကတ်လိုက်ဆွဲထုတ်ပြီး သူ့ရှေ့ကစားပွဲပေါ် ပစ်တင်၍ –

"အခု ငါ့ရှေ့မှာ နှိုင်းမဟာဆီ ဖုန်းဆက်၊ ဒီဆိုင်ကို ချက်ချင်း လာခဲ့ပါလို့၊ နှိုင်းမဟာရောက်လာရင် မင်းတာဝန်အ ပြီးဆုံးပြီ၊ မင်း ငါ့ရှေ့မှာ ဘယ်တော့မှ ထပ်ပေါ်လာစရာအကြေ လည်း မရှိတော့ဘူး၊ နားလည်ပြီလား"

"ဟုတ် ဟုတ်ကဲ့"

ငွေကိုမြင်တော့ မင်းဇော် မလွန်ဆန်နိုင်။ တုန်တုန်ယ ဖြင့် နှိုင်းမဟာဆီ ဖုန်းခေါ်လိုက်ပြီး အကျိုးအကြောင်းပြောရန် ဆို စာပါ ပေးလိုက်ရသည်။

"ဦးနှိုင်းမဟာက လမ်းမှာထင်တယ်၊ အခုချက်ချင်း မယ်တဲ့"

"အဟင်း မင်းတာဝန်ကျေတယ်၊ မင်းသွားလို့ရပြီ မင် အံ့လည်းအံ့ဩ၊ မခံချင်လည်း ဖြစ်ပြီး နှိုင်းမဟာရောက်အောင်လ ပါ"





မင်းဇော်ထွက်သွားသည်နှင့် အိတ်ထဲက မျက်နှာပြည့်လု ပါး မျက်မှန်အမည်းကြီးကို ထုတ်၍ စတိုင်လ်ကျကျ တပ်ထားလိုက် သည်။ မိနစ်နှစ်ဆယ်ကျော်လောက်အတွင်းမှာ သီးသန့်ခန်းလေးရဲ့ န်းဆီးစလေး လှပ်ခနဲ ခါလှုပ်သွားလျက် နှိုင်းမဟာ ရောက်လာခဲ့ သည်။

"မင်းလား ငါ့စီးပွား ငါ့ဘဝပျက်အောင် လုပ်တဲ့သူဆိုတာ"

"လောလုချည်လား။ ထိုင်စမ်းပါဦး အေးအေးဆေးဆေးပေါ့"

နှိုင်းမဟာက အမောတကောနှင့် အသံတွေတောင် ပြာနေ သည်။ ထိုင်ခုံမှာ ဆောင့်ခနဲ ထိုင်ချလိုက်ပြီး ဒေါ်မိုးမဒီခင်ကို စားတော့ းတော့မလို စူးရဲစွာ ကြည့်၍ –

"မိုးမဒီခင် ဟုတ်လား၊ အဲဒီနာမည်ကို စူးအမေလို့ သိထား ာ၊ မင်းက ဘာသဘော ဘယ်လိုရည်ရွယ်ချက်တွေနဲ့ ငါ့ဘဝ တ်ပြတ်သတ်သွားအောင်အထိ တိုက်ခိုက်ရတာလဲ၊ မင်းအတွက် ယ်လိုအကျိုးအမြတ်တွေရလို့ ဒီလိုလုပ်ရတာလဲ"

"ဟား ဟား အကျိုးအမြတ် ဟုတ်လား၊ ရလိုက်တာပေါ့။ နှစ်နှစ်ဆယ်ကျော် မျှော်လင့်ခဲ့ရတဲ့ ပီတိလေ၊ ရှင်ကျဆုံးတာကို င်ချင်တဲ့ ကျွန်မရဲ့ ကျေနပ်အားရမှုလေ၊ ဒီနေ့ ဒီအချိန်ကို ကျွန်မ ောင့်နေခဲ့တာ"

"မင်း မင်း"



www.burmeseclassic.com

www.burmeseclassic.com



ဘယ်သူလဲလို့ မေးဖို့ နှုတ်တို့က စေးကပ်ပိတ်ကျနေသည်။ နုနု ယောကျ်ားတစ်ယောက် ဖုန်းဆက်လာကတည်းက သူ့အသား တဆတ်ဆတ် တုန်အောင် ဒေါသသွေးတို့ ဆူပွက်နေသည်။

"မန္တလေးက လက်ဖက်ပွဲရုံ ကိစ္စ၊ မင်္ဂလာဈေးက လက် လက်ကား ဖြန့်နေတဲ့ အထည်အလိပ်ကုန်ပစ္စည်းတွေ ကိစ္စ၊ မြေပို ကိစ္စအားလုံး တမင်ရည်ရွယ်ပြီး ဦးနိုင်းမဟာ စီးပွားပျက်အောင် လု တာ ကျွန်တော်ပါ၊ ဒါပေမဲ့ ကျွန်တော့်မှာ အပြစ်မရှိပါဘူး၊ စီစဉ် ကြားငွေပေးပြီး ခိုင်းခဲ့တာက တခြားတစ်ယောက်ပါ၊ အဲဒီလူက အ ဦးနိုင်းမဟာကိုတွေ့ချင်လို့ပါတဲ့၊ အခုချက်ချင်း လာခဲ့ပေးပါ ခင်"

ထိုစကား ဖုန်းထဲက ကြားခဲ့စဉ်က သူတော်တော် အံ့ဩ သည်။ အဲဒီလို အတိအလင်း စစ်ကြေညာပြီး မျက်နှာချင်းဆိုင်တွေ့ တာ ဘယ်လိုရန်သူမျိုးလဲ သိချင်လှ၏။

စူး ရင်ဖွင့်ပေါက်ကွဲသွားသည့်စကားတွေအားလုံး အထပ် ပြန်ကြားယောင်၏။ အန်ကယ်တို့က စူးမာမီနဲ့ ဘယ်လိုပတ်သက် လဲတဲ့။ ပြီးတော့ သမီးလေး အနွယ်တော် ပြောဖူးသော -

"သမီးတို့သူငယ်ချင်းစူးဘဝက အရမ်းသနားစရာကော တာပဲ ဖေဖေရယ်၊ အဝတ်အစားကောင်းကောင်းဝတ်ပြီး ကားနဲ့ သင်တန်းတွာတ်နိုင်ပါရဲ့၊ ဒါပေမဲ့ အိမ်မှာ အိမ်ဖော်တစ်ယောက် အဝတ်လျှော်, ကြမ်းတိုက်, အိမ်သန့်ရှင်းရေးလုပ်၊ အချက်အပြုတ်





အစ သူတစ်ယောက်တည်း လုပ်ရတာတဲ့၊ ဒီလောက်ချမ်းသာပြီး န်ထမ်းတွေ မထားဘဲ စူးကို နှိမ့်ချခိုင်းတာ အကြောင်းတစ်ခုခု ရှိရ ယ်၊ ပြီးတော့ လုံးဝမျက်နှာသာမပေးဘူး၊ အကြင်နာတရားလည်း ရှိဘူး၊ စူး အိမ်ကို ညဘယ်အချိန်ပြန်လာလဲ ,ဘယ်လိုလူမျိုးတွေနဲ့ ပေါင်းပြီး နာမည်ပျက်နေလဲ စိုးရိမ်ပူပန်မှုမရှိဘူး၊ ဆုံးမသွန်သင် မှုမရှိဘူးတဲ့လေ၊ အဲဒါကြောင့် စူးက ဘဝကို ဖြစ်သလို ထွက်ပေါက် ရှာပြီး လေလွင့်နေတာ ဖြစ်မယ်"

ဒီစကားတွေ ကြားတုန်းက သားသမီးချင်း ကိုယ်ချင်းစာကာ စိတ်မကောင်းဖြစ်မိခဲ့သေးသည်။ ဒီလို မိဘမျိုးတွေ ရှိပါသေးလားလို့ သည်း အပြစ်တင်မိ၏။

အခုတော့ ဒီမိန်းမ က ကိုယ့်ဘဝကိုတောင် ရည်ရွယ်ချက် ကြီးကြီးနှင့် ပျက်စီးစေခဲ့သူပါလား။

ကျော့ရှင်းတောင့်တင်းသော ကိုယ်ခန္ဓာတစ်ခုလုံးမှာ အနီရဲရဲ သက် အောက်ဝမ်းဆက်က အစ စိန်တွေစီလျက် နဖူးလုန်သိမ်းထား သော ဆံနွယ်တွေကို ဂျပန်ဆံထုံးမြင့်မြင့်နှင့် စိန်ဆံတိုးတစ်ခု ထိုးထား ဘာက မဟာဆန်သည်။ ခပ်မိန့်မိန့် ပိရိသေသပ်သော နှုတ်ခမ်းလေးမှာ အနီရောင် နှုတ်ခမ်းဆိုးဆေးဖြင့် ပြွတ်သားရဲရင့်နေ၏။

"ဘာကြောင့် ဒီလိုလုပ်ခဲ့တာလဲ ဆိုတာ သိချင်နေပြီလား နိုင်းမဟာ"



www.burmeseclassic.com

www.burmeseclassic.com



"ဟင်"

"အစ်ကိုလေးကို မခေါ်လို့ စိတ်ဆိုးသွားတာလား"

"မင်း မင်း"

နှင်းမဟာ အံ့သြပြီးရင်း အံ့သြနေသည်။ ဘယ်သူဖြ
သလဲဆိုတာ ဘယ်လိုမှ စဉ်းစားမရ။ မိုးမဒီခင်က မျက်မှန်အမည်း
ကိုချွတ်ကာ စားပွဲပေါ် ပစ်တင်လိုက်သည်။ ပြီးမှ အပြုံးသဲ့သဲ့
မျက်နှာကို ပင့်လိုက်ကာ –

"ကြည့်ပါဦး၊ ရှင်တို့အိမ်မှာ အိမ်ဖော်လုပ်သွားတဲ့ မြ
တူရဲ့လားလို့"

"မြ မြရီ မင်း"

နှင်းမဟာ ထိတ်လန့်ပြူးပျာနေတာကို ကြည့်ပြီး မိုးမ
ပခုံးလေး သိမ့်သိမ့်လှုပ်အောင် ရယ်နေသည်။

"ဒီလိုနေ့ကို ရောက်ဖို့ ကျွန်မ အနှစ်နှစ်ဆယ်ကျော် စော
လာခဲ့တာ စောင့်ရကျိုးနပ်သွားပြီ နှင်းမဟာ"

"မင်း မင်း ဘယ်အငြိုးနဲ့"

"ပြောပြနေရဦးမှာလား။ မြရီရဲ့ဘဝကို ဖျက်ဆီးပြီးမှ ရှင်
ငွေနဲ့ တန်ဖိုးဖြတ်ခဲ့ကြတယ်လေ၊ အသွေးအသားကို စိတ်ကြိုက်စား
ပြီးမှ တာဝန်မဲ့ခဲ့တာ ဘယ်သူလဲ"

"အဲဒါကြောင့် ပုံသဏ္ဍာန်ကို ဒီလိုဖြစ်အောင် လုပ်ခဲ့တာလား





"အဲဒီလောက်ပဲဆိုရင် လက်စားချေရာ ဘယ်ရောက်ပါ့မလဲ
မဟာ၊ နောက်တစ်ကြိမ် အခွင့်အရေးပေးလာရင် ရှင်တို့နောက်
စ်ကြိမ်ပြန်ချမ်းသာလာနိုင်တာပဲ မဟုတ်လား"

"မကျေနပ်သေးဘူးလား၊ မင်း ဘာတွေ ထပ်လုပ်ဦးမှာလဲ
ို့ အခြေအနေပျက် စီးပွားရေးပျက်လို့ မေမေလည်း အဲဒီစိတ်နဲ့
ချိန်မတန်ဘဲ အသက်ပေးလိုက်ရပါပြီ၊ ငါလည်း ဘယ်လိုမှ နာလန်
ထူနိုင်တော့အောင် လူတွေရဲ့မျက်နှာ မော့မကြည့်ရဲအောင် စိတ်ဓာတ်
ျ ဘဝပျက်နေပါပြီ"

"ရှင့်အမေ ငွေကြေးတွေ ဆုံးရှုံးရ၊ စီးပွားတွေ ပျက်ရုံလေး
အသက်ပါပေးလိုက်တာကို စိတ်မကောင်းဖြစ်နေတာလား၊ ရှင်က
ာ ဒီလောက်လေးနဲ့ သွေးပျက်နေတာလား နှင်းမဟာ၊ ဘဝပျက်လို့
ို ဘာဖြစ်သွားမလဲဆိုတာကိုရော ရှင်တို့ကိုယ်ချင်းစာပေးခဲ့လို့လား၊
ယ့်ကိုထိမှ အမိတတတ်တာ ရှင်တို့လို လူချမ်းသာတွေလား။ အဲဒီ
ချိန်ကသာ မြရီရဲ့မျက်ရည်တွေကို သနားတတ်ခဲ့ရင် ရှင်တို့တွေ
သို့ဖြစ်လာစရာအကြောင်းမ ရှိပါဘူး"

နာကြည်းမှုတွေကြောင့် မိုးမဒီခင်မျက်ဝန်းတွေ အရောင်
တ် တောက်ပနေ၏။ အဆိပ်ပြင်းသော စကားလုံးတွေ ပေါက်ကွဲ
သည့် နှုတ်ခမ်းလေးက လှောင်ပြုံးတို့ဖြင့် လှပနေ၏။

"ဟင်း ဟင်း မနေ့က စူးဆိုတဲ့မိန်းကလေးကို ရှင်တို့ ငေ



www.burmeseclassic.com

www.burmeseclassic.com



မယား တော်တော်လေးမှ ဝေဖန်လိုက်ရဲ့လား''

''စုး စုးက မင်းရဲ့သမီးဆိုရင် ငါ ငါ့ရဲ့''

''သွေးပျက်သွားပြန်ပြီလား၊ ရှင့်ကိုယ်ဝန်ကို လွယ်

မွေးခဲ့တဲ့ ကလေးမဟုတ်ပါဘူး''

''ဒါဆို''

''စုးက နှိုင်းမဟာနဲ့ ခက်ခက်နွယ်ရဲ့သမီးလေ''

''မြရီ မင်း''

''ကလေးချင်း လဲလိုက်တာ၊ ရှင်တို့ မသိလိုက်ဘဲကို

နေ့ အဲဒီဆေးရုံမှာ ခက်ခက်နွယ် သမီးလေးမွေးတော့ ကျွန်မ

အဲဒီဆေးရုံမှာ သမီးလေး မွေးခဲ့တယ်၊ ရှင့်တို့အပေါ် ကျွန်မရဲ့ မုန်

နာကြည်းမှုတွေနဲ့ လက်စားချေနိုင်ဖို့ ရှင်တို့အိမ်က ကျွန်ယုံ

မခင်အိကို ကလေးချင်းလဲပေးဖို့ အကူအညီတောင်းခဲ့တာပါ၊ မွေး

ချင်းဆိုတော့ ရှင်တို့ သတိမထားမိလိုက်ဘူး မဟုတ်လား''

''ဘာ ဒါဆို အနွယ်တော်က''

''ကျွန်မ သမီးလေ''

''ဟား''

နှိုင်းမဟာ ခေါင်းကို တွင်တွင်ယမ်း၍ ရင်ထဲမှာ မ

နာကျင်စူးအောင့်နေသည်။ မြရီ ဒီလောက်ထိ အငြိုးကြီးကြီး လ

ပြန်လိမ့်မည် မထင်မိ။





''ကျွန်မ မုန်းတီးနာကြည်းနေတဲ့လူရဲ့ သွေးသားကို ဘာလို့

အရွယ်ရောက်ကြီးပြင်းအောင် မွေးခဲ့တာလဲလို့ ရှင်မမေးတော့ဘူးလား''

''မြရီရယ် မင်း''

''အာဃာတ တစ်ခု ရင်မှာ အမြစ်တွယ်ပြီဆိုရင် နေ့စဉ်နေ့

တိုင်း နာကျင်ခံစားရတယ်၊ အဲဒီဝေဒနာတွေ သက်သာဖို့ ရှင်တို့

အသွေးအသား ဖြစ်တဲ့ စုးကို စိတ်ဒဏ်ရာတွေ ပေးရတာပေါ့ နှိုင်း

မဟာ၊ အဲဒါမှ ကျွန်မစိတ်သက်သာတယ်၊ အဟင်း စုးကိုယ်တိုင်

ခံဖွင့်ထားတဲ့ သူ့ခံစားမှုတွေကို ရှင်တို့ကြားပြီးရောပေါ့၊ အိမ်ဖော်

တစ်ယောက်ရဲ့ အတွေ့အကြုံတွေ သူ့ကို လေ့ကျင့်ပေးထားတယ်၊

အကျင့်ပျက်သိက္ခာမဲ့အောင် လွှတ်ပေးထားပြီး သူများအထင်သေး

ရှုတ်ချတာကို ခံနိုင်းတယ်၊ ကျွန်မသမီးလေး အနွယ်တော်ကတော့

ရှင်တို့ မေတ္တာရိပ်အောက်မှာ အေးချမ်းနေတယ် မဟုတ်လား''

''ရက်စက်လိုက်တာ၊ အငြိုးကြီးလိုက်တာ မြရီရယ်''

''အဲဒါတွေ ဒီနေ့ အဆုံးသတ်သွားပါပြီ၊ ချွတ်ခြုံကျ စီးပွား

ပျက် ကပ်ဆိုက်နေတဲ့ ရှင်တို့အိမ်ကို၊ ရှင်တို့သမီး စုးကို ပြန်ခေါ်လို့

ပြီ နှိုင်းမဟာ၊ ပြည့်စုံကြွယ်ဝ ချမ်းသာအောင်မြင်နေတဲ့ ကျွန်မအိမ်မှာ

ကျွန်မသမီးလေး အနွယ်တော်ကို ပြန်ခေါ်မယ်''

''မ မဖြစ်နိုင်ဘူး၊ အ အနွယ်တော်ကလည်း ငါ့သမီး၊ ငါပဲ

ခေါ်ထားမယ် မြရီ''



www.burmeseclassic.com

www.burmeseclassic.com



"အလဲအလှယ်လုပ်နေပါတယ်ဆိုမှ အကုန်လုံး ယူလို့တော့ ဘယ်ဖြစ်မလဲ နှိုင်းမဟာ၊ အနွယ်တော်ကို မပေးဘူးဆိုရင် ဒီထက်ပို ရှူးကို နှိပ်စက်ရဦးမှာပဲ"

မိုးမဒီခင်လေသံတွေ ပြင်းထန်မာကျော ပြတ်သားနေတာ နှိုင်းမဟာ ခေါင်းငိုက်စိုက်ကျသွားခဲ့ရသည်။ သမီးလေး အနွယ်တော် က သူ့ရဲ့အသွေးအသား၊ ရှူးကလည်း သူ့ရဲ့ရင်သွေး မဟုတ်ပါလား

အနွယ်တော်လေးကို မစွန့်လွှတ်ချင်သလို ရှူးကိုလည်း မိုး ခင် ထပ်ပြီး နှိပ်စက်တာမျိုး အဖြစ်မခံနိုင်။

"ရှင် လောဘထပ်ကြီးနေဦးမယ်ဆိုရင်တော့ မဖြစ်သင့်တာ တွေ ထပ်ဖြစ်လာနိုင်သေးတာကိုလည်း စဉ်းစားထားပါ နှိုင်းမဟာ ကျွန်မက အရင်တုန်းက မြရီမဟုတ်တော့ဘူးနော်၊ တစ်ခုလည်း သတိပေးရဦးမယ်၊ ကလေးချင်းလဲပေးခဲ့တဲ့ မခင်အိက ဒီကိစ္စ အားလုံးရဲ့ တရားခံဆိုပြီး ဆူပူမာန်မဲ အပြစ်ပေးတာမျိုး မလုပ်ပါနဲ့ အဲဒီအပြစ်သားကို ရှင်တို့အိမ်မှာ မထားချင်ဘူးဆိုရင် ကျွန်မအိမ် လွှတ်လိုက်၊ ကျွန်မက မခင်အိကို ကျွန်မရဲ့ကျေးဇူးရှင်ဆိုပြီး ကိုးကွယ် စောင့်ရှောက်ရဦးမယ်"

ဘာမှ ချေပပြောဆိုခွင့်မရလိုက်ပါ။ ပြောစရာမကျန်တော့ သလို မျက်မှန်အမည်းကြီးကို ကောက်တပ်၊ စလင်းဘတ်ခ်ခပ်ကြီးကြီး ကို ကောက်လွယ်ပြီး မာန်ပြင်းသော ခြေလှမ်းတွေနှင့် လှမ်းထွက်သွား





သည်။

သူမှားခဲ့သည့် အပြစ်ဒဏ်က ဒီလိုမျိုး ပေးဆပ်မှ ကျေတော့ မတဲ့လား။ အရာရာ ဆုံးရှုံးပြီးနောက်မှာ သူ့ရင်ထဲ ဘာမှမကျန်တော့။

လစ်ဟာ လှိုက်မောလျက် ရင်တစ်ခုလုံး ဒဏ်ရာတွေနှင့် ဆိပ်သင့်နေသည်။ ဒီအကြောင်းတွေ ခက်ခက်နွယ်ကို ပြောပြသင့် နဲ့လား။ ပြောမပြလျှင်လည်း ရင်ဘတ်ကြီးတစ်ခုလုံး တင်းကျပ်အောင့် နက်ကာ ပေါက်ကွဲထွက်တော့မည်။

သမီးလေးရှူး အသက်နှင့်အမျှ မိုးမဒီခင်ရဲ့ လက်စားချေမှု အောက်မှာ ဘယ်လောက်များ မွန်းကျပ်ပိတ်လှောင် စိတ်ဒုက္ခတွေ ခံစားခဲ့ရရှာမလဲ၊ သနားစရာ သမီးလေးရဲ့ ရင်ဖွင့်သံတွေ၊ ပြန်ကြား ယောင်ပြီး နားနှစ်ဖက်ကို ပိတ်၍ မျက်ရည်တွေ စီးကျလာသည်။

သမီးလေး ဖေဖေ့အမှားတွေ အမှားတွေကြောင့်ပါကွယ်။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၃၀ )

"ဒီကိစ္စတွေ အားလုံးရဲ့တရားခံက ကိုယ်ပါ၊ ကိုယ်မှားခဲ့ ပါ ခက်ရယ်"

အားလုံး ဖွင့်ပြောပြပြီးချိန်မှာ နှိုင်းမဟာ ယောကျ်ားတ သည်းသည်းထန်ထန် ရှိုက်ငိုချလိုက်သည်။ နားထောင်နေသ ခက်ခက်နွယ်ရင်ထဲမှာလည်း ကျပ်ဆို့မောပန်းနေ၏။

ဒီအချိန်မှ တခြားမိန်းကလေးတစ်ယောက်နှင့် မှားယွင်းခဲ့ သူပါလားဆိုပြီး အပြစ်တင်နေလို့ရော ဘာထူးဦးမှာလဲ။

"ဒါဆို စူးနဲ့အနွယ်တော်က ဖအေတူ မအေကွဲ ညီအစ်မ ဖြစ်နေကြပြီပေါ့၊ စူး ဒီအိမ်ရောက်လာရင် သမီးလေးအနွယ်တော် စွန့်လွှတ်ရမယ်၊ စူးကို မခေါ်ရင်လည်း မိုးမဒီခင် နှိပ်စက်ထ





မယ်၊ ဘယ်လိုဝဋ်ဒုက္ခတွေ ကိုနှိုင်းရယ်၊ သမီးလေးစူး အရမ်း နားစရာကောင်းတယ်၊ အနွယ်တော်လေးကရော ခက် ရင်နဲ့လွယ် ခဲ့ရတာမဟုတ်ဘူးဆိုပေမယ့် သမီးအရင်းလေးဆိုတဲ့အသိနဲ့ ယ်လောက်တောင် ပြုစုယုယပြီး မွေးခဲ့ရလဲ၊ ခက်ရင်တွေ ကွဲတွက် တော့ မယ် ကိုနှိုင်း"

"ခက်ရယ် ကိုယ့်အမှားတွေပါ၊ ကိုယ်လည်း ဘယ်လိုမှ ဖြေနိုင်အောင် ခံစားနေရပါတယ်၊ ဒါပေမဲ့ သမီးလေးအနွယ်တော် မဒီခင်ဆီ ရောက်သွားမှ သူ့ကျန်းမာရေးအတွက် မျှော်လင့်ချက်ရှိမှာ ဟုတ်လား၊ ကိုယ်တို့တွေ တစ်သက်လုံး ဖုံးဖိသိုသိပ်လာခဲ့တဲ့ သူ့ ရောဂါကို မိုးမဒီခင်ကပဲ ဆက်ပြီးကုနိုင်တော့မှာလေ၊ ကိုယ်တို့မှာ လုးသာ မလွန်သာ အဆင့်မပြေဖြစ်နေပြီ မဟုတ်လားကွယ်"

"ဒီအိမ်ကြီးတစ်အိမ်လုံး ကျန်ပါသေးတယ်၊ ဒီအိမ်ကြီးကို ရောင်းပြီး သမီးလေးကို ဆေးကုရမှာပေါ့ ကိုနှိုင်းရယ်၊ ကုန်းကောက် ရာမရှိအောင် မွဲသွားလည်း သားသမီးအတွက် အသက်ပေးသင့် သည်း ပေးရမှာပဲ"

ခက်ခက်နွယ်ရဲ့ မိခင်စိတ်ကို နှိုင်းမဟာ လေးစားသွားခဲ့ရ သည်။ အနွယ်တော်လေးကို သူမရဲ့ သမီးရင်းမဟုတ်ဘူးဆိုတာ သိနေ ခဲ့တောင် မေတ္တာမပျက်နိုင်သေးပါလား။ စူးအတွက် နာကျင်ခံစားနေ ာလည်း မျက်ရည်တွေသက်သေဖြစ်သည်၊ သူ့မှာလည်း ဒီထက်ပို



www.burmeseclassic.com

www.burmeseclassic.com



ပြောသိမ့်စရာ စကားမရှိပါ။

ထိုအချိန်မှာ သူတို့ အိပ်ခန်းတံခါးပေါက် ချပ်ခနဲ ပွင့်သွား သမီးလေး မျက်ရည်သွင်သွင်စီးကျလျက် ပြေးဝင်လာသည်။ သူ ပြောနေသည့် စကားတွေ ကြားသွားခဲ့ပြီလား။

"ဖေဖေ မေမေ"

"သမီး သမီးလေး"

အန္တယ်တော်က မိဘနှစ်ပါးကို ဖက်တွယ်ကာ ရှိုက်ကြီးတ ငိုချသည်။ ခေါင်းကို တွင်တွင်ယမ်းလျက် ရှိုက်သံတို့နှင့် စကား လည်း တော်တော်နှင့် ထွက်မလာ။

"သမီးလေး ဘာဖြစ်လို့လဲ သမီးလေးရယ်"

"သ သမီး ဒေါ်မိုးမဒီခင်ရဲ့သမီးမဖြစ်ချင်ဘူး။ အမုန်း အငြိုးတွေ လက်စားချေလိုစိတ် အတ္တတွေ ပြင်းနေတဲ့ အဲဒီမိန်းမ သမီး မဖြစ်ပါရစေနဲ့။ ကိုယ့်ရင်သွေးကို စွန့်လွှတ်ရဲ့တဲ့အထိ မေ ကင်းမဲ့တဲ့ ဒေါ်မိုးမဒီခင်ကို အမေမတော်ပါရစေနဲ့နော်၊ သမီးကို သူ မလွှတ်ပါနဲ့၊ သမီး မသွားဘူး၊ မသွားဘူး"

"သမီးလေးရယ်"

ရင်ခွင်မှာ ပွေ့ပိုက်ရင်း သမီးအတွက် ယူကျုံးမရခံစားလို ရသည်။ သမီးလေးကို အသိမပေးချင်သေးသောကြောင့် အိပ်ခန်းထဲ စကားပြောဖြစ်ခဲ့မှ သမီးလေး အကုန်သိသွားခဲ့ပြီပဲ။ မိဘတွေ မျက်





ကောင်းတာကို အရိပ်အကဲကြည့်ပြီး ချောင်းနားထောင်နေခဲ့တာ ဖြစ်မည်။

မစွန့်လွှတ်ချင်ပေမယ့် ဘယ်လို မတတ်နိုင်တော့သည့် အခြေအနေကို သမီးလေးသိအောင် ဘယ်လိုပြောပြရမလဲ။

"သမီးက ဖေဖေ့သမီးပါ သမီးရယ်၊ ဒါပေမဲ့ သမီးလေး ဒီခင်ဆီသွားနေမှ ဖြစ်တော့မယ်၊ ဖေဖေတို့စီးပွားရေး အခြေအနေ ဘယ်လိုမှ ပြန်မကောင်းနိုင်တော့တာ သမီးလေးသိပြီ မဟုတ်လား။ ..တော့"

"စူးကို ပြန်ခေါ်ရမှာကြောင့် မဟုတ်လား ဖေဖေ၊ စူးကို ရှင်ကလည်း ခင်ခဲ့တယ်၊ အခုလည်း အဖေတူ မအေကွဲ ညီအစ်မ ဆိုတဲ့စိတ်နဲ့ သမီးသည်းခံနိုင်ပါတယ်၊ ချစ်လည်းချစ်တယ် ဖေဖေ၊ သမီးသောက်နေတဲ့ ဆေးတွေအတွက် မတတ်နိုင်တော့ဘူးဆိုရင် ..သည်း သမီးဆေးမသောက်ဘဲ နေပါမယ်"

"သမီး သမီးလေးရယ်၊ အဲလိုလုပ်လို့ ဘယ်ဖြစ်ပါ့မလဲ၊ ..ဒီခင်က ငွေကြေးပစ္စည်းဥစ္စာ ပြည့်စုံချမ်းသာနေပြီ၊ သမီးလေးက ..ဆေးအပြတ်ခံလို့မှ မဖြစ်တာ၊ သူက သမီးလေးရဲ့ ရောဂါဝေဒနာကို ..က်သာအောင် လုပ်ပေးနိုင်တယ်၊ ပျောက်ကင်းအောင် ကုပေးနိုင် ..ယ်၊ ဖေဖေတို့ သမီးလေးကို မချစ်လို့ မဟုတ်ပါဘူး"

"သမီးရောဂါက ဘာမို့လို့လဲ ဖေဖေ၊ ဖေဖေတို့ ..ခွာနိုင်



www.burmeseclassic.com

www.burmeseclassic.com



အောက်မှာနေရမယ်ဆိုရင် သမီး အသေခံပါ့မယ်၊ ဒေါ်မိုးမဒီခင်ဆို တော့ ဘယ်တော့မှ မသွားဘူး၊ သူ့လို မိန်းမကြီးနဲ့ အတူတူမနေနိုင် ဘူး၊ သူ့ကြောင့် ဖေဖေတို့ စီးပွားရေးအခြေပျက်ခဲ့ရတာ၊ သူ အဲဒီ အောင်မြင်မှုတွေကို ပီတိနဲ့ စားသုံးနေချိန်မှာ သမီးက ဖေဖေ ကို ထားရစ်ခဲ့ပြီး အဲဒီရွှေပုံပေါ်မှာ မစံစားပါရစေနဲ့''

သမီးလေးဆန္ဒကို သူတို့လင်မယားနှစ်ယောက်လုံး မလွန် ဆန်ရက်ကြပါ။ မျက်ရည်တွေသာ မချိမဆံ့ စိမ့်ထွက်နေကြသည် မခွဲခွာရက်အောင် ခပ်တင်းတင်း ပွေ့ဖက်ထားရင်း သမီးလေးရှု မျက်နှာလေးကိုလည်း မြင်ယောင်သနားနေမိကြသည်။

''အ အစ်ကိုလေး အောက်ထပ်မှာ ဧည့်သည်ရောက်နေ တယ်ရှင့်''

အခန်းဝကပြောနေသော မခင်အိအသံက တုန်တုန်ယ ယင်။

သားအဖသုံးယောက်လုံး တစ်စုံတစ်ရာကို သဘောပေါ မိကြကာ အကြည့်ချင်းဆုံ၍ မတိုင်ပင်ရပါဘဲ အတူတူ အောက်ထ ဆင်းလာခဲ့ကြသည်။ ဧည့်ခန်းဆိုဖာခုံမှာ မိုးမဒီခင်က အဆိပ်ပြင်းစွ ပြီးလျက် ဝံ့ကြွားစွာ ထိုင်နေ၏။ အနွယ်တော်ကို မြင်တော့ ခွေးဖျေ လိုက်လုံသော မေတ္တာရိပ်တွေ ပြည့်လျှံနေသည့် မျက်ဝန်းများနှ ကြည့်ကာ –





''သမီးလေးကို မေမေလာခေါ်တာ သမီး၊ သမီးဖေဖေက မီးကို အကြောင်းစုံပြောပြပြီးရောပေါ့၊ မေမေနဲ့ တစ်ခါတည်းလိုက် ယ် မဟုတ်လားသမီး''

''ဟင့်အင်း''

အနွယ်တော်က ခေါင်းကို ဆတ်ခနဲ ခါကာ နှိုင်းမဟာနှင့် ာ်ခက်နွယ်တို့နှစ်ယောက်ကြားမှာ ဝင်ထိုင်၍ ခေါင်းကြီးငုံ့ထားသည်။ ါ်မိုးမဒီခင်မျက်ဝန်းတို့က ဦးနှိုင်းမဟာဆီ စူးစူးရှရှရွေ့လျားလာကာ–

''သမီးကို ဘယ်လိုပုံစံမျိုးနဲ့ သွေးထိုးထားတာလဲ နှိုင်းမဟာ''

''မ မဟုတ်ဘူး၊ ငါ ဘာမှ သွေးထိုးစရာအကြောင်းမရှိဘူး၊ မီးက စူးအပေါ် မင်းမကြင်နာခဲ့တာတွေကို တွေးပြီးကြောက်နေတာ''

''ဪ''

နှိုင်းမဟာဖြေရှင်းမှုကြောင့် ဒေါ်မိုးမဒီခင် မျက်ဝန်းတို့က နွယ်တော်ဘက် ပြန်လှည့်လာကာ နူးညံ့ပျော့ဝင်မှုတို့ဖြင့် တစိမ့်စိမ့် ကြည့်ပြီး –

''စူးက မေမေ့သမီးရင်း မဟုတ်လို့ မေမေ ဒီလိုလုပ်ခဲ့တာ ဲ့ သမီးရယ်၊ မေမေသမီးလေးကိုတော့ မေမေက ကြင်နာ ဂရုစိုက် ပါ၊ သမီးဖေဖေ ဘာတွေပြောထားလို့ မေမေကို မိန်းမကြမ်းကြီး င်နေတာလဲ၊ သမီးနဲ့အတူတူနေရဖို့ မေမေ ဘယ်လောက်ထိ မျှေ င့်ခဲ့ရလဲ သမီးသိရဲ့လား''



www.burmeseclassic.com

www.burmeseclassic.com



"ဟင့်အင်း မသိချင်ဘူး၊ ကိုယ့်အတွက်အတွက် ကိုယ့်ရင် ... ကိုတောင် အနှစ်နှစ်ဆယ်ကျော် စွန့်ပစ်ထားခဲ့တာ သူစိမ်းတစ်ယော ... လိုပဲ သဘောထားလိုက်ပါ"

"ဘာ ဘာပြောတယ် သမီး"

ဒေါ်မိုးမဒီခင် သမီးနှုတ်ဖျားက ဒီလိုပြောမည် မထင် ... ကြောင့် အံ့ဩထိတ်လန့်သွားခဲ့ရသည်။ အနှစ်နှစ်ဆယ်ကျော် ... ထားရတာကို သမီးနာကျင်နေတာလား။ မိမိရင်ထဲက ဒဏ်ရာဒဏ် ... တွေကို သမီးစာနာမပေးနိုင်တာ ဘာကြောင့်လဲ။

"ဘာကြောင့် ဒီလိုမျိုး ကလေးချင်း အလဲအလှယ်လု ... လက်စားချေဖို့ လုပ်ရတယ်ဆိုတာ မေမေရင်တွေ အနာကျင် ... ထပ်ပြောပြရဦးမှာလား သမီး၊ ဘယ်လိုပုံစံမျိုးနဲ့ မေမေဘဝပျက် ... တယ်ဆိုတာ"

"ဘယ်လိုပုံစံမျိုးနဲ့ လက်စားချေဖို့ ကြိုးစားတယ်ဆိုဦးတော့ ... ကိုယ့်ဝမ်းနဲ့ လွယ်မွေးထားခဲ့ရတဲ့ ရင်သွေးကိုတော့ ဘယ်မိဘမှ ... ပစ်ရက်ကြမှာ မဟုတ်ပါဘူး မေမေ၊ မေမေခက်သာ မေမေလို အ ... တွေ အာဃာတတွေ ရှိနေမယ်ဆိုရင် သမီးလည်း စူးလိုဘ ... ရောက်သွားနိုင်တယ်ဆိုတာ မေမေတွေးမိရဲ့လား"

သမီးရဲ့ ချေပမှုတွေကြောင့် ဒေါ်မိုးမဒီခင် ဘာမှမပြော ... တော့အောင် ရင်မှာ စူးစူးနင့်နင့် ခံစားလိုက်ရသည်။





သူများသားသမီးကိုတော့ လက်တုံ့ပြန်လိုခြင်းဆန္ဒဆိုး တစ်ခု ... တွက် မိမိခံစားခဲ့ရသည့် ဝေဒနာအတိုင်းအဆအတိုင်း အသုံးချ ... လိုက်ခဲ့သည်။ မိမိရင်သွေးကို သူတို့ ဘယ်လိုလုပ်ကြမလဲဆိုတာကို ... ည်း တွေးမပူမိခဲ့။

တကယ်လို့ သမီးလေးပြောသလို ခက်ခက်နွယ်သာ မိမိလို ... မျိုးရှိနေလျှင် သမီးလေးအနွယ်တော်လည်း စူးလို စိတ်ဒဏ်ရာတွေ ... သွားရနိုင်သည်။ ဒါပေမဲ့ သွေးသားရင်းချာလို့ မှတ်ယူထားခဲ့ကြ ... ည့် နှင်းမဟာနှင့် ခက်ခက်နွယ်က ဒီလိုမျိုး မလုပ်နိုင်ဘူး၊ မေတ္တာ ... အပြည့်အဝ ပေးနေတာကို သူမသိနေခဲ့သည်။

ဒါကြောင့်လည်း စိတ်ချလက်ချ သမီးလေးကို သူတို့လက်ထဲ ... ထားခဲ့မိတာပေါ့။ ဒါတွေကို ဘာကြောင့်များ သမီးလေး နားလည် ... ပေးနိုင်ရတာလဲ။ သမီးလေးဆီက စိမ်းသက်သော ချေပစကားတွေ ... ဒေါ်မိုးမဒီခင် ခံနိုင်ရည်မရှိပါ။

သမီးလေးနားလည်အောင် အချိန်ယူ ရှင်းပြရဦးမှာလား။

"ဒီနေ့ သမီးလေးကို ပြောပြသင့်သလောက် ပြောပြပြီးပြီ ... တော့ ဒီလောက်နဲ့ ပြန်လိုက်ပါလား မိုးမဒီခင်၊ အဖြစ်အပျက် ... ကြောင်းစုံကို သိလိုက်ရတာက မြန်ဆန်လွန်းတော့ သူ သွေးပူနေ ... ယ်၊ မင်းခွဲထားခံရတာကို လက်ခံနားလည်မပေးနိုင်အောင်လည်း ... နေသေးတယ်၊ တဖြည်းဖြည်းနဲ့ ငါတို့ဘက်က စမှားခဲ့တာကို



www.burmeseclassic.com

www.burmeseclassic.com



သမီးလေး နားလည်အောင် ပြောပြပေးပါ့မယ်''

နှိုင်းမဟာက အနွယ်တော်ကို ဖက်တွယ်ထားရင်းမှ ခေါ်...
ခင်ကို ဖျောင်းဖျသည်။ ဒေါ်ခက်ခက်နွယ်က ဘာမှ ဝင်မပြောသေး...
အနွယ်တော့်လက်ဖဝါးလေးကို ခပ်တင်းတင်း ဆုပ်ညှစ်ထား...

သမီးမပါဘဲ ပြန်ရမှာကို ဒေါ်မိုးမဒီခင် ခြေလှမ်းတွေ ...
ဆုတ်နေသည်။ နှိုင်းမဟာနှင့် ခက်ခက်နွယ် ရင်ခွင်ထဲက မခွာနိုင်...
ကိုလည်း ရင်နာသည်။ မွေးထုတ်ပေးခဲ့သည့် မိခင်ရယ်လို့ လို...
နွေးထွေးမှုမရှိတာလည်း ဝမ်းနည်းစရာကောင်းသည်။

ဒါဟာ သူမမေတ္တာရိပ်မှာ မနေဖူးလို့ သမီးလေး ဒီ...
သွေးစိမ်းနေတာ ဖြစ်မှာပါ။

''မေမေ နောက်တစ်ခေါက် ပြန်လာခဲ့မယ်သမီး။ အဲဒီအ...
ကျရင် သမီးဘက်က မေမေနဲ့အတူတူနေဖို့ အဆင်သင့် ဖြစ်နေပါ...
မေမေပိုင်ဆိုင်သမျှ အရာအားလုံးက သမီးလေးအတွက်ပါပဲ၊ မေ...
မေတ္တာတွေနဲ့ သမီးလေးဘဝ လုံခြုံနွေးထွေးပြည့်စုံစေရပါမယ်''

သမီးလေးဘက်က သူမဆီက မေတ္တာတွေကို မတောင်း...
ခဲ့ပေမယ့် ယုံကြည်အားကိုးလာအောင် ကတိတွေပေးခဲ့မိသည်။

ဟိုအရင်ကတည်းက တစ်ယောက်တည်း တသီးတခြား ...
လာခဲ့ပါသော်လည်း သမီးလေးပါမလာခဲ့သော အိမ်ပြန်လမ်းက အ...
ကျန်သွေ့ခြောက်လွှန်းလှသည်။ သမီးလေးရဲ့ စိမ်းသက်သော မျက်...





...ကို မြင်ယောင်ပြီး တစ်သက်လုံး တောင့်တလာခဲ့သည့် မျှော်လင့်
...ချက်တို့ ပြိုပျက်သွားလေသလို ခံစားရ၏။

ဟင့်အင်း။ ဘာမှ တွေးမနေချင်ပါ။ တစ်နေ့နေ့ သမီးလေး
အနွယ်တော် သူမရင်ခွင်ထဲ ရောက်ကိုရောက်လာစေရမည်။

ထိုနေ့ ထိုအချိန်ရောက်မှ –

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၃၁ )

"အဲဒါတွေက တကယ်လားစူး၊ မယုံနိုင်စရာပဲကွာ"

"စူးလည်း ခုထိ မယုံနိုင်အောင်ဖြစ်နေဆဲပါ၊ ဒါပေမဲ့ 
သိမ်ညာလိုဆယ်တာမဟုတ်တဲ့ တကယ့်အမှန်တရားတွေ"

"ဒါဆို စူးနဲ့ အနွယ်တော်ရဲ့ ပတ်သက်မှုက"

"အဖေတူ အမေကွဲ ညီအစ်မတွေလေ၊ ဘယ်လို ဆုံ 
တွေနဲ့ ရေစက်ပါလာခဲ့ကြတာလဲ မသိဘူး၊ အံ့သြစရာလည်း 
တယ်၊ မာမီ့အငြိုးတွေကို သိလိုက်ရတော့ ထိတ်လန့် သွေးပျ 
လည်း ကောင်းတယ်၊ မာမီ့အပေါ်လည်း ဘယ်လိုမှ နား 
မပေးနိုင်အောင် နာကျင်မိတယ်၊ အကြောင်းမဲ့သက်သက် လ 
ပြန်တာ မဟုတ်ဘူးလို့ တွေးမိပေမယ့် စူးက အပြစ်ကျူးလွန်ခဲ့





မဟုတ်ဘူးလေ၊ အပြစ်လုပ်တဲ့သူကိုပဲ အပြစ်ပေးသင့်တယ်၊ အခုတော့ 
မဖေတို့ရဲ့ အပြစ်တွေကို စူးကို တန်ရာတန်ကြေးရအောင်ထိ ပေးဆပ် 
နိုင်းတာ"

စူးအသံက အဖျားခတ်ကာ တုန်ယင်တိုးလျှနေသည်။ မျက် 
ည်ကြည်တို့က မျက်ဝန်းအိမ်တစ်ခုလုံး ကြွေကျတော့မလို လက် 
ကက်တောက် ပြည့်လျှံနေသည်။ သောတက စူးလက်ဖျားလေးကို 
ပ်ဖိဖိ ဆုပ်ညှစ်နှစ်သိမ့်ကာ –

"စူးမှာ ဒဏ်ရာတွေ များခဲ့တာကို ကိုယ်သိပါတယ်၊ ဒါပေမဲ့ 
အန်တီ ဒဏ်ရာတွေက စူးထက်ပိုများခဲ့တာ အသေအချာပဲလေ၊ 
ူမဖြစ်သေးတဲ့ သန္ဓေသားလေးအတွက် မျက်ရည်တွေနဲ့ အသနားခံ 
အောက်ကျို့ခံခဲ့တာပဲ မဟုတ်လား၊ မျက်နှာလွှဲခဲ့တာက စူးအဖေနဲ့ 
အဘွား၊ လက်တုံ့ပြန်ဖို့ ကြိုးစားခဲ့တာက အန်တီရဲ့ အတ္တ၊ ဒါတွေဟာ 
တကယ်တွေးကြည့်ရင် သင်ခန်းစာယူစရာတွေပါ၊ ဘာမှ စိတ်မကောင်း 
ဖြစ်ပါနဲ့တော့ စူးရယ်၊ အခုဆိုရင် စူးလိုချင်တဲ့မိဘမေတ္တာတွေ စူး 
အဖေနဲ့ အမေဆီက ရတော့မှာ မဟုတ်လား၊ ကျန်တာတွေ ခံစားမနေ 
တော့ဘဲ မေ့နိုင်အောင် ကြိုးစားလိုက်ပါ"

"မေ့နိုင်အောင် ကြိုးစားချင်တယ်၊ ဖေဖေနဲ့မေမေရဲ့ မေတ္တာ 
ရိပ်အောက်ကိုလည်း ဝင်ချင်ပါတယ်၊ ဒါပေမဲ့ အနွယ်တော် မေမေဆီ 
ကို ရောက်မလာမချင်း စူးကို သွားခွင့်မပေးဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ဘာ အဲဒါက ဘာသဘောလဲ"

"အလဲအထပ်လုပ်တဲ့ သဘောနေမှာပေါ့ သောတ
အရာအားလုံး အောင်နိုင်သူတစ်ယောက်အနေနဲ့ လက်မထောင်နိုင်
တာတောင် အပြီးတွေ ပြေသေးပုံမပေါ်ဘူး၊ ဟိုနေ့က အနွယ်တော်
သွားခေါ်ပြီး အနွယ်တော် လိုက်မလာတော့ ရှုးမျက်ရည်တွေကို ကြ
ပြီးလည်း မာမီပြုံးတယ်၊ ပြီးတော့ ဘာတွေ ပြောသေးတယ်ထင်

ရှူးက စကားပြောရင်း ခဏရပ်ကာ နှုတ်ခမ်းပါးသော
တွန့်ကွေးမဲ့လိုက်သည်။ ပြီးမှ နာနာကျင်ကျင်ပြုံးကာ –

"အနွယ်တော်ကို သူ ဘယ်လောက်ချစ်တဲ့အကြောင်း
အနွယ်တော်ရောက်လာရင်ဆိုတဲ့ မျှော်လင့်ချက်တွေနဲ့ သူရှင်သန်
တဲ့ အကြောင်းတွေပေါ့၊ အနှစ်နှစ်ဆယ်ကျော် အတူနေလာခဲ့တဲ့
သူ သံယောဇဉ် တစ်စွန်းတစ်စမှ မရှိခဲ့ဘူးထင်တယ်၊ အေးလေ
လက်စားချေလို့ရအောင် အသုံးချခံအဖြစ် မွေးခဲ့တာပဲ၊ ရှူးက ဘာ
မျှော်လင့်နေရဦးမှာလဲ"

မေတ္တာငတ်သူမို့ တောင့်တမှုတစ်ခုနှင့် ဒီလိုပြောနေသည်
ဆိုတာ သောတ သဘောပေါက်လိုက်သည်။ စိတ်မကောင်းပေမယ့်
ဖြေသိမ့်ဖို့လည်း ကိုယ့်မှာ ခွန်အားနည်းနေ၏။

"ဟာ ဟိုမှာ အနွယ်တော်မဟုတ်လား၊ ဒီရက်အတွင်း မ
တာနဲ့ ဖြူဖပ်ပိန်ပါးသွားတာ သိသာလိုက်တာ၊ ဟင် အနွယ်တော်





အားမှာ ကပ်ပါလာတာ ဘယ်ကကောင်လဲ မသိဘူး"

"ဪ သူက အနွယ်တော်ကို စိတ်ဝင်စားနေတဲ့ မင်းခေါင်
ဘဲ"

အနွယ်တော်နှင့် မင်းခေါင်က သူတို့ ထိုင်နေသော ကော်ဖီ
ဆိုင်လေးထဲကို ဝင်လာသည်။ မင်းခေါင်က ရှူးကိုမကြည့်ဘဲ တစ်
ဘက်ခုံကို ဝင်ထိုင်လိုက်ပေမယ့် အနွယ်တော်က ရှူးရဲ့ အနီးဆုံးခုံမှာ
ဝင်ထိုင်သည်။

"ရှူး"

"အနွယ်တော်"

တစ်ယောက်နှင့်တစ်ယောက် မျက်ရည်တွေ လည်လျက်
ကတ္တူယ်မိကြသည်။

"ကျွမ်းကျင်သင်တန်း ဆက်တက်ဖို့ လာတာလားဟင်"

"ဟင့်အင်း၊ မဟုတ်ပါဘူး၊ နင့်ကိုလာတွေ့တာ၊ သွေးသား
တော်စပ်မှန်းမသိခင်ကတည်းက ငါတို့ခင်ခဲ့ကြတာပဲလေ၊ အခု အဖေ
တူ မအေကွဲ ညီအစ်မအဖြစ်နဲ့ နင့်ကို အရမ်းတွေ့ကြည့်ချင်မိတယ်၊
ငါတို့တွေက တစ်ဦးတည်းသော သားသမီးတွေဘဝနဲ့ အဖော်ငတ်ခဲ့
ကြတယ် မဟုတ်လား၊ နင့်ကိုလည်း ဖေဖေနဲ့မေမေက အရမ်းတွေ့ချင်
နေတာပါ၊ နင် ဘာလို့ အိမ်ကို မလာတာလဲ ဟင်"

"မာမီက နင် သူ့ဆီကို ရောက်မလာသေးလို့ ငါ့ကို သွား



www.burmeseclassic.com

www.burmeseclassic.com



မပေးဘူးလေ၊ ပြီးတော့ ဖေဖေနဲ့မေမေက ငါ့ကို ဝမ်းသာအား မကြိုဆိုမှာကိုလည်း စိုးရိမ်တယ်''

''ဘာလို့ အဲဒီအတွက် စိုးရိမ်ရတာလဲ စူး၊ ဖေဖေနဲ့မေမေ မေတ္တာက အရမ်းကိုနွေးထွေးလုံခြုံပါတယ်၊ မေမေဒေါ်မိုးမဒီခင် မဟုတ်ဘူး။ နင်ပြန်လာခဲ့ပါ စူး၊ ငါလည်း နင်နဲ့တစ်အိမ်တည်း အတူတူ နေကြည့်ချင်တယ်၊ ငါတို့နှစ်ယောက်ရဲ့ အဆင်ပြေမှု ကြည့်ပြီး ဖေဖေနဲ့မေမေလည်း ပျော်နေမှာပါ''

''မာမီကတော့ ပျော်မယ်မထင်ဘူး။ သူ့ကိုကြည့်ရတာ နင့်ခေါ်မရသေးလို့ အရမ်းပူလောင်နေတယ်''

ဘာကြောင့်မှန်းမသိ စူး မျက်ရည်တွေက ပိုးပိုးပေါက်ပေါက် ပြိုကျလာသည်။ အနွယ်တော်က စူးလက်ကလေးကို ဆုပ်ကိုင်ထား

''သူ တစ်ခုခု ထပ်လုပ်နိုင်သေးတယ် ထင်လို့လား''

''ဒီအခြေအနေတွေတောင် ဖြစ်လာခဲ့ပြီးပြီ၊ သူမလုပ်နိုင်တာ မလုပ်ရဲတာ ဘာရှိမှာလဲ၊ အခု နေင်ရောက်မလာသေးတော့ ငါ့ကို ပိုပြီး နှိပ်စက်ပြတယ်၊ သောတနဲ့ကိစ္စ ပြတ်ပြတ်သားသား ဖြစ်ဖို့လည်း သတိပေးတယ်၊ အနွယ်တော်နဲ့ လက်ထပ်ပေးမှာမို့ ရှေ့ဆက်တိုးမယ် ဆိုရင် သူ့အဆိုးမဆိုနဲ့တဲ့''

''အို''

တိုးတိတ်သော အာမေဍိတ်သံလေးနှင့် သောတကိုမော





မင်းခေါင်ကိုရော မျက်လုံးလေး ဝေ့ကြည့်ကာ အနွယ်တော် အားနာ သွားသည်။

''ဒီကိစ္စက သူအတင်းအကျပ် စီမံချင်တိုင်း စီမံလို့ရမလား။ လူငယ်တွေရဲ့ ကိုယ်ပိုင်လုပ်ပိုင်ခွင့်နဲ့ ဆုံးဖြတ်မှာပေ့ါ၊ အဲဒီအတွက် နင် ဘာမှ စိတ်မကောင်းမဖြစ်နဲ့ စူး။ နင်တို့နှစ်ယောက် အနှောင့်အယှက် မဖြစ်ရအောင် ငါ မင်းခေါင်ရဲ့အချစ်ကို လက်ခံလိုက်ပြီ''

''ဟင်''

စူးက အံ့သြသွားသလို မင်းခေါင်က မျက်ခုံးပင့်လျက် အနွယ်တော်ကို မယုံကြည်နိုင်သလိုပဲ ငုံ့ကြည့်၏။ ဘယ်အချိန်တုန်းက သူ့ကို အနွယ်တော် အဖြေပေးပြီးလို့လဲ။ အရင်ထက် နွေးထွေးလိုက် လျော့မှုတွေ ရှိတာကလွဲ၍ သူ့ဘက်က ချစ်အဖြေကို နားပူနားဆာ လုပ်မတောင်းတော့သလို အနွယ်တော်ကလည်း ချစ်တယ်လို့ တစ်ခါမှ မပြောဘူးပါ။

အခု စူးရှေ့ကိုရောက်မှ စူးစိတ်မထိခိုက်အောင် ဆုံးဖြတ်ချက် ချလိုက်တာ ဖြစ်မည်။ မင်းခေါင် လှိုက်ခနဲ ရင်ခုန်သွားပေမယ့် ဝမ်းသာ ရမှာလား၊ ဝမ်းနည်းရမှာလား ဇဝေဇဝါ ဖြစ်သွား၏။

ဒါပေမဲ့ စူးကို ဂရုတစိုက် ဖြစ်နေသော အနွယ်တော်ကို မင်းခေါင် ဘာမှမပြောဖြစ်ပါ။

''အနွယ်တော် နင် ငါ့အတွက် အဲလိုဆုံးဖြတ်လိုက်တယ်ဆိုရင်



www.burmeseclassic.com

www.burmeseclassic.com



နှင့်ဆုံးဖြတ်ချက်တွေ ပြန်ရုတ်သိမ်းလိုက်ပါ။ နှင်မချစ်တဲ့သူ''

''ဟင့်အင်း။ သောတကိုလည်း ငါချစ်မှုမချစ်တာ၊ နှင်

အနှစ်နှစ်ဆယ်ကျော် မေတ္တာငတ်လာခဲ့တာ၊ နှင်လိုချင်တာတွေ

သမျှ ခုချိန်ကစပြီး ရစေချင်တာ ငါ့ရဲ့စေတနာပါ၊ အခု ငါတို့အိမ်

လိုက်ခဲ့ပါ၊ ဖေဖေနဲ့မေမေက နှင်ပါလာတာသိရင် အရမ်းဝမ်းသာနေ

မှာ''

''ငါ ငါ့ကို မာမီက သွားခွင့်မပေးသေးဘူး''

''မေမေကိုကြောက်ပြီး နှင်တွေဝေမနေနဲ့တော့ စူး၊ ကို

မိဘအိမ် ကိုယ်ပြန်တာ သူ့ဘာမှလုပ်လို့ မရပါဘူး။ တကယ်

အိမ်ကို သူလိုက်လည်း ငါ့ကိုပဲ ခေါ်မှာပါ၊ အဲဒီအချိန်မှ ငါလိုက်သွား

လိုက်တော့မယ်''

''အန္တယ်တော်၊ နှင် ငါ့အတွက်ချည်း တွေးပေးနေတာလား

နှင်လည်း မာမီနဲ့ မနေချင်ဘူး မဟုတ်လားဟင်''

စူးလည်း သွေးသားဆိုသော သံယောဇဉ်ဖြင့် အန္တယ်တော်

အတွက် စိတ်မကောင်းဖြစ်ကာ အသံတုန်တုန်လေးဖြင့် မေးလိုက်

သည်။

အန္တယ်တော်က မျက်ရည်တွေလည်နေပေမယ့် ခပ်ယဲ့ယဲ့

ပြုံးပြ၏။

''ငါ မေမေ့ကို မုန်းနေတာမဟုတ်ပါဘူး။ ငါ့ကိုစွန့်လွှတ်ပြီး





သူ့ရဲ့အတ္တအတွက် လက်စားချေခွင့်ရအောင် ကြိုးစားတာကိုနာကျင်

ဘာပါ၊ ငါ့ကို မေမေခက်ခက်နွယ်က နှိပ်စက်ပြီး ကြီးပြင်းအောင်

ဆောင့်ရှောက်ခဲ့ကြတာ၊ ဒီရင်ခွင်ကရော ငါဘယ်လို ရုန်းထွက်ချင်ပါ့

လဲ၊ ဒါပေမဲ့ ဒီမေတ္တာရိပ်မှာလည်း နှင်ခိုနားသင့်ပြီ မဟုတ်လား''

''ဟုတ်တယ်၊ ငါလည်း အေးချမ်းတဲ့နေရာလေးမှာ အရမ်း

နားချင်နေပါပြီ၊ ဒါပေမဲ့ နှိပ်ဘူးတိုက် မွေးလာခဲ့တဲ့ မာမီအရိပ်မှာလည်း

ငါ အနှစ်နှစ်ဆယ်ကျော်တောင် ရှင်သန်ခဲ့တာ၊ ဒီသံယောဇဉ်အတွက်

ငါ့ရင်တွေ ဘယ်လောက်နာနာ နောက်ဆံတင်းမိတာ အမှန်ပါပဲ''

''နှင် ဘာမှမတွေးဘဲ အိမ်ကိုသာ လိုက်ခဲ့ပါ စူး၊ အရင်

ကတည်းက နှင်ရင်ဖွင့်ခံစားနေတဲ့အချိန်တွေတိုင်း ငါတို့အားလုံး နှင့်ကို

သနား်နေကြတာပါ၊ လာ အခုပဲ သွားကြမယ် စူး၊ နောက်ပြဿနာ

နောက်မှ ရှင်းမယ်၊ ဪ သောတနဲ့မင်းခေါင် ငါတို့ကို ခွင့်ပြုပါဦး

နော်၊ စူးကို ဖေဖေမေမေတို့နဲ့ တွေ့ပေးချင်လို့ပါ''

''အေးပါ ငါတို့နားလည်ပါတယ်၊ စူးကားနဲ့သွားမှာလား၊

ငါ လိုက်ပို့ရဦးမလား''

''နေပါစေ စူးကားနဲ့ပဲ သွားလိုက်တော့မယ်၊ လာ စူး''

အန္တယ်တော် ဆွဲခေါ်သွားရာ စူး တွန့်ဆုတ်တွန့်ဆုတ်နှင့်

လိုက်ပါသွားသည်။ သောတက မသက်မသာ သက်ပြင်းချ၏။

''အန္တယ်တော်နဲ့ ရင်းနှီးနေတာ ကြာပြီလား''

www.burmeseclassic.com

သောတက မင်းခေါင်ရှေ့ ကော်ဖီခွက်လေး တွန်းပို့ပြီး ပြုံ

သန္တာရစကား ဆိုလိုက်သည်။ မင်းခေါင်က ရင်းနှီးလိုဟန်နှင့် ပြုံးပြကာ

"ကြာပြီပဲပြောပါတော့၊ အရင်က ကျွန်တော် ဂျစ်ပစီဆန်လို့

လက်မခံခဲ့ဘူးဗျ၊ အခု အဖြေပေးတာ သိပ်မကြာသေးပါဘူး၊ ကို

သောတရော စူးနဲ့အဆင်ပြေတယ် မဟုတ်လား"

"စူးကိုရော သိနေတာလား"

သောတမေးခွန်းက စူးစမ်းသလို ဖြစ်နေသည်။ အလိမ်အညာ

စကား ဖြစ်နိုင်ပေမယ့် စေတနာမှန်နှင့် မုသားသုံးဖို့ ပြင်ဆင်ရသည်

"သိတယ်ဆိုပေမယ့် ရင်းနှီးတာမျိုးတော့ မဟုတ်ပါဘူး

အနွယ်တော်နဲ့ ပတ်သက်နေတဲ့ သူတွေ မဟုတ်လား၊ ကိုသောတကို

လည်း အဲဒါကြောင့် နာမည်နဲ့တင် ရင်းနှီးနေတာပါ"

"ကောင်းတာပေါ့ဗျာ၊ ညီအစ်မနှစ်ယောက်နဲ့ပတ်သက်ပြီး

ကျွန်တော်တို့နှစ်ယောက် သူငယ်ချင်းညီအစ်ကို ဖြစ်သွားပြီပေါ့၊ ကျွန်

တော်က စူးကို တကယ်ချစ်တာပါ၊ အရင်က စူးပုံစံ အပြုအမူတွေ

က ရဲတင်းပွင့်လင်းတယ်, ကလက်တယ်လို့ ထင်ရပေမယ့် စူးဘဝက

သနားစရာပါ၊ အခု ဒီအတိုင်းလေး အေးအေးချမ်းချမ်းဖြစ်သွားရင်

သိပ်ကောင်းမှာပဲ"

အနွယ်တော် အနှစ်နာခံပေးဆပ်ဖို့ ကြိုးစားနေတာပဲ၊ အဆင်

ပြေသွားမှာပါလို့ မင်းခေါင် ရှင်းပြမနေချင်တော့။





အနွယ်တော် ပေးဆပ်မှုတွေထဲမှာ သူ့ကိုပါ အသုံးချတော့မှာ

ကို သိနေပေမယ့် အနွယ်တော်ကို မင်းခေါင် နားလည်နေခဲ့သည်။

သူကလည်း အချစ်သက်သက်ဖြင့်။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၃၂ )

"ဖေဖေ မေမေ"

"ဟင် သ သမီးလေး"

"စူး သမီးလေး"

လှိုက်လှဲအုံသြဝမ်းသာမှုတွေနှင့် စူးကိုယ်လေးကို လင်မယ
နှစ်ယောက်လုံး ထွေးဖက်လိုက်ကြသည်။ ဆို့နင့်ဝမ်းနည်းမှုတွေ
မျက်ရည်တွေလည်း လည်နေကြ၏။ အနွယ်တော်လည်း ပီတိမျ
ရည်တွေ ဝေ့သီနေသည်။

"မေမေ ရင်ကလွယ်မွေးခဲ့တဲ့ သမီးလေးမှန်း မသိလို့ မေ
တို့ သမီးလေးအပေါ် နှစ်နှစ်နာနာ ပြောမိကြတယ်၊ ခွင့်လွှတ်ပေး
နားလည်ပေးပါ သမီးလေးရယ်"





"သမီးလည်း မိဘတွေမှန်းမသိဘဲ ပြစ်မှားမိပါတယ်၊ သမီး
ာ အပြစ်ပိုကြီးပါတယ် မေမေ"

"ကဲ ကိုယ့်ကိုယ်ကိုယ် အပြစ်တင်မနေကြပါနဲ့ကွယ်၊ ဒါတွေ
ာ မိုးမဒီခင် ဖန်တီးခဲ့တာတွေပဲ၊ အခုတော့ ဖေဖေက သူ့ကို ကျေးဇူး
ာင်နေပြီ၊ ဖေဖေ့သမီးလေးနဲ့ ဒီလိုမျိုး ဆုံစည်းခွင့်ရနေပြီလေ၊
ျန်တာတွေ ဘာမှမလိုတော့ပါဘူး။ ဒီမိသားစုလေးအတွက် ဖေဖေ
ုံးနှစ်ဖက်ကောင်းနေသရွေ့ ဖေဖေ ရှန်းကန်ကြိုးစားသွားမှာပါ၊
သမီးလေးစူး ဖေဖေတို့မေတ္တာရိပ်မှာ အေးအေးချမ်းချမ်း နားခိုပါ
သမီး။ သမီးလေး အနှစ်နှစ်ဆယ်ကျော်တောင် ပင်ပန်းလာခဲ့တာ
ဖေ စိတ်မကောင်းပါဘူးကွယ်"

"စူး ဒီကို အပြီးတွက်လာတာ မဟုတ်ပါဘူး ဖေဖေ၊ အနွယ်
တော် မာမီဆီကိုရောက်မှ မာမီက စူးကို ပေးလွှတ်မှာပါ"

ဦးနိုင်းမဟာ လေးပင်သော သက်ပြင်းရှည်ကြီးကို မှုတ်ထုတ်
၍ အနွယ်တော်လေးကို လှည့်ကြည့်မိလိုက်သည်။ မေတ္တာတွေ ခေါင်း
ါးနေသောအရပ်ကို အနွယ်တော်လေးလည်း ဘယ်သွားချင်ပါ့မလဲ
လေ၊ အနွယ်တော်လေးက အားတင်းကြိုးစားကာ ပြုံးလိုက်ပြီး -

"မေမေ့ဆီကို သမီးသွားမှာပါ ဖေဖေ"

"သမီး"

"စိတ်မကောင်း မဖြစ်ပါနဲ့ဖေဖေ၊ သမီးက ဖေဖေတို့မေတ္တာ



www.burmeseclassic.com

www.burmeseclassic.com



ရိပ်မှာ အေးအေးချမ်းချမ်း နေခဲ့တာကြာပါပြီ။ အဲလိုပဲ ရှူး
မေမေဆီမှာ စိတ်ပင်ပန်းခဲ့ရတာ နှစ်တွေကြာခဲ့ပါပြီ၊ ရှူး အရမ်း
ဝင်နေခဲ့တာ သမီးကိုယ်ချင်းစာပါတယ် ဖေဖေ၊ သမီးက မိခင်
ဆီမှာ သွားနေရမှာမို့ ပျော်လည်း ပျော်ပါတယ်၊ ရှူးကိုလည်း ဖေ
မေတ္တာရိပ်မှာပျော်စေချင်တယ်၊ ပစ္စည်းဥစ္စာ ဂုဏ်နေတွေပြည့်
ပေမယ့် ရှူးလိုအပ်နေတာ မိဘတွေရဲ့ မေတ္တာတရားပါ၊ အဲဒီ
တွေနဲ့ ကင်းကွာခဲ့လို့ ရှူးဘဝ နာမည်ဆိုးနဲ့ ရှင်သန်နေခဲ့ရ
လိုအပ်တဲ့ ကွက်လပ်လေးသာ ရှူးကိုဖြည့်ဆည်းပေးလိုက်မယ်
ရှူးက ဖေဖေတို့အတွက် တန်ဖိုးရှိတဲ့ သမီးလိမ္မာလေး ဖြစ်
သေချာပါတယ်''

စကားတွေအများကြီး ပြောပြီးမှ အနွယ်တော် သူမအ
ရာ လေးကန်စွာ လှမ်းထွက်သွားသည်။ မွေးထုတ်ခဲ့သည့် မိခင်
အတွက်တွေအတွက် ဒီမိသားစုလေး နွေးထွေးစွာ အတူတကွ
ဆုံးဖြတ်ချက်တွေ ရခဲ့ပြီလား။

''သမီးလေးအနွယ်တော် သူ့အမေဆီပြန်ရမှာ စိတ်မ
ဖြစ်နေတယ် ထင်တယ်နော် ကိုနိုင်၊ အခုတစ်လော မျက်နှာ
ချောင်ကျပြီး ဖြူဖပ်ဖြူရော် ဖြစ်နေတယ်၊ ဆရာဝန်ကြီးကို ခေါ်
စစ်ဆေးဦးမှ ထင်တယ်နော် ကိုနိုင်း''

သမီးရင်းမဟုတ်ပေမယ့် ဒေါ်ခက်ခက်နွယ်က သံယော





စိုးရိမ်နေသည်။ ဦးနိုင်းမဟာက ရှူးပန်းလေးကို တွေးဖက်ထား
မှ –

''ဆေးတစ်ခါစစ်ဖို့ သမီးလေးကို ဖျောင်းဖျနားချရတာ တော်
က်တာ၊ ဘယ်လောက်ရောဂါ အသည်းအသန်ဖြစ်ဖြစ် ဆေးရုံ
ပြီးလည်း အကုသမခံချင်ဘူး။ မနက်ဖြန်ကျရင်တော့ ဆရာဝန်
ကို အိမ်ခေါ်လိုက်ပါကွာ၊ ကိုယ်အလုပ်တစ်ခု သွားပြောထားတာ
ည်း အဆင်ပြေမယ် ထင်ပါတယ်၊ သမီးလေးဖို့လိုအပ်တဲ့ဆေးတွေ
ဦးမယ်၊ အခု သူ့အမေဆီ ပြန်ရမှာထက် ကိုယ်တို့နဲ့ ခွဲရမှာကို
ကောင်းဖြစ်နေတာထင်တယ်၊ ပြဿနာတွေ စဖြစ်ကတည်းက
လေး အစားကောင်းကောင်း မစားတော့ဘူး''

''သမီးလေးကို ခက်အရမ်းစိုးရိမ်တယ် ကိုနိုင်း၊ ခက် ဆေး
ပြီဆိုရင်လည်း သမီးဘာသာသောက်လိုက်ပါမယ်၊ ထားခဲ့ပါ
မတဲ့ ခက်ပြုစုတာကို မခံချင်တော့တာလား၊ သူ့အမေဆီ ရောက်
ရင် သတိရနေမှာစိုးလို့လား မသိဘူး''

''အနွယ်တော်က ဘာရောဂါဖြစ်လို့ ဆေးတွေသောက်နေရ
လဲဟင်''

''ဟင် အဲ ဟိုလေ''

ဒေါ်ခက်ခက်နွယ် ပြောသင့်မပြောသင့် ချိန်ဆရင်း ဦးနိုင်း
ာ မျက်နှာကို လှည့်ကြည့်လိုက်သည်။ ဦးနိုင်းမဟာက မသိမသာ



www.burmeseclassic.com

www.burmeseclassic.com



ခေါင်းယမ်းပြ၏။

"ဒီလိုပဲ ခဏခဏ နေမကောင်းတတ်လို့ပါ သမီး
ပြော်၊ သမီးလေးစူး ဒီကိုရောက်လက်စနဲ့ ဒီတစ်ညမပြန်နဲ့
သမီးရယ်၊ ဖေဖေတို့နဲ့ အိပ်လိုက်တော့နော်"

"ဖြစ်ပါ့မလား ဖေဖေ၊ အနွယ်တော်ကမှ မသွားသေး
မာမီလိုက်လာပြီး ပြဿနာရှာရင် ဘယ်လိုလုပ်မလဲ"

"ကိုယ့်မိဘတွေဆီ ကိုယ်လာတာ သူဘာလုပ်နိုင်မှာလဲ
နောက်ဆုံး အနွယ်တော်လေးကို ဖွတ်အမွှေခွဲခေါ်သွားရုံပေါ့
ကတော့ ဆုံးဖြတ်ချက်တစ်ခု ချထားတယ်၊ အနွယ်တော်လေး
ချင်သေးဘူးဆိုရင် အတိုက်အခံလုပ် တားဆီးရမှာပဲ"

"ဒီထက်ပြဿနာတွေ ပိုကြီးလာမှာတော့ စိုးရိမ်တယ်
ရယ်၊ မိုးမဒီခင်က အငြိုးအာဃာတကြီးပြီး သူမလုပ်ရဲတာ မလုပ်
မရှိဘူး၊ ရင်သွေးကိုတောင် စတေးရဲတာ ဘယ်လိုအပြစ်ကိုပဲ
လုပ်ရ ကြောက်မယ်မထင်ဘူး"

"ကဲပါကွာ၊ အဲဒီအကြောင်းတွေ ဘာမှ မပြောနဲ့
သမီးလေးစူး ကိုယ်တို့ရင်ခွင်ထဲ ပထမဆုံးရောက်တဲ့နေ့မှာ မိ
ထမင်းစားကြမယ်၊ ပြီးတော့ ဖေဖေတို့ အတူတူ အိပ်ကြမယ်
သမီးလေး၊ သမီး ဘာဟင်းနဲ့ စားမလဲ၊ ဘာတွေ လုပ်ချင်
ဖေဖေ့ကိုပြော"





"ဟုတ်တယ် သမီးလေး၊ စီးပွားရေးကျသွားပေမယ့် မေမေ
မှာ ခွန်အားတွေ ရှိသေးတယ်၊ သမီးလေးအတွက်ဆို ဟိုအရင်
နီးက အချိန်တွေအတွက်ပါ အတိုးချပြီး ပေးဆပ်သွားမှာပါ"

ဖေဖေမေမေတို့ရဲ့ မေတ္တာတရားတွေကြောင့် စူးရင်တစ်ခုလုံး
သိမ့်သိမ့်လှုပ်အောင် ကြည်နူးမိသည်။ ဒီမေတ္တာတွေနှင့် အနွယ်တော်
၁ နှစ်ပေါင်းများစွာ ခွေးတွေးခဲ့သည်ပဲ။

ခုမှကြုံတွေ့ရသော စူးကတော့ ဖေဖေမေမေတို့နှင့် ထမင်း
အတူတူ စားရမှာကိုပျော်နေသည်။

"မခင်အိ၊ သမီးလေးအနွယ်တော်ကို သွားခေါ်ချည်ပါဦး၊
သည်းရှိတော့ ပျော်ပျော်ပါးပါး စားရအောင်လို့"

"ဟုတ်ကဲ့"

ဖြစ်ပျက်ခဲ့သမျှ အကျိုးအကြောင်းတွေက ကံကြမ္မာအတိုင်း
မို့ မခင်အိကိုလည်း အပြစ်မယူချင်တော့ဘဲ ပုံမှန်အတိုင်း ဆက်ဆံ
သည်။ မခင်အိက အနေခက်သလို ဖြစ်နေပေမယ့် အရင်ကထက်
ကျိုးနွံနာခံလေးစားမှုရှိလာ၏။ အခုလည်း ဝဖိုင့်နေသော ကိုယ်ခန္ဓာ
နှင့် မလိုက်၊ အနွယ်တော်အခန်းရှိရာ ပြေးတက်သွားသည်။ ခဏနေ
သော့ ခပ်သုတ်သုတ် ပြန်ရောက်လာကာ –

"အပြင်က ဘာတွေ စားလာလို့လဲမသိဘူး၊ မဆာသေးလို့
စားနိုင်ကြပါလို့ ပြောလိုက်ပါတယ် အစ်ကိုလေး"



www.burmeseclassic.com

www.burmeseclassic.com



''အေး အေး၊ အဲဒါဆိုလည်း သမီးလေး စားတဲ့အခါ သေ
ခူးခပ်ပြင်ဆင်ကျွေးလိုက်နော်၊ နင်လည်း အခုတစ်ခါတည်း ဝ
လိုက်ပါလား မခင်အိ''

''မ မဆာသေးပါဘူး အစ်ကိုလေး၊ အနွယ်တော်လေး
အတူတူ စားလိုက်ပါ့မယ်''

မခင်အိက လိုအပ်သည့်ဟင်းတွေ ဖြည့်ထည့်ပေးပြီး ဆေ
မှာ အိုးခွက်ပန်းကန်တွေ ဆေးကြောနေသည်။ အနွယ်တော်က ထ
စားဖို့ ဘာကြောင့် ဆင်းမလာတာလဲ၊ ရှူး အတွေးရကျပ်သွား
အပြင်ကနေ အနွယ်တော် ဘာမှစားသောက်မလာတာ ရှူးအသ
မဟုတ်ပါလား။

ကော်ဖီဆိုင်ထဲကို ဝင်ထိုင်ခဲ့ပေမယ့် ကော်ဖီတစ်ခွက်၊ အ
တစ်ခွက်တောင် သောက်ခဲ့တာမဟုတ်၊ မိသားစုတွေ လွတ်လွတ်
လပ် နေစေချင်သည့် ဆန္ဒကြောင့်လား မသိ။

''သမီးလေး ဟင်းတွေ ထည့်စားလေ၊ ဖေဖေ ခွံ့ကျွေး
မလား သမီး''

''အို ကိုနှိုင်းနေပါ၊ ခက်ခွံ့ကျွေးလိုက်ပါ့မယ်၊ မေမေ့ဘ
လှည့် သမီးလေး၊ မေမေခွံ့ကျွေးမယ်''

ဖေဖေနှင့် မေမေရဲ့ ဂရုစိုက်ကြင်နာမှုတွေကြောင့် ရှူးရင်
က လှိုက်လှိုက်ကြည်နူး ပီတိဖြစ်နေမိသည်။ အိပ်ရာဝင်တော့လည်း





ဖေဖေတို့နှစ်ယောက်ကြားမှာ သူမကို ထွေးဖက်၍ အိပ်ကြသည်။
မေတ္တာ ဒီလိုနွေးထွေးကြင်နာမှုတွေကြောင့် အနွယ်တော် မာန်တို့ကို
သွားချင်တာ ဖြစ်ပေလိမ့်မည်။

မေတ္တာတွေလွှမ်းခြုံထားသော ဒီညလေးက ဖေဖေနှင့်မေမေ
ရှူးရော အပျော်လွန်ကာ အရာအားလုံးကို ခေတ္တမေ့လျော့လျက်။

ဒီည ကောင်းကင်မှာ ကြယ်ရောင်တွေ စုံလျက် လကလည်း
ဝင်းပပ ထိန်ထိန်သာနေသည်။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၃၃ )

"ဟူး ဒီအချိန်ထိ ဘာလို့ ပြန်မလာသေးတာလဲ၊ တစ်ညလုံး ရော ဘယ်သွားနေတာလဲ"

ရင်ထဲ မမျိုသိပ်နိုင်တော့စွာ ခပ်ကျိတ်ကျိတ် တက်ခေါင်း ရင်း အသံထွက်ပြောလိုက်မိသည်။ ညက ထုံးစံအတိုင်း ဟူး ဘယ် အချိန် ပြန်ရောက်လာမလဲဆိုတာ တွေးမပူမိ။ စောင့်လည်း မစောင့် မိ။ မနက်ရောက်မှ မမခိုင်ဆီက သတင်းရသည်။

"ညက ဟူးလေး ပြန်ရောက်မလာဘူး၊ ဘယ်သူတွေနဲ့ ဘယ် တွေများ သွားနေလဲ မသိပါဘူးကွယ်၊ အရင်တလို သူငယ်ချင်းတွေနဲ့ အလည်လွန်နေလား မသိပါဘူး"

ထိုသို့ပြောခဲ့တုန်းက စိတ်ထဲမှာ ဘာခံစားမှုမှ မရှိ။ အခု





လည်း သူငယ်ချင်းတွေနဲ့ ရှိုးပွဲကြည့်နေလို့၊ ဘယ်သူငယ်ချင်း အိမ်မှာ ကသိုလ်လုပ်လို့ အိပ်လိုက်တာနှင့် အကြောင်းအမျိုးမျိုးပြကာ နက်မိုးလင်းမှ ပြန်လာတတ်သည့်အခါမျိုးလည်း ရှိခဲ့ဖူးသည် မဟုတ် လား။

ခုတော့ နေ့လယ်ချိန်ရောက်ခါနီးသည့်တိုင်အောင် အရိပ် အရောင်တောင် မမြင်ရ။ အဖေရင်း အမေရင်းရှိနေပြီဆိုပြီး သူမကို ဂရုစိုက်စရာ မလိုတော့ဘူးဆိုသည့် သဘောလား။ ခြံဝင်းတံခါးကို ဖွင့်ထားလျက် ဧည့်ခန်းထဲမှာ ခေါက်တုံ့ခေါက်ပြန် လျှောက်ရင်း နာရီ ကိုကြည့်ကြည့်ဖြင့် စောင့်နေမိသည်။ ဒီနေ့ ဟူးကို ပြတ်ပြတ်သားသား ပြောဖြတ်မှ ဖြစ်ပေတော့မည်။ ဟူးကို သူ့မိဘတွေ အိမ်ပြန်လိုက်ပို့၍ သမီးလေးအနွယ်တော်ကို ပြန်ခေါ်လာပြီး သောတဆိုသော ကောင် လေးနှင့် စည်းစိမ်ဥစ္စာတွေ ပုံအပ်ကာ လက်ထပ်ပေးရမည်။

ဒါမှ သားတွေ သမီးတွေ မြေးတွေနှင့် မိမိရှင်သန်ရမည့် သက်တမ်းတစ်လျှောက် အဓိပ္ပာယ်ရှိတော့မည်ပေါ့။

မိမိပိုင်ဆိုင်သမျှ သမီးလေး အနွယ်တော်နာမည်နှင့် လွှဲပြောင်း ပေးကာ မိမိကတော့ သမီးလေးက မွေးလာသော မြေးလေးတွေကို ပြုစုပျိုးထောင် မြေတောင်မြှောက်ပေးရမည်။

အငြိုးတွေ အမုန်းတွေ အာဃာတတွေနှင့် နှစ်များစွာ ပူပြင်း လောင်မြိုက်ခဲ့သမျှ ငြိမ်းအေးချမ်းသာမှုတွေဖြင့် အဆုံးသတ်ဖို့ အချိန်



www.burmeseclassic.com

www.burmeseclassic.com



တန်ပြီထင်သည်။

"မြရီ"

"ဟင် မ မခင်အိ"

ဒေါ်မိုးမဒီခင် စိတ်ကူးယဉ်အတွေးတွေဖြင့် ပျော်နေမိ
သူမအနား မခင်အိရောက်လာတော့ အံ့ဩထိတ်လန့်ပြုံးပျာသွား
သည်။ တစ်ချိန်က ဘဝတူချင်း မထင်မှတ်ဘဲ ပြန်ဆုံရသည့်မို့ ဝမ်း
အားရလည်း ဖြစ်သွားမိ၏။

မခင်အိကတော့ အံ့ဩဝမ်းသာတာမျိုးမရှိ၊ အပြုံးအ
မရှိ၊ တည်ငြိမ်အေးစက်လွန်းနေသည်။

"ထိုင်၊ ထိုင်လေ မခင်အိရဲ့၊ ဘာလဲ ကလေးချင်း
မခင်အိ လဲပေးလိုက်တာသိသွားလို့ နှိုင်းမဟာက ဆူပူကြိမ်းမောင်း
နှင်ချလိုက်ပြီ မဟုတ်လား၊ ကျွန်မလည်း နှိုင်းမဟာ အဲလိုလုပ်
မယ်ဆိုတာ ကြိုတွေးထားပါတယ်၊ အဲဒါကြောင့် ကျွန်မလည်း မခင်
ကို အပြစ်သားတစ်ယောက်လို မဆက်ဆံဘဲ ကျွန်မဆီ လွှတ်
တာပါ၊ ဘယ်လိုပုံစံမျိုးနဲ့ဖြစ်ဖြစ် မခင်အိ ကျွန်မဆီရောက်လာ
အရမ်းဝမ်းသာပါတယ်။ ဟိုလေ ကျွန်မအိမ်မှာ မခင်အိအလုပ်သ
တစ်ယောက်လို မနေရပါဘူး၊ ကိုယ့်အစ်မရင်းတစ်ယောက်လို အိမ်
ခန်းမှာထားမှာပါ၊ ကောင်းကောင်းပြုစုမှာပါ"

"ငါ ဝမ်းမသာဘူး မြရီ"





"ဟင် ဘာ ဘာဖြစ်လို့လဲ"

မခင်အိလေသံက အေးစက်တင်းပြတ်လွန်းတာမို့ အံ့ဩ
တက်ကာ ကတုန်ကယင် မေးလိုက်မိသည်။ ခုထိ ဆိုဖာခုံမှာ
မထိုင်သေးသော မခင်အိက နှုတ်ခမ်းတစ်စုံလုံး တွန့်ကွေးမဲ့ရွဲ့ပစ်
။

"ညည်း အဲလောက် ကြွယ်ဝချမ်းသာနေလိမ့်မယ်လို့ မထင်မိ
မြရီ၊ ညည်းက ဒါကြောင့် လုပ်တိုင်းဖြစ်နေတာကိုး"

နှိုးကျူးဂုဏ်ပြုနေတာ မဖြစ်နိုင်၊ အထင်သေး လှောင်ပြောင်
နေတာလားဆိုတော့လည်း မခင်အိမှာ ဒီလိုစိတ်မျိုး မရှိတာ သူမသိနေ
သည်။

ကိုယ်ချင်းစာနာသနားတတ်သူမို့ ကလေးချင်းလဲပေးရသည့်
စားမှုကြီးကိုတောင် ကူညီပေးခဲ့သူ မဟုတ်ပါလား။ ထိုအချိန်က
ခက်နွယ် မွေးဖွားဖို့အတွက် လူနာစောင့်အဖြစ် လိုက်လာသော
ခင်အိနှင့် ဆေးရုံမှာဆုံရသည်။

"ဟယ် မြရီ၊ နင် ကလေးလာမွေးတာလား။ ဗိုက်တစ်လုံးနဲ့
ဘော်ဒုက္ခရောက်ခဲ့လား ဟင်၊ ဘယ်တွေရောက်ပြီး ဘာတွေ
ုပ်ကိုင်စားနေလဲ"

ကလေးအနေအထားမကောင်းလို့ ခွဲခန်းဝင်ရမည့်သူမကို
ခင်အိကမြင်တွေ့သွားပြီး အလောတကြီး ဝမ်းသာအားရမေးသည်။



www.burmeseclassic.com

www.burmeseclassic.com



သူမကလည်း နာကျင်နေတာကို ရှုံ့မဲ့သည်းခံနေလျက်မှ ဝမ်းသာ
ကာ –

"မခင်အိကရော ဆေးရုံကို ဘာလာလုပ်တာလဲဟင်"

"ခက်ခက်နွယ် ကလေးမွေးမှာမို့ လူနာစောင့်လိုက်လာ
နှိုင်းမဟာက ခရီးသွားနေလို့ ပါမလာဘူး။ ဒေါ်တင်တင်သော်က
နှိုင်းမဟာမရှိတော့ ဆိုင်တစ်ဖက်နဲ့ လိုက်မလာနိုင်ဘူးပေါ့။ အ
မွေးတော့မယ်ထင်တယ်၊ ရေစက်ကလည်း ဆေးရုံမှာ လာဆုံနေ
တယ်နော်"

"ခက်ခက်နွယ် ဘာလေးမွေးမှာလဲဟင်၊ အာထရာဆောင်
တွေ ဘာတွေရိုက်သေးလား"

"ရိုက်တာပေါ့၊ မိန်းကလေးဆိုတော့ နှိုင်းမဟာတို့ မမွေး
ကတည်းက သည်းသည်းလှုပ်ပြီး အချိုးတွေ ပြောင်းသွားတာ၊ ဒေါ်
တင်တင်သော်ကလည်း မြေးမလေးပဲ လိုချင်တာလေ၊ သ
ယောက်ျားတွေက အထိန်းရခက်လို့တဲ့၊ အခု မြေးမလေး မွေးမယ်
တော့ စီးပွားတွေ ကုန်းရုန်းရှာပြီး ခက်ခက်နွယ်ကိုတောင်အချစ်ပို
လေရဲ့"

ဝေဒနာကို သည်းခံအောင့်အီးနေရင်းဖြင့် ရောယောင်
တင်းတင်းကြိတ်ရင်း ရင်ထဲက တက်ခေါက်မိသည်။

သူတို့က ပျော်နေကြပြီး သူမဘဝမှာတော့ ကယ်တင်ရှင်





ရှိခဲ့ဘူးဆိုလျှင် ဘယ် လောက်တောင် ဆိုးဝါးလိုက်မလဲ။

"ကျွန်မကို တစ်ခုလောက် ကူညီပါလား မခင်အိ"

"ဘာများလဲ ပြောလေ မြရီ"

"ကျွန်မလည်း ခက်ခက်နွယ်နဲ့ တစ်ချိန်တည်းလိုလို မွေး
သိမ့်မယ် ထင်တယ်၊ ကျွန်မကလည်း မိန်းကလေးမွေးမှာဆိုတော့
ခက်ခက်နွယ်ကလေးနဲ့ ကျွန်မကလေးကို လဲပေးပါလားဟင်"

"ဘာ ဘာပြောတယ် မြရီ"

"အကူအညီတောင်းတာ ကျွန်မသမီးလေးအတွက်ပါမခင်အိ၊
နှိုင်းမဟာတို့ စွန့်ပစ်ထားတဲ့ဘဝမှာ ကျွန်မသမီးလေးကို အနေဆင်းရဲ
အစားဆင်းရဲ မကြီးပြင်းစေချင်ဘူး။ နှိုင်းမဟာသွေးသားဘဲမို့ သူတို့လို
ပြည့်စုံချမ်းသာသင့်တယ်မဟုတ်လား၊ အဲဒါကြောင့်မို့ ကျွန်မကိုကူညီ
ပါ။ ကျွန်မတို့ အိမ်ဖော်တွေရဲ့ ရင်သွေးက အိမ်ဖော်ဘဝ မရောက်စေ
ချင်လို့ပါ မခင်အိရယ်"

"ဖြစ် ဖြစ်ပါ့မလား မြရီရယ်၊ ငါ အဲလိုလုပ်ရမှာ ကြောက်
တယ်"

"မိခင်တစ်ယောက်ရဲ့ မေတ္တာကို စာနာရင် စွန့်စားကူညီပေး
ပါ မခင်အိရယ်၊ နှိုင်းမဟာနဲ့ ဒေါ်တင်တင်သော်လည်း ပါမလာတော့
အဆင်ပြေမှာပါ"

"ဟို ဒေါ်တင်တင်သော်က လုပ်ငန်းရှင် အစည်းအဝေး



www.burmeseclassic.com

www.burmeseclassic.com



တက်ပြီးတာနဲ့ တန်းခနဲလိုက်လာမှာ မ မဖြစ်ဘူးထင်ပါတယ် မြရိုရယ်"

"ကျွန်မ ဗိုက်ထဲက ထွက်လာမှာလည်း သူတို့ရင်သွေး ကျွန်မ ဗိုက်ထဲက ထွက်လာမှာလည်း သူတို့ရင်သွေး

ကူညီပါ မခင်အိရယ်နော်၊ ကျ ကျွန်မတောင်းပန်ပါတယ်၊ အား ကျွတ် ကျွတ်"

သူမ ရှုံ့မဲ့ညည်းညူရင်းဖြင့် အားတင်းကာ ပြောလိုက်သည်။ အစကတော့ မခင်အိ အတန်တန်ငြင်းနေသေး၏။ နောက်ဆုံးတော့လည်း –

"ရှူး နှိုင်းမဟာအိမ်မှာ ရောက်နေတယ်"

"ဟင် ညက သူအဲဒီအိမ်မှာ အိပ်တာပေါ့၊ အနွယ်တော်သေး ကျွန်မဆီရောက်မလာသေးဘဲနဲ့၊ တောက် ရှူး ဒီကောင်မလေး"

မေးကြောတွေ တင်းသွားကာ အသားဆတ်ဆတ်တုန်သွား၏။ မထီမဲ့မြင် ဂရုမစိုက်လုပ်ရဲတာက နှိုင်းမဟာ မြှောက်ပေးတာကြောင့်လား။

"ကလေးလဲတဲ့ ကိစ္စပြီးကတည်းက ညည်း ငါ့ကို ဘာ အဆက်အသွယ် မလုပ်ခဲ့တာလဲ မြရို၊ အဲဒီအချိန်တုန်းက ဆရာဝန်ကြီး တစ်ယောက်နဲ့ လက်ထပ်ပြီးပြီဆိုတာ ညည်းဘာလို့ ငါ့ကို မပြောခဲ့တာလဲ"

"ဟင် အဲ အဲဒါ"

"ညည်းသမီးလေးဆင်းရဲမှာ ပင်ပန်းမှာစိုးလို့ အိမ်ဖော်သမီး





အိမ်ဖော်ဘဝရောက်မှာစိုးလို့ ကူညီပေးပါလို့ ညည်းပြောခဲ့တာနော်၊ ဒါကို ကိုယ်ချင်းစာသနားပြီး ငါက ကူညီခဲ့တာ။ အခုတော့ နှိုင်းမဟာ နဲ့ ခက်ခက်နွယ်ရင်သွေးကို ညည်းက အမြိုးကြီးကြီးနဲ့ လက်စားချေဖို့ အသုံးချနှိပ်စက်ဖို့ လဲယူလိုက်တာပါလား၊ ညည်းတော်တော်ရက်စက် သူမဆန်ပါလား မြရို"

"အဲဒီလိုမှ မလုပ်ရရင် ကျွန်မ အသက်ရှင်မှာမဟုတ်လို့ပါ ခင်အိရယ်"

"ဘာ"

မခင်အိက ဆောင့်အောင့်အော်ရင်း ရွံရှာမုန်းတီးသလို ဒေါ် မဒီခင်ကို ကြည့်၏။ ဒေါ်မိုးမဒီခင်က မခင်အိလက်ကိုဆွဲကာ ဆိုဖာ မှာ ထိုင်ခိုင်းသည်။

"ဟုတ်တယ် မခင်အိ၊ ရင်သွေးလွယ်ထားရတဲ့ကိစ္စနဲ့ ပတ် သက်ပြီး နှိုင်းမဟာကို ကျွန်မ ဒူးထောက်တောင်းပန်ခဲ့တယ်၊ အရက် ရှိ မယားငယ်ဘဝမှာနေချင်နေရပါစေလို့ မျက်ရည်တွေနဲ့ အောက်ကျ ပြောခဲ့ပါတယ်၊ ဒါပေမဲ့ သူတို့မျက်နှာလွှဲခဲ့တယ်၊ ဥပေက္ခာပြုခဲ့တယ် သ မခင်အိရဲ့၊ အဲဒီနေ့ နှိုင်းမဟာနဲ့ နောက်ဆုံးတွေ့တဲ့နေ့က ကိုယ့် ကိုယ်ကိုယ် အဆုံးစီရင်ဖို့ ကြိုးစားခဲ့တယ်၊ ညမှောင်မှောင်လမ်းမပေါ်မှာ လျှောက်ရင်း လာသမျှကားတွေရှေ့မှာ ထိုးဝင်တယ်၊ ဒါပေမဲ့ ကံကြမ္မာ က ကျွန်မကို မျက်နှာသာပေးခဲ့တယ် မခင်အိ"



www.burmeseclassic.com

www.burmeseclassic.com



အတိတ်ကို နောက်ကြောင်းပြန်လှည့်ပြောပြနေသော ခင်က ဒဏ်ရာအသစ် ပြန်ရသလို မျက်နှာတစ်ခုလုံး အနီရောင် လျက် တင်းမာမှုန်မှိုင်းနေသည်။

"လူပီသတဲ့ လူတစ်ယောက်က သူကားနဲ့ တိုက်မိမယ် ရာကနေ ကျွန်မဘဝ ဒီလိုအခြေအနေထိဖြစ်အောင် ကူညီကယ် တယ်၊ အဲဒီနေ့က ကျွန်မမသေဘူးဆိုတာ ကိုယ့်ကိုယ်ကိုယ် သိ တာနဲ့ နှိုင်းမဟာတို့သားအမိကို လက်တုံ့ပြန်လက်စားချေဖို့ ခဲ့တယ်၊ ဒါပေမဲ့ အဲဒီဆရာဝန်ကြီးနဲ့ လက်ထပ်ပြီး သူ့ရဲ့ ကြင် စိုက်မှုတွေနဲ့ လူကုံထံ အသိုက်အဝန်းမှာ ထည်ထည်ဝါဝါ နေခဲ့ တွေကြောင့် ကျွန်မ ချက်ချင်းအကောင်အထည်မဖော်နိုင်ခဲ့ဘူး ဆိုင်ချင်တော့ မခင်အိနဲ့ ဆေးရုံမှာ ဆုံခဲ့ရတယ်လေ"

"အဲဒီအချိန်ကတည်းက ညည်းက ယုတ်ညံ့တဲ့ ချက်တွေနဲ့ပေါ့၊ ကိုယ့်ရင်သွေးကိုတောင် ကိုယ့်အာဃာတ အကြိုးတွေအတွက် စတေးရဲ စွန့်ပစ်ရဲတဲ့ သတ္တိတွေနဲ့လေ ဟုတ် မြရီ"

"အဲဒီအချိန်က သမီးလေးကို စွန့်လွှတ်လိုက်ရလို့ ရင်တွေ ဘယ်လောက်တောင် ကွဲကြေနာကျင်ရတယ်ဆိုတာ သိမှာ မဟုတ်ဘူး။ ဒါပေမဲ့ နှိုင်းမဟာနဲ့ ခက်ခက်နွယ်ရဲ့သမီး ကြည့်ပြီး အမုန်းအငြိုး အာဃာတတွေနဲ့ ဖုံးဖိဖြေသိမ့်ခဲ့တယ်၊ တ





နေ့ ငါ့သမီးလေး ငါ့ရင်ခွင်ထဲ ပြန်ရောက်လာမှာပါဆိုတဲ့ မျှော်လင့် ချက်တွေနဲ့ ကျွန်မ ဒီနေ့ထိ ရှင်သန်အောင် အားတင်းကြိုးစားခဲ့တယ်၊ အခု ကျွန်မဆန္ဒတွေ, မျှော်လင့်ချက်တွေ ပြည့်တော့မယ်လေ မခင်အိ ရဲ့၊ အခြေအနေပျက် စီးပွားပျက် ကျရှုံးနေတဲ့ နှိုင်းမဟာအိမ်မှာ သူ့ သမီးကို ပြန်ပို့ပြီး အရာရာပြည့်စုံနေတဲ့ ကျွန်မရင်ခွင်ထဲမှာ ကျွန်မ သမီးလေး ပျော်ပျော်ရွှင်ရွှင် ပြန်နေရတော့မယ်လေ"

"ညည်းက ညည်းကိုယ်ညည်း အပြစ်မလုပ်ခဲ့ဘူးဆိုပြီး ပျော် ရတော့မယ် ထင်နေတာလား မြရီ၊ လောကကြီးမှာ ဘယ်သူမဆို အပြစ်လုပ်တဲ့သူက အဲဒီအပြစ်ကို မလွဲမသွေ ခံကြရမှာပါပဲ"

မခင်အိစကားကြောင့် မိုးမဒီခင် မျက်ခုံးပင့်ကာ နားမလည် နိုင် ဖြစ်သွား၏။

"မခင်အိ ဘာပြောချင်တာလဲ၊ ကျွန်မက ကျွန်မခံခဲ့ရတာတွေ နဲ့ တန်ရာတန်ကြေး ညီမျှအောင် တုံ့ပြန်တာ၊ အခု အားလုံးပြီးဆုံး သွားလို့ ပြည်ဖုံးကားချလိုက်ပြီ၊ ကျွန်မသမီးလေးနဲ့ အတူတူ ပြန်နေ ရဖို့ပဲ ရှိတော့တယ်၊ ကျန်တာတွေ ကျွန်မအတွက် ဘာမှ အရေးမကြီး တော့ဘူး"

"ဘယ်သားသမီးကမှ အတ္တကြီးတဲ့ ရက်စက်တတ်တဲ့ မအေ မျိုးကို မိခင်မတော်ချင်ကြဘူးဆိုတာ ညည်းမသိဘူးလား မြရီ"

"မခင်အိ"



www.burmeseclassic.com

www.burmeseclassic.com



"အန္တယ်တော်လေး ညည်းဆီ မလာမှာ အခိုက်အတန့်သေ
မဟုတ်ဘူးနော်၊ သူ အဝေးကြီးကို ညည်းနဲ့လွတ်အောင် ပြေးတော့
ပြေးတော့မှာ မြရီ"

မခင်အိစကားလုံးတွေက တိမ်ဝင်တိုးသဲ့သွားပေမယ့် နှုတ်
က ကျယ်ကျယ်လောင်လောင် ထွက်လာသည်။

"မ မခင်အိ ဘာဖြစ်လို့လဲ၊ သမီးလေး ဘယ်ထွက်သွား
လဲ၊ ဘယ်ကိုသွားသွား ကျွန်မရအောင် လိုက်ခေါ်မှာ၊ ကျွန်မရင်
ထဲမှာထားမှာ အနှစ်နှစ်ဆယ်ကျော်တောင် ဒီရင်ခွင်က လစ်ဟာခဲ့
ပါ"

"အဲဒီရင်ခွင်ထဲကို နောင်တတွေပဲ အစားထိုးဖြေသိမ့်လို
တော့ မြရီ၊ သမီးလေးကတော့ ညည်းဆီကို ဘယ်တော့မှ လာ
မဟုတ်တော့ဘူး၊ အခု ဆေးရုံမှာ နောင်ဘဝကူးဖို့အတွက် ညည်း
နာကျင်ရင်းနဲ့ စောင့်နေရှာတယ်"

"ဘာ ဘာပြောတယ်၊ သမီးလေးက ဆေးရုံမှာ ဘာဖြစ်
လဲ၊ ဘာဖြစ်လို့ ဆေးရုံရောက်နေတာလဲ"

မိုးမဒီခင် ထိတ်လန့်ပြူးပျာကာ မခင်အိကိုယ်ကြီးကို ကိုင်
လှုပ်၍ မေးနေသည်။ မခင်အိက မသက်မသာ သက်ပြင်းတွေ

"အန္တယ်တော်လေးက ငယ်ငယ်လေးကတည်းက ချူချာ
လွန်းတယ်၊ သွေးအားနည်းရောဂါတဲ့၊ ဒေါ်တင်တင်သော်နဲ့ နှိုင်းမဟာ





ငွေတွေ ကုန်းရုန်းရှာပြီး အပင်ပန်းခံ ဒုက္ခခံပြီး ဆေးကုခဲ့ရ ဂရု
ခဲ့ရတာပေါ့၊ ဒီနေ့ထိ အန္တယ်တော်လေး အသက်ရှင်နေတာ ဒေါ်
တင်တင်သော်နဲ့ နှိုင်းမဟာရဲ့ မေတ္တာတွေ ကျေးဇူးတွေကြောင့်ပဲ"

"ဟင်"

"အခုတော့ ညည်းသမီးအသက်ကို ကယ်ပေးနေတဲ့လူတွေ
စီးပွားရေး ညည်းဖျက်ဆီးလိုက်ပြီး အကျိုးရလဒ်က ညည်းသမီး
သက်ဆုံးရှုံးရဖို့ပဲ ရှိတော့တယ်"

"ဘာ ဘယ်လို မခင်အိ၊ ကျ ကျွန်မသမီးက"

"ဟုတ်တယ်၊ မိဘတွေ ကားရောင်း ဆိုင်ခန်းတွေရောင်း
ပွားပျက် အဆင်မပြေတာတွေ သိပြီး ဆေးဖိုးအကုန်အကျ နည်း
အောင် အန္တယ်တော်လေးက ဆေးတွေမသောက်ဘဲ နေတယ်လေ၊
တွေက သူ့ရောဂါဇစ်မြစ်သိရင် စိတ်မကောင်းဖြစ်မှာစိုးလို့ ဖုံး
ယ်ထားတော့ သူ့မှာ ရောဂါဆိုးရှိမှန်းမှ မသိတာ၊ သူ့အတွက်
ဆေးဖိုးသိပ်မကုန်တော့ရင် တွေးနေမှာပေါ့၊ အခုရက်တွေ ညည်းနဲ့ဆုံ
မှ ပိုဆိုးလာတယ်၊ သူ့အမေရင်းက စီးပွားပျက်အောင် လုပ်တာခံ
ခံရတဲ့ လူတွေရဲ့ချွေးနဲ့စာနဲ့ တိုက်တဲ့ဆေးတွေကို မသောက်ရက်
တော့ဘူးတဲ့"

"သ သမီးလေးက ဘာရောဂါမို့လို့လဲ၊ အဲလို ဆေးမပြတ်
သောက်ရအောင် ဘာရောဂါ ဖြစ်နေလို့လဲ"



www.burmeseclassic.com

www.burmeseclassic.com



"သွေးကင်ဆာ"

"ရှင်"

ဒေါ်မိုးမဒီခင် မျက်လုံးအစုံ ပြူးလည်သွားကာ မျက်
တစ်ခုလုံး မျက်ရည်တွေ ပြည့်လျှံသိပ်သည်းနေသည်။ နှုတ်
လေးတွေ တဆတ်ဆတ် တုန်လျက် ရင်ဘတ်ကြီးတစ်ခုလုံး
ကာ အတန်ကြာ ဆွံ့အနေရာမှ မျက်ရည်ပေါက်ကြီးတွေ
ကျလာ၏။

"မနေ့က စူးကို အိမ်ခေါ်လာတယ်၊ မိဘတွေနဲ့ တွေ့
စူးတို့မိသားစုလေး နွေးထွေးမှုတွေနဲ့ မသက်ဆိုင်တော့သလို ပြ
တာကို တွေးပြီး စိတ်မကောင်းလည်း စိတ်ဖိစီးမှုတွေလည်း များ
မှာပေါ့၊ မနက်လင်း အိပ်ရာထမှ သွားကြည့်တော့ အသက်
လေးပဲ ကျန်တော့တယ် မြရီ"

"အ အခု သမီးလေး အခြေအနေ"

"အရေးပေါ် ဆေးရုံတင်လိုက်ပေမယ့် ဆရာဝန်ကြီး
လက်လျှော့လိုက်ပြီ၊ ညည်း နောက်ဆုံးအနေနဲ့ တွေ့ချင်တယ်

"တွေ့ရမှာပေါ့၊ ကျွန်မသမီးလေးကို ပြန်ခေါ်ရမှာပေါ့
စည်းစိမ်ဥစ္စာတွေကုန်ချင်ကုန်သွားပါစေ၊ ကျွန်မသမီးလေးကို
ပြန်ကယ်မယ်၊ ကျွန်မ ပိုင်ဆိုင်သမျှက သမီးလေးအတွက်ပဲ
သမီး သမီးလေး"





သူရူးတစ်ယောက်လို တတွတ်တွတ်ရေရွတ်လျက် ဒေါ်မိုး
ရင်ဘတ်ဖိကာ ဟာယာခတ်နေသည်။ ဒေါ်မိမိနိုင်က အားလုံးကို
သိနေပြီး ကားပေါ်တက်ကာ စက်နှိုးထား၏။

ဒေါ်မိုးမဒီခင်ရဲ့ ခြေရာတိုင်းမှာ ထင်ကျန်ရစ်တာ မျက်ရည်
တွေပါပဲ။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၃၅ )

"သ သမီးလေး"

ကားပေါ်ကို ဘယ်လိုလိုက်ပါလာမှန်းမသိ၊ ဆေးရုံလှေကား ထစ်တွေကို ဘယ်လို ဖြတ်ကျော်လာခဲ့မှန်းမသိ၊ သမီးလေးအနား ဘယ်လိုရောက်လာခဲ့မှန်းမသိ။

ပုံမှန်မဟုတ်တော့သော သမီးရဲ့အသက်ရှူသံလေးကို နား စိုက်ထောင်ကာ သမီးလက်ဖျားလေးတွေကို ခပ်ဖိဖိ ဆုပ်ညှစ်ထား ပြီး တတွတ်တွတ် တောင့်တရေရွတ်နေမိသည်။

"သ သမီးလေး ဘာမှမဖြစ်ရဘူးနော်၊ မေမေ့မေတ္တာရိုင်း သမီးလေးကို အေးအေးချမ်းချမ်း ပြည့်ပြည့်စုံစုံ ထားမှာပါ၊ မေမေ ပိုင်ဆိုင်သမျှ သမီးလေးအတွက်ချည်းပါပဲကွယ်၊ သမီးလေးကို မေမေ





ဘယ်တင်ပေးနိုင်တယ်၊ အားမလျှော့နဲ့နော်၊ မေမေတို့ အတူတူနေကြ ရအောင်နော်"

သမီးလေး နှုတ်ခမ်းဖျားလေးက တလှုပ်လှုပ်ဖြစ်လာ၏။ ဒေါ်မိုးမဒီခင် သမီးလေးပါးစပ်နားမှာ နားလေးတိုးကပ်နားထောင် လိုက်သည်။ သမီးလေးက သူမကို ဘာတွေများ ပြောချင်နေတာလဲ။

"စည်းစိမ်ဥစ္စာတွေ မလိုဘူး၊ အသက်ရှင်ဖို့ မလိုဘူး၊ အပြစ် ကင်းတဲ့မေတ္တာတွေ ပြည့်ဝနေတဲ့ မိ မိခင်တစ်ယောက်ပဲ လို လိုချင် တယ်"

"သ သမီးလေး သမီးလေး"

အစိမ်းရောင်မျက်လုံးတွေနှင့် သူမဘက်ကို မျက်နှာလေး စောင်းစဲ့ကျလာတာမို့ ဒေါ်မိုးမဒီခင် အလန့်တကြား အော်လိုက်မိသည်။ လူတွေအားလုံး လှုပ်လှုပ်ရွရွ ဖြစ်သွားကာ ရှိုက်သံတွေ တိုးတိုးကျယ် ကျယ် ပေါ်ထွက်လာ၏။ လူတွေအားလုံး ငိုနေကြတာလား။

ဟင့်အင်း၊ သမီးလေး မသေသေးပါဘူး၊ သူမနဲ့ အချိန်တွေ အကြာကြီး အတူတူနေဦးမှာပါ၊ နှစ်တွေအကြာကြီး စွန့်လွှတ်ထားခဲ့ ရတာ ဒီလိုပုံစံမျိုးနဲ့ ခွဲခွာထားခဲ့လို့ ဘယ်ရမလဲ၊ မထားခဲ့ပါနဲ့ မေမေကို ခွဲမထားခဲ့ပါနဲ့၊ သမီးနဲ့အတူတူ နေရဖို့ မျှော်လင့်ချက်လေးနဲ့ မေမေ ရှင်သန်နေခဲ့ရတာပါ။

စကားလုံးတွေ ရင်ထဲမှာ စုပြုံတိုးခွေ့နေသည်။ မျက်ရည်



www.burmeseclassic.com

www.burmeseclassic.com



ပေါက်ကြီးတွေ အဆက်မပြတ် လိမ့်ဆင်းလျက် သူ့မနှုတ်ခမ်းဖျားတွေ တဆတ်ဆတ် တုန်ယင်နေ၏။

"ဒါပဲလား သမီးလေးပြောချင်တာ ဒါပဲလား၊ မေမေ့ကို စကားတွေ အများကြီးပြောပါဦးလား သမီးရယ်၊ သမီးလေး ဘာပြော ပြော နားထောင်ချင်ပါသေးတယ်၊ မေမေ မေတ္တာတွေကိုလည်း သမီး လေး သိအောင် ပြောပြချင်ပါသေးတယ်၊ သမီးနဲ့ မေမေနဲ့ ဆုံရတာ အချိန်တွေ မတိုတောင်းလွန်းဘူးလား သမီးရယ်၊ ဒီပုံစံမျိုးနဲ့ ထားရစ် ပြီး မေမေကို နောင်တရစေချင်တာလား"

"မိုးမဒီခင်"

နှိုင်းမဟာ အသံက သူ့မနားထဲ ရှူးရှူးဝါးဝါး တိုးဝင်လာ၏။ သမီးလေးကို ဖက်တွယ်ထားမိသော သူ့မလက်တွေကို ခပ်ဆတ်ဆတ် ဆွဲဖြုတ်လိုက်ကာ ပခုံးနှစ်ဖက်ကို ခပ်ကြမ်းကြမ်း ဆွဲထူလိုက်သည်။

"မင်း ကျေနပ်ပြီလား၊ မင်းလုပ်ရပ်တွေအတွက် အားရ ကျေနပ်ပြီလား၊ ငါတို့ကို အနိုင်ရလို့ မင်းပြုံးရယ်စမ်းပါဦး၊ လှောင် ပြောင်စမ်းပါဦး၊ တန်ရာတန်ကြေးရအောင် ပြန်ယူမယ်ဆိုကွာ၊ မတန် ဘူးထင်လို့ သမီးလေး အသက်ကိုပါ နုတ်ယူလိုက်တာလား၊ မင်း အခု ဘာတွေ ရထားလဲ၊ ဘာတွေ ပိုင်ဆိုင်ထားလဲ ပြစမ်းပါ၊ ငါ့ကို ပြစမ်းပါ"

အသံကုန်ဟစ်၍ ဒေါ်မိုးမဒီခင်ပခုံးတွေကို ဆောင့်ခါလှုပ်ယမ်း





သည်။ ငိုရှိုက်ရုံမှလွဲ၍ ဒေါ်မိုးမဒီခင် ဘာမှ ပြန်မပြောနိုင်၊ နှိုင်းမဟာ ပြောသလို သူ့မ ဘာရလိုက်တာရှိလို့လဲ။ သူ့မရခဲ့တယ်လို့ ထင်ထား သည့် အောင်မြင်မှုတွေက သမီးလေး အသက်နှင့်လဲလှယ်လိုက်ရပြီ တွတ်ပါလား။

သူ့မရင်ထဲ ဘာမှ မကျန်တော့။ ရင်ဘတ်တစ်ခုလုံး လစ်ဟာ သပ်နေ့လျက် တစ်စုံတစ်ရာက ဆွဲဆုပ်ချုပ်နှောင်ထားသလို တင်း ကျပ် ဆို့နင့်နေသည်။ တစ်သက်လုံး မျှော်လင့်ခဲ့ပေမယ့် သမီးလေးနဲ့ သတာလေးတောင် အတူနေခွင့် မရလိုက်ပါလား။

သူ့မဆီမှာ စိတ်ပင်ပန်းကြီးစွာ နေခဲ့ရသော ရှူးကတော့ သာတွေရဲ့ မေတ္တာရိပ်မှာ အေးချမ်းစွာ နေရတော့မည်။ သမီးလေး ယ်တော်က ဘယ်တာဝဆိုတာ မသိသော ဘုံတစ်ခုမှာ တစ်ယောက် ည်း အထီးကျန်စွာ နေရတော့မည်ပဲ။

သူ့မကရော အတ္တတွေ၊ အာဃာတတွေ၊ အမုန်းအငြိုးမီးတွေ တ်ခန္ဓာတစ်ခုလုံး ပူပြင်းလောင်မြိုက်ခံနေရသည်။

ကယ်ပါယူပါ ဘယ်သူ့ကို တောင့်တတိုင်တည်ရမလဲ။ ကိုယ် က မေတ္တာမထားတတ်သောသူ့မကို ဘယ်သူကရော စေတနာ နှံ့သန့်နှင့် မေတ္တာတွေ ပေးမှာလဲ။

အခုံးသတ်က နောင်တတွေ ပွေ့ပိုက်ပြီး ပြန်ရတော့မှာလား။

"မာမီ"



www.burmeseclassic.com

www.burmeseclassic.com



ဖူးက ဒေါ်မိုးမဒီခင်ရင်ခွင်ထဲ တိုးဝင်ဖက်တွယ်လာသည်
ဒေါ်မိုးမဒီခင် ကိုယ့်ရဲ့ရက်စက်စိမ်းကားမှုတွေအတွက် အနေခက်
လန့်ဖျပ်တုန်တက်သွားသည်။ သူမ,နှိပ်စက်ခဲ့သော ဒီကလေးရဲ့
လို့ အခေါ်ခံရတာ တန်ပါရဲ့လား။

''ဖူး မာမီကို ချစ်ပါတယ်မာမီ၊ မာမီတစ်ယောက်တည်း
မတွေးပါနဲ့နော်၊ ဖူးဟာ ဦးနိုင်းမဟာနဲ့ ဒေါ်ခက်ခက်နွယ်ရဲ့သမီး
မယ့် မာမီကလည်း ဖူးရဲ့ကျေးမိခင် တစ်ယောက်ပါပဲ''

''မ မမုန်းဘူးလား၊ ညည်း ငါ့ကို မမုန်းဘူးလား''

''အနှစ်နှစ်ဆယ်ကျော် အတူနေလာခဲ့တဲ့ သံယော
အမုန်းတွေနဲ့ အဆုံးသတ်ဖို့မှ မဟုတ်ဘဲ မာမီရယ်၊ ဒီအမုန်း
အငြိုးတွေအားလုံး အနွယ်တော်ဘဝကူးကောင်းအောင် အဆုံးသ
လိုက်ကြရအောင် မာမီရယ် နော်''

ဒေါ်မိုးမဒီခင် ခေါင်းတဆတ်ဆတ်ညိတ်၍ ဖူးကို ရင်ခွင်
ဆွဲဖက်ပြီး အနွယ်တော်လေးကို ယူကျုံးမရစွာ ကြည့်နေမိသည်
အိပ်ပျော်နေသယောင်ထင်ရသော အနွယ်တော်လေးက ဟာလာ
လင်းဖြစ်နေသော ဒေါ်မိုးမဒီခင် ရင်ဘတ်ထဲကို နောင်တတွေ အ
အသိပ် ထည့်ပေးသွားခဲ့သည်။ နှင့်သီးစွာ ခံစားနေရသော ဝေဒနာ
ကို အတ္တလွန်ကာ ရှုးသွပ်သွားမှာစိုး၍ ဖူးက မေတ္တာတွေဖြင့် နှစ်သိ
ပေး၏။ ထိုမေတ္တာတွေအတွက် တုံ့ပြန်ပေးဖို့ သမီးလေး အနွယ်တော်





တောင့်တခဲ့သော အပြစ်ကင်းတဲ့ မေတ္တာတွေ ပြည့်ဝနေတဲ့ မိခင်
တစ်ယောက်ဖြစ်အောင် ကြိုးစားရမည်။

တမလွန်က စောင့်ကြည့်နေပါ။

အပြစ်ကင်းတဲ့ မိခင်တစ်ယောက် ဖြစ်ရပါစေယ် သမီးလေး
ရယ်။ အမုန်းတွေ၊ အငြိုးတွေ၊ လက်စားချေလိုခြင်း၊ အာဃာတတွေ
အားလုံး သမီးလေးဝိညာဉ်ပျောက်သွားတဲ့ ဒီနေရာလေးမှာ အဆုံး
သတ် ခဝါချလိုက်ပါပြီ။ ပြုမိခဲ့သမျှအပြစ်တွေ မကျေသေးဘူးဆိုရင်
သည်း ရင်နဲ့အမျှ ပေးဆပ်ခံစားသွားပါမယ်။

ဘဝကူးကောင်းပါစေ သမီးလေးရယ်။

အဝါရောင်လိပ်ပြာလေးတစ်ကောင် ဒေါ်မိုးမဒီခင် ပခုံးပေါ်
သာနား၏။

ဒါ အနွယ်တော်လေးများလား။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၃၅ )

"ရှူး အရာအားလုံးက ပြီးဆုံးသွားပြီ၊ မင်းဘဝလေး အေးချမ်းသွားပြီပဲကွာ၊ ဘာလို့ မျက်ရည်တွေ ကျနေပြန်တာလဲ"

"အနွယ်တော် အသက်နဲ့ရင်းလိုက်မှ ရှူးက အဲဒီအေးချမ်းမှုတွေ၊ မေတ္တာတရားတွေကို ရလိုက်တာပါ၊ အနွယ်တော်အတွက် ခုချိန်ထိ မဖြေနိုင်သေးဘူး သောတရယ်၊ သွေးသားသံယောဇဉ်နဲ့ အချိန်ကြာကြာနေခဲ့ရတယ်ဆိုရင်လည်း တော်သေးတာပေါ့၊ ခုတော့ မျက်စိတစ်မှိတ် လျှပ်တစ်ပြက်အတွင်းမှာ မြန်ဆန်လွန်းတယ် မဟုတ်လား"

"ရှူးရယ် ရှူးလေးရယ်"

အချိန်တိုင်း သတိရတိုင်း ငိုနေသော ချစ်သူလေးကို ရင်ခွင်





မှာ ထွေးဖက်ထားရင်း နဖူးလေးကို ဖွဖွနမ်းမွှေးလိုက်သည်။

"အနွယ်တော်က ရှူးကို မိဘတွေရဲ့ မေတ္တာရိပ်မှာ အေးချမ်းစေချင်တာ၊ အဲလို မျက်ရည်တွေနဲ့ မြင်တွေ့နေရရင် စိတ်ကောင်းပါ့မလား ရှူးရယ်၊ သူ့အတွက် ကောင်းမှုကုသိုလ်လုပ်ပေးပြီး နောင်ဘဝမှာ ဒီလိုမိဘရဲ့ အစွန့်ပစ်ခံ အသုံးချခံအဖြစ်ဆိုးမျိုး မရောက်အောင် ဆုတောင်းပေးလိုက်ပါ ရှူးရယ်"

"အဲဒါကတော့ ရှူး နေ့တိုင်းလုပ်ပေးနေတာပါ၊ ဒီတစ်ခါ အနွယ်တော်အုတ်ဂူလေးကို သွားရင်၊ မေမေဒေါ်မိုးမဒီခင်က ရှူးကို အမွေတွေအားလုံး လွှဲပြောင်းပေးပြီး သူ့အပြစ်တွေ ဆောင်းကြောနေတဲ့အကြောင်း ပြောပြရဦးမယ်၊ ဒါမှ မာမီ့အပေါ် အမြင်ရှင်းသွားမှာ မဟုတ်လား"

"ဩော် ဒါနဲ့ မင်းခေါင်က အနွယ်တော်အုတ်ဂူလေးကို နေ့တိုင်းသွားတယ်တဲ့၊ သူ အနွယ်တော်ကို စွဲစွဲလမ်းလမ်း ချစ်သွားတာနော်"

"အင်း မင်းခေါင်အချစ်ကလည်း လေးစားစရာပါပဲ၊ အနွယ်တော်ကြောင့် သူ့ဘဝ အရာရာပြောင်းလဲပစ်ခဲ့တာ၊ ဒါပေမဲ့ ပိုင်ဆိုင်ခွင့်မရလိုက်ဘူးလေ၊ အရင်က ဘယ်လိုပဲနေခဲ့နေခဲ့ ခုတော့လည်း အချစ်ကြောင့် ရင့်ကျက်တည်ငြိမ်သွားလိုက်တာ အံ့ဩစရာပဲနော်"

"မင်းလည်း အချစ်ကြောင့် ပြောင်းလဲလာခဲ့တာ မဟုတ်ဘူး



www.burmeseclassic.com

www.burmeseclassic.com



လား စူး''

ထိုစကားကိုတော့ စူးက အပြုံးလေးနှင့် ခေါင်းညိတ်ပြသည်။

''အဲဒါတော့ စူး ဝန်ခံပါတယ်၊ သောတကို စူး အရမ်းချစ်တယ်၊ အနွယ်တော်လည်း ချစ်နေမလားမသိပေမယ့် မင်းခေါင်အချစ်ကို လက်ခံပြီး စူးတို့အဆင်ပြေအောင် လုပ်ပေးခဲ့တယ်နော်၊ မင်းခေါင်ကို တကယ်အဖြေပေးခဲ့တာ ဟုတ်လား မဟုတ်လားဆိုတာတော့ မင်းခေါင်ပဲသိလိမ့်မယ်၊ ဒါပေမဲ့ အရာရာက ပြီးဆုံးသွားပါပြီလေ''

''အင်း ဟုတ်တယ်၊ အဲလို အသိလေးရှိရင် မျက်ရည်တွေ သုတ်ပြီး ကိုယ့်ရင်ခွင်မှာ ခိုနားနေပါတော့စူးရယ်၊ မင်း အရမ်းပင်ပန်းနေပါပြီ''

စူးက နာခံစွာ သောတပခုံးပေါ် မေးမှီ၍ သက်ပြင်းငွေ့ငွေ့ ချလိုက်ပြီး –

''တစ်သက်လုံး ခိုနားခွင့်ပေးမှာလား သောတ၊ ခဏလောက် ဆိုရင်တော့ အရင်ကထက် စူးပိုပင်ပန်းလိမ့်မယ် ထင်တယ်''

စူးက သရီးကွာတားအနက်ရောင်လေးနှင့် ပန်းနုရောင် ကိုယ်ကျပ်လေးကို ဝတ်ထားကာ ငိုထားရှာသည့် မျက်နှာလေး နီရဲနေလေသည်။ မျက်တောင်ဖျားလေးတွေမှာ မျက်ရည်စတွေ ခိုနေဆဲ ရှိတာကိုလည်း မြင်နေရ၏။

ဒီမိန်းကလေးရဲ့ မျက်ရည်တွေကို သူမမြင်ရက်ပါ။





''အို သောတ ဘာလုပ်တာလဲ''

မျက်ရည်စတွေကို သူ့နှုတ်ခမ်းထူထူလေးနှင့် ဖိကပ်သုတ်ပေးတော့ စူးက လွန့်လွန့်လေး ရုန်းကာ ဒလန့်တကြားအော်သည်။ သူက လွှတ်မပေးဘဲ ခပ်တင်းတင်း ပွေ့ဖက်ထားကာ –

''အဲဒီမျက်ရည်တွေ မမြင်ချင်လို့ သုတ်ပေးတာလေ၊ ဘာဖြစ်လို့လဲ၊ ဖြစ်ခဲ့သမျှတွေက အစိမ်းရောင်အိပ်မက်တွေ အရှက်ဦးကို ကျော်ပြီဆိုတော့ မေ့ပစ်လိုက်တော့၊ အခု စူးဘဝက ပန်းနုရောင် နှိုဒါန်းအစပဲ၊ ရှေ့ဆက်ရမယ့် အနာဂတ်မှာ ကိုယ့်အချစ်တွေနဲ့ လှပအောင် ကြိုးစားပါ၊ ဟုတ်ပြီလား''

''သောတ စကားကို ကြားရတာ ဘဝအမောတွေအားလုံး ပျောက်သွားသလိုပဲ သောတရယ်၊ နောက်တစ်ခေါက်လောက် ထပ်ပြောပေးပါလား၊ အရင်က ချစ်တယ်ဆိုတဲ့စကားပြောဖို့ တွန့်တိုတွန့်လို့ စူးက မေးခဲ့ရတာမဟုတ်လား''

''အဲလို နောက်တစ်ခေါက်ပြောရင် အာဝါးပေးမှာလား''

''အံမယ်၊ ဘာဆိုင်လို့လဲ၊ ရှက်စရာကြီး''

''ချစ်လားလို့တောင် အရင်ဆုံးမေးရဲတဲ့ ကောင်မလေးက ရှက်တယ်တဲ့လား၊ ပြစမ်းပါဦး၊ အဲဒီမျက်နှာလေး ကြည့်ရအောင်''

''ဟင့်အင်း သောတ''

ငုံ့လျှိုးထားသော စူးမျက်နှာလေးကို သောတ မရ ဆွဲ



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



မော့၍ နူတ်ခမ်းနွေးနွေးဖြင့် မျက်နှာလေးအနှံ့ ဖိကပ်နမ်းရှိုက်ပစ်လို
သည့်.

တိုးတိတ်သော ငြင်းဆန်မှုလေးဖြင့် သူ့ရင်ခွင်ကြားမှာ
မျက်နှာလေးကို ဝှက်ကွယ်ထား၏။ မြတ်နိုးမဝစွာ ခပ်တင်း
ပွေ့ဖက်ထားလိုက်မိသည်။

ရင်ခုန်သံစည်းချက် မြန်ဆန်စွာနှင့် ပန်းနုရောင် နီဒါန်း
အနမ်းများဖြင့် ဖဲကြိုးဖြတ်ကာ ဖွင့်လှစ်လိုက်သည်။

BURMESE CLASSIC .com



www.burmeseclassic.com